www.dhammaransi.com

၁

# လက်ဝဲရုံ လက်ယာရုံ

ဒဂုန်ဦးစန်းငွေ

ဝင်းမော်ဦးစာပေ

www.dhammaransi.com

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် အမှတ်[ ၅၉ ]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [၁၀၂]

ပထမအကြိမ်

ဂျွန်လ၊ ၁၉၇၁

အုပ်ရေ ၂၀၀၀

ရောင်းဈေး ၁၂–ကျပ်

အဖုံးရိုက် ကာလာမောင်ဝင်း

အဖုံးပန်းချီ ဦးသောင်းဟန်

**ပုံနှိပ်/ထုတ်ဝေသူ**

ဤစာအုပ်ကို ရွှေဟင်္သာပုံနှိပ်တိုက် (၀၁၀၀)၊ အမှတ် ၉၂၊ ၉၃ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့တွင် ဦးကျော်ညွန့်က တာဝန်ခံပုံနှိပ်၍ ဝင်းမော်ဦးစာပေ (၀၂၂၃) အမှတ် ၅၀၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့မှ ဦးတင်မောင်က ထုတ်ဝေသည်။

www.dhammaransi.com

၁၅၃၀၂
၂၉၄.၃၅၁

# လက်ဝဲရံ လက်ယာရံ

ဒဂုန်-ဦးစန်းငွေ

ပြုစုသည်

www.dhammaransi.com

# မာတိကာ

အရှံနိဒါန်း ၉
၁။ အရှင်သာရိပုတ္တရာ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ ၁၃
၂။ အရှင်မောဂ္ဂလာန်၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ ၆၁
၃။ လက်ဝဲရံ၊ လက်ယာရံ အရှင်နှစ်ပါး၏ ဇာတိ ချက်ကြွေဖွားရာမြေ ၆၇
၄။ အရှင်နှစ်ပါး လောင်းလျာများ၏ လူပျိုဘဝ စိတ်နေသဘောထား ၇၄
၅။ ပွဲမကြည့်တတ်လျှင် တဏှာ၊ ကြည့်တတ်လျှင် ဘာဝနာ ၈၄
၆။ သားသမီးများအပေါ်၌ ထားရှိသော သာရီ ပုဏ္ဏေးမကြီး၏ စေတနာ ၉၁
၇။ သေခြင်းကင်းတဲ့နေရာ ဘယ်မှာ ရှိလေသလဲ ၁၀၁
၈။ အရှင်နှစ်ပါး လောင်းလျာများ အရှင်အဿဇိနှင့် တွေ့သောအခါ ၁၁၀
၉။ လက်ဝဲရံ လက်ယာရံအဖြစ် ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ၁၃၀

www.dhammaransi.com

# မာတိကာ


၁၀။ အရှင်သာရိပုတ္တရာ၏ညီတော် ဥပသေန ရဟန်းပြုခြင်း ၁၅၀

၁၁။ မိခင်၏မေတ္တာနှင့် သားသမီးများ၏ ပါရမီ အရှုံးအနိုင် အားပြိုင်ကြရာဝယ် ၁၅၉

၁၂။ ညီထွေးအတွက် အရှင်သာရိပုတ္တရာ၏ မျှော်လင့်ချက် ၁၇၆

၁၃။ ရဟန်းနဂါးနှင့် နတ်နဂါး သို့မဟုတ် အရှင်မောဂ္ဂလာန်နှင့် နန္ဒောပနန္ဒ ၁၈၇

၁၄။ တိတ္ထိအမေး၊ အရှင်သာရိပုတ္တရာ အဖြေ ၁၉၈

၁၅။ ပြိတ္တာများပြဿနာနှင့် အရှင်မောဂ္ဂလာန် ၂၀၇

၁၆။ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ ပညာအဘယ်မျှ ကြီးသနည်း ၂၁၃

၁၇။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် အပြန်အလှန် ချီးကျူးတော်မူခြင်း ၂၂၆

၁၈။ ကိုယ့်အလောင်းကိုယ်ပိုက်၍ မိခင်ထံ ပြန်လေသော လက်ယာတော်ရံ အရှင်သာရိပုတ္တရာ ၂၃၄

၁၉။ ဝိပါက်ကြမ္မာဆိုးကြောင့် အဖြစ်ဆိုးနှင့် ပရိနိဗ္ဗာန်စံရရှာသော လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန် ၂၇၅

နိဂုံး ၂၉၉

www.dhammaransi.com

# အရုံနိဒါန်း

ဗုဒ္ဓ၏တပည့်များကို "သာဝက" ဟူ၍ ခေါ်သည်။ ယင်းသာဝကသည်-

၁။ အဂ္ဂသာဝက

၂။ မဟာသာဝက

၃။ ပကတိသာဝက

ဟူ၍ သုံးမျိုးပြား၏။ ယင်းသုံးမျိုးအနက် အဂ္ဂသာဝကသည် သာဝကအားလုံးတို့ထက် အမြတ်ဆုံး ဖြစ်လေသည်။ တသင်္ချေနှင့် ကမ္ဘာတသိန်းတို့ကာလပတ်လုံး ပါရမီဖြည့်ရန် လိုးပန်း၍ ယူမှ ရရှိသောသာဝကမျိုး ဖြစ်၏။

ဤဂေါတမဗုဒ္ဓ ရှင်တော်မြတ်ဘုရားလက်ထက်တော်၌ အဂ္ဂသာဝကအရှင်မြတ်ကြီးနှစ်ပါး ရှိသည်တွင် တပါးမှာ အရှင်သာရိပုတ္တရာ၊ တပါးကား အရှင်မောဂ္ဂလာန် ဖြစ်သည်။ ဝဲ-ယာခွဲခြားလိုက်သောအခါ အရှင် သာရိပုတ္တရာကား လက်ယာရံ။ ပညာကြီးသောအရာ၌ ဧတဒဂ်ဘွဲ့ ရ၏။ အရှင်မောဂ္ဂလာန်ကား လက်ဝဲရံ ဖြစ်သတည်း။ တန်ခိုးကြီးသောအရာ၌ ဧတဒဂ်ဘွဲ့ရ၏။

ပုဂ္ဂိုလ်တစုံတယောက်၏ ဘဝဖြစ်ရပ် အတ္ထုပ္ပတ်များကို ရေရေလည်လည်ဇာတ်စုံခင်း၍ အလင်းဖွင့် ရေးသားချက်များကို အတ္ထုပ္ပတ္တိဟု ဆိုပေသည်။

www.dhammaransi.com



ထိုအတ္ထုပ္ပတ္တိသည်-

ကိုယ့်အကြောင်းကိုယ် ရေးသော ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ ကိုယ့်အကြောင်း သူတပါးရေးသော သူရေး အတ္ထုပ္ပတ္တိ ဟူ၍ နှစ်မျိုး ရှိနိုင်ပြန်သည်။

ကိုယ့်အကြောင်းကို ကိုယ်သာလျှင် အသိဆုံး ဖြစ်သောကြောင့် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိများသည် တိကျမှန်ကန်၍ စိတ်ဝင်စားဘွယ် ဖြစ်စေတတ်၏။

သုတ္တန္တပိဋကတ်၌ အပဒါန်ပါဠိတော်ဟူ၍ "ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ" ဟု ခေါ်ရမည့် ကျမ်းကြီးတကျမ်း ရှိ၏။ ယင်းကျမ်းကြီး၌ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ ထေရ၊ ထေရီတို့ ပါဝင်လေရာ ယင်းကျမ်းတွင် ပါရှိသည့်ပုဂ္ဂိုလ်အားလုံးတို့သည် "ဤသို့ ရှေးက ငါ ဖြစ်ခဲ့ဘူးပြီ" ဟူ၍ ကိုယ့်အကြောင်းကို ကိုယ်ပြန်ပြောကြသည့် ပုဂ္ဂိုလ်များသာ ဖြစ်လေသည်။

သို့ကြောင့်ပင် လက်ယာတော်ရံ အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန် အရှင်မြတ်ကြီးတို့ ကိုယ်တိုင် ကိုယ့်အကြောင်းကို ကိုယ်ပြန်ပြောကြသည့်အတ္ထုပ္ပတ် သာရိပုတ္တ-ထေရပဒါန်နှင့် မောဂ္ဂလာနတ္ထေရပဒါန်ကို ဤစာအုပ်၏အစ၌ ဦးဦးဖျားဖျား စိတ်ဝင်စားဘွယ်များအဖြစ် မူရင်းမြန်မာပြန် အတိုင်း ဖော်ပြထားပါသည်။

သည့်နောက်တွင်မှ အရှင်နှစ်ပါးတို့၏ ဘဝဖြစ်ရပ်များကို ဇာတ်လမ်းဖွင့်သွားမည် ဖြစ်ပါသည်။ ဤသို့ ဖွင့်ပြရာ၌ ကျမ်းဂန်တို့၏အဆိုအမိန့်ကို ဦးထိပ်ထက်ရွက်လျက်-

www.dhammaransi.com



ကျမ်းစကားနှင့်လည်း ညီစေ။
လောကသဘာဝဖြစ်ရပ်များနှင့်လည်း ဟပ်မိစေ။
ဖတ်ရှုရာ၌ နှလုံးခေတ်ရှင်ရှင်နှင့် အဓိပ္ပာယ်ကို သိလွယ် မှတ်မိလွယ်စေ။

ဤအချက်များကို အလေးအနက်ထား၍ အရှင်နှစ်ပါး၏ ဘဝပုံတော်ကို ကြွကြွရွရွ ရုပ်လုံးပေါ်လာအောင် ပုံဖော်သွားရာ၌ အဘယ်မျှ ကြွကြွရွရွ၊ လှုလှုပပ ရှိမည်၊ မရှိမည်ကိုကား အာရုံခံစားကြည့်ခြင်းဖြင့် အဖြေလွှာ ပေါ်လာနိုင်တန်ရာပါသတည်း။

ဒဂုန် ဦးစန်းငွေ
၁၃၄၂–ခု၊ ဒုတိယဝါဆိုလပြည့်၊ တနင်္ဂနွေနေ့
(ည ၁၁ နာရီ၊ မိနစ်၄၀ါးဆယ်)
ရန်ကုန်မြို့။

၅၆၃၂

www.dhammaransi.com

## လက်ယာရံအရှင်သာရိပုတ္တရာကိုယ်တိုင် ပြောပြသော

# အရှင် သာရိပုတ္တရာ၏ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ

သုတ္တန္တပိဋက၊ ဒီဃနိကာယ်အပါအဝင် ''အပဒါန်ပါဠိတော်''ဟူ၍ ရှိ၏။ ယင်းပါဠိတော်၌ ထေရာပဒါန်၊ ထေရီပဒါန် ဟူ၍ အပိုင်း ၂ ပိုင်း ခွဲခြား၍ သီးသန့် ပြဆိုထားပေသည်။ ဂေါတမရှင်တော်မြတ်ဘုရားနှင့်တကွ ၄၁ ပါးသော ပစ္စေကဗုဒ္ဓာအရှင်မြတ်ကြီးများ၏အကြောင်း၊အရှင်သာရိပုတ္တရာအစ အရှင်ရဋ္ဌပါလအဆုံး ၅၅၉ ပါးသော ရဟန္တာများ၏ အကြောင်း ဘဝဖြစ်ရပ်များ ပြဆိုသောအပိုင်းကို ''ထေရာပဒါန်''ဟု ခေါ်လေသည်။

အပဒါနသဒ္ဒါသည် အကြောင်းအတ္ထုပ္ပတ်ဟူသောအနက်၊ ယူခြင်း၊ ဖဲ့သွားခြင်း စသောအနက်တို့ကို ဟောသည်ဖြစ်ရာ ဤ၌ကား အတ္ထုပ္ပတ္တိအနက်၌ ဖြစ်ကြောင်းကို ယင်းအဋ္ဌကထာ ဗုဒ္ဓဝင်၌ အကျယ်တဝင့် ဖွင့်ဆိုထားပေသည်။ ရဟန္တာအရှင်မြတ်ကြီးတို့သည်-

မိမိတို့ ရရှိစံစားအပ်သော မင်္ဂလာချမ်းသာ၊ ဖိုလ်ချမ်းသာများကို ဆင်ခြင်၍ ဝမ်းသာရွှင်မြူး ဥဒါန်းကျူးသောအားဖြင့်ဖြစ်စေ၊

www.dhammaransi.com



"မိမိ၏ ဘဝဖြစ်ရပ်၊ အတ္တုပ္ပတ်ကို သိလိုပါသည်" ဟု သူတပါးက လျှောက်ထားမေးမြန်းသောကြောင့် ဖြစ်စေ၊

ပရိနိဗ္ဗာန်ပြုခါနီးတွင် သာသနာသည် ဝဋ္ဋသုံးပါးမှ လွတ်မြောက်အောင် ကယ်တင်နိုင်ကြောင်းကို ထင်ရှားစေလိုသောကြောင့် ဖြစ်စေ၊

မိမိ၏ဘဝဖြစ်ရပ် အတ္တုပ္ပတ်များကို "ဤသို့ ငါ ရှေးက ကျင့်ခဲ့ဘူးပြီ၊ ဖြစ်ခဲ့ဘူးပြီ"ဟူ၍ ကိုယ်တိုင် ဟောကြားတော်မူလေ့ ရှိကုန်သည်ဖြစ်ရာ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် အရှင်မြတ်ကြီးတို့သည်လည်း "ဤသို့ ငါ ရှေးက ကျင့်ခဲ့ဘူး၊ ဖြစ်ခဲ့ဘူးပြီ"ဟူ၍ မိမိတို့၏ဘဝဖြစ်ရပ်များကို အသီးအသီး ကိုယ်တိုင် ဟောပြသွားတော်မူကြကုန်၏။ ထိုဖြစ်ရပ်များကို မျက်ဝါးထင်ထင် မြင်တွေ့ကြရစေရန်အလို့ငှာ "ထေရာပဒါန်ပါဠိတော် မြန်မာပြန်"ကို မြန်မာနိုင်ငံ၊ ဗုဒ္ဓသာသနာအဖွဲ့မှ ရိုက်နှိပ်ထားသည့်မူအတိုင်း အောက်၌ ဖော်ပြလိုက်ပါသည်။

## သာရိပုတ္တတ္ထေရအပဒါန် မြန်မာပြန်

ပစ္စေကဗုဒ္ဓအပဒါန်၏ အခြားမဲ့၌ ထေရအပဒါန်ကို နာကြကုန်လော့။

၁၄၁။ ဟိမဝန္တာတောင်၏အနီး၌ လမ္ဗကမည်သော တောင်သည် ရှိ၏။ (ထိုတောင်၌) ငါသည် သစ်မ်းကျောင်းကို ကောင်းစွာပြုအပ်၏။ သစ်ရွက်မိုးကျောင်းကို ကောင်းစွာဖန်ဆင်းအပ်၏။

www.dhammaransi.com



၁၄၂။ ငါ၏သင်္ခမ်းကျောင်းအနီး၌ အလွန်မစောက် (လွန်း) သော ကမ်းပါး ရှိသည်ဖြစ်၍ ကောင်းသောဆိပ်ကမ်း ရှိသော မြစ်ငယ်သည် နှလုံးမွေ့လျော် ပျော်ဘွယ် ကောင်း၏။ (ပုလဲအသွင်) ဖြူစင်သော သဲပြင်လည်း ရှိ၏။

၁၄၃။ ထိုသင်္ခမ်းကျောင်းအနီး၌ ကျောက်စရစ်ကင်း၍ အလွန် မနက်ရှိုင်းသော၊ စက်ဆုပ်ဘွယ်ရနံ့ကင်းသောကြောင့် ချိုမြိန်သောရေ ရှိသော မြစ်ငယ်သည် ငါ၏သင်္ခမ်း ကျောင်းကို တင့်တယ်စေလျက် စီးဆင်း၏။

၁၄၄။ ဤမြစ်ငယ်၌ မိကျောင်း၊ မကန်း တို့သည်လည်း ကောင်း၊ ကြမ်းတမ်းသော ငါးတို့သည်လည်းကောင်း၊ လိပ်တို့သည်လည်းကောင်း၊ ငါ၏ သင်္ခမ်းကျောင်းကို တင့်တယ်စေကုန်လျက် ထိုသင်္ခမ်းကျောင်းအနီး၌ ဖြစ် သောမြစ်၌ ကျက်စားကုန်၏။

၁၄၅။ ငါးဖယ်၊ ငါးတန်၊ ငါးပတ်တို့သည်၎င်း၊ ငါးရံ့၊ ငါးကြင်း၊ ငါးခူတို့သည်၎င်း၊ ထိုမှဤမှ ခုန်ပျံမြူးတူး ကြကုန်လျက် ငါ၏သင်္ခမ်းကျောင်းကို တင့်တယ်စေ ကုန်၏။

၁၄၆။ မြစ်၏ကမ်းနှစ်ဖက်တို့၌ အပွင့်အသီးရှိကုန်သော သစ် ပင်တို့သည် ကမ်းနှစ်ဖက်တို့မှ တွဲရရွဲကျကုန်လျက် ငါ၏သင်္ခမ်းကျောင်းကို တင့်တယ်စေကုန်၏။

www.dhammaransi.com



၁၄၇။ သရက်ပင်၊ အင်ကြင်းပင်၊ ပြည့်စင်ပင်တို့သည်၎င်း၊ သခွတ်ပင်၊ ရေအုန်ပန်းပင်တို့သည်၎င်း၊ အမြဲမပြတ် ပွင့်ကြကုန်သောကြောင့် နတ်ပန်းရနံ့ကဲ့သို့သော ရနံ့ တို့သည် ငါ၏သင်္ခမ်းကျောင်း၌ ထက်ဝန်းကျင် သင်းပျံ့ကြိုင်လှိုင်ကုန်၏။

၁၄၈။ စကားပင်၊ ထင်းရှူးပင်၊ ကျည်းပင်တို့သည်၎င်း၊ ကံ့ကော်ပင်၊ ပုန်းညက်ပင်၊ ဆတ်သွားပင်တို့သည် ၎င်း၊ အမြဲမပြတ် ပွင့်ကြကုန်သည်ဖြစ်၍ နတ်ပန်းရနံ့ ကဲ့သို့သောရနံ့တို့သည် ငါ၏သင်္ခမ်းကျောင်း၌ ထက် ဝန်းကျင် သင်းပျံ့ကြိုင်လှိုင်ကုန်၏။

၁၄၉။ ငါ၏သင်္ခမ်းကျောင်း၌ စစ်ကြီးပင်၊ သော်ကပင်၊ ဘဂိနီမာလာပင်တို့သည် အမြဲမပြတ်ပွင့်၍ နေကြကုန် ၏။ မှန်ကူပင်၊ မျက်နှာပန်းပင်တို့သည်လည်း အမြဲ မပြတ်ပွင့်၍ နေကြကုန်၏။

၁၅၀။ ဆတ်သွားဖူးပင်၊ ခတ္တာပင်တို့သည်၎င်း၊ ဆူးပန်းပင်၊ စပယ်၊ ကြက်ရှန်းပင်တို့သည်၎င်း၊ နတ်ပန်းရနံ့ကဲ့သို့ သော ရနံ့ကြိုင်လှိုင်ကုန်လျက် ငါ၏သင်္ခမ်းကျောင်းကို တင့်တယ်စေကုန်၏။

၁၅၁။ မဟာလှေကားကြီး၊ မဟာလှေကားကလေးပင်တို့သည် ၎င်း၊ များစွာသောပိတောက်ပင်၊ ထောက်ကြံ့ပင်တို့ သည်၎င်း၊ နတ်ပန်း ရနံ့ကဲ့သို့သောရနံ့ကို သင်းပျံ့ ကြိုင်လှိုင်စေကုန်လျက် ငါ၏သင်္ခမ်းကျောင်းကို တင့် တယ်စေကုန်၏။

www.dhammaransi.com



၁၅၂။ ပုန်းညက်ပင်တို့သည်၎င်း၊ ဓောင်ပုန်းညက်ပင်တို့သည် ၎င်း၊ ပင်လယ်ကသစ်ပင်တို့သည်၎င်း၊ အမြဲမပြတ်ပွင့် ကုန်သည်ဖြစ်၍ နတ်ပန်းရနံ့ကဲ့သို့သောရနံ့ကို သင်းပျံ့ ကြိုင်လှိုင်စေလျက် ငါ၏သခ်မ်းကျောင်းကို တင့်တယ် စေကုန်၏။

၁၅၃။ ငုရွှေပင်တို့သည်၎င်း၊ လက်ထုတ်ပင်တို့သည်၎င်း၊ များ စွာသော ထိန်ပင်တို့သည်၎င်း၊ ချရားပင်တို့သည်၎င်း၊ နတ်ပန်းရနံ့ကဲ့သို့သောရနံ့ကို သင်းပျံ့ ကြိုင်လှိုင်စေ လျက် ငါ၏သခ်မ်းကျောင်းကို တင့်တယ်စေကုန်၏။

၁၅၄။ ပဲဘတ်ပင်၊ ပဲနောက်ပင်တို့သည်၎င်း၊ ငှက်ပျောပင်၊ ရှောက်ပင်တို့သည်၎င်း၊ ထိုသစ်ပင်တို့သည် ကောင်းစွာ ကြီးပွားကုန်သည်ဖြစ်၍ အသီးတို့ကို ဆောင်ကုန်၏။

၁၅၅။ ထိုအခါ ငါ၏သခ်မ်းကျောင်းအနီးဖြစ်သော တဖက် ဆည်ကန်၌ အချို့သောပဒုမ္မာကြာတို့သည် ပွင့်ကုန် ၏။ အချို့ကား ပွင့်ပြီးကုန်သည်ဖြစ်၍ ကြာရွက်မျှ သာရှိကုန်၏။

၁၅၆။ ထိုအခါ တဖက်ဆည်ကန်၌ အချို့သော ပဒုမ္မာကြာ တို့သည် ဝတ်မှုန်တည်းဟူသောကိုယ်ဝန်ကို ယူကုန်၏။ ကြာစွယ်တို့ ထွက်ပေါ်ကုန်၏။ အရွက်တို့ဖြင့် ပြွမ်း သော ကြာပင်ရုံတို့သည် တင့်တယ်ကုန်၏။

၁၅၇။ ထိုအခါ တဖက်ဆည်ကန်၌ လံပူးချုံတို့သည်၎င်း၊ သရက်နံ့ရှိသောဝန်းပင်တို့သည်၎င်း၊ မြစ်ကိုင်းပန်းပင်

www.dhammaransi.com



တို့သည်၎င်း၊ ခေါင်ရန်း ပန်းပင်တို့သည်၎င်း၊ အမြဲမပြတ် ပွင့်ကြကုန်သည်ဖြစ်၍ နတ်ပန်းရနံ့ ကဲ့သို့သော ရနံ့တို့သည် သင်းပျံ့ကြိုင်လှိုင်ကုန်၏။

၁၅၈။ ထိုအခါ တဖက်ဆည်ကန်၌ ငါးဖယ်၊ ငါးတန်၊ ငါးပတ်တို့သည်၎င်း၊ ငါးရံ့၊ ငါးကြင်း၊ ငါးခူသန်း၊ ငါးခူတို့သည်၎င်း နေကုန်၏။

၁၅၉။ ထိုအခါ တဖက်ဆည်ကန်၌ မိကျောင်း၊ ကြမ်းတမ်းသော ငါး၊ ညံသတ္တဝါတို့သည်၎င်း၊ ရေစောင့်ဘီလူးတို့သည်၎င်း၊ သြဂုဟာမည်သောမြွေ၊ စပါးကြီးမြွေတို့ တို့သည်၎င်း နေကုန်၏။

၁၆၀။ ခိုငှက်၊ ဝမ်းဘဲ၊ စက္ကဝက်ငှက်တို့သည်၎င်း၊ တင်ကြီး၊ ဥသြ၊ ကျေးသာလိကာတို့သည်၎င်း၊ ထိုတဖက် ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၁။ ဘုတ်ငှက်၊ ပုစွန်(ငှက်)တို့သည်၎င်း၊ တော၌ သက်နှန်း ဖွတ်ငှက်၊ ဘုံမတီးငှက်၊ ငှက်ကုလားတို့သည်၎င်း၊ ထိုတဖက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၂။ ဟင်္သာ၊ ကြိုးကြာ၊ ဥဒေါင်းတို့သည်၎င်း၊ ဥသြ၊ တောကြက်(ခရုစုတ်) ငှက်တို့သည်၎င်း၊ ဇီဝဇိုးငှက်တို့သည် ၎င်း၊ ထိုတဖက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၃။ ခင်ဘုတ်ငှက်၊ တောင်ပတီးငှက်၊ ဝံလိုငှက်တို့သည်၎င်း၊ သိန်းစွန်ငှက်တို့သည်၎င်း၊ များစွာသော ငှက်နက်ကြီး

www.dhammaransi.com



တို့သည်၎င်း၊ ထိုတဖက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၄။ ချေ၊ ဝက်၊ စာမရီသားကောင်၊ ကြံ့တို့သည်၎င်း၊ များစွာသောစိုင်တို့သည်၎င်း၊ သုကပေါတမည်သောသားတို့သည်၎င်း၊ ထိုတဖက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၅။ ခြသေ့်၊ ကျား၊ သစ်၊ ဝံပုလွေ၊ အောင်းတို့သည်၎င်း၊ အရပ်သုံးပါးမှ ယိုစီးကျသောမုန်ရှိသော ဆင်တို့သည်၎င်း၊ ထိုတဖက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၆။ ကိန္နရာ၊ မျောက်တို့သည်၎င်း၊ ထိုမှတပါး တောအလုပ်သမား၊ ငါးမုဆိုး တံငါ၊ သားမုဆိုးတို့သည်၎င်း၊ ထိုတဖက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၇။ တည်ပင်၊ လွန်ပင်တို့သည်၎င်း၊ သစ်မည်စည်ပင်၊ သရက်ဖြူပင်တို့သည်၎င်း၊ ငါ၏သခ်မ်းကျောင်းမှ မနီးမဝေးသောအရပ်၌ အမြဲ အသီးတို့ကို ဆောင်ကုန်၏။

၁၆၈။ ကြို့ပင်၊ ထင်းရှူးပင်၊ တမာပင်တို့သည် ကောင်းသောအသီး သီးကုန်လျက် ငါ၏ သခ်မ်းကျောင်းမှ မနီးမဝေးသောအရပ်၌ အမြဲ အသီးတို့ကို ဆောင်ကုန်၏။ (သစ်သီးတို့ကို အမြဲဆောင်ကုန်၏ ဟူလို။)

၁၆၉။ သဖန်းခါးပင်၊ သျှိသျှားပင်၊ သရက်ပင်၊ သပြေပင်၊ သစ်ဆိမ့်ပင်တို့သည်၎င်း၊ အိမ်ဆီးပင်၊ ချေးပင်

www.dhammaransi.com



(သစ်ဆေးပင်) ဥသျှစ်ပင်တို့သည်ရှင်း၊ ထိုသစ်ပင်တို့သည် အသီးတို့ကို ဆောင်ကုန်၏။

၁၇၀။ မျောက်ပင်၊ သစ်တောက်ပင်၊ ပိန်းပင်၊ သတွေးပင်၊ ကန့်စွန်းကြီးပင်တို့သည်ရှင်း၊ သုတကမည်သောသစ်ပင်တို့သည်ရှင်း၊ ငါ၏ သင်္ခမ်းကျောင်း၌ များပြားကုန်၏။

၁၇၁။ သင်္ခမ်းကျောင်းအနီး၌ ကောင်းစွာ ဖန်ဆင်းအပ်ကုန်သော၊ ကြည်လင်သောရေ၊ အေးမြသောရေ ရှိကုန်သော၊ ကောင်းသောရေဆိပ်ရှိသော၊ နှလုံးမွေ့လျော်ဘွယ်ရှိကုန်သော တဖက်ဆည်ကန်တို့သည် ရှိကုန်၏။

၁၇၂။ ပဒုမ္မာကြာ၊ ဥပ္ပလကြာတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ကြာပုဏ္ဍရိက်ကြာတို့နှင့် ကောင်းစွာ ယှဉ်ကုန်သော၊ မျောက်လှေကူးတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ရေကန်တို့သည် ဖြစ်ကုန်၏။ နတ်ပန်းရနံ့ကဲ့သို့သော ရနံ့တို့သည် သင်းပျံ့ကြိုင်လှိုင်ကုန်၏။

၁၇၃။ ငါသည် သုရုစိရသေ့ဖြစ်စဉ်အခါ ဤသို့ အလုံးစုံသော အင်္ဂါနှင့်ပြည့်စုံသော အပွင့်အသီးရှိသော တောဝယ် ကောင်းစွာ ပြုအပ်သော၊ မွေ့လျော်ဘွယ်ကောင်းသော သင်္ခမ်းကျောင်း၌ နေခဲ့၏။

၁၇၄။ ငါသည် သီလရှိသော၊ အကျင့်နှင့်ပြည့်စုံသော၊ စျာန်ဝင်စားလေ့ရှိသော၊ အခါခပ်သိမ်း စျာန်ဖြင့် မွေ့လျော်သော၊ အဘိညာဉ်ငါးပါး တည်းဟူသော အားသို့ ရောက်သော သုရုစိရသေ့ ဖြစ်ခဲ့ပြီ။

www.dhammaransi.com



၁၇၅။ နှစ်သောင်းလေးထောင်သော တပည့်တို့သည် ငါ့အား လုပ်ကျွေးကုန်၏။ အလုံးစုံသော ထိုပုဏ္ဏားပျိုတပည့်တို့သည်လည်း ဗြာဟ္မဏအမျိုး ဖြစ်ကြကုန်၏။ ဇာတ်နှင့်ပြည့်စုံကြကုန်၏။ များသောအခြံအရံ ရှိကုန်၏။

၁၇၆။ အင်္ဂါခေါန်ကျမ်း၊ အလင်္ကာကျမ်းနှင့်တကွသော သာမုဒြိကလက္ခဏာကျမ်းတို့၌၎င်း၊ ဣတိဟာသ ရာဇဝင်ကျမ်းတို့၌၎င်း၊ အပြီးသို့ ရောက်ကုန်၏။ ပုဒ်၌ လိမ္မာကုန်၏။ ဗျာကရိုဏ်းကျမ်းကို တတ်ကုန်၏။ မိမိဥစ္စာဖြစ်သော ဗေဒင်သုံးပုံ၌ အပြီးသို့ ရောက်ကုန်၏။

၁၇၇။ ကောင်းစွာသင်အပ်ပြီးသော အတတ် ရှိကုန်သော ငါ့တပည့်တို့သည် ဥက္ကာကျခြင်းစသော ဥပ္ပါတကျမ်းတို့၌၎င်း၊ ကောင်းကျိုးဆိုးကျိုးစသော နိမိတ်ကျမ်းတို့၌၎င်း၊ လက္ခဏာကျမ်းတို့၌၎င်း၊ မြေနှင့်ပတ်သက်သောအတတ်ပညာ၊ ကမ္ဘာလောကနှင့်ပတ်သက်သော အတတ်ပညာ၊ ကောင်းကင်နှင့်ပတ်သက်သောအတတ်ပညာ၌၎င်း၊ လိမ္မာကုန်၏။

၁၇၈။ ထိုငါ၏ တပည့်တို့သည် အလိုနည်းကြကုန်၏။ ရင့်ကျက်သောပညာ ရှိကုန်၏။ နည်းသောအစာ ရှိကုန်၏။ လျှပ်ပေါ်လေဘ်လည်ခြင်း မရှိကုန်။ လာဘ်ရမှု မရမှုဖြင့် ရောင့်ရဲကုန်လျက် အခါခပ်သိမ်း ငါ့ကို ခြံရံကုန်၏။

၁၇၉။ ဈာန်ဝင်စားလေ့ ရှိကုန်၏။ ဈာန်၌မွေ့လျော်ကုန်၏။ ပညာ ရှိကုန်၏။ ငြိမ်သက်သောစိတ် ရှိကုန်၏။

www.dhammaransi.com



ကြည်ကုန်၏။ ကြောင့်ကြမဲ့သည်၏အဖြစ်ကို တောင့်တကုန်လျက် အခါခပ်သိမ်း ငါ့ကို ခြံရံကုန်၏။

၁၈၀။ အဘိညာဉ်ငါးပါး၏ အထွတ်အထိပ်သို့ ရောက်ကုန်သော၊ ဖခင်၏ ဥစ္စာဖြစ်သော (ကသိုဏ်းစသော) အာရုံ၌ မွေ့လျော်ကုန်သော၊ ကောင်းကင်၌ သွားလေ့ရှိကုန်သော၊ ပညာရှိကုန်သော ငါ၏တပည့်တို့သည် အခါခပ်သိမ်း ငါ့ကို ခြံရံကုန်၏။

၁၈၁။ ထိုပညာရှိငါ၏တပည့်တို့သည် ဒွါရ ၆ ပါးတို့၌ စောင့်စည်းကုန်၏။ တပ်မက်မှုတဏှာ ကင်းကုန်၏။ စောင့်ရှောက်အပ်သောကျင့်ခြင်း ရှိကုန်၏။ လူတို့နှင့်ရောယှက်ခြင်းလည်း မရှိကုန်။ (သူတပါးတို့ နှိပ်စက်ခြင်းငှာ) ချဉ်းကပ်နိုင်ခဲကုန်၏။

၁၈၂။ ထိုငါ၏ တပည့်တို့သည် ထက်ဝယ်ဖွဲ့ခွေ နေခြင်းဖြင့်၎င်း၊ ရပ်ခြင်း သွားခြင်းဖြင့်၎င်း၊ ညဉ့်ကို ကုန်လွန်စေကုန်၏။ (သူတပါးတို့ နှိပ်စက်ခြင်းငှာ) ချဉ်းကပ်နိုင်ခဲကုန်၏။

၁၈၃။ ထိုငါ၏ တပည့်တို့သည် တပ်နှစ်သက်ဘွယ် အာရုံ၌ မတပ်နှစ်သက်ကြကုန်။ အမျက်ထွက်ဘွယ် အာရုံ၌ အမျက်မထွက်ကြကုန်။ တွေဝေဘွယ်အာရုံ၌ မတွေဝေကြကုန်။ (သူတပါးတို့ နှိပ်စက်ခြင်းငှာ) ချဉ်းကပ်နိုင်ခဲကုန်၏။

၁၈၄။ ထိုငါ၏ တပည့်တို့သည် တန်ခိုးကို စူးစမ်းလိုကုန်သည် ဖြစ်၍ အခါခပ်သိမ်း တန်ခိုး ဖန်ဆင်းခြင်းကို ဖြစ်စေ

www.dhammaransi.com



ကုန်၏။ ထိုငါ၏တပည့်တို့သည် မြေကို ပြင်းစွာတူန် လှုပ်စေကုန်၏။ ချုပ်ချယ် ရမ်းကား ထိပါးလိုသဖြင့် ချဉ်းကပ်နိုင်ခဲကုန်၏။ (သူတပါးတို့ နှိပ်စက်ခြင်းငှာ) ချဉ်းကပ်နိုင်ခဲကုန်၏။

၁၀၅။ ထိုငါ၏ တပည့်တို့သည် ကစားလိုကုန်သော် ဈာန် ကစားခြင်းကိုသာ ကစားကြကုန်၏။ ဇမ္ဗူသပြေပင်မှ အသီးကို ဆောင်ကုန်၏။ ငါ၏တပည့်တို့သည်(သူတပါး တို့ နှိပ်စက်ခြင်းငှာ) ချဉ်းကပ်နိုင်ခဲကုန်၏။

၁၀၆။ (သူတပါးတို့ နှိပ်စက်ခြင်းငှာ) ချဉ်းကပ်နိုင်ခဲသော ငါ၏တပည့်တို့သည် အာဟာရကို ရှာမှီးရန် အချို့ အနောက်ကျွန်းသို့ သွားကုန်၏။ အချို့ကား အရှေ့ ကျွန်းသို့၊ အချို့ကား မြောက်ကျွန်းသို့ သွားကုန်၏။

၁၀၇။ ထိုငါ၏ တပည့်တို့သည် ရှေ့မှ ရသေ့ပရိက္ခရာကို သွား စေ၍ နောက်မှ မိမိတို့ လိုက်ကြကုန်၏။ နှစ်သောင်း လေးထောင်သော ရသေ့တို့ဖြင့် ကောင်းကင်သည် ဖုံးလွှမ်းအပ်သည် ဖြစ်၏။

၁၀၈။ အချို့သောရသေ့တို့သည် မီးဖြင့်ချက်၍ စားကုန်၏။ အချို့တို့ကား မီးဖြင့်ချက်၍ မစားကုန်။ အချို့တို့ ကား သွားဖြင့်ကိုက်၍ စားကုန်၏။ အချို့တို့ကား ဆုံငယ်ဖြင့်ထောင်း၍ စားကုန်၏။ အချို့တို့ကား ကျောက်ဖြင့်ထု၍ စားကုန်၏။ အချို့တို့ကား အလိုလို ကြွေကျသောအသီးကို စားကုန်၏။

www.dhammaransi.com



၁၈၉။ (သူတပါးတို့ နှိပ်စက်ခြင်းငှာ) ချဉ်းကပ်နိုင်ခဲကုန်သော ငါ၏တပည့်တို့သည် အချို့ စင်ကြယ်ခြင်း၌ မွေ့လျော်ကုန်သည် ဖြစ်၍ အချို့ နေ့ရောညဉ့်ပါ ရေသို့ ဆင်းသက်ကုန်၏။ အချို့တို့ကား ရေသွန်းလောင်းခြင်းကို ပြုကုန်၏။

၁၉၀။ (သူတပါးတို့ နှိပ်စက်ခြင်းငှာ)ချဉ်းကပ်နိုင်ခဲကုန်သော ငါ၏တပည့်တို့သည် ပေါက်သောလက်ကတီး မွေး၊ ခြေသည်း၊ လက်သည်း၊ မုတ်ဆိတ်ကျင်စွယ်မွေး ရှိကုန်၏။ သွားချေးကပ်သောသွား ရှိကုန်၏။ မြူကပ်သော ဦးခေါင်း ရှိကုန်၏။ သီလရနံ့ဖြင့် ကြိုင်လှိုင်ကုန်၏။

၁၉၁။ ထက်သောအကျင့်ရှိကုန်သော ရသေ့တို့သည် နံနက် အခါ၌သာ စည်းဝေးကြကုန်၍ လာဘ်ရသည် မရသည်ကို ပြောကြားပြီးသောအခါ ကောင်းကင်၌ သွားကုန်၏။

၁၉၂။ ကောင်းကင်ခရီးဖြင့် သွားကြကုန်သော ထိုရသေ့တို့၏ လျှော်ဝေသက်န်းကြောင့်ဖြစ်သော ကြီးစွာသောအသံ သည် ဖြစ်ပေ၏။ ထိုရသေ့တို့ဆောင်သော သစ်နက် ရေအသံဖြင့် နတ်တို့သည် ဝမ်းမြောက်ကြရကုန်၏။

၁၉၃။ ကောင်းကင်၌ သွားကုန်သောရသေ့တို့သည်၊ ထိုထို အရပ်သို့ ဖဲသွားကြကုန်၏။ ထိုရသေ့တို့သည် မိမိ တန်ခိုးအစွမ်းဖြင့် ထောက်ပံ့ကုန်ကုန်၍ အလိုရှိရာ အရပ်သို့ သွားကြကုန်၏။

www.dhammaransi.com



၁၉၄။ ထိုရသေ့တို့သည် မြေကြီးကို တုန်လှုပ်စေနိုင်ကုန်၏။ အလုံးစုံသောရသေ့တို့သည် ကောင်းကင်၌ ကျက်စားနိုင်ကုန်၏။ ထက်သောတန်ခိုးရှိကုန်၏။ (သူတပါးတို့) နှိပ်စက်နိုင်ခဲကုန်၏။ သမုဒ္ဒရာကဲ့သို့ (သူတပါးတို့) ချောက်ချားနိုင်ခဲကုန်၏။

၁၉၅။ အချို့သောရသေ့တို့သည် ရပ်ခြင်း၊ သွားခြင်း(ဣရိယာပုထ်ဖြင့်) မျှတကုန်၏။ အချို့သောရသေ့တို့သည် နိသဇ္ဇတွင် ဆောက်တည်ကုန်၏။ အချို့သောရသေ့တို့သည် အလိုလိုကြွေသောအသီးကိုသာ စားကုန်၏။ ငါ၏ တပည့်တို့သည် (သူတပါးတို့ နှိပ်စက်ခြင်းငှာ) ချဉ်းကပ်နိုင်ခဲကုန်၏။

၁၉၆။ ထိုငါ၏ရသေ့တို့သည် မေတ္တာစျာန်ဖြင့် နေလေ့ရှိကုန်၏။ အလုံးစုံသော သတ္တဝါတို့ အစီးအပွားကို ရှာမှီးလေ့ ရှိကုန်၏။ အလုံးစုံသော ထိုငါ၏တပည့်တို့သည် မိမိကိုယ်ကို မမြှောက်ပင့်ကုန်။ ထိုငါ၏တပည့်တို့သည် တစုံတယောက်သောသူအား မရှုတ်ချကုန်။

၁၉၇။ ခြင်သေ့မင်းကဲ့သို့ ထိတ်လန့်ခြင်း ကင်းကုန်သော၊ ဆင်မင်းကဲ့သို့ အားကြီးကုန်သော၊ ကျားကဲ့သို့ ချဉ်းကပ်ဝံ့ခဲကုန်သော ငါ့တပည့်တို့သည် ငါ၏အနီးသို့ ရောက်လာကုန်၏။

၁၉၈။ ဝိဇ္ဇာဓိုရ်တို့သည်၎င်း၊ နတ်တို့သည်၎င်း၊ နဂါး၊ ဂန္ဓဗ္ဗနတ်၊ ရက္ခိုသ်တို့သည်၎င်း၊ ကုမ္ဘဏ်-အသုရာ၊ ဂဠုန်

www.dhammaransi.com



တို့သည်ငှင်း၊ ထိုရေအိုင်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၉၉။ ရသေ့ပရိက္ခရာစဉ်ဖြင့် ပြည့်ကုန်သော၊ သစ်နက်ရေကို ခြုံရုံကုန်သော၊ ကောင်းကင်ဖြင့် သွားကုန်သော၊ ခပ်သိမ်းသောထိုရသေ့တို့သည် ထိုရေအိုင်ကို အမှီပြု၍ အသက်မွေးကုန်၏။

၂၀၀။ အခါခပ်သိမ်း သင့်လျော်သောအကျင့် ရှိကုန်သော ထိုရသေ့တို့သည် အချင်းချင်း ရိုသေတုပ်ဝပ်ကုန်၏။ နှစ်သောင်းလေးထောင်သော ရသေ့တို့၏ ချေဆတ်သောအသံသည် မရှိ။

၂၀၁။ အလုံးစုံသောရသေ့တို့သည် တယောက်သွားသောခြေရာ၌ တယောက်ခြေရာချ နင်းကုန်လျက်၊ တိုးတိုးပြောသောအသံ-စောင့်စည်းသောဣန္ဒြေ ရှိကုန်လျက် ငါ့ကို ချဉ်းကပ်၍ ဦးခေါင်းဖြင့် ရှိခိုးကုန်၏။

၂၀၂။ ဈာန်ဝင်စားလေ့ရှိသော၊ ဈာန်ဖြင့် မွေ့လျော်သော ငါသည် ငြိမ်သက်သောအကျင့်ကိုမှီသော တပည့်တို့ ခြံရံအပ်သည်ဖြစ်၍ ထိုသခ်မ်းကျောင်း၌ နေ၏။

၂၀၃။ သခ်မ်းကျောင်းသည် ရသေ့တို့၏သီလတည်းဟူသော ရနံ့၊ ပန်းရနံ့ဟူသောနှစ်ပါးသော ရနံ့တို့ဖြင့်ငှင်း၊ အသီးသီးသောသစ်ပင်တို့၏ အသီးဖြင့်ငှင်း၊ မွေးကြိုင်သင်းထုံနေ၏။

www.dhammaransi.com



၂၀၄။ (ထိုအခါ ငါသည်) ညဥ့်နေ့ကို မသိ။ ငါ့အား မမွေ့လျော်ခြင်းသည် မရှိ၊ ငါသည် မိမိတပည့်တို့ကို ဆုံးမလျက် လွန်စွာပျော်ရွှင်ခြင်းကို ရ၏။

၂၀၅။ ပွင့်ကုန်သောပန်းတို့၏ရင်း၊ မှည့်ကုန်သောအသီးတို့၏ရင်း၊ နှစ်သက်ဖွယ်နတ်၌ဖြစ်သော ရနံ့တို့သည် ငါ၏ သင်္ခမ်းကျောင်းကို တင့်တယ်စေလျက် ကြိုင်လှိုင်စေကုန်၏။

၂၀၆။ (ထိုအခါ) ကိလေသာကို ပူပန်စေတတ်သော၊ ရင့်ကျက်သောပညာရှိသော ငါသည် ဈာန်သမာပတ်မှ ထ၍ တံချူ ခြင်းတောင်း ပရိက္ခရာကိုယူ၍ တောသို့ နေ့အခါ ဝင်၏။

၂၀၇။ ထိုအခါ ဥပတ်ကျမ်း၊ အိပ်မက်ကျမ်း၊ လက္ခဏာကျမ်းတို့၌ သင်အပ်ပြီးသော အတတ်ရှိသောငါသည် မန္တန်၊ မန္တရားပုဒ်တို့ ဖြစ်စေလျက် နှုတ်တက်အာဂုံဆောင်၏။

၂၀၈။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ၍ လူတို့ထက်ကြီးတော်မူသော၊ လူတို့ထက် မြတ်တော်မူသော၊ ဆိတ်ငြိမ်ခြင်းကို အလိုရှိတော်မူသော၊ သစ္စာလေးပါးကို သိတော်မူသော အနောမဒဿီမြတ်စွာဘုရားသည် ဟိမဝန္တာတောသို့ ချဉ်းကပ်တော်မူပြီ။

၂၀၉။ ယောကျ်ားမြတ် ဖြစ်တော်မူသော၊ မဟာကရုဏာရှင်ဖြစ်တော်မူသော ဘုရားမြတ်သည် ဟိမဝန္တာတောသို့ သက်ဝင်လျက် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူ၏။

www.dhammaransi.com



၂၁၀။ တောက်ပသောငွေရွှေပန်းကဲ့သို့ရှင်း၊ အလျှံပြောင်ပြောင် တောက်သောမီးကဲ့သို့ရှင်း၊ စိတ်နှလုံးမွေ့လျော်ဘွယ် ရှိသော ကိုယ်တော်ရောင်နှင့်တကွဖြစ်သော ထိုအနောမဒဿီမြတ်စွာဘုရားကို ငါ ဖူးမြင်ရလေပြီ။

၂၁၁။ တောက်ပသောဆီးမီးကဲ့သို့ရှင်း၊ ကောင်းကင်၌ ပြက်သောလျှပ်စစ်ကဲ့သို့ရှင်း၊ ကောင်းစွာပွင့်သောအင်ကြင်းပင်မင်းကဲ့သို့ရှင်း၊ (အဘိညာဉ်ခြောက်ပါးဖြင့်) ပွင့်သော အနောမဒဿီမြတ်စွာဘုရားကို ဖူးမြင်ရလေပြီ။

၂၁၂။ ဆင်ပြောင်ကြီးကဲ့သို့ ကြီးသောလုံ့လရှိတော်မူသော ဤအနောမဒဿီမြတ်စွာဘုရားသည် ဆင်းရဲ၏အဆုံးကို ပြုတော်မူတတ်၏။ ဤဘုရားရှင် ဖူးမြင်ရခြင်းကို အကြောင်းပြု၍ (သတ္တဝါတို့သည်) ခပ်သိမ်းသော ဆင်းရဲမှ လွတ်ကြရကုန်၏။

၂၁၃။ ငါသည် ယခု စက္ခုငါးပါးနှင့်ပြည့်စုံသော ဘုရားကို ဖူးမြင်ရ၏။ နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရသောကြောင့် "ဘုရား ဟုတ်လေသလော၊ ဘုရား မဟုတ်လေသလော" ဟု လက္ခဏာကို စူးစမ်းဆင်ခြင်ပြီ။

၂၁၄။ အကာန့်တစ်ထောင်ရှိသော စက်လက္ခဏာတို့သည် မြတ်သောခြေတော်၌ ထင်ကုန်၏။ ထိုမြတ်စွာဘုရား၏ လက္ခဏာတို့ကို တွေ့မြင်ရ၍ မြတ်စွာဘုရား၌ (ဘုရား ဟုတ်၏ဟု) ဆုံးဖြတ်ခြင်းသို့ ရောက်ခဲ့ပြီ။

www.dhammaransi.com



၂၁၅။ ထိုအခါ ငါသည် တံမြက်စည်းကိုယူ၍ တံမြက်စည်း လှည်းပြီးနောက် ပန်းတို့ကို ကောင်းစွာ ဆောင်ယူခဲ့၍ ဘုရားမြတ်ကို ပူဇော်ပြီ။

၂၁၆။ ငါသည် သြဃလေးပါးကို ကူးမြောက်တော်မူပြီးသော၊ အာသဝေါကင်းတော်မူပြီးသော ထိုမြတ်စွာဘုရားကို ပူဇော်ပြီး၍ သစ်နက်ရေကို လက်ဝဲဘက် ပခုံးထက်၌ တင်လျက် မြတ်စွာဘုရားကို ဦးညွှတ်ရှိခိုးပြီ။

၂၁၇။ အကြင်ဉာဏ်ဖြင့် မြတ်စွာဘုရားသည် အာသဝေါ ကင်းလျက် နေတော်မူ၏။ ထိုဉာဏ်တော်ကို ငါပြော ကြားပေတော့အံ့။ ပြောဆိုသောငါ၏စကားကို နား ထောင်ကြကုန်လော့။

၂၁၈။ အလိုလိုပွင့်တော်မူသော၊ မနိုင်းယှဉ်နိုင်အောင် တိုးပွား ခြင်းရှိတော်မူသော အရှင်ဘုရား၊ အရှင်ဘုရားသည် ဤလူ့အပေါင်းကို ထုတ်ဆောင်ကယ်ဘင်တော်မူ၏။ အရှင်ဘုရားအား ဖူးမြင်ရခြင်းကို အကြောင်းပြု၍ ထိုသတ္တဝါတို့သည် ယုံမှားခြင်းတည်းဟူသောအယဉ်ကို လွန်မြောက်နိုင်ကြကုန်၏။

၂၁၉။ အရှင်ဘုရားသည် သတ္တဝါတို့၏ဆရာလည်း ဖြစ်တော် မူ၏။ မှန်ကင်းသဖွယ်လည်း ဖြစ်တော်မူ၏။ တံခွန် သဖွယ်လည်း ဖြစ်တော်မူ၏။ ယဇ်တိုင်သဖွယ်လည်း ဖြစ်တော်မူ၏။ အခြေနှစ်ချောင်းရှိသော သူတို့ထက် မြတ်တော်မူသော အရှင်ဘုရားသည် သတ္တဝါတို့၏

www.dhammaransi.com



လဲလျောင်းရာလည်း ဖြစ်တော်မူ၏။ တည်ရာလည်း ဖြစ်တော်မူ၏။ ကိုင်းကျွန်းသဖွယ်လည်း ဖြစ်တော်မူ၏။

၂၂၀။ သမုဒ္ဒရာရေကို ပြည်ထောင်းဖြင့်ခြင်တွယ်ခြင်းငှာတတ်ကောင်းရာသေး၏။ အရှင်ဘုရား၏သဗ္ဗညုတဉာဏ်တော်ကို နှိုင်းယှဉ်ခြင်းငှာ မတတ်ကောင်းသည်သာတည်း။

၂၂၁။ မြေကြီးကို ချိန်ခွင်၌ တည်ထား၍ ချိန်စက်ခြင်းငှာ တတ်ကောင်းရာသေး၏။ အရှင်ဘုရား၏သဗ္ဗညုတဉာဏ်တော်ကို ချိန်စက်ခြင်းငှာ မတတ်ကောင်းသည်သာတည်း။

၂၂၂။ ကောင်းကင်ကို ကြိုးဖြင့်သော်လည်းကောင်း၊ လက်သစ်တောင်တာဖြင့်သော်လည်းကောင်း၊ တိုင်းတာနှိုင်းယှဉ်ခြင်းငှာ တတ်ကောင်းရာသေး၏။ အရှင်ဘုရား၏သဗ္ဗညုတဉာဏ်တော်ကို တိုင်းတာ နှိုင်းယှဉ်ခြင်းငှာ မတတ်ကောင်းသည်သာတည်း။

၂၂၃။ မဟာသမုဒ္ဒရာရေအားလုံးကိုဎင်း၊ ပထဝီမြေပြင်တခုလုံးကိုဎင်း၊ ကောင်းကင်ပြင်တခုလုံးကိုဎင်း၊ ထိုအလုံးစုံတို့သည် ဘုရားဉာဏ်တော်ကို ထောက်ဆ၍ နှိုင်းယှဉ်စရာဥပမာအားဖြင့် မသင့်ကုန်။

၂၂၄။ နတ်နှင့်တကွသောလောကဝယ် အကြင်သတ္တဝါတို့အား စိတ်ဖြစ်နေ၏။ မျက်စိအမြင်ရှိတော်မူသော မြတ်စွာဘုရား၊ ထိုစိတ်ဖြစ်နေသူ သတ္တဝါအားလုံးတို့သည်

www.dhammaransi.com



အရှင်ဘုရား၏ ဉာဏ်တော်ကွန်ရက်အတွင်းသို့ ဝင်ကုန်၏။

၂၂၅။ ခပ်သိမ်းသောတရားကို သိတော်မူသော အရှင်ဘုရား၊ အကြင်ဉာဏ်တော်ဖြင့် အလုံးစုံသော မြတ်သောဗောဓိသို့ ရောက်တော်မူ၏၊ အရှင်ဘုရားသည် ထိုဉာဏ်တော်ဖြင့်ပင် တပါးသောတိတ္ထိတို့ကို နှိမ်နင်းတော်မူ၏။

၂၂၆။ ဤသို့အားဖြင့် ချီးမွမ်းပြီးနောက် သုရစိမည်သော ထိုရသေ့သည် မြေ၌ သစ်နက်ရေကို ဖြန့်ခင်း၍ ထိုင်နေ၏။

၂၂၇။ မြင်းမိုရ်တောင်မင်းကို(ယူဇနာ) ရှစ်သောင်းလေးထောင်တိုင်တိုင် သမုဒ္ဒရာ၌ သက်ဝင်၍ ထိုမျှလောက် ရေပေါ်၌ ပေါ်နေ၏-ဟု ဆိုအပ်၏။

၂၂၈-၂၂၉။ အမြင့်အားဖြင့်ရှင်း၊ အလျားအားဖြင့်ရှင်း၊ အနံအားဖြင့်ရှင်း၊ ထိုမျှလောက် ရှစ်သောင်းလေးထောင်နှင့်နှင့်ရှိသော၊ စကြဝဠာကုဋ္ဋေတသန်းရှိသော မြင်းမိုရ်တောင် အားလုံးကို သိမ်မွေ့သေးဖွဲ့ ထုခွဲသဖြင့် အမှုန့်ပြုလျက် (ဉာဏ်တော်တခု မှုံမှုန့်တခုဟူသော) အမှတ်၌ ထားရှိအပ်သော် မှု၏ကုန်ခြင်းသို့ ရောက်ရာ၏။ အရှင်ဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို နှိုင်းယှဉ်ခြင်းငှာ မတတ်ကောင်းသည်သာတည်း။

၂၃၀-၂၃၁။ အကြင်သူသည် ပိုက်ကွန်စိတ်ဖြင့် ရေကို ဖုံးအုပ်ရာ၏။ ရေ၌ဖြစ်သော အလုံးစုံသောသတ္တဝါတို့သည်

www.dhammaransi.com



ပိုက်ကွန်တွင်းသို့ ရောက်ကုန်သကဲ့သို့၊ ထို့အတူသာလျှင် ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော တောအုပ်သို့ သက်ဝင်ကုန်သော၊ များသောသုံးသပ်ခြင်းဖြင့် တွေဝေကုန်သော၊ ခပ်သိမ်းကုန်သော တိတ္ထိမြောက်မြားစွာတို့ ရှိကြကုန်၏။

၂၃၂။ မပိတ်မပင်မြင်ရသော အရှင်ဘုရား၏ စင်ကြယ်သော ဉာဏ်တော်ဖြင့် အဖုံးအအုပ် ခံရသော တိတ္ထိအားလုံးတို့သည် ဉာဏ်တော်တည်းဟူသော ပိုက်ကွန်၌ ထင်ကုန်၏။ ထိုတိတ္ထိတို့သည် ဉာဏ်တော် တည်းဟူသော ပိုက်ကွန်ကို မလွန်နိုင်ကုန်။

၂၃၃။ ထိုအခါ များသော အခြံအရံရှိသော၊ မာန်ငါးပါးကို အောင်တော်မူသော အနောမဒဿီမြတ်စွာဘုရားသည် သကာဇိမှ ထတော်မူ၍ အရပ်မျက်နှာကို ကြည့်ရှုတော်မူ၏။

၂၃၄-၂၃၅။ အနောမဒဿီမြတ်စွာဘုရား၏ "နိသဘ" မည်သော သာဝကသည် တည်ကြည်သောစိတ် ရှိကုန်သော၊ တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော၊ ကုန်ပြီးသောအာသဝေါ ရှိကုန်သော၊ စင်ကြယ်ကုန်သော အဘိညာဉ်ခြောက်ပါးရှိကုန်သော တသိန်းသော ရဟန်းအပေါင်းတို့ခြံရံလျက် လာစေလိုသော မြတ်စွာဘုရား၏ စိတ်တော်ကို သိ၍ အနောမဒဿီ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လေ၏။

www.dhammaransi.com



၂၃၆။ ကောင်းကင်၌တည်ကုန်သော ထိုတသိန်းသောရဟန်းတို့သည် ထိုအနောမဒဿီ မြတ်စွာဘုရားထံတော်၌ လက်ယာရစ် လှည့်လည်ကုန်၏။ ထိုရဟန်းတို့သည် လက်အုပ်ချီကာ ရှိခိုးကြကုန်လျက် မြတ်စွာဘုရားထံတော်သို့ သက်ဆင်းကြကုန်၏။

၂၃၇။ လူတို့ထက်ကြီးတော်မူသော၊ လူတို့ထက် မြတ်တော်မူသော၊ မာရ်ငါးပါးကို အောင်တော်မူသော အနောမဒဿီ မြတ်စွာဘုရားသည်၊ ရဟန်းသံဃာအလယ်၌ ထိုင်တော်မူလျက် ပြုံးတော်မူ၏။

၂၃၈။ အနောမဒဿီမြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော 'ဝရုဏ' မည်သောရဟန်းသည် သင်္ကန်းကိုပခုံးတဖက်၌ တင်၍ မြတ်စွာဘုရားအား မေးလျှောက်၏။

၂၃၉။ "ဘုန်းတန်ခိုးကြီးတော်မူသောမြတ်စွာဘုရား၊ ထိုမြတ်စွာဘုရားတို့သည် အကြောင်းမရှိပဲ ပြုံးတော်မူခြင်းကို မပြုကုန်။ မြတ်စွာဘုရား ပြုံးတော်မူခြင်း၏အကြောင်းကား အဘယ်ပါနည်း" ဟု လျှောက်၏။

၂၄၀။ လူတို့ထက်ကြီးတော်မူသော၊ လူတို့ထက် မြတ်တော်မူသော အနောမဒဿီမြတ်စွာဘုရားသည် ရဟန်းတို့၏ အလယ်၌ ထိုင်တော်မူ၍ ဂါထာကို မိန့်တော်မူ၏။

၂၄၁။ "အကြင်သူရှစ်ရသေ့သည် ငါဘုရားကို ပန်းဖြင့်ပူဇော်၏။ ငါဘုရား၏ဉာဏ်တော်ကိုလည်း လျှောက်ပတ်စွာ ချီးမွမ်း၏။ ထိုရသေ့ကို ငါသည် ဗျာဒိတ်စကားဟော

www.dhammaransi.com



ကြားပေအံ့။ ဟောတော်မူသောငါဘုရား(စကားကို) နာယူကြကုန်လော့။

၂၄၂။ မြတ်စွာဘုရား၏ စကားတော်ကို သိ၍ အလုံးစုံသော နတ်ဗြဟ္မာတို့သည် အညီအညွတ်လာကြကုန်၏။ ထို နတ်ဗြဟ္မာအပေါင်းတို့သည် သူတော်ကောင်းတရားကို နာလို၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၏။

၂၄၃။ ဆယ်ခုသောလောကဓာတ်တို့၌ တန်ခိုးကြီးကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် ရှိကုန်၏။ ထိုနတ်ဗြဟ္မာ အပေါင်းတို့သည် သူတော်ကောင်းတရားကို နာလို၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်၏။

၂၄၄။ အင်္ဂါလေးပါးရှိသော ဆင်၊ မြင်း၊ ရထား၊ ခြေသည် စစ်သည်တို့သည် ဤရသေ့ကို အမြဲခြံရံကုန်လတ္တံ့။ ဤအကျိုးသည် ငါဘုရားကို ပူဇော်ခြင်း၏ အကျိုး ပေတည်း။

၂၄၅။ တူရိယာ ခြောက်သောင်းတို့သည်၎င်း၊ ကောင်းစွာ တန်ဆာ ဆင်အပ်ကုန်သော စည်ကြီးတို့သည်၎င်း၊ ဤရသေ့ကို အခါခပ်သိမ်းတီးမှုတ် ဆည်းကပ်ကုန် လတ္တံ့။ ဤအကျိုးသည် ငါဘုရားကို ပူဇော်ခြင်း ၏အကျိုးပေတည်း။

၂၄၆-၂၄၇။ ကောင်းစွာတန်ဆာဆင်အပ်ကုန်သော၊ ဆန်း ကြယ်သော အဝတ်တန်ဆာရှိကုန်သော၊ ပုလဲနား တောင်းဝတ်ကုန်သော၊ ကော့ဖြူးသော မျက်တောင်

www.dhammaransi.com



ရှိကုန်သော၊ ပြုံးရယ်လျက်ဆိုတတ်ကုန်သော၊ ကောင်းသောအမှတ်ရှိကုန်သော၊ သေးသွယ်သောခါး ရှိကုန်သော တစ်သောင်းခြောက်ထောင်ကုန်သော မိန်းမတို့သည် ဤရသေ့ကို အမြဲခြံရံကုန်လတ္တံ့။ ဤအကျိုးသည် ငါဘုရားကို ပူဇော်ခြင်း၏အကျိုးပေတည်း။

၂၄၇။ ကမ္ဘာတသိန်းတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့။ အကြိမ်တစ်ထောင် တိုင်းနိုင်ငံ၌ စကြာမင်းဖြစ်လတ္တံ့။

၂၄၉။ အကြိမ်တစ်ထောင် သိကြားမင်းဖြစ်၍ နတ်မင်းစည်းစိမ်ကို ခံစားရလတ္တံ့။ အရေအတွက်အားဖြင့် မရေမတွက်နိုင်အောင် များစွာသော ပဒေသရာဇ်မင်းအဖြစ်ကို ပြုလတ္တံ့။

၂၅၀။ အဆုံးဘဝသို့ရောက်လတ်သော် လူအဖြစ်သို့ လာရလတ္တံ့။ သာရိမည်သော ပုဏ္ဏေးမသည် ဝမ်းဖြင့်ဆောင်လတ္တံ့။

၂၅၁။ အမိ၏အမည် အနွယ်အားဖြင့် ဤရသေ့သည် ထင်ရှားလတ္တံ့။ သာရိပုတ္တရာဟူသော အမည်ဖြင့် ထက်သောပညာရှိ ဖြစ်လတ္တံ့။

၂၅၂။ ကုဋေရှစ်ဆယ်သောဥစ္စာကို စွန့်၍ ကြောင့်ကြမဲ့ရဟန်းပြုလတ္တံ့။ ငြိမ်းအေးသောနိဗ္ဗာန်ကို ရှာမှီးလျက် ဤမြေပြင်ကို လှည့်လည်လတ္တံ့။

www.dhammaransi.com



၂၅၃။ ငါ့အနောမဒဿီဘုရားပွင့်ရာ ဤကမ္ဘာမှ မရေမတွက်နိုင်သော တသင်္ချေနှင့်ကမ္ဘာတသိန်းထက် ဆန္ဒကမ္ဘာ၌ (တတိယ)သြက္ကာကမင်းမျိုး၌ဖြစ်သော၊ အနွယ်အားဖြင့် ဂေါတမမည်သောမြတ်စွာဘုရားသည် လောက၌ ပွင့်လတ္တံ့။

၂၅၄။ ထိုဂေါတမမြတ်စွာဘုရား၏ တရားတော်တို့၌ အမွေခံသားဖြစ်၍ တရားသည် ဖန်ဆင်းအပ်သည် ဖြစ်ရကား ရှေ့ရင်တော်နှစ်သားတော်စစ်ဖြစ်သော အမည်အားဖြင့် "သာရိပုတ္တရာ" မည်သော အဂ္ဂသာဝကဖြစ်လတ္တံ့။

၂၅၅။ ဘာဂီရထိမည်သောဤမြစ်သည် ဟိမဝန္တာမှအမှန်ဖြစ်၏။ များစွာသောရေကို ပြည့်စေလျက် မဟာသမုဒ္ဒရာသို့ စီးဝင်၏။

၂၅၆။ ထို့အတူ ဤသာရိပုတ္တရာသည် မိမိအမျိုးဥစ္စာဖြစ်သောဗေဒင်သုံးပုံတို့၌ ရဲရင့်၍ ပညာ၏အဆုံးသို့ ရောက်ရှိလျက် သတ္တဝါတို့ကို နှစ်သိမ့်စေလတ္တံ့။

၂၅၇။ ဟိမဝန္တာတောင်ကို အစပြု၍ များသောရေရှိသော သမုဒ္ဒရာကိုလည်း (အပိုင်းအခြားပြု၍) ဤအတွင်း၌ အကြင်သဲကို ဂဏန်းသင်္ချာအားဖြင့် မရေမတွက်နိုင်။

၂၅၈။ ထိုသဲကိုသော်လည်း ဂဏန်းသင်္ချာအားဖြင့် အကြွင်းမဲ့ ရေတွက်ခြင်းငှာတတ်ကောင်းရာသေး၏၊သာရိပုတ္တရာ၏ ပညာအဆုံး အပိုင်းအခြားသည် (ရေတွက်၍) မဖြစ်ကောင်းသည်သာတည်း။

www.dhammaransi.com



၂၅၉။ ဉာဏ်ဖြင့် အမှတ်အသားထားအပ်သည်ရှိသော် ဂင်္ဂါမြစ်၌ သဲသည် ကုန်ရာ၏။ သာရိပုတ္တရာ၏ပညာအဆုံးအပိုင်းအခြားသည် ရေတွက်၍ မဖြစ်ကောင်းသည်သာတည်း။

၂၆၀။ မဟာသမုဒ္ဒရာ၌ လှိုင်းတံပိုးတို့သည် အရေအတွက်ဂဏန်းအားဖြင့် မရေမတွက်နိုင်သကဲ့သို့ ထို့အတူ သာရိပုတ္တရာ၏ပညာအဆုံး အပိုင်းအခြားသည် ရေတွက်၍မဖြစ်ကောင်းသည်သာတည်း။

၂၆၁။ သာကီဝင်မင်းတို့ထက် မြတ်တော်မူသော ဂေါတမမြတ်စွာဘုရားကို နှစ်သိမ့်စေ၍ ပညာ၏အဆုံးသို့ ရောက်၍ အဂ္ဂသာဝက ဖြစ်လတ္တံ့။

၂၆၂။ တရားတည်းဟူသောမိုးကို ရွာသွန်းစေနိုင်သော ထိုသာရိပုတ္တရာသည် တာဒိဂုဏ်နှင့် ပြည့်စုံသောသာကီဝင်မင်းသား ဂေါတမမြတ်စွာဘုရားသည် လည်စေအပ်သော၊ တရားတည်းဟူသောစက်ကို အတူလိုက်လည်စေလတ္တံ့။

၂၆၃။ သာကီဝင်မင်းတို့ထက်မြတ်သောဂေါတမမြတ်စွာဘုရားသည် ဤအလုံးစုံကို ထူးသောဉာဏ်ဖြင့်သိ၍ ရဟန်းသံဃာ(အလယ်၌)ထိုင်နေတော်မူလျက် အဂ္ဂသာဝကအရာ၌ ထားလတ္တံ့ဟု ဟောကြားတော်မူ၏။

၂၆၄။ အနောမဒဿီမြတ်စွာဘုရားအား ကောင်းစွာပြုအပ်သောငါ၏ကုသိုလ်ကံသည် အံ့ဘွယ်ရှိပေစွ။ ငါသည်အကြင်မြတ်စွာဘုရား၌ ကုသိုလ်ကံကို ပြုကျင့်သော

www.dhammaransi.com



ကြောင့် ခပ်သိမ်းသောသာဝကပါရမီတော်၏အဆုံးသို့ ရောက်၏။

၂၆၅။ မရေမတွက်နိုင်သောကပ်ကမ္ဘာ၌ ပြုခဲ့သောကောင်းမှုကံသည် ဤအဆုံးဘဝ၌ ငါ့အား အကျိုးကို ပြ၏။ လေးမှ ကောင်းစွာလွှတ်သောမြား၏အဟုန်ကဲ့သို့ ငါသည် ကိလေသာတို့ကို (မဂ်ဉာဏ်ဖြင့်)လောင်ကျွမ်းစေအပ်ပေပြီ။

၂၆၆။ အကြောင်းတရားလေးပါးတို့ မပြုပြင်အပ်သော၊ တုန်လှုပ်ခြင်းမရှိသော၊ချမ်းသာခြင်း၏အကြောင်းဖြစ်သော နိဗ္ဗာန်ကို ရှာမှီးသောထိုငါသည် ခပ်သိမ်းသော အယူဝါဒ တို့ထွင်သူတို့၏ အယူဝါဒအားလုံးတို့ကို စူးစမ်းရှာဖွေလျက် သံသရာ၌ ကျင်လည်ခဲ့ရ၏။

၂၆၇-၂၆၈။ အနာနှိပ်စက်သောယောကျ်ားသည် အနာမှလွတ်ခြင်းငှာ ဆေးကိုရှာမှီးသကဲ့သို့၎င်း၊ တောအားလုံးကို သက်ဝင်၍ ဆေးမြစ်ကို စူးစမ်းဆည်းပူးသကဲ့သို့၎င်း၊ အကြောင်းတရားလေးပါးတို့မပြုပြင်ရသော၊ သေခြင်းမရှိသော ချမ်းသာခြင်း၏အကြောင်းဖြစ်သော နိဗ္ဗာန်ကို ရှာမှီးသောငါသည် အဆက်မပြတ် ဘဝငါးရာပတ်လုံး ရဟန်းရသေ့အဖြစ်ကို ပြုကျင့်ခဲ့၏။

၂၆၉။ ရသေ့ပရိက္ခရာဖြင့် ပြည့်သောငါသည် မြတ်သောသစ်နက်ရေကို ဝတ်ရုံခဲ့ရာ၏။ ငါသည် (လောကီ) အဘိညာဉ်ငါးပါးအဆုံးသို့ ရောက်၍ ဗြဟ္မာပြည်သို့ရောက်ခဲ့ရ၏။

www.dhammaransi.com



၂၇၀။ မြတ်စွာဘုရားသာသနာတော် ထား၍ သာသနာမှအပ ဖြစ်သော ကိတ္တိသာသနာ၌(မဂ်ဉာဏ်ဖြင့်) စင်ကြယ်ခြင်းမရှိ၊ ပညာရှိသောခပ်သိမ်းသောသတ္တဝါတို့သည် မြတ်စွာဘုရားသာသနာတော်၌သာလျှင် (မဂ်ဉာဏ်ဖြင့်) စင်ကြယ်နိုင်ကုန်၏။

၂၇၁။ ဤသို့ မဂ်ဉာဏ်ဖြင့် စင်ကြယ်ခြင်းသည် မိမိကိုယ်တိုင် ပြုအပ်သောလုံ့လဖြင့် ပြီး၏။ ဤသို့စင်ကြယ်ခြင်းသည် "ဤသို့-ဤသို့-" ပြောဆိုကာမျှဖြင့် ပြီးသည်မဟုတ်။ အကြောင်းတရားလေးပါးတို့ မပြုပြင်အပ်သောနိဗ္ဗာန်ကို ရှာမှီးသော ငါသည် မှားသောမိစ္ဆာအယူဆိပ်ကမ်း၌ လှည့်လည်ခဲ့ရ၏။

၂၇၂-၂၇၃။ အနှစ်ကို အလိုရှိသောယောကျ်ားသည် ငှက်ပျောပင်ကို ဖြတ်၍ ခွဲရာ၏။ ထိုငှက်ပျောတုံးသည်အနှစ်မှကင်းဆိတ်သောကြောင့်၊ ထိုငှက်ပျောတုံး၌ အနှစ်မရသကဲ့သို့၊ ထို့အတူသာလျှင် လောက၌ အထူးထူးသောအယူရှိသော၊ များစွာသောတိတ္ထိတို့သည် ငှက်ပျောတုံးသည်အနှစ်မှကင်းသကဲ့သို့ နိဗ္ဗာန်မှ ကင်းဆိတ်ကုန်၏။

၂၇၄။ ငါသည် နောက်ဆုံးဖြစ်သောဘဝနောက်သောကာလ၌ ငါသည်ပုဏ္ဏားအမျိုး၌ ဖြစ်၏။ များစွာသောစည်းစိမ်ဥစ္စာကို ဖြတ်တောက်စွန့်လွှတ်၍ ရဟန်းဘောင်၌ ရဟန်းပြု၏။

[ပထမဘာဏဝါရ ပြီး၏။]

www.dhammaransi.com



၂၇၅။ ဗေဒင်ကိုသရဇ္ဈာယ်တတ်သော၊ ဗေဒင်ကိုဆောင်သော၊ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ရောက်သော သိဥ္စည်းမည်သောပရိဗိုဇ်သည် ရှိ၏။ အကျွန်ုပ်သည် ထိုပုဏ္ဏားပရိဗိုဇ်ခြေရင်း၌ နေ၏။

၂၇၆။ ကြီးသောလုံ့လရှိတော်မူသော အရှင်ဘုရား၊ ထိုအခါ အရှင်ဘုရား၏ တပည့်ဖြစ်သော (နှိပ်စက်ခြင်းငှာ)ချဉ်းကပ်နိုင်ခဲသော၊ ထက်သောတန်ခိုးရှိသော "အဿဇိ" မည်သောရဟန္တာသည် ဆွမ်းခံလှည့်လည်၏။

၂၇၇။ အကျွန်ုပ်သည် ပညာရှိသော၊ မဂ်ဉာဏ်ကြောင့် တည်ကြည်သော၊ ငြိမ်သက်သောစိတ် ရှိသော၊ ရဟန္တာဖြစ်သော၊ ကောင်းစွာပွင့်သောပဒုမ္မာကြာနှင့် တူသော ထိုအဿဇိမထေရ်ကို မြင်ရပြီ။

၂၇၈။ အလွန်ယဉ်ကျေး၍ စင်ကြယ်သောစိတ်ရှိသော၊ ဥသဘနှင့်တူသော၊ မြတ်သော၊ ရဲရင့်သောအဿဇိမထေရ်ကို တွေ့မြင်ရ၍ "ဤသူကား ရဟန္တာဖြစ်ပေလိမ့်မည်" ဟု အကျွန်ုပ်အား ကြည်ညိုသောစိတ် ဖြစ်ပေါ်လာ၏။

၂၇၉။ "ဤသူကား အလွန်သပ္ပာယ်သည်၊ ကောင်းစွာ ဣန္ဒြေကိုစောင့်ရှောက်သည်ဖြစ်၍ ကြည်ညိုဘွယ်ကို ဆောင်လျက် လှည့်လည်သွားလာနေ၏။ မြတ်သောအဆုံးအမကြောင့် ယဉ်ကျေး၏။ မသေရာတရားကို သိမြင်သူဖြစ်လတ္တံ့"

၂၈၀။ ကြည်လင်နှစ်သက်သောစိတ်ရှိသော ရဟန်းအား မြင့်မြတ်သောတရား၏အနက်သဘောကို ငါ မေးရမူကား

www.dhammaransi.com



ကောင်းလေစွ။ ငါ မေးခဲ့သော် ထိုရဟန်းသည် ဖြေဆို လတ္တံ့။ ထိုဖြေဆိုသောအခါ ငါသည် ပြန်လှန်မေး မြန်းအံ့။

၂၀၁။ အကျွန်ုပ်သည် မသေရာနိဗ္ဗာန်ကို မေးမြန်းရန် အခွင့်ကို ဆိုင်းငံ့လျက် ဆွမ်းခံသွားသောရဟန်း၏ နောက်မှ လိုက်၏။

၂၀၂။ ငါသည် ခရီးလမ်းအကြား တခုသောနေရာသို့ ရောက် သော် ရဟန်းကို ချဉ်းကပ်၍ "ကြီးသောလုံ့လရှိသော အရှင်ဘုရား၊ အရှင်ဘုရားသည် အဘယ်အနွယ်ဖြစ်ပါ သနည်း။ အရှင်ဘုရားသည် အဘယ်သူ၏တပည့် ဖြစ် ပါသနည်း" မေး၏။

၂၀၃။ အကျွန်ုပ်သည် မေးအပ်သည်ရှိသော် "ငါ့ရှင်ပရိဗိုဇ်၊ လောက၌ မြတ်စွာဘုရားသည် ကောင်းစွာဖြစ်တော်မူ ၏။ ငါသည် ထိုမြတ်စွာဘုရား၏တပည့် ဖြစ်၏" ဟု ထို အဿဇိမထေရ်က ခြင်္သေ့ကဲ့သို့ ရဲတင်းစွာဖြေ ကြား၏။

၂၀၄။ ကြီးသောလုံ့လရှိတော်မူသော၊ အဖသို့ အစဉ်လိုက် သောသား ဖြစ်သော၊ များသော အခြံအရံရှိသော အရှင်ဘုရား၊ အရှင့်ဆရာ မြတ်စွာဘုရား၏ အဆုံးအမ ဖြစ်သောတရားသည် အဘယ်သို့ သဘောရှိပါသနည်း။ အရှင်ရဟန်း၊ တောင်းပန်ပါ၏။ အကျွန်ုပ်အား "တရား တော်ကို ဟောတော်မူပါလော"

www.dhammaransi.com



၂၀၅။ အကျွန်ုပ် မေးလျှောက် အပ်သည် ရှိသော် ထိုအသျှင်မထေရ်သည် တဏှာတည်းဟူသောငြောင့်ကို ပယ်နုတ်တတ်သော၊ ခပ်သိမ်းသောဆင်းရဲကိုဖျောက်တတ်သော နက်နဲသိမ်မွေ့သော "ယေဓမ္မာ ဟေတုပ္ပဘဝါ" အစရှိသောဂါထာကို ဟောတော်မူ၏။

၂၀၆။ အကြင်(ဒုက္ခသစ္စာ)တရားတို့သည် အကြောင်းဖြစ်သော (သမုဒယသစ္စာ)သာလျှင် အမှန်အစရှိကုန်၏။ ထို(ဒုက္ခသစ္စာ)တရားတို့၏အကြောင်းဖြစ်သော(သမုဒယသစ္စာ)ကို ငါတို့ဆရာ မြတ်ဘုရားသည်ဟောတော်မူ၏။ သစ္စာတို့၏ အကြင်ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် ရှိ၏။ ထိုနိဗ္ဗာန်ကိုလည်း ဟောတော်မူ၏။ ရဟန်းဖြစ်သော မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူလေ့ရှိ၏။

၂၀၇။ ပြဿနာကို ဖြေဆိုအပ်သည်ရှိသော် အကျွန်ုပ်သည် သောတာပတ္တိဖိုလ်သို့ ရောက်၏။ အကျွန်ုပ်သည် မြတ်စွာဘုရား အဆုံးအမတော်ကို ကြားနာရသောကြောင့် ကိလေသာမြူကင်းသူ၊အညစ်အကြေးကင်းသူ ဖြစ်ခဲ့ပြီ။

၂၀၈။ အသျှင်မထေရ်၏ စကားကို နာရသောကြောင့် မြတ်သောနိဗ္ဗာန်တရားကို မြင်ရ၍ သူတော်ကောင်းတရားသို့ သက်ဝင်ပြီးဖြစ်သောအကျွန်ုပ်သည် ဤဂါထာကို ရွတ်ဆို၏။

၂၀၉။ ထိုသောတာပတ္တိဖိုလ်မျှလောက်ကိုပင် သိသေးစေကာမူ ဤတရားသည်ပင်လျှင် (ငါတို့ရှာအပ်သော) တရား

www.dhammaransi.com



တည်း။ အရှင်ဘုရားတို့သည် စိုးရိမ်ခြင်း ကင်းသော နိဗ္ဗာန်ကို သိမြင်တော်မူကြရလေပြီ။ အကျွန်ုပ်တို့ကား ထိုတရားကို မမြင်ရပဲ ကမ္ဘာပေါင်းများစွာကို ကျော်လွန်ခဲ့ရပြီ။

၂၉၀။ အကျွန်ုပ်သည် တရားကို ရှာမှီးလျက် မိစ္ဆာအယူတည်းဟူသောဆိပ်၌ ကူးမှားခဲ့ဘူး၏။ အကျွန်ုပ်သည် ထိုအလိုရှိအပ်သောအကျိုးသို့ အစဉ်ရောက်ပြီ။ အကျွန်ုပ်အား (ယခု)မမေ့မလျော့ရန် အခါတန်ပြီ။

၂၉၁။ အဿဇိမထေရ် နှစ်သိမ့်စေအပ်သောအကျွန်ုပ်သည် တန့်လှုပ်ခြင်းကင်းသောနိဗ္ဗာန်သို့ ရောက်၍ အဆွေခင်ပွန်းဖြစ်သော ကောလိတကို ရှာမှီးလျက် သခ်မ်းကျောင်းသို့ သွား၏။

၂၉၂။ ကောင်းစွာသင်အပ်ပြီးဖြစ်၍ ဣရိယာပုထ်နှင့် ပြည့်စုံသော၊ အကျွန်ုပ်၏ အဆွေခင်ပွန်းဖြစ်သော ကောလိတသည် အဝေးမှသာလျှင် အကျွန်ုပ်ကို မြင်၍ ဤစကားကို ပြောဆို၏။

၂၉၃။ (အဆွေ) သင်သည် ကြှင်လင်သောမျက်နှာ၊ ကြည်လင်သော မျက်လုံး ရှိ၏။ ရဟန်းဟု သိမှတ်ကြောင်း တရားထူးရသော သူကဲ့သို့ ထင်ရ၏။ အသို့နည်း။ မသေရာအမြိုက်နိဗ္ဗာန်တရားကို ရခဲ့လေသလော။

၂၉၄။ အဆွေပုဏ္ဏား၊ သင်သည် ချွန်းတောင်းစသည်ကိုဖြင့် ဆုံးမအပ်ပြီးသည်ဖြစ်၍ ငြိမ်သက်သောဆင်ကဲ့သို့ တင့်

www.dhammaransi.com



တယ်သောသဘော ရှိသည်ဖြစ်လျက် လာဘိ၏။ ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမပြီးဖြစ်၍ ယဉ်ကျေးသိမ်မွေ့ပြီးသောဆင်ကဲ့သို့ ယဉ်ကျေးသိမ်မွေ့ဘိ၏။

၂၉၅။ အဆွေ၊ ငါသည် သောကတည်းဟူသောငြောင့်ကို နုတ်တတ်သောအမြိုက်နိဗ္ဗာန်ကို ရအပ်ပြီ။ သင်သည်လည်း ထိုနိဗ္ဗာန်ကို ရလေပြီ။ ငါတို့သည် မြတ်စွာဘုရားထံသို့ သွားကြကုန်စို့။

၂၉၆။ ကောင်းစွာသင်အပ်ပြီးသော၊ ငါ၏ အဆွေခင်ပွန်းဖြစ်သော ထိုကောလိတသည် ကောင်းပြီဟု ဝန်ခံပြီးလျှင် လက်ချင်းချင်းဆွဲကိုင်၍ အရှင်ဘုရားထံသို့ ချဉ်းကပ်လျက်-

၂၉၇။ သာကီဝင်မင်းသားဖြစ်တော်မူသောအရှင်ဘုရား၊ အရှင်ဘုရားထံတော်၌ အကျွန်ုပ်တို့ နှစ်ယောက်တို့သည်လည်း ရဟန်းပြုကြပါကုန်အံ့။ အရှင်ဘုရား၏ အဆုံးအမကို အကြောင်းပြု၍ အာသဝကင်းလျက် နေကြပါကုန်အံ့။

၂၉၈။ ကောလိတသည် တန်ခိုးအရာ၌ အမြတ်ဆုံး ဖြစ်၏။ အကျွန်ုပ်သည် ပညာဖြင့် တဖက်ကမ်းသို့ ရောက်၏။ အကျွန်ုပ်တို့နှစ်ဦးသည် တပေါင်းစည်း ဖြစ်၍သာလျှင် သာသနာတော်ကို တင့်တယ်စေပါကုန်အံ့။

၂၉၉။ တပည့်တော်သည် အပြီးသို့ မရောက်သေးသော အလိုရှိသည်ဖြစ်၍ မှားသောအယူ (မိစ္ဆာအယူတည်းဟူ

www.dhammaransi.com



သော)ဆိပ်ကမ်း၌လှည့်လည်ခဲ့ရပါပြီ။အရှင်ဘုရားအား ဖူးမြင်ရခြင်းကိုအကြောင်းပြု၍ တပည့်တော်၏ အလို အကြံအစည်သည် ပြည့်စုံပါပြီ။

၃၀၀။ သစ်ပင်တို့သည် မြေ၌တည်၍ ပွင့်ချိန်သောအခါ၌ ပွင့်ကုန်၏။ နတ်၌ဖြစ်သော ရနံ့တို့သည် ကြိုင်လှိုင်ကုန်၏။ ခပ်သိမ်းသောသတ္တဝါတို့အား နှစ်သက်စေကုန်၏။

၃၀၁။ ကြီးသော လုံ့လရှိတော်မူသော၊သာကီဝင်မင်းသား ဖြစ်တော်မူသော၊ များစွာသော အခြံအရံ ရှိတော်မူသော အရှင်ဘုရားတို့အဟူသာလျှင် တပည့်တော်သည် အရှင်ဘုရား၏သာသနာတော်၌ တည်၍(အရဟတ္တဖိုလ်တည်းဟူသောပန်း)ပွင့်လန်းခြင်းငှာ အခါကို ရှာမှီးပါအံ့။

၃၀၂။ ဘဝတို့၌ ကျင်လည်ရခြင်းမှလွတ်မြောက်စေတတ်သော၊ အရဟတ္တဖိုလ် တည်းဟူသောပန်းကို ရှာသော တပည့်တော်သည် အရဟတ္တဖိုလ် (တည်းဟူသော) ပန်းကို ရသဖြင့် ခပ်သိမ်းသော သတ္တဝါတို့အား နှစ်သက်စေပါအံ့။

၃၀၃။ ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရား၊ (စကြဝဠာကုဋေတသိန်းဟူသော) ဗုဒ္ဓခေတ်၌ ရှိသမျှသော သတ္တဝါတို့တွင် မြတ်စွာဘုရားကိုထား၍ အရှင်ဘုရား၏သားတော်ဖြစ်သော အကျွန်ုပ်နှင့် ပညာအားဖြင့် တူသောသူသည် မရှိပါ။

၃၀၄။ အရှင်ဘုရား၏ တပည့်သာဝကတို့သည် ကောင်းစွာ ဆုံးမအပ်ပြီးသူတို့ ဖြစ်ကုန်၏။ ပရိသတ်တို့သည်လည်း

www.dhammaransi.com



ကောင်းစွာ သင်ကြားအပ်ပြီးသူတို့ ဖြစ်ကုန်၏။ မြတ်သောအဆုံးအမ၌ ယဉ်ကျေးတော်မူကုန်သည် ဖြစ်၍ အရှင်ဘုရားကို အခါခပ်သိမ်း ခြံရံပါကုန်၏။

၃၀၅။ ဈာန်ဝင်စားလေ့ရှိကုန်သော၊ ဈာန်၌ မွေ့လျော်ကုန်သော၊ မြဲမြံခိုင်ခံ့သောပညာ ရှိကုန်သော၊ ငြိမ်သက်သောစိတ်၊ တည်ကြည်သောသမာဓိ ရှိကုန်သော၊ မဂ်ဉာဏ်နှင့်ပြည့်စုံသော တပည့်သား ရဟန်းတို့သည် အရှင်ဘုရားကို အခါခပ်သိမ်း ခြံရံပါကုန်၏။

၃၀၆။ အလိုနည်းကုန်သော၊ ရင့်ကျက်သောပညာရှိကုန်သော၊ မြဲမြံခိုင်ခံ့သောပညာ ရှိကုန်သော၊ နည်းသော အစာအာဟာရရှိကုန်သော၊ လျှပ်ပေါ်လော်လည်ခြင်း ကင်းကုန်သော၊ လာဘ်ရမှု လာဘ်မရမှုဖြင့် ရောင့်ရဲကုန်သော တပည့်သားဝကတို့သည် အရှင်ဘုရားကို အခါခပ်သိမ်း ခြံရံပါကုန်၏။

၃၀၇။ အရညကင်ခုတင်ဆောက်တည်ကုန်သော၊ ဓုတင်၌မွေ့လျော်ကုန်သော၊ ဈာန်ဝင်စားလေ့ရှိသော၊ ခေါင်းပါးသောသက်န်း ရှိကုန်သော၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ကုန်သော၊ မြဲမြံခိုင်ခံ့သောပညာရှိကုန်သော တပည့်သာဝကတို့သည် အရှင်ဘုရားကို အခါခပ်သိမ်း ခြံရံပါကုန်၏။

၃၀၈။ ကျင့်ဆဲ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့သည်၎င်း၊ အရဟတ္တဖိုလ်၌ တည်သော ရဟန္တာပုဂ္ဂိုလ်တို့သည်၎င်း၊ အောက်ဖိုလ်

www.dhammaransi.com



နှင့်ပြည့်စုံသော သေက္ခပုဂ္ဂိုလ်တို့သည်၎င်း၊ မြတ်သော နိဗ္ဗာန်အကျိုးကို တောင့်တကုန်လျက် အရှင်ဘုရားကို အခါခပ်သိမ်းခြံရံပါကုန်၏။

၁၀၉။ အညစ်အကြေးကင်းကုန်သော သောတာပန်ပုဂ္ဂိုလ်တို့ သည်၎င်း၊ သကဒါဂါမိတို့သည်၎င်း၊ အနာဂါမိတို့ သည်၎င်း၊ ရဟန္တာတို့သည်၎င်း၊ အရှင်ဘုရားကို အခါ ခပ်သိမ်းခြံရံပါကုန်၏။

၁၁၀။ သတိပဋ္ဌာန်၌ လိမ္မာကုန်သော၊ ဗောဇ္ဈင်ကိုပွားများ ခြင်း၌ မွေ့လျော်ကုန်သော အလုံးစုံများစွာသော တပည့်သာဝကတို့သည် အရှင်ဘုရားကို အခါခပ်သိမ်း ခြံရံပါကုန်၏။

၁၁၁။ ဣဒ္ဓိပါဒ်၌ လိမ္မာကုန်သော၊ သမာဓိဈာန်ကို ပွားများ ခြင်း၌ မွေ့လျော်ကုန်သော သမ္မပ္ပဓာန်နှင့်ယှဉ်ကုန်သော တပည့်သာဝကတို့သည် အရှင်ဘုရားကို အခါခပ်သိမ်း ခြံရံပါကုန်၏။

၁၁၂။ ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသော တပည့်သာဝကတို့သည် ၎င်း၊ အဘိညာဉ်ခြောက်ပါးနှင့်ပြည့်စုံသော တပည့် သာဝကတို့သည်၎င်း၊ တန်ခိုးအထွတ်အထိပ်သို့ ရောက် ကုန်သော တပည့်သာဝကတို့သည်၎င်း၊ ပညာ၏ အထွတ်အထိပ်သို့ ရောက်ကုန်သော တပည့်သာဝကတို့ သည်၎င်း၊ အရှင်ဘုရားကို အခါခပ်သိမ်းခြံရံပါကုန်၏။

၁၁၃။ ကြီးသောလုံ့လရှိတော်မူသောမြတ်စွာဘုရား၊ ကောင်း စွာသင်အပ်ပြီးဖြစ်ကုန်သော (နှိပ်စက်ခြင်းငှာ) ချဉ်း

www.dhammaransi.com



ကပ်နိုင်ခဲကုန်သော၊ ထွက်သောဘန်ခိုး ရှိကုန်သော၊ ဤသို့သဘောရှိကုန်သော အရှင်ဘုရား၏ ထိုတပည့်သာဝကတို့သည် အရှင်ဘုရားကို အခါခပ်သိမ်းခြံရံပါကုန်၏။

၃၁၄။ ကိုယ်နှုတ်နှလုံး စောင့်သုံးကုန်သော၊ ခြိုးခြံသောအကျင့်ရှိကုန်သော တပည့်အပေါင်းတို့ဖြင့် ခြံရံအပ်သောအရှင်ဘုရားသည် ကြောက်ရွံ့ခြင်း ကင်းသောခြင်္သေ့မင်းကဲ့သို့၎င်း၊ ကြယ်များသနင်း လမင်းကဲ့သို့၎င်း၊ တင့်တယ်တော်မူပါပေ၏။

၃၁၅။ ဥပမာအားဖြင့် သစ်ပင်တို့သည် မြေ၌ တည်၍ပေါက်ရောက်ကုန်၏။ ပြန့်ပြောသည့် အဖြစ်သို့လည်း ရောက်ကုန်၏။ အသီးအပွင့်ကို သီးပွင့်ကုန်၏။

၃၁၆။ သာကီဝင်မင်းသားဖြစ်သော၊ များသောအခြံအရံရှိသောမြတ်စွာဘုရား၊ အရှင်ဘုရားသည် မြေကြီးနှင့်တူတော်မူပါပေ၏။ သတ္တဝါတို့သည် အရှင်ဘုရား၏ဒေသနာတော်၌ တည်၍ အမြိုက်နိဗ္ဗာန်တည်းဟူသောအသီးကို ရကြပါကုန်၏။

၃၁၇။ သိန္ဓုမြစ်၊ သရဿတီမြစ်တို့သည်၎င်း၊ စန္ဒဘာဂါမြစ်၊ ဂင်္ဂါမြစ်၊ ယမုနာမြစ်တို့သည်၎င်း၊ သရဘူမြစ်တို့သည်၎င်း၊ မဟီမြစ်သည်၎င်း၊

၃၁၈။ စီးဆင်းလာကုန်သောထိုမြစ်တို့ကို သမုဒ္ဒရာသည်ခံယူ၏။ (သိန္ဓုစသော) ရှေးအမည်ဟောင်းကို စွန့်၍ သမုဒ္ဒရာဟူသောအမည်သာလျှင် ထင်ရှား၏။

www.dhammaransi.com



၃၁၉။ ထို့အတူပင် ဤအမျိုးလေးပါးတို့သည် အရှင်ဘုရား ထံပါး၌ ရဟန်းပြုကုန်သော် ရှေးအမည်ကို စွန့်လျက် "ဘုရားသားတော်" ဟူ၍ ထင်ရှားကုန်၏။

၃၂၀-၃၂၁။ ကောင်းကင်၌လှည့်လည်သွားလာသော၊ အညစ် အကြေးကင်းသော လမင်းသည် လောက၌ အလုံးစုံ သော ကြယ်အပေါင်းတို့ကို အရောင်ဖြင့်လွှမ်းမိုးလျက် တင့်တယ်ဘိသကဲ့သို့၊ ထို့အတူ ကြီးသော လုံ့လရှိ တော်မူသော မြတ်စွာဘုရား၊ နတ်လူတို့ဖြင့် ခြံရံအပ် သောအရှင်ဘုရားသည် နတ်လူအားလုံးတို့ကို လွှမ်းမိုး ၍ အခါခပ်သိမ်း တောက်ပတော်မူပါပေ၏။

၃၂၂။ နက်စွာသောသမုဒ္ဒရာ၌ ထကြွသော လှိုင်းတံပိုးတို့သည် ကမ်းကို မလွန်နိုင်ကြကုန်။ အလုံးစုံသောလှိုင်းတံပိုးတို့ သည် ကမ်းကိုသာထိခိုက်ကုန်လျက် ကြေမွပျက်ကွဲကုန် လျက် ဖရိုဖရဲပြန့်ကြဲရကုန်၏။

၃၂၃။ ထို့အတူသာလျှင် လောက၌ အထူးထူးသော အယူရှိ ကုန်သောများစွာသောတိတ္ထိတို့သည်ရှိကုန်၏။ ထိုတိတ္ထိ တို့သည် ဝါဒတရားကို ပြိုင်ဆိုင်ပြောဆို လိုကုန်သော် လည်း ထိုအရှင်ဘုရားကို မလွန်ဆန်နိုင်။

၃၂၄။ ပညာမျက်စိရှိတော်မူသော အရှင်ဘုရား၊ ထိုတိတ္ထိတို့ သည် ဆန့်ကျင်ဘက်အယူ(ဝါဒ)တို့ဖြင့် အရှင်ဘုရား ထံသို့ အကယ်၍ ရောက်လာစေကုန်မူ အရှင်ဘုရားသို့ ချဉ်းကပ်မိကုန်သော်လည်း မှုန့်မှုန့်ညက်ညက် ကြေပျက် ကုန်သည်သာဖြစ်ကုန်၏။

www.dhammaransi.com



၃၂၅။ ရေ၌ပေါက်သော များစွာသော ကုမုဒြာကြာမှောက် လှေကူးတို့သည် ရေဖြင့်ရင်း၊ ညွန်စေးကြဲဖြင့်ရင်း၊ လိမ်းကျံကုန်သကဲ့သို့-

၃၂၆။ ထို့အတူ များစွာသော သတ္တဝါတို့သည် ရာဂ၊ ဒေါသဖြင့်နှိပ်စက်အပ်ကုန်လျက် ညွန်၌ ကုမုဒြာကြာကဲ့သို့ လောက၌ ပေါက်ရောက်ဖြစ်ပွားကြရကုန်၏။

၃၂၇-၃၂၈။ ရေ၌ဖြစ်သော ပဒုမ္မာကြာသည် ရေ၏အလယ်၌ ပေါက်ရောက်၏။ ဝတ်ဆံရှိသော ထိုပဒုမ္မာကြာသည် ရေဖြင့် မလိမ်းကျံ၊ စင်ကြယ်သကဲ့သို့၊ ထို့အတူ ကြီးသောလုံ့လရှိတော်မူသော၊ မြတ်သောမုနိဖြစ်တော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် လောက၌ ဖြစ်တော်မူလျက်ပင် ပဒုမ္မာကြာသည် ရေဖြင့်မလိမ်းကျံသကဲ့သို့ လောကဖြင့် လိမ်းကျံတော်မမူ။

၃၂၉-၃၃၀။ မွှေ့လျော်ဘွယ်ရှိသော တန်ဆောင်မုန်းလ၌ များစွာကုန်သော၊ ရေ၌ဖြစ်ကုန်သောကြာတို့သည် ပွင့်ကုန်၏။ ထိုတန်ဆောင်မုန်းလကို လွန်၍မဖြစ်ကုန်။ ထိုအခါကာလသည် ကြာပွင့်ရာကာလ ဖြစ်သကဲ့သို့၊ ထို့အတူသာလျှင် ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် (သစ္စာလေးပါးဖြင့်) ပွင့်တော်မူ၏။ အရှင်ဘုရား၏ အရဟတ္တဖိုလ်ဖြင့် ပွင့်တော်မူကြပါကုန်ပြီ။ ဥပမာသော်ကား ရေ၌ဖြစ်သော ပဒုမ္မာကြာသည် ပွင့်ရာအချိန်အခါကို လွန်၍ မပွင့်

www.dhammaransi.com



သကဲ့သို့ ထို့အတူ တပည့်သာဝကတို့သည် အရှင်ဘုရား၏အဆုံးအမသာသနာကို မလွန်ကြပါကုန်။

၃၃၁-၃၃၂။ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းသည် နတ်၌ဖြစ်သောပန်းရနံ့ကို လှိုင်စေ၏။ ထိုအင်ကြင်းပင်မင်းသို့ အခြားသောအင်ကြင်းပင်တို့ဖြင့် ခြံရံသော အင်ကြင်းပင်တို့ဖြင့် ခြံရံလျက် တင့်တယ်သကဲ့သို့၊ ထို့အတူ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် သဗ္ဗညုတဉာဏ်ဖြင့် ပွင့်ခြင်းသို့ ရောက်တော်မူ၏။ ရဟန်းအပေါင်းတို့ ခြံရံလျက် အင်ကြင်းပင်မင်းကဲ့သို့သည်း တင့်တယ်တော်မူပါပေသည်။

၃၃၃-၃၃၄။ ဟိမဝန္တာ တောင်မင်းသည် ခပ်သိမ်းသော သတ္တဝါတို့၏ ဆေးဖြစ်ထွန်းရာ နဂါးအသုရာနှင့် နတ်တို့၏နေရာဖြစ်သကဲ့သို့ ထို့အတူ ကြီးမြတ်သော လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် သတ္တဝါတို့၏ ဆေးဖြစ်ထွန်းရာ၊ နတ်တို့၏တည်ရာ ဟိမဝန္တာတောင်မင်းနှင့် တူတော်မူပါပေ၏။ ဝိဇ္ဇာသုံးပါးရှိကုန်သော တပည့်သား၊ အဘိညာဉ်ခြောက်ပါးရှိသော တပည့်သားတို့သည် တန်ခိုး၏ အထွတ်အထိပ်သို့ ရောက်ကြပါကုန်၏။

၃၃၅။ ကြီးသော လုံ့ရှိတော်မူသော မြတ်စွာဘုရား၊ သနားခြင်းကရုဏာရှိသော အရှင်ဘုရားသည် ဆုံးမအပ်ပြီးဖြစ်ကုန်သော ထိုတပည့်သားတော်တို့သည် တရား

www.dhammaransi.com



ထည်းဟူသော မွှေ့လျော်ခြင်းဖြင့် မွှေ့လျော်ကုန်သည်ဖြစ်၍ အရှင်ဘုရား၏သာသနာ၌ နေကြပါကုန်၏။

၃၃၆။ ဥပမာသော်ကား သားတို့သနင်းခြင်္သေ့မင်းသည် နေရာမှထွက်၍ အရပ်လေးမျက်နှာတို့ကို စောင်းငဲ့လှည့်လည်၍ ရှေ့နောက်ကြည့်ရှုပြီးလျှင် သုံးကြိမ်မြည်ဟောက်၏။

၃၃၇။ ခြင်္သေ့မင်း၏ မြည်ဟောက်သောအသံကြောင့် ခပ်သိမ်းသောသားကောင်တို့သည် ထိတ်လန့်ကုန်၏။ မြတ်သောဇာတ်ရှိသော ဤခြင်္သေ့မင်းသည် အခါခပ်သိမ်း သားကောင်တို့ကို ထိတ်လန့်စေ၏။

၃၃၈။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရား၏ ကြုံးဝါးတော်မူသော အသံတော်ကြောင့် ဤမြေကြီးသည် ပြင်းထန်စွာ တုန်လှုပ်၏။ ကျွတ်ထိုက်သောသတ္တဝါတို့သည်သာလျှင် ထိုးထွင်း သိကုန်၏။ မာရ်မင်း၏ အသင်းအပင်းဖြစ်ကုန်သော သတ္တဝါတို့သည် လန့်ကုန်၏။

၃၃၉။ မုနိတကာတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရား၏ ကြုံးဝါးတော်မူသော အသံတော်ကြောင့် ခပ်သိမ်းကုန်သော တိတ္ထိတို့သည် ထိတ်လန့်ကုန်၏။ ကျီးတို့သည် သိန်းငှက်တို့ကြောင့် လှည့်လည်လျက် ပြေးကုန်သကဲ့သို့ရင်း၊ သားကောင်တို့သည်

www.dhammaransi.com



သားတို့သနင်းခြသေ့ မင်းကြောင့် တိမ်းရှောင်ထွက်ပြေးကြကုန်သကဲ့သို့ရှင်း၊ ထိတ်လန့်ကုန်၏။

၃၄၀။ လောက၌ ဂိုဏ်းရှိသော အလုံးစုံသောသူတို့ကို "ဆရာတို့" ဟူ၍ ဆိုအပ်ကုန်၏။ ထိုဂိုဏ်းဆရာတို့သည် ဆရာအဆက်ဆက် ဆောင်ယူခဲ့သော တရားကို ပရိသတ်၌ ဟောကြကုန်၏။

၃၄၁။ ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် သတ္တဝါတို့အား (ထိုဂိုဏ်းဆရာတို့ကဲ့သို့) တရားကို ဟောတော်မူသည် မဟုတ်ပါ။ (အဘယ်သို့ ဟောတော်မူသနည်း ဟူမူ) ကိုယ်တိုင် သစ္စာလေးပါးတရားတို့ကို သိတော်မူ၍သာလျှင် (ဗောဓိပက္ခိယ) တရားအားလုံးကို သိ၍ ဟောတော်မူ၏။

၃၄၂။ သတ္တဝါတို့၏ အလိုစရိုက် (အာသယ)ကိန်းအောင်းနေသောကိလေသာ (အနုသယ)ကိုသိ၍ရှင်း၊ ဣန္ဒြေတို့၏ အားရှိမရှိကိုသိ၍ရှင်း၊ ကျွတ်ထိုက် မကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့ကို သိတော်မူ၍ရှင်း၊ "ကြီးစွာသောမိုးသည် ထစ်ကြိုးဘိသကဲ့သို့" အရှင်ဘုရားသည် (ဓမ္မဒေသနာဟူသော ကြုံးဝါးခြင်းဖြင့်) ကြုံးဝါးတော်မူ၏။

၃၄၃။ ပရိသတ်တို့သည် အထူးထူးသောအယူ (ဝါဒ) တို့ကို စူးစမ်းဆင်ခြင်ကြကုန်လျက် "ယုံမှားမှုဖြတ်တောက်ရန်အလို့ငှာ" အရှင်ဘုရားကို ခြံရံ၍ စကြဝဠာဆုံးသည့်တိုင်အောင် ထိုင်နေကြကုန်၏။

www.dhammaransi.com



၃၄၄။ ဥပမာ၌ လိမ္မာတော်မူသောအရှင်ဘုရားသည် ခပ်သိမ်းသောပရိသတ်၏စိတ်ကိုသိတော်မူ၍ တခုသောပြဿနာကို ဖြေတော်မူသည် ဖြစ်၍သာလျှင် သတ္တဝါတို့၏အထူးထူးသောယုံမှားမှုကို ဖြတ်တော်မူ၏။

၃၄၅။ မြေအပြင်သည် ဥပတိဿနှင့်တူသော ပညာရှိတို့ဖြင့်ပြည့်ရာ၏။ အလုံးစုံသော ထိုပညာရှိတို့ပင်လျှင် လက်အုပ်ချီကုန်လျက် ရှင်တော်မြတ်ဘုရားကို ချီးမွမ်းကုန်ရာ၏။

၃၄၆။ ဥပတိဿနှင့်တူမျှသော ထိုပညာရှိတို့သည် အထူးထူးသောဂုဏ်တော်တို့ဖြင့် တကမ္ဘာပတ်လုံး ချီးမွမ်းအပ်ကုန်သော်လည်း ဂုဏ်ပမာဏကို ရေတွက်ပြောဆိုခြင်းငှာ မစွမ်းနိုင်ကုန်ရာ။ (အဘယ့်ကြောင့်ဆိုသော်) ဘုရားရှင်တို့သည် မနိုင်းယှဉ်အပ်သော ဂုဏ်တော်နှင့်ပြည့်စုံတော်မူသောကြောင့်တည်း။

၃၄၇။ အကျွန်ုပ်သည် အစွမ်းရှိသလောက် မြတ်စွာဘုရားကိုချီးမွမ်းပါ၏။ ပညာရှိတို့သည် ကမ္ဘာကုဋေတို့ကာလပတ်လုံး ချီးမွမ်းကြကုန်သော်လည်း ဤမျှလောက်သာလျှင် ချီးမွမ်းနိုင်ကုန်ရာ၏။ (ဤထက်လွန်၍ မချီးမွမ်းနိုင်ကုန်ရာ။)

၃၄၈။ ကောင်းစွာသင်ကြားအပ်ပြီးသော တစုံတယောက်သောနတ်သည်ဎင်း၊ လူသည်ဎင်း၊ ဂုဏ်ပမာဏကိုရေတွက်ခြင်းငှာ အကယ်၍ ကြံစည်ငြားအံ့။ ထိုသူသည် ပင်ပန်းခြင်းကိုသာလျှင် ရရာ၏။

www.dhammaransi.com



၃၄၉။ သာကီဝင်မင်းသားဖြစ်တော်မူသော၊ များသောအခြံအရံရှိတော်မူသော မြတ်စွာဘုရား ဘပည့်တော်သည် ရှင်တော်ဘုရား၏ သာသနာတော်၌ ပညာအထွတ်အထိပ်သို့ရောက်လျက် အာသဝမရှိပဲ နေရပါ၏။

၃၅၀။ ယခုအခါ မြတ်စွာဘုရားသာသနာတော်၌ တိတ္ထိတို့ကို ကောင်းစွာနိုင်နင်းနိုင်၏။ မြတ်စွာဘုရား အဆုံးအမတော်ကို လိုက်နာစောင့်ရှောက်နိုင်၏။ ယခုအခါ သာကီဝင်မင်းသား မြတ်စွာဘုရား၏သာသနာတော်၌ တရားစစ်သူကြီး ဖြစ်ရပါ၏။

၃၅၁။ မရေမတွက်နိုင်သော တသင်္ချေနှင့်ကမ္ဘာတသိန်းထက်က ပြုခဲ့သောကောင်းမှုကံသည် ယခု ဤဘဝ၌ အကျွန်ုပ်အား အကျိုးကို ညွှန်ပြ၏။ "ကောင်းစွာပစ်အပ်သော မြားအဟုန်ကဲ့သို့" အကျွန်ုပ်သည် ကိလေသာတို့ကို လောင်ကျွမ်းစေပါ၏။

၃၅၂-၃၅၃။ တစုံတယောက်သောသူသည် ဦးခေါင်းထက်၌ ဝန်ကို ရွက်ထားရာ၏။ ဝန်အားဖြင့် ဆင်းရဲခြင်းသို့ ရောက်ရာ၏။ ထိုပုဂ္ဂိုလ်အား ဝန်ထုပ်ဝန်ပိုးတို့ဖြင့် အလွန်ဝန်လေးသကဲ့သို့ ထို့အတူ သုံးပါးသောမီးတို့ဖြင့်လောင်ကျွမ်းလျက် "မြင်းမိုရ်တောင်ကို ထိပ်ထက်ရွက်ဆောင်ထားရသကဲ့သို့" ဘဝတည်းဟူသောဝန်ထုပ်ဖြင့်ပြည့်လျက် ဘဝများစွာတို့၌ ကျွန်ုပ် ကျင်လည်ခဲ့ရ၏။

www.dhammaransi.com



၃၅၄။ အကျွန်ုပ်သည် ခန္ဓာဝန်ကို ချအပ်ပြီးပြီ။ အကျွန်ုပ်သည် ဘဝတို့ကိုဖျက်ဆီးအပ်ပါပြီ။ မြတ်စွာဘုရား၏ သာသနာတော်၌ အလုံးစုံသော ပြုဘွယ်ဟူသမျှကို ပြုပြီးပါပြီ။

၃၅၅။ စကြဝဠာကုဋေတသိန်းဟူသော ဗုဒ္ဓခေတ်၌ ရှိသမျှ သောသတ္တဝါအပေါင်းတို့တွင် မြတ်စွာဘုရားကိုထား၍ အကျွန်ုပ်သည် ပညာအားဖြင့် အမြတ်ဆုံးဖြစ်၏။ အကျွန်ုပ်နှင့်တူသောသူသည် မရှိ။

၃၅၆။ တည်ကြည်မှုသမာဓိ၌ အလွန်လိမ္မာ၏။ တန်ခိုးအရာ၌ အထွတ်အထိပ်သို့ ရောက်၏။ ယခု အကျွန်ုပ်အလိုရှိခဲ့ပါမူ အထောင်မျှလောက် ဖန်ဆင်းနိုင်ပါ၏။

၃၅၇။ အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ်ကိုးပါး၌ လေ့လာတော်မူပြီးသောမြတ်စွာဘုရားသည် အကျွန်ုပ်အား အဆုံးအမကို မိန့်တော်မူ၏။ နိရောဓသမာပတ်သည် အကျွန်ုပ်၏အိပ်ရာနေရာတည်း။

၃၅၈။ အကျွန်ုပ်၏ ဒိဗ္ဗစက္ခုအဘိညာဉ်သည် စင်ကြယ်၏။ အကျွန်ုပ်သည်ဘည်ကြည်မှုသမာဓိ၌ လိမ္မာ၏။ ကောင်းစွာအားထုတ်ခြင်းသမ္မပ္ပဓာန်လုံ့လနှင့်ပြည့်၏။ဗောဇ္ဈင် (ခုနစ်ပါး)ပွားများမှု၌ မွေ့လျော်၏။

၃၅၉။ တပည့်သာဝကတို့ ရရောက်အပ်သော ပြုဘွယ်ကိစ္စဟူသမျှကို အကျွန်ုပ်သည် ပြုပြီးပြီ။ မြတ်စွာဘုရားကိုထား၍ အကျွန်ုပ်နှင့်တူသောသူ မရှိ။

www.dhammaransi.com



၃၆၀။ (ငါသည်) သမာပတ်ကိုးပါးတို့၌ လိမ္မာ၏။ ဈာန် လောကုတ္တရာ ဝိမောက္ခကို လွန်စွာရသူ ဖြစ်ပါ၏။ ဗောဇ္ဈင်(ခုနစ်ပါး)ပွားခြင်း၌မွေ့လျော်၏။ သာဝက တို့ ရသင့်ရထိုက်သော ဂုဏ်တို့၏ အထွတ်အထိပ်သို့ ရောက်သူ ဖြစ်ပါ၏။

၃၆၁။ ယောကျ်ားမြတ် ဖြစ်တော်မူသော အရှင်ဘုရား၊ ရ အပ်သော သာဝကဂုဏ် (၁၆ ပါး) နှင့် ပြည့်စုံ သော်လည်း သီတင်းသုံးဖော်တို့၌ အခါခပ်သိမ်း ကြည်ညိုလေးစား၊ အကျိုးစီးပွားနှင့်ယှဉ်သောစိတ်ကို ပြုပါ၏။

၃၆၂။ အဆိပ်နုတ်ထားပြီးသော မြွေကဲ့သို့ရင်း၊ ဦးချို ကျိုးသော နွားလားကဲ့သို့ရင်း ထောင်လွှားခြင်း မာနကို ချထား၍သာလျှင် အလွန်ရိုသေသောအားဖြင့် ရဟန်းအပေါင်းတို့ ဆည်းကပ်ဝင်ရောက်ပါ၏။

၃၆၃။ အကျွန်ုပ်၏ပညာသည် အကယ်၍ အစိုင်အခဲ ဖြစ်ခဲ့ ပါလျှင် မြေကြီးသည် မဆန့်ရာ။ ဤအကျိုးသည် အနောမဒဿီမြတ်စွာဘုရား၏ ဉာဏ်တော်ကို ချီးမွမ်း ရခြင်း၏ အကျိုးပေတည်း။

၃၆၄။ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ဓမ္မစကြာ တရားတော်ကို အကျွန်ုပ်သည် ကောင်းစွာ အတုလိုက်၍ ဟောနိုင်

www.dhammaransi.com



ပါ၏။ ဤအကျိုးသည် ဉာဏ်တော်ကို ချီးမွမ်းရခြင်း၏ အကျိုးပေတည်း။

၃၆၅။ ယုတ်မာသောအလို ရှိသော၊ ပျင်းရိသော၊ လုံ့လ ဝီရိယ လျော့နည်းသော၊ အကြားအမြင်နည်းသော၊ အဆုံးအမသြဝါဒ၌ ရိုသေခြင်း ကင်းသောသူသည် တစုံတခုသောအရပ်၌ ငါနှင့်တကွ ပေါင်းဖော်ရခြင်းသည် တခါတရံမျှ မဖြစ်ပါစေလင့်။

၃၆၆။ အကြင်ပုဂ္ဂိုလ်သည် များသော အကြားအမြင် ရှိသူလည်း ဖြစ်၏။ လျင်သောပညာ ရှိသူလည်း ဖြစ်၏။ သီလတို့၌ ကောင်းစွာ ဆောက်တည်သူလည်း ဖြစ်၏။ စိတ်ကို ကောင်းစွာထားခြင်းနှင့် ယှဉ်သူလည်း ဖြစ်၏။ ထိုသို့သော ပုဂ္ဂိုလ်သည် အကျွန်ုပ်၏ ဦးထိပ်ထက်၌ သော်လည်း တည်ပါစေသတည်း။

၃၆၇။ " အရှင်ကောင်းတို့၊ အရှင်ကောင်းတို့အား ထို အကြောင်းကို ဆိုပေအံ့။ ဤပရိသတ်၌ အညီအညွတ် လာရောက်ကုန်သော အရှင်ကောင်း အပေါင်းတို့သည် အလို နည်းကြကုန်လော့၊ ရောင့်ရဲ လွယ်ကြကုန်လော့၊ အခါခပ်သိမ်း စျာန်ဝင်စားကြကုန်လော့၊ စျာန်၌ မမေ့လျော်ကြကုန်လော့"

၃၆၈။ အကျွန်ုပ်သည် အကြင်အသဘေဇမထေရ်ကို မြင်ရ၍ (ကိလေသာ)မှူအညစ်အကြေးကင်းသည်ဖြစ်၏။ ပညာ ရှိသော၊ အသဘေဇမည်သော ထိုမြတ်စွာဘုရား၏ တပည့်သားတော်သည် အကျွန်ုပ်ဆရာပါတည်း။

www.dhammaransi.com



၁၆၉။ အကျွန်ုပ်သည် ထိုအသဲဇီမထေရ်၏ အစွမ်းကြောင့် ယခု တရားစစ်သူကြီးဖြစ်ရပါ၏။ အလုံးစုံသော သာ၀က ပါရမီဉာဏ်အရာ၌ အထွတ်အထိပ်သို့ ရောက်လျက် (ကိလေသာ)ကင်းသည်ဖြစ်၍ နေရ၏။

၁၇၀။ အကျွန်ုပ်၏ ဆရာဖြစ်သော၊ အဿဇိမည်သော မြတ်စွာဘုရား၏ တပည့်သားတော်သည် အကြင်အရပ်၌ နေ၏။ ထိုအဿဇိနေရာအရပ်ကို အကျွန်ုပ်သည် ဦးခေါင်း ရင်း ပြုပါ၏။

၁၇၁။ အကျွန်ုပ်၏ ရှေးကပြုဘူးသောကံကို အောက်မေ့တော်မူ၍ ဂေါတမ မြတ်စွာဘုရားသည် ရဟန်းသံဃာ (အလယ်၌)နေတော်မူလျက် အကျွန်ုပ်ကို "မြတ်သော အဂ္ဂသာ၀ကအရာ၌" ထားတော်မူ၏။

၁၇၂။ အကျွန်ုပ်သည် ကိလေသာတို့ကို လောင်းကျွမ်းစေအပ်ကုန်ပြီ။ အလုံးစုံသောဘ၀တို့ကို ကောင်းစွာနုတ်အပ်ကုန်ပြီ။ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်တောက်၍ နေဘိသကဲ့သို့၊ သံယောဇဉ်အနှောင်အဖွဲ့ကို ဖြတ်တောက်လျက် အာသ၀ကင်းသည်ဖြစ်၍ နေရ၏။

၁၇၃။ မြတ်စွာဘုရား၏အထံတော်သို့ အကျွန်ုပ်လာရခြင်းကား စင်စစ် ကောင်းသောလာရခြင်းပေတည်း။ ဝိဇ္ဇာသုံးပါးတို့သို့ အစဉ်ရောက်အပ်ကုန်ပြီ။ မြတ်စွာဘုရားအဆုံးအမကို ပြုကျင့်ရပြီ။

www.dhammaransi.com



၃၇၄။ လေးပါးသော ပဋိသမ္ဘိဒါဉာဏ်တို့ကိုရင်း၊ ရှစ်ပါးသော ဣဝိမောက္ခတို့ကိုရင်း၊ ခြောက်ပါးသောအဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အရှင်သာရိပုတ္တရာမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။ (ဤကား ရင်းမြစ်ကျကျ သိလိုလှသူများအတွက် ထေရာပဒါန်မူရင်းဘာသာပြန်မှ ကောက်နုတ်ဖော်ပြချက်။)

www.dhammaransi.com

လက်ဝဲရံ အရှင်မောဂ္ဂလာန်ကိုယ်တိုင် ပြောပြသော

# အရှင်မောဂ္ဂလာန်၏ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ

## မောဂ္ဂလာနတ္ထေရအပဒါန် မြန်မာပြန်

၃၇၅။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ လောကထက်မြတ်သော အနောမဒဿီမြတ်စွာဘုရားသည် ဟိမဝန္တာတော၌ နတ်အပေါင်း ခြံရံအပ်သည်ဖြစ်၍ နေတော်မူ၏။

၃၇၆။ ထိုအခါ ငါသည် အမည်အားဖြင့် ဝရုဏမည်သော နဂါးမင်း ဖြစ်ခဲ့၏။ အလိုရှိအပ်သောသဏ္ဌာန်ကို ဖန်ဆင်းလေ့ ရှိသည်ဖြစ်၍ အတူထူးတန်ခိုးဖန်ဆင်းကာ သမုဒ္ဒရာ၌ နေ၏။

၃၇၇။ ငါသည် အခြံအရံဖြစ်သောနဂါးအပေါင်းကိုခေါ်၍ တူရိယာတို့ကို ဖြစ်စေ၏။ ထိုအခါ နတ်နဂါးတို့သည် မြတ်စွာဘုရားကို ခြံရံကုန်လျက် တီးမှုတ်ကြကုန်၏။

၃၇၈။ (လူနှင့်နဂါးတို့က) လူတူရိယာ၊ နဂါးတူရိယာတို့ကို တီးမှုတ်ကြကုန်သည်ရှိသော် နတ်တို့ကလည်း နတ်တူရိယာတို့ကို တီးမှုတ်ကြကုန်၏။ နှစ်မျိုးသောနတ်တို့၏တူရိယာသံကို ကြားရသောကြောင့် အနောမဒဿီမြတ်စွာ

www.dhammaransi.com



ဘုရားသော်မှ (သမာပတ်မှ) ထတော်မူရ၏။(အသိ အမှတ် ပြုတော်မူရ၏။)

၃၇၉။ ငါသည် အနောမဒဿီမြတ်စွာဘုရားကို ပင့်ဖိတ်၍ မိမိနေရာနဂါးပြည်သို့ ကပ်ရောက်ပြီးနောက် (ကပ်ပြီး၍)နေရာကို ခင်းထား၍ ဆွမ်းစားချိန်အခါကို ကြားလျှောက်၏။

၃၈၀။ အနောမဒဿီမြတ်စွာဘုရားသည် ရဟန္တာတစ်ထောင် ခြံရံအပ်သည်ဖြစ်၍ အလုံးစုံသောအရပ်မျက်နှာတို့ကို ထွန်းလင်းစေလျက် ငါ၏ဗိမာန်သို့ ကြွရောက်တော်မူလာ၏။

၃၈၁။ ထိုအခါ ငါသည် ရဟန်းသံဃာနှင့်တကွ (ဗိမာန်သို့) ကြွတော်မူလာသော၊ လုံ့လကြီးမြတ်နတ်ထက်နတ်ဖြစ် လာသည့် အနောမဒဿီမြတ်စွာဘုရားကို ထမင်း အဖျော်ဖြင့် ရောင့်ရဲတော်မူစေ၏။

၃၈၂။ လုံ့လကြီးမြတ်တော်မူသော၊အလိုလို သိတော်မူသော အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သည့် အနောမဒဿီ မြတ်စွာ ဘုရားသည် ရဟန်းသံဃာ(အလယ်)၌ ထိုင်တော်မူကာ အနုမောဒနာပြုပြီးနောက် ဤဂါထာကိုမိန့်တော်မူ၏။

၃၈၃။ ထိုနဂါးမင်းသည် လူတို့၏ရှေ့ဆောင်ဖြစ်သော ဘုရား ကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း၊ ပူဇော်ကြောင်းဖြစ်သော စိတ်ကြည်လင်မှုကြောင့် နတ်ပြည်သို့ လားရလတ္တံ့။

www.dhammaransi.com



၃၀၄။ (၇၇)ကြိမ် နတ်စည်းစိမ်ကို ခံစားရလတ္တံ့။ အကြိမ်ရှစ်ရာ မြေအပြင်၌ ကေရာဇ်မင်းဖြစ်၍ မြေပြင်အလုံးကို စိုးအုပ်ရလတ္တံ့။

၃၀၅။ (၅၅)ကြိမ်တိုင်အောင် စကြဝတေးမင်း ဖြစ်ရလတ္တံ့။ ထိုစကြဝတေးမင်းအဖြစ်၌ပင် ထိုမင်းအား မရေမတွက်နိုင်ကုန်သော စည်းစိမ်ဥစ္စာတို့သည် ဖြစ်ကုန်လတ္တံ့။

၃၀၆။ (ငါဘုရားပွင့်ရာ) ဤဝရကမ္ဘာမှ မရေမတွက်နိုင်သော တသချေနှင့် ကမ္ဘာတသိန်းထက်၌ သြက္ကာကမင်းမျိုး၌ ဖြစ်၍ အနွယ်တော်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ဖြစ်ပေါ်လတ္တံ့။

၃၀၇။ ထိုနဂါးမင်းသည် ငရဲမှ စုတေ၍ လူ့ဘဝသို့ရောက်ပြီးလျှင် ကောလိတဟူသောအမည်ဖြင့် ပုဏ္ဏားမျိုး ဖြစ်လတ္တံ့။

၃၀၈။ အဆုံးစွန်သောဘဝ၌ ထိုကောလိတသည် ရဟန်းပြု၍ အကြောင်းရင်းကုသိုလ်ကံသည် တိုက်တွန်းအပ်သောကြောင့် ဂေါတမမြတ်စွာဘုရား၏ ဒုတိယအဂ္ဂသာဝက (လက်ဝဲရံ)ဖြစ်လတ္တံ့။

၃၀၉။ အားထုတ်အပ်သောဝီရိယ ရှိသည်၊ နိဗ္ဗာန်သို့စေလွှတ်အပ်သောစိတ် ရှိသည်ဖြစ်၍ တန်ခိုး၏အထွတ်အထိပ်သို့ ရောက်လျက် အလုံးစုံသောအာသဝတရားတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝကင်းကွာ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့။ ဤဂါထာတို့ကို မိန့်တော်မူ၏။

www.dhammaransi.com



၃၉၀။ ယုတ်မာသောအဆွေခင်ပွန်းတို့ကို အမှီပြု၍ ကာမဂုဏ် အလိုသို့ လိုက်မှားလျက် အမိကိုငင်း၊ အဖကိုငင်း၊ ပြစ်မှားသောစိတ် ရှိသည်ဖြစ်၍ သတ်ခဲ့ဘူးလေ၏။

၃၉၁။ အကြွင်းအကြွင်ငရဲဘဝသို့ ကပ်ရောက်ရ၏။ လူဖြစ်သော အခါ၌လည်း ငါသည် မကောင်းမှုကံနှင့် ပြည့်စုံခြင်း ကြောင့် ဦးခေါင်းကွဲလျက် သေလွန်ရပြန်၏။

၃၉၂။ ငါ့အား ဤသေရခြင်းသည် နောက်ဆုံးသေရခြင်းပင် တည်း။ ဤဘဝသည် အဆုံးစွန်သော ဘဝပေတည်း။ ဤအဆုံးဘဝ သေရမည့်အခါ၌လည်း ငါ့အား ဤသို့ ဦးခေါင်းကွဲလျက် သေရခြင်းမျိုးသည်ပင် ဖြစ်လတ္တံ့။

၃၉၃။ ဝိဝေကသုံးပါးကို အားထုတ်လျက် ဈာန်သမာပတ် ကို ပွားများမှု၌ မွေ့လျော်သည်ဖြစ်၍ အလုံးစုံသော အာသဝတရားတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝမရှိပဲ နေရ၏။

၃၉၄။ တန်ခိုးအထွတ်အထိပ် ရောက်သော ငါသည် အလွန် နက်သော (နှစ်သိန်းလေးသောင်း) အထုရှိသည်ဖြစ်၍ ဖျက်ဆီးနိုင်ခဲသော မြေကြီးကိုလည်း လက်ဝဲခြေမဖြင့် လှုပ် ချောက်ချားနိုင်၏။

၃၉၅။ ငါသည် "ငါတကား" ဟု ထောင်လွှားသောမာန်ကို မမြင်။ ငါ့အား မာန်သည် မရှိ။ ရှင်သာမဏေတို့ကို အစပြု၍ ရိုသေလေးစားသောစိတ်ကို ပြု၏။

www.dhammaransi.com



၃၉၆။ ငါသည် ဤဘဒ္ဒကမ္ဘာမှ မရေမတွက်နိုင်သော တသင်္ချေနှင့်ကမ္ဘာတသိန်းထက်ဖြစ်သော ဝရကမ္ဘာ၌ (လက်ဝဲရံဖြစ်ရလို၏ဟု) ဆုတောင်းမှုကို ပြုခဲ့ဘူးသော ဒုတိယအဂ္ဂသာဝကရာထူးသို့ အစဉ်ရောက်ရပေပြီ။ အာသဝတရားတို့၏ကုန်ခြင်းသို့လည်း ရောက်ပြီ။

၃၉၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း၊ ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း၊ ခြောက်ပါးသောအဘိညာဉ်တို့ကိုရင်း၊ မျက်မှောက်ပြုအပ်ပါကုန်ပြီ။ မြတ်စွာဘုရား၏အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အရှင်မောဂ္ဂလာန်မထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။ (ဤကား မောဂ္ဂလာနတ္ထေရပဒါန်မူရင်း မြန်မာပြန်။)

www.dhammaransi.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## လက်ဝဲရံ လက်ယာရံ အရှင်နှစ်ပါး၏

# ဇာတိချက်ကြွေ ဖွားရာမြေ

ထိုညောင်ပင်ကြီးကား အဓိကရညောင်ပင်ကြီး ဖြစ်လေသည်။

ရွာနှစ်ရွာကြားတွင် ထီးကို ဖွင့်ထားသည့်အလား မားမား မတ်မတ်ရပ်လျက် ရှိနေ၏။ ညောင်ရွက်တို့သည် လေခတ်တိုင်း တဖျပ်ဖျပ်နှင့် ရှိနေကုန်၏။ ညို့ညို့မှိုင်းမှိုင်း၊ ခက်ကိုင်းဝေဆာ၊ ပဒေသာပင်ကြီးနှင့် တူ၏။ ရွက်ချင်းထိခတ်မိရာမှ ပွင့်ထွက်လာသော အသံတို့က လူတို့အား နားဝင်ချိုစေကုန်၏။

သားဆုပန်လိုသူ၊ ရောင်းပန်းဝယ်ပန်းပွင့်လိုသူ၊ ရာထူးဌာနန္တရတိုးတက်လိုသူ၊ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်လိုသူတို့သည် ထိုညောင်ပင်ကြီးအောက်သို့ ရောက်ရှိလာကြပြီး လိုရာဆုကိုပန်၍ ပူဇော်ပသမှု ပြုကြလေသောကြောင့် “နတ်ရဲ သစ်ပင်ကြီး” ဟူ၍လည်း ထင်ရှားသည်။

ထိုညောင်ပင်ကြီးကို ဗဟိုပြု၍ ဝဲယာရံလျက် ရွာနှစ်ရွာရှိ၏။ လက်ဝဲဘက်မှ ကောလိတရွာ၊ လက်ယာဘက်မှ ဥပတိဿရွာ ဖြစ်၏။ ရွာဆိုသော်လည်း ထိုကောလိတရွာနှင့် ဥပတိဿရွာကား မြို့ကြီးပြကြီးတမျှ အလွန်စည်ကားလှ၏။ လူချမ်းသာ လူရတတ်

www.dhammaransi.com



များ၏။ ရာဇဂြိုဟ်ပြည်ကြီးပေါ်ဝယ် အကျော်ဇေယျ ပုဏ္ဏား ရွာကြီးများ ဖြစ်လေသတည်း။

ဇမ္ဗူဒိပ်နိမိတ်ဟု အဆိုရှိ၏။ ထိုရွာနှစ်ရွာနှင့် ဩောင်ပင် ကြီး၏ တည်နေဟန်ကား အနာဂတ် "ဝဲ-ယာရံ" ကို ကြိုလင့် နေသကဲ့သို့ ထင်ရလေသည်။ ညောင်ပင်ကြီး၏ လက်ဝဲဘက်ရှိ ကောလိတရွာကို သုဇာတာမည်သောပုဏ္ဏားက သူကြီးပြု အုပ်ချုပ်၏။ ယင်း၏မယားကား မောဂ္ဂလိဟု တွင်၏။ လက်ယာ ဘက်ရှိ ဥပတိဿရွာကို ဝင်္ဂန္တပုဏ္ဏားက သူကြီးပြု၍အုပ်ချုပ်၏။ ယင်း၏မယားကား ရူပသာရီဟု တွင်၏။

ထိုသူကြီးနှစ်ယောက်တို့သည် "သူတော်ချင်းချင်း၊ သတင်း လေ့လေ့၊ ပေါင်းဖက်တွေ့" ဆိုသောအတိုင်း အစစအရာရာတွင် တူညီသည်က များ၏။ ဆွေခုနှစ်ဆက် မျိုးခုနှစ်ဆက်၊ မိဘ ဘိုးဘွား လက်ထက်ကစ၍ သူတို့လက်ထက်တိုင်အောင် ကျိ ကျိတက် ချမ်းသာကြသည်ချင်းလည်း တူ၏။ ညောင်ပင်ကြီးကို ဝဲယာရံလျက် သူကြီးဖြစ်ကြရသည်ချင်းလည်း တူ၏။ တရား ဓမ္မသတ်၊ စီရင်ဆုံးဖြတ်ရာ၌ သမာသမတ်ကျသောကြောင့် အများ၏ကြည်ညိုလေးစားမှုကို ခံရသည်ချင်းလည်း တူ၏။

အသက်အားဖြင့်လည်း သူတို့ချင်း သက်တူရွယ်မျှမကွာလှ ချေ။ သူတို့ရထားသော မိန်းမများမှာလည်း အိမ်ထောင်ရှင် မိန်းမတို့သဘာဝအလိုက် ဗိုက်ကလေးတပူပူ စူထွက်လာကြရာ တွင်လည်း တူနေပြန်၏။ ဥပတိဿရွာသူကြီးကတော် ရူပသာရီ ပုဏ္ဏေးမမှာ ဗိုက်တလုံးနှင့် ခုံးခုံးကလေး ဖြစ်လာချိန်တွင် ဗိုက် ချင်းပြိုင်သည့်အလား၊ ကောလိတရွာသူကြီးကတော် မောဂ္ဂလိ

www.dhammaransi.com



ပုဏ္ဏေးမမှာလည်း ပတ္တမြားရွှေကြုတ် နှုတ်ငုံတော်ရှိနေပါချေ၏။

ထိုမျှသာမကဖွားမြင်လေသောအခါ၌လည်းသားယောကျ်ားဖွားမြင်သည်ချင်းတူနေပြန်၏။တနေ့တည်းမှာပင်ရူပသာရီပုဏ္ဏေးမမှာ အရှင်သာရိပုတ္တရာအလောင်းကိုဖွား၍ မောဂ္ဂလိပုဏ္ဏေးမက အရှင်မောဂ္ဂလာန်အလောင်းသတို့သားကို ဖွားမြင်လေသည်။ သားယောကျ်ားဖွားမြင်၍ ပျော်တပြုံးပြုံး ဖြစ်ကြရသည်ချင်းလည်း တူနေပြန်၏။

ဤသို့ဖွားမြင်ပြီးနောက် နာမည်ပေးကင်ပွန်းတပ် "သညာဒိန္နမင်္ဂလာ" ပြုရမည့်အခန်းသို့ ရောက်လာသောအခါ၌လည်း ရွာနှစ်ရွာကြားက ညောင်ပင်ကြီးကို ဦးခိုက်၍ အမည်သညာမှည့်ကြချင်းလည်း တူနေပြန်၏။

ထိုနေ့တွင် ရွာနှစ်ရွာက ဦးထိပ်ထားရသော ညောင်ပင်ကြီးအောက်၌ ရွာနှစ်ရွာမှ သူကြီးသားများအား "သညာဒိန္နမင်္ဂလာ" ပြုကြမည် ဖြစ်သောကြောင့် ဥပတိဿရွာနှင့် ကောလိတရွာမှ ပရိသတ်များသာမက ရွာနီးချုပ်ကပရိသတ်များပါ အလျှိုလျှိုဥဒဟို ရောက်ရှိလာကြသဖြင့် ညောင်ပင်နန်းမှာ ပျားပန်းခတ်မျှစည်းကားလျက် ရှိလေ၏။ ညောင်ပင်၏အကိုင်းအခက်တို့၌ တွဲလဲဆွဲထားသောတံခွန်၊ ကုက္ကား၊ မုလေးပွား၊ ပန်းဆိုင်းတို့ကို လေပင့်သဖြင့် တလွင့်လွင့်ရှိနေခြင်းတို့မှာ လှုပ်ရှားနေသော ပရိသတ်နှင့် ပဏာစားလှ၏။

www.dhammaransi.com



သတို့သားများ၏ မိဘများနှင့်တကွ သက်ဆိုင်ရာရင်းနှီးသူ မိတ်သင်္ဂဟတို့မှာ သညာဒိန္နမင်္ဂလာပြုမည့် ထိုညောင်ပင် အောက်သို့ စောစီးစွာကပင် ရောက်ရှိနေကြပြီး ကြွရောက်လာ သောပရိသတ်များအား ဝမ်းပန်းတသာ လှိုက်လှဲစွာကြိုဆိုနေ ကြစဉ် မိခင်များဖြစ်ကြသော ရူပသာရီပုဏ္ဏေးမနှင့် မောဂ္ဂလိ တို့မှာလည်း ပရိသတ်အလယ်တွင် မှိုရသည့်မျက်နှာအသွင်ဖြင့် တရှင်ရှင်နှင့် ရှိနေကြလေ၏။

ပါဒ်ဗိဇနော၊ နာရီချိန်ကိုက် အခါကောင်း ဆိုက်လာပြီဖြစ် သဖြင့် ဖခင်များဖြစ်ကြသော ဝင်္ဂန္တပုဏ္ဏားနှင့် သုဇာတပုဏ္ဏား တို့သည် မိမိတို့၏ရင်းသွေးများကို မိခင်လက်မှယူပြီး ပွေ့ပိုက် ကာထ၍ ရပ်လိုက်ကြသည်။ သဘောမှာ သူတို့ကိုယ်တိုင်ကပင် ဝေဒကျမ်းများကို တတ်မြောက်ပြီးဖြစ်သောကြောင့် ဤသညာ ဒိန္နမင်္ဂလာအတွက် ကိုယ်တိုင်ဆောင်ရွက်ကြမည်ဖြစ်သဖြင့် သား ကို ပွေ့ပိုက်လျက် ထလိုက်သောအခါ ဩဘာသံများ ခြိမ့် ခြိမ့်ညံသွားသည့်နောက်တွင် ပရိသတ်ထုကြီး၏ မျက်လုံးတို့သည် သားပိုက်၍ရပ်လိုက်သော ဗြာဟ္မဏကြီးများဆီသို့ မမှိတ်မသုန် ကြည့်လင့်နေကြကုန်၏။ "ဘယ်လိုများ ကြေငြာလေမည်နည်း" ဟူ၍ သတို့သားနှစ်ပါး၏အမည်သညာကို ကြိုလင့်နေကြကုန်၏။

ထိုခဏဝယ် သားရှင်ဗြာဟ္မဏကြီးနှစ်ဦးတို့က မိမိတို့၏သား ငယ်များကို လက်ပေါ်တင်မြှောက်၍ ညောင်ပင်ကြီးအားပြကြ ကုန်၏။ ထိုနောက် ကြွရောက်လာသောပရိသတ်များအား ပြကြ ပြန်ကုန်၏။ ထိုနောက်တွင် ဝင်္ဂန္တပုဏ္ဏားကြီးကစတင်၍ သား တော်အမည်ကို ဤသို့ကြေငြာခြင်း ပြုလေသတည်း။

www.dhammaransi.com



"လေးစားအပ်သော အို ပရိသတ်အပေါင်းတို့၊ ရောင်းရင်းတို့၊ ရှေးဘုန်းရှေးကံ၊ အကျိုးပေး သန့်သည့်အားလျော်စွာ ဤအဘိုးတန်ရတနာ သားမြတ်ကို ကျွန်ုပ် ရအပ်ပါသတည်း။

"အို-သွေးသောက်ရောင်းရင်းတို့၊ ဘဝတသက် လျှာ ခေါ်တွင်စရာအဖြစ် ဤသတို့သား အတွက် အမည်သညာကို ကျွန်ုပ်အထူးရွေးချယ် ခြင်းမပြုလိုပါ၊ မစဉ်းစားလိုပါ။ သားတော်၏ အမည်သညာမှာ ဤရွာနှင့်သာ ထိုက်တန်သည် ဟု ကျွန်ုပ် မြင်၏။ ဤဥပတိဿရွာသည် ကျွန်ုပ် အကြီးအကဲပြု၍ အုပ်ချုပ်နေသော ရွာကြီးဖြစ် ရာ ဤရွာကား ကျွန်ုပ်ဘဝ၏မကိုဋ်ဥသျှောင်ပင် တည်း။

"အို-သွေးသောက်ရောင်းရင်း အပေါင်းအသင်း တို့၊ ဤဥပတိဿရွာကြီးကား ရာဇဂြိုဟ်မြို့တော် ကြီး၏မုခ်ဦးတွင် ထွန်းညှိထားသော မီးရှူးတန် ဆောင်ကြီးနှင့် အလားတူပေသည်။ ဥပတိဿဟူ သောအမည်နာမကို ကြားရကာမျှနှင့်ပင် မင်း နှင့်တကွ ပြည်သူခပ်သိမ်းတို့က အမြတ်တနိုး ထား၍ လေးစားကြသော အမည်နာမဖြစ်ပေ သည်။

"အို-ပရိသတ်အပေါင်းတို့၊ သွေးသောက်ရောင်း ရင်းဖော်တသင်းတို့၊ ဤသည့်ဖြစ်ရပ် ဗျူပွတ်ကို

www.dhammaransi.com



အခြေခံလျက် ပရိသတ်ရှေ့မှောက်တွင် ကျွန်ုပ်သား၏အမည်သညာကို ကျွန်ုပ် ကြေငြာပါအံ့။ ရာဇဂြိုဟ်ပြည်ကြီး၏မုခ်ဦးမှ မီးရှူးတန်ဆောင်ကြီးနှင့်လည်း တူပေသော၊ ကျွန်ုပ်ဘဝ၏မကိုဋ်၌ ဥသျှောင်သဖွယ်လည်းဖြစ်ပေသော ဤရွာ၏ မင်္ဂလာအမည်တော်နှင့် အလားတူစွာ၊ ဤအကျွန်ုပ်၏ ရင်နှစ်သည်းချာ သားရတနာ၏ အမည်ကို ယနေ့၊ ယခုအချိန်မှစ၍-

"ဥပတိဿဟူ၍မှတ်ယူတော်မူကြပါကုန်လော"
"ဥပတိဿဟူ၍မှတ်ယူတော်မူကြပါကုန်လော"
"ဥပတိဿဟူ၍မှတ်ယူတော်မူကြပါကုန်လော"

ဤသို့ဝင်္ဂန္တပုဏ္ဏားက အရှင်သာရိပုတ္တရာလောင်းလျာ သတို့သား၏အမည်သညာကို ကြေငြာလိုက်ရာ ပရိသတ်အပေါင်းက "ဥပတိဿ၊ ဥပတိဿ၊ ဥပတိဿ" ဟူ၍ တခဲနက်ကောင်းချီးပေး ကြွေးကြော်လိုက်သည့်အသံကြီးမှာ အရပ်ထက်ဝန်းကျင်၌ ပွဲတင်ထပ်သွားလေသတည်း။

ထိုနောက် အရှင်မောဂ္ဂလာန်လောင်းလျာ သတို့သားအား သညာဒိန္နမင်္ဂလာပြုရမည့်အလှည့်သို့ ရောက်လာသဖြင့် ဖခင်ဖြစ်သော သုဇာတာပုဏ္ဏားက သားပိုက်၍ ရပ်လိုက်၏။ ထိုအခါ "မည်သို့ အမည် မှည့်လေမည်နည်း" ဟူသော သိလိုဇောဖြင့် အမည်နာမကို ကြိုးလင့်နေကြကုန်၏။

www.dhammaransi.com



အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကား အမည်မှည့်သည်အထိလိုက်၍တူနေကြ၏။ ဖခင်ပုဏ္ဏားချင်း တိုင်ပင်ထားခြင်းမရှိပါပဲလျက် ဦးတည်ချက်ချင်း ဂုဏ်ရည်တူထွက်လာသည်။ သုဇာတာပုဏ္ဏားကလည်း ဝင်္ဂန္တပုဏ္ဏားကဲ့သို့ပင် သူ့သားအတွက် သီးခြားအမည်သညာကို ရှာဖွေခြင်းမပြုလေပဲ မိမိစိုးပိုင်အုပ်ချုပ်နေသော ကောလိတရွာ၏အမည်နာမအတိုင်းပင် သား၏အမည်ကို "ကောလိတ" ဟူ၍ ကြေငြာလိုက်ပြန်သော အခါ ပရိသတ်က "ကောလိတ၊ ကောလိတ" ဟူ၍ တခဲနက် ဟစ်ကြွေးကာ လေးနက်စွာ ကောင်းချီးပေးကြကုန်သတည်း။

www.dhammaransi.com

အရှင်နှစ်ပါးလောင်းလျာများ၏

## လူပျိုဘဝ စိတ်နေသဘောထား

တနှစ်ပြီးတနှစ် ရွက်သစ်ရွက်ဟောင်းတို့သည် ပြောင်းပြောင်း လာကုန်လေ၏။

ကောင်းကင်ပေါ်က နေလုံးကြီးသည်လည်း နေ့စဉ်နေ့တိုင်း တလုံးပြီးတလုံး ထွက်မဆုံးအောင် ရှိနေ၏။ ဤသို့ အသစ် အဟောင်း ပြောင်းလာသည်နှင့်အမျှ လူတို့၏အရွယ်အသက် သည်လည်း တရက်ထက်တရက်မှသည် တနှစ်ထက် တနှစ်ထိ ကြီးမှန်းမသိကြီး၍ လာကြလေ၏။

အရှင်သာရိပုတ္တရာလောင်းလျာ ဥပတိဿနှင့် အရှင်မောဂ္ဂ– လာန်လောင်းလျာ ကောလိတတို့၏ အရွယ်သည်လည်း မငယ် တော့ချေ။ လူပျိုကြီးဖားဖား ဖြစ်လာကြလေပြီ။ အသက်နှစ် ဆယ်တွင်း ခြေနင်းမိကြလေပြီ။ ကောလိတမှာ ညီအစ်ကိုမောင် နှမအရင်းအချာဆို၍ မထင်ရှားသော်လည်း ဥပတိဿမှာကား ဆွေမျိုးသားချင်း များလှ၏။ မောင်နှမ(၇)ယောက် ရှိသည့် အနက် ဥပတိဿမှာ အကြီးဆုံးဖြစ်သေသည်။

မွေးချင်းပေါက်ဖော်များကို ကြီးစဉ်ငယ်လိုက် သန်းခေါင် စာရင်းဖွင့်သော် အကြီးဆုံးမှာ ဥပတိဿ၊ ထို့နောက် ယင်း၏ညီ ဥပသေန၊ ထို့နောက် ယင်း၏နှမသုံးယောက်၊ စာလာ၊

www.dhammaransi.com



ဥပစာလာ၊ သီသုပစာလာ၊ ထိုနောက် ယင်း၏ ညီနှစ်ယောက် စုန္ဒနှင့် ရေဝတ။ ဤသို့အားဖြင့် မောင်နှမမွေးချင်းပေါက်ဖော် (၇)ယောက်ရှိသတည်း။ ၁ ထိုမောင်နှမ (၇) ယောက်တို့သည် ဘုန်းသမ္ဘာ ထက်ချပ်ပါလာကြသူများဖြစ်ခြင်း၊ ကုဋေရှစ်ဆယ် စည်းစိမ်ကြွယ်သောသဌေးမျိုး၊ သူကြွယ်မျိုးမှ ပေါက်ဖွားလာခြင်း၊ ရှာကိုစိုးပိုင်အုပ်ချုပ်၍ လူ့အဆင့်တွင်အမြင့်ဆုံးသို့ရောက် ရှိနေသော မိဘနှစ်ပါးမှဖွားမြင်ခြင်းတို့ကြောင့် သူတို့၏သတင်း များမှာလည်း အရပ်ထက်ဝန်းကျင်၌ ပန်းကဲ့သို့ တသင်းသင်း ရှိနေကုန်၏။

"သူတို့မောင်နှမ (၇) ယောက် မွေးဖွားပုံကလဲ အဆန်း သားဗျ။ နှမသုံးယောက်ကို အလယ်ကထားပြီး ဥပတိဿနဲ့ ဥပသေနမောင်ကြီးနှစ်ယောက်က ရှေ့ဆုံးမှတံတိုင်းကြီးလိုဆီးပြီး မောင်ငယ်နှစ်ယောက်ဖြစ်ကြတဲ့ စုန္ဒနဲ့ရေဝတက နောက်ဆုံးက ပိတ်ထားတယ်။ နှမလေးသုံးယောက်ကို မွဲတပေါက်မျှမစွန်း ရအောင် မောင်လေးယောက်က စောင့်ရှောက်ထားတဲ့သဘော ပေါ့။ သူ့အမေနှယ်လေ့၊ မွေးမှမွေးတတ်ပလေ့တယ်နော်ဗျာ" ဟု တအံ့တသြ ချီးမွမ်းဆိုပြောကြသူများက မရှား။

"ကောင်မလေး သုံးယောက်တောင် အပျိုပေါက်လေးတွေ ဖြစ်လာကြပြီ" ဟု တယောက်က ဆိုပြောသည်ကို နောက်တ ယောက်က ဖြည့်စွက်ခြင်းဖြင့် အနက် ဖော်လေ့သည်ကား "အပျိုပေါက်ရှိ ဘယ်ကတော့မလဲ၊ ခုဆိုယင် အငယ်ဆုံးဖြစ်တဲ့

---

၁။ မောင်နှမ (၇) ယောက်စလုံး ရဟန္တာချည်း ဖြစ်ကုန်ကြ၏။

www.dhammaransi.com



သီသုပစံုလာဆိုတဲ့ကောင်မလေးတောင်မှပဲ ဆံထောက်ကိုဖြုတ်ပြီးအုပ်လုံးသိမ်းတော့မယ်။ဟိုအကြီးဆုံးအစ်မကြီး စာလာဆိုယင် အပျိုကြီးဖားဖားဖြစ်နေပြီပဲဟာ၊ ငယ်တော့တာမှတ်လို့” စပ်စုသူများက တဖုံ။

“ဒီညီအစ်မသုံးယောက်က အမှာပူးဆိုရတော့မလောက်ပဲ။ ညီအစ်မသုံးယောက်ဆိုင်ပြီး အလှခြင်းပြိုင်နေကြသလိုပဲ။ သူတို့အနေနဲ့က လူ့သဘာဝအတိုင်း သီးချိန်တန် သီးချင်ရှာကြမှာပ။ ဒါပေမယ့် သူတို့ရှေ့က မောင်ကြီးနှစ်ယောက်က ခုအထိ အိမ်ထောင်မပြုကြသေးလေတော့ သူ့ခမျာများမှာ” စကားမဆုံးမီ တယောက်က လက်ကာလျက်-

“မိတ်ဆွေ၊ ဒီလိုမထင်စကောင်းဘူးလေ။ သူတို့ကိုယ်၌ကလဲ အိမ်ထောင်ပြုဘို့အတွက် စာမလိပ် စိတ်မလာဘူးတဲ့ဗျ။ ကျုပ်သဲ့သဲ့ကြားလိုက်တယ်။ ဟိုရာဇဂြိုဟ်မြို့ပေါ်က သဌေးသားတယောက်က ချစ်ဘက်သက်လျှာ မေတ္တာကမ်းလှမ်းဘူးသတဲ့။ မစာလာက ဘာပြန်ပြောတယ်ထင်သလဲ။ ကမ်းလှမ်းလာတဲ့ မေတ္တာကို လေးစားပါတယ်တဲ့။ ဒါပေတဲ့ ကျီးကန်းတွေဖြူကုန်ပြီး ဗျိုင်းဖြူတွေ မည်းကုန်သည်အထိတော့ စောင့်ပါအုံးတဲ့။ ကျီးကန်းတွေဖြူတဲ့အခါကျတော့လာခဲ့ပါတဲ့။ အဲဒီလိုပြောလိုက်တာဟာ အိမ်ထောင်မပြုလိုဘူးဆိုတာနဲ့ ဘာထူးသေးသလဲ” ဟု သူတို့အိမ်ထောင်ရေးကို ဝေဖန်သူက ဝေဖန်ကြကုန်၏။

ထိုမောင်နှမ (၇) ဖော်နှင့် ပတ်သက်၍ ပတ်ဝန်းကျင်က ဤသို့ဆိုပြောဝေဖန်ကြသည်ကား အမှားဟူ၍မပါ၊ အားလုံးမှန်သည်ချည်းသာဖြစ်၏။ အပျိုလူပျိုတို့စရိုက်အတိုင်း ပျော်ချင်

www.dhammaransi.com



သလိုပျော်လိုက်၊ မော်ချင်သလိုမော်လိုက်၊ ကြွားချင်သလိုကြွားလိုက်နိုင်သော အရည်အချင်းများနှင့် ပြည့်တင်းလုံလောက်၊ ဂုဏ်ရည်မောက်နိုင်သူများ ဖြစ်သော်လည်း ထိုမောင်နှမ(၇)ဖော်တို့ကား အပျော်အပါးနှင့် အမော်အကြွားမဖက် ကျက်သရေမင်္ဂလာရှိစွာ ရိုးယဉ်ယဉ်ကလေးဖြင့်သာ နေကြသူများဖြစ်သောကြောင့် မိဘနှစ်ပါးတို့မှာ သူတို့အတွက်နှင့် စိတ်ပျက်ကြရလေ၏။ "အင်း ဒီလိုဆိုယင်တော့ ဒို့တသက်မှာ မြေးကလေးတွေ ပွေ့ချီရဘို့ ခတ်ခက်ခက်ပါကလား" ဟု လင်မယားနှစ်ယောက် ခေါင်းချင်းဆိုင်ပြီး အပြိုင်ငြီးတွားခြင်းဖြင့်သာလျှင် နေ့ရက်ကုန်လွန်ကြရလေ၏။

သူရိန်နေဒေါင်း၏ရောင်ခြည်မီးမောင်းသည် မြစ်ကြောင်းတရိုးကို မိုး၍ ထိုးထားသောကြောင့် မြစ်ကမ်း၏ဝဲဘက်တွင် ရပ်ထားသောမြင်းများနှင့် ရထားငါးရာကိုရှင်း၊ လက်ယာဘက်တွင်လည်း အစီအရီရှိနေသော ရွှေနှင့်ဝင်းဝင်းထမ်းစင်ငါးရာကိုရှင်း၊ အထင်းသားမြင်နေရ၏။ မင်းညီမင်းသားများ ရေဆိပ်တွင် ရေချိုးထွက်လာလေသလား ထင်ရ၏။ အမှန်ကား အရှင်သာရိပုတ္တရာအလောင်း ဥပတိဿ သတို့သားနှင့် အရှင်မောဂ္ဂလာန်အလောင်းအလျာ ကောလိတ သတို့သားတို့ ရေချိုးထွက်လာရာတွင် စီးတော်ယာဉ်ရထားများသာ ဖြစ်ပါသတည်း။

မှန်၏။ ဥပတိဿ သတို့သား၏ မိဘများက သားဖြစ်သူ ဥပတိဿ ဥယျာဉ်ကစား၊ မြစ်နားကမ်းခွင်၊ ပွဲသဘင်သို့ ထွက်ဝင်မြူးထူးလေသောအခါ အရွယ်တူလူပျိုတော်သား ပဏ္ဏားလုလင်တို့သည် ရွှေထမ်းစင်ငါးရာစီ ကာရံလျက် လိုက်စေကုန်၏။

www.dhammaransi.com



ကောလိတသတို့သားအားလည်း မြင်းရထားစီးသောလူပျိုတော်သားပုဏ္ဏားငါးရာတို့က ရံလျက် လိုက်ရကုန်၏။ ဤနေ့ဤအချိန်တွင် အလောင်းလျာသတို့သားနှစ်ဦး မြစ်ထဲတွင် ရေသုံးသပ်လျက်ရှိနေကြရာ ပရိသတ်တို့သည် ကမ်းညွှတ်မတတ်ပင်ရှိနေကုန်၏။

"ဟော....ဟော....မြင်ရဲ့လား။ ဟို လူပျိုတော်သားများကြားထဲမှာ တယောက်ကရွှေလိုဝင်းပြီး တယောက်က မြလိုစိမ်းနေတဲ့ လူနှစ်ယောက်။ အဲဒါ ဥပတိဿနဲ့ကောလိတပေါ့" ဟု တယောက်က လက်ညှိုးတငေါက်ငေါက်နှင့်ဖောက်သယ်ချသော်လည်း တယောက်သောသူကမူ ကောင်းကောင်း သဘောပေါက်ဟန်မတူ။

"ခင်ဗျားစကားကရှင်းမလိုလိုနဲ့ရှုပ်နေတယ်။အလယ်ကလူနှစ်ယောက်ဟုတ်ပြီပဲထား။ အဲဒါ ဘယ်ဟာက ကောလိတ၊ ဘယ်သင်းက ဥပတိဿဆိုတာ ဗျည်းမကွဲဘူးဗျ"

"ဟုတ်တယ်။ဒါမေးသင့်ပါတယ်။ ရွှေရောင်အဆင်းနဲ့တကိုယ်လုံးဝင်းနေတာက ဥပတိဿ၊ ဟိုဘက်ကတကိုယ်လုံး မြရည်လိမ်းထားသလို ညို့စိမ်းစိမ်းလူက ကောလိတလေ"

"အဲ....ဟုတ်ကပြီ၊ဟုတ်ကပြီ"

ဤသည်ကား လောင်းလျာသတို့သားနှစ်ဦး၏ ပုံသွင်ကို အဝေးမြင်ဖြင့် မော်ကွန်းတင်နေကြသူများ၏ ရှုကွက်ဖြစ်၏။

လောင်းလျာ သတို့သားနှစ်ယောက်တို့သည် ကိုယ်လုံးကိုယ်ပေါက်ဥပမိရုပ်အားဖြင့် သန့်ပြန့် ခန့်ညားကြသည်ချင်းလည်း

www.dhammaransi.com



တူကုန်၏။အရုပ်အမောင်းမှာလည်း မတိမ်းမယိမ်းပင်ဖြစ်ကုန်၏။ ဆိုစရာရှိသည်ကား အသားရောင်နှင့် မျက်နှာအချိုးအစားဖြစ်၏။ အရှင်မောဂ္ဂလာန်လောင်းလျာ ကောလိတ သတို့သားထက် အရှင်သာရိပုတ္တရာလောင်းလျာဥပတိဿက ပို၍နှာတံသွယ်၊နား ရွက်လည်းအနည်းငယ် ပို၍ရှည်လျားသည်။ အသားအရောင်မှာ လည်း ကောလိတကဲ့သို့ညိုစိမ့်စိမ့်မဟုတ်လေပဲ ရွှေရည်ဖြင့်သုတ် လူးထားသည့်အလား ဝင်းနေ၏။ ကောလိတကား အသား အရောင် စိမ်းသည်၊ မျက်နှာဝိုင်းစက်ပြီး နှာခေါင်းအနေအထား မှာ ဥပတိဿလောက်မချွန်ချေ။ ကိုယ်အနေအထားမှာ ဥပတိဿ နှင့်မတူလှ။ လုံးကျစ်သည်။ ဖွံ့ထွားသည်။ဥပတိဿကား အနည်း ငယ်ကိုယ်အနေအထား ပြားသယောင်ထင်ရသည်။ နဖူးပြန့်ပြန့်၊ နားရွက်ကားကားချင်းကား အလွန်ကြီး မထူးခြားလှချေ။

ရေချိုးပြီးသောအခါ အရှင်သာရိပုတ္တရာ လောင်းလျာက ရွှေထမ်းစင်နှင့်လူပျိုတော်သားငါးရာ ခြံရံလျက်ငင်း၊ အရှင် မောဂ္ဂလာန်လောင်းလျာက မြင်းရထားစီး လူပျိုတော်သား ငါးရာခြံရံလျက်ငင်း၊ ပြန်ကြလေသောအခါ လူတို့သည် လမ်း တလျှောက် ဝဲယာနှစ်ဖက်ယှက်လျက် မင်းညီမင်းသားများ ထွက်တော်မူလာသည့်အခါမျိုးကဲ့သို့ အမြတ်တနိုး ကြည့်ရှုကြရ ကုန်၏။

သူတို့ ဌာနေသို့ ပြန်ရောက်သွားကြပါလေပြီ။ ထိုဌာနေကား သူတို့နေရာအိမ်ဂေဟာ မဟုတ်။ မွှာနှစ်ရွာကြားက ဇရပ်ပင် ကြီးဖြစ်၏။ သူတို့နှစ်ယောက်ကား ဤဇရပ်ပင်ကြီးအောက် မှာသာ အနေများကြ၏။

www.dhammaransi.com



"ကဲ....ရောင်းရင်း ကိုတိဿ၊ မြစ်ဆိပ်တုန်းက မဆုံးသေးတဲ့ စကားကိုဆက်ပါအုံး" ဟု ကောလိတက တောင်းပန်ခြင်းပြုလေသောအခါတွင် ဥပတိဿက ပြုံး၍-

"ဟဲ....ဟဲ....ရောင်းရင်းကကော အိမ်ထောင်ရေးကို သဘောကျနေသည် ထင်ပ"

"ကျသည်ပဲဆိုပါတော့၊ ဒါပေတဲ့ အကျွန်ကျနည်းကတမျိုးပါ။ ကဲ....ဆက်ပါအုံးလို့" ဟူ၍ ကောလိတက ထပ်ဆင့်၍ တောင်းပန်လိုက်ပြန်၏။ ထိုအခါ အရှင်သာရိပုတ္တရာလောင်းလျာက မပြီးပြတ်ခဲ့သော အိမ်ထောင်ရေးဇာတ်ကွက်ကို ဆက်လေသည်ကား-

"သည်လို ရောင်းရင်းငဲ့၊ အကျွန်ုပ်မိဘနှစ်ပါးက ခုတလောဘာ့ကြောင့်များ ရေးကြီးသုတ်ပျာဖြစ်နေကြတယ် မပြောတတ်ပါဘူးဗျာ။ တနေ့လဲ မဟုတ်၊ နှစ်နေ့လဲ မဟုတ်၊ နေ့ရှိသမျှဆိုပါတော့၊ အိမ်ထောင်ပြုပါတော့၊ အိမ်ထောင်ပြုပါတော့ လို့ချည်း တိုက်တွန်းနေကြတယ်"

"ဒါဟာ အကြောင်းတခုခုတော့ ရှိရမယ်။ ညီတော်မောင်ဥပသေနက သူမိန်းမလိုချင်တာနဲ့ ရောင်းရင်းကို အလျင်အိမ်ထောင်ပြုနိုင်အောင် မိဘများကို တိုက်တွန်းလို့လား။ ဒါမှမဟုတ် ဟို မိစ္ဆာလာတို့ကများ (စကားမဆုံးမီ) လက်ကာလျက်-

"သူတို့ကိုတော့ ထည့်မတွက်နဲ့။ သူတို့ပယောဂ ဟုတ်ကို မဟုတ်ဘူး။ သူတို့က ပရိဗိုဇ်မတောင် လုပ်ချင်နေကြတာ။ အိမ်ထောင်ရေးကို စိတ်ကူးနဲ့တောင် ထည့်တွေးကြတာမှုတ်ဘူး"

www.dhammaransi.com



"အပျိဇာတာများ ပါနေကြရော့လား"

"ဒါက သူတို့ကိစ္စပါ။ သူတို့ကိစ္စကို သူတို့ကံက စီမံကြမှာပ။ ခုခက်နေရတာက ကိုယ့်ကိစ္စ။ ကိုယ့်ကိစ္စကို ကိုယ့်ကံက စီမံရာကို မခံရပဲ မိဘကစီမံနေတယ်။ မိန်းမယူဘို့၊ အိမ်ထောင်ပြုဘို့ချည်း တတွတ်တွတ်နားချတိုက်တွန်းနေတာဟာ နားပွန်းလုမတတ်ပဲ"

"ဒါဖြင့် ယူလိုက်ပါလား"

သဘောရင်းကို သိလိုသည့်အတွက် အရှင်မောဂ္ဂလာန် အလောင်းက တီးခေါက်ကြည့်လိုက်သောအခါ အရှင်သာရိပုတ္တ-ရာအလောင်းမှာ သိသိသာသာကြီးမျက်နှာပျက်သွားလေသည်။

"ဩော်၊ ရောင်းရင်းကပါ အကျွန်ုပ်ကို ချောက်ထဲတွန်းချနေမှုကိုး" ဤသို့ မျက်နှာထားတည်တည်နှင့် ပြောလိုက်သည်တွင် ကောလိတ နှစ်ခိုက်သွားဟန်ဖြင့် ပြုံးလာသည်။

"အခုလို အိမ်ထောင်မပြုလိုတဲ့အမှုအရာ သိရတာ အများကြီးဝမ်းသာပါတယ်။ အကျွန်ုပ်မှာလဲပဲ ရောင်းရင်းပြဿနာမျိုးနဲ့ အပူတိုက်ခြင်း ခံနေရတယ်လေ။ နေ့စဉ်လိုလိုပဲ အကျွန်ုပ်ကလဲ တွင်တွင်ငြင်း၊ သူတို့ကလဲ အတင်းမိန်းမယူဘို့ချည်း နားပူနာဆာလုပ်နေတော့ နားပူမှုသက်သာ သက်သာဆိုပြီး ကြိုက်တာတွေ့ယင် ယူမယ်ဗျာလို့ ပြောလိုက်တာပ"

"ဟင်း"

ဤတွင် အရှင်သာရိပုတ္တရာလောင်းလျာသတို့သားမှာ 'ဟင်' တလုံးနှင့် ယူကျုံးမရသောအသွင်မျိုး ရုတ်ခြည်းဖြစ်ပေါ်လာ

www.dhammaransi.com



သောကြောင့် ရွှေလိုဝင်းနေသောမျက်နှာပြင်ပေါ်ဝယ် အနီရောင်သွေးကြောကလေးများပင် သန်းလာလေတော့သည်။

"ဩြော်၊ ရောင်းရင်းက ကြိုက်တာတွေ့တဲ့တနေ့မှာ မိန်းမယူတော့မှာကိုး" ဟု ဆို့နင့်သံနှင့် ဆိုနေသည်ကို ကောလိတက အမှတ်တရသတိထားမိလိုက်သည်။

"သည်လိုမှ မပြောလိုက်ယင် နားပူတိုက်လို့ဆုံးမှာ မဟုတ်တော့ဘူး။ နားအေးအောင်ဆိုပြီး ပြောလိုက်ရတော့တာပ။ အကျွန့်အနေနဲ့က မိန်းမဆို အရင်ကလဲ မကြိုက်၊ ခုလဲ မကြိုက်၊ နောင်လဲ ဘယ်တော့မှ ကြိုက်မှာမဟုတ်လေတော့ မိန်းမယူဘို့ပြဿနာ ဘယ်မှာပေါ်လာနိုင်ပါတော့မလဲ"

ဤသို့နှစ်ယောက်သား အိမ်ထောင်ရေးပြဿနာကို စိတ်ဝင်စားစွာ ဖြေရှင်းနေကြစဉ် သူတို့နောက်တွင် မယ်တော်ကြီးရူပ-သာရီရောက်လာသည်ကိုပင် သူတို့မသိကြကုန်။ ရူပသာရီသည် ချောင်းသံမျှမပေးပဲ သူတို့စကားကို စိတ်ဝင်စားစွာ ရပ်၍ နားထောင်နေပြီး သူတို့ စကားပြတ်၍ ရပ်တံ့သွားသည့် အခိုက်တွင်--

"ကဲ၊ သားတော်တို့ သားရေးမယားရေးစကားတွေ ပြောရတာ တော်တော်မောသွားကြပြီထင်ပါ့။ အမောပြေသွားအောင် ဟောဒီသစ်သီးကလေးများ သုံးဆောင်လိုက်ကြပါအုံး" ဟု ဆိုပြောလိုက်သောမိခင်ကြီး၏အသံအောက်တွင် နှစ်ယောက်စလုံး ကြောင်စီစီကြီး ဖြစ်ကုန်လေ၏။

www.dhammaransi.com



"မယ်တော် ဒီကို ရောက် ရောက်နေတာ "

"မကြာသေးပါဘူး။ မိန်းမယူဘို့ မိဘက နားပူတိုက်နေကြတယ်ဆိုတုန်းကမှ ရောက်တာပါ" ဤသို့ဆိုလေ နှစ်ယောက်သားမှာ မျက်လုံးပြူးလေဖြစ်ကုန်သည်။ တယောက်မျက်နှာတယောက်ကြည့်လိုက်၊ မိခင်ကိုကြည့်လိုက်နှင့် မျက်နှာမထားတတ်အောင်ဖြစ်နေသည်။

"ကျွန်တော်တို့ အပျော်အပျက်ရယ်မောစရာတွေ ပြောနေတာပါ မယ်တော်" ဟူ၍ အရှင်သာရိပုတ္တရာလောင်းလျာက မိခင်ကို ဖြေသိမ့်သော်လည်း ပါးစပ်ဖြဲကတည်းက အူထဲအထိမြင်ထားသော ရူပသာရီမိခင်ကြီးက-

"ကဲ....ဘာမှ ရှက်ကိုးရှက်ကန်း ဖြစ်နေစရာ မလိုဘူး။ စားမှာသာဖြောင့်ဖြောင့်စားကြ။ သားသားတို့စကားကိုပဲ မယ်တော်က ဆက်လိုက်ရအုံးမယ်။ မိန်းမယူဘို့ အေးအေးသာသာနှင့် တိုက်တွန်းလို့ရယင်ရ၊ မရတဲ့အဆုံးမှာ နှစ်ယောက်စလုံးကို ကြိုးနှင့်တုပ်ပြီးမယားပေးစားရမှာပဲ။ ဒီကိစ္စက မောဂ္ဂလိတို့လင်မယားနဲ့တိုင်ပင်ပြီးလုပ်တဲ့ ကိစ္စ။ နှစ်ယောက်စလုံးကိုတပြိုင်ထဲမိန်းမပေးစားပြီး မြေးနှစ်ယောက်ကိုအတူတူထိန်းကြဘို့ကိုပါ တွက်ကိန်းချထားကြတာ" ဆိုလေသောအခါလောင်းလျာသတို့သားနှစ်ဦးတို့မှာ မျက်လုံး ပြူးသည်ထက်ပြူးလာကြကုန်၏။

"ဟင်....ခက်ကပြီ" သံပြိုင်တွတ်တွတ် နှုတ်မှ ပြိုင်တူထွက်သွားလေသတည်း။

www.dhammaransi.com

## ပွဲမကြည့်တတ်လျှင် တဏှာ
## ကြည့်တတ်လျှင် ဘာဝနာ

သို့သော် ထိုအချိန်တွင် ရာဇဂြိုဟ်မြို့တော်၏အသွင်မှာ အယုဇ္ဈပူရိန် တာဝတိံသာဘုံပုံကိုပင် ဂုဏ်ခံနိုင်လောက်စရာ ရှုမဆုံး အောင်အစွမ်းကုန်လှပတင့်တယ်လျက် ရှိနေ၏။

အကြောင်းသော်ကား ဤရာသီကား တောင်ထိပ်သဘင် နှစ်စဉ်ကျင်းပမြဲရာသီ မဟုတ်ပါလော။ ထို့ကြောင့်လည်း ရာဇဂြိုဟ်ပြည်ကြီးသခင် ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ ရွှေဘုန်းတော်အောက်တွင် တန်ဆာဆင်ထားသော ရာဇဂြိုဟ်မြို့တော်ကြီးမှာ နတ်မြို့တော်လောက်နီးနီး ရှုမငြီးနိုင်စရာဖြစ်လာသတည်း။

တောင်ငါးလုံးကာခိုသော ရာဇဂြိုဟ်ဆိုသည်နှင့်အညီ မြို့တော်ကို ကာရံထားသည့်ပမာ၊ သဘာဝအားဖြင့်ရံလျက်တည်နေသော ဂိဇ္ဈကုဋ်တောင်၊ ဝေဘာရတောင်စသော တောင်ငါးလုံးအနက် တနှစ်လျှင်တတောင်ကျစီ အဓိကဦးတည်လျက် တောင်ထိပ်သဘင်ကို ဆင်ယင်ကျင်းပမြဲ အစဉ်အလာရှိသည့်အတိုင်း ဤနှစ်အဖို့တွင် ဣသိဂိလိတောင်၏အလှည့် ရောက်လေသည့်အလျောက် ထိုတောင်တခုလုံးကို မီးရောင်ဖြင့် ခြယ်မှုန်းထားလေသည်။

တောင်အောက်တခွင်ဆိုပြန်လျှင်လည်း ဣသိဂိလိတောင်ထိပ်မှ အောက်ကိုကြည့်သော် မြေကြီးထဲက ကြယ်ကလေးတွေ ပြိုးပြိုး

www.dhammaransi.com



ပြက်ပြက် တလက်လက်ထွက်နေသကဲ့သို့ ထင်ရသည်။ အထူးသဖြင့် တောင်၏အောက်ခြေမှစ၍ ခရုပတ် ပတ်လျက် အထက်သို့ အဆင့်ဆင့် မီးပွင့် မီးအိုး အမျိုးမျိုးတို့ဖြင့် ထွန်းညှိထားသည် ဖြစ်ရာ တောင်ကို မီးနဂါးကြီး ခွေပတ်ထားလေသလားဟု ထင်မှားစေလေသည်။

လောင်းလျာသတို့သားနှစ်ယောက်တို့သည် ညအခါများတွင် တောင်ထိပ်သဘင်သို့ ရောက်လာလေ့ရှိကြရာ သူတို့အနေဖြင့် ပွဲလမ်းသဘင်ကို ခံမင်နှစ်ခြိုက်၊ အပျော်အပါး လိုက်စားလိုကြသောကြောင့်ကား မဟုတ်ချေ။ "လူစည်ကားသည့်နေရာဆိုလျှင် သူတို့ကြိုက်သော ဖူးစာရှင်များ တွေ့လိုတွေ့ငြား" ဟူ၍ မိဘများ၏ စေတနာဦးတည်ချက်အရ မထွက်ချင်ထွက်ချင်နှင့်ပင် အိမ်က ထွက်လာခဲ့ကြရခြင်း ဖြစ်၏။

ရူပသာရီမယ်တော်ကြီးမှာ သားသမီးများသူ ဖြစ်သောကြောင့် သူငယ်ချင်းမ မောဂ္ဂလိထက်ပင် သားသမီးများအား နေရာချထားရေးအတွက် ပို၍ ကြောင့်ကြဗျာပါဒများသူ ဖြစ်၏။ သည် တောင်ထိပ်ပွဲတော်ကြီးကို အကြောင်းပြု၍ သားသမီးများထဲက တယောက်တလေဖြစ်စေ၊ အကုန်လုံးပဲဖြစ်စေ သူတို့ မြတ်နိုးသူနှင့်တွေ့ပြီး အိမ်ထောင်ကျလျှင် ကောင်းလေစွဟူသော တောင့်တချက်ဖြင့် မသွားချင်လျှင် သွားချင်စိတ် ပေါက်လာအောင် အတင်း တိုက်တွန်း၍ လွှတ်လေသည်တွင်—

"သားရေ၊ မောင့်နှမကလေးများလဲ အင်မတန် သနားစရာကောင်းလှပါတယ် သားရယ်။ သူတို့ခမျာ အိမ်ထဲမှာ ဝဋ်ကုပ်

www.dhammaransi.com



ကုပ် ခြေချုပ်မိနေသလိုပဲမို့ ငါ့သားများနဲ့အတူ မိစာလာတို့ ညီအစ်မကိုလဲ ခေါ်သွားကြအုံးမှပေါ့။ မောင်နှမတစု ပျော်ပျော်ပါးပါးသွားကြတာ ကောင်းပါတယ် သားရယ်”

ဤသို့ မိမိကိုသာ ချော့ချော့မော့မော့နှင့် တောင်ထိပ်ပဲ့သို့ လွှတ်ရာတွင် ညီအစ်မသုံးယောက်ကိုပါ အဆစ်ထည့်လိုက်သဖြင့် အရှင်သာရိပုတ္တရာလောင်းလျာမှာ မိခင်၏သြဇာကို မလွန်ဆန်သာပဲ ညီမသုံးယောက်ကိုပါ ခေါ်ခဲ့ရလေ၏။

ထိုအခါ တောင်ရိပ်အောက်သို့ ရောက်သွားသည်ဆိုလျှင်ပင် အထက်လွှာအဆင့်မှ ပေါက်ပွားလာကြကုန်သော ကာလသမီး၊ ကာလသားများက အရှင်မောဂ္ဂလာန်၊ အရှင်သာရိပုတ္တရာလောင်းလျာနှင့် ညီတော်နောင်တော်တို့မှာ အမျိုးသမီးများ၏ ဝူးရှုတောက်ပသောမျက်လုံးများအောက်တွင် ရောက်ရှိနေကြပြီး ညီအစ်မသုံးဖော် စာလာ၊ဥပစာလာ၊သီသုပစာလာတို့မှာလည်း အစ်ကိုကာလသားတို့ ပစ်လွှတ်လိုက်သည့် မျက်လုံးတည်းဟူသော မြားဒဏ်ကို ခံနေကြရရှာကုန်၏။

“ဒေဝဋ္ဌရာ နတ်ကညာဆိုတာကို မမြင်ဘူးယင် ဟောဟိုမှာ ဥပတိဿရွာက သူကြွယ်သမီး ညီအစ်မသုံးဖော်ကိုသာကြည့်ကြ” ဟူ၍ သမီးကိုချီးမွမ်းသူကလည်း ဒုနှင့်ဒေး။

“ဟိုဟာ ကောလိတရွာက သူကြွယ်ရဲ့သား။ ဒီဘက်က ညီအစ်ကိုလေးယောက်ထဲက ဟိုအကြီးဆုံးဟာ ဥပတိဿတဲ့။ ဒီဘက်အစွန်ဆုံးကဟာကတော့ ညီအငယ်ဆုံး ကိုရေဝတဆိုပဲ။ လိစ္ဆဝီမင်းသားတွေ ချောတယ်၊ လှတယ်၊ ဥပမိရုပ်ခန့်ညား

www.dhammaransi.com



တယ်ဆိုတာလောက်တော့ ဒီညီနောင်တသိုက်က အမှိုက်လို့ထင်ကြမှာ”ဟု သားများကို စိတ်ဝင်စားသူက မရှား။ မယ်တော်ရူပသာရီနှင့် မောဂ္ဂလိပုဏ္ဏေးမတို့၏ စီမံချက်မှာ အကျိုးသက်ရောက်မှုများစွာ အလားအလာရှိသည်ဟူ၍ပင် ဆိုစရာဖြစ်ဘိတော့၏။

သည်လိုနှင့်ပင် မိခင်များ၏စီမံတိုက်တွန်းချက်အရ တောင်ထိပ်ပွဲသဘင်သို့ အဆွေတော်ကောလိတနှင့် သူတို့မောင်နှမ(၇)ဖော်တို့ ပွဲလာကြည့်ကြရသည်မှာ သည်နေ့ဆိုလျှင် (၃)ရက်မျှရှိသွားပြီဖြစ်သော်လည်း သူတို့အထဲမှ တယောက်တလေမျှပင် အိမ်ထောင်ရေးဘက်သို့ စိတ်ကွက်မိလာသူ မရှိချေ။

ပွဲကြည့်ရာတွင် အများလည်း မြင်သာအောင် ဇာတ်စင်၏ဝဲဘက် ခါးလွယ်ခုတ်လောက်တွင် နေရာသီးသန့်စီမံထားလေရာ အချို့တို့မှာ ပွဲထက်ပင် သူတို့မောင်နှမတစုကိုသာ အာရုံပြုမိနေကြ၏။ ပွဲကြည့်ပုံအစီအစဉ်မှာ ညီအစ်မသုံးဖော်ကို ရှေ့ဆုံး၊ အလယ်၌ထားကာ မောင်ဖြစ်သူများက ဘေးမှရံကြသည်။ အရှင်မောဂ္ဂလာန်လောင်းလျာနှင့် အရှင်သာရိပုတ္တရာလောင်းလျာတို့ကား ညီမသုံးဖော်၏နောက်မှ ရံလျက်ကြည့်ကြသည်။ ၎င်းတို့၏နောက်မှ လူပျိုတော်သားများက ရံလျက်ကြည့်ကြကုန်သည်။ သို့ဖြစ်လေရာ ဤပွဲခင်း၏လက်ဝဲဘက်အစွန်သည် သူတို့ပရိသတ်အတွက်သက်သက်ကဲ့သို့ ဖြစ်နေတော့၏။

ဇာတ်ကပြရန်နေရာကို သီးခြား အကာအရံများပြုလုပ်ထား၏။ (ဤခေတ်အလို ဇာတ်ရုံဟု ဆိုပေမည်။) ဇာတ်ခုံပေါ်၌လှုပ်ရှားကပြနေသူများကို အထင်းသားမြင်သာအောင် အလင်းရောင်များ ပေးထား၏။ အလင်းရောင် ပေးနည်းမှာလည်း

www.dhammaransi.com



ထိုခေတ်အလျောက် ပြောင်မြောက်သည်ဟု ဆိုရမည် ဖြစ်၏။ ဇာတ်ခုံဘေးတဘက်တချက်မှရင်း၊ အထက်မှရင်း ထိုခေတ်တွင် အသုံးပြုသောမီးခွက်မီးအိုးများကို ထွန်းညှိထားပြီး မီးကို မမြင်ရအောင်ရှေ့မှကွယ်ကာထားလေသည်။ သို့ကြောင့် ဇာတ်ခုံပေါ်မှာသာ အထင်းသားလင်းထိန်နေပြီး မီးကိုကား မမြင်ရချေ။

ပွဲမှာ တနေ့တမျိုး ရှုမရိုးအောင်ပြောင်းလဲ၍ ပြလေ့ရှိ၏။ ပြဇာတ်ဆန်ဆန်တကွက်ပြီးတကွက်၊ တခန်းပြီးတခန်း၊ အဆန်းတကြယ်ပြလေ့ရှိ၏။ ဤနေ့ပြကွက်များသည် ပို၍သွက်လက်သယောင်ထင်ရသည်။ လောင်းလျာသတို့သားနှစ်ဦး ဖြစ်ကြသော ဥပတိဿနှင့်ကောလိတတို့မှာ အစပထမတွင် နှစ်ဦးစလုံး ရွှင်တပျပျနှင့် ရှိနေကြရာမှ ပြကွက်တခုသို့ အရောက်တွင် နှစ်ယောက်စလုံး တည်ငြိမ်သွားလေ၏။

ထိုပြကွက်ကား ဘဝခံစားချက်သရုပ်ဖော်ပြကွက်ဟု ဆိုနိုင်၏။ ထိုပြကွက်မှာ ဖခင်ဖြစ်သူ လယ်သမားကြီးအား ထွန်တုံးကြားက မြွေကိုက်လိုက်သဖြင့် ရုတ်တရက်သေဆုံးသွားသောကြောင့် သားသမီးဆွေမျိုးသင်္ဂဟများက ကျိုးပြိုသလိုငိုယိုမြည်တမ်းကြသောအခန်း ဖြစ်လေသည်။ လောင်းလျာသတို့သားနှစ်ဦးတို့မှာ ဤရှုကွက်ကြောင့် စိတ်၌ခံစားချက်ဖြစ်ပေါ်လာကြဟန်တူ၏။ တဟင်းဟင်းနှင့် သက်ပြင်းကြီးတချချ ဖြစ်လာကုန်လေ၏။ တဦးကိုတဦး စကားဆိုပြောခြင်း မရှိ။ အသံသည် တိတ်ဆိတ်သွားလေ၏။ စိတ်ထဲက မေးခွန်းထုတ်နေကြလေပြီ။

"သေတာ ဘာ့ကြောင့်လဲ"

www.dhammaransi.com



မြွေကိုက်လို့ဟု ဖြေကြပေမည်။ ထိုအဖြေမှာ မှန်သင့်သလောက်သာ မှန်သည်။ အနှစ်အသားကျကျမမှန်ချေ။ စင်စစ်မူကား မြွေသည် အလကားကိုက်သည် မဟုတ်။ ကိုက်စရာရုပ်ကောင် နာမ်ကောင်ကြီးရှိ၍သာ ကိုက်ခြင်းဖြစ်သည်။ ကိုက်စရာမရှိလျှင် ထိုမြွေသည် ဘာကိုကိုက်မည်နည်း။ လူတွေသေသေနေခြင်းမှာ သေစရာရှိ၍သာ သေကြသည်။ သေစရာ ဤရုပ်ကြီး ဤခန္ဓာကိုယ်ကောင်ကြီး မရှိခဲ့သော် အသို့သေမည်နည်း။

ဤအတွေးညွန့်ဗွက်ထဲတွင် နှစ်ယောက်စလုံး နစ်နေ၏။ အချင်းချင်း စကားဆိုပြောဘို့ထား၍ တဦးကိုဘဦး လှည့်၍ပင် မကြည့်မိကြပဲ အတွေးထဲ၌ မြုပ်နေကြ၏။

နောက်တခန်းကား မင်းသမီးမင်းသား နှစ်ပါးသွားအခန်းဖြစ်လေသည်။ နှစ်ပါးသွားအကသည် ကြွကြွရွရွရှိလှ၏။ အမြင်ပသာဒလည်း ရင်သပ်ရှုမောလောက်အောင်ပင် လှ၏။ ကကြိုးကကွက်မှာလည်း မက်မောစရာ ညက်ညောလှ၏။ သီဆိုမှုများမှာလည်း သမုဒ္ဒယပြောင်းဆန်အောင် ကြောင်းမတန် နားဝင်ချိုလှ၏။

ထို့ကြောင့် ပရိသတ်၏စိတ်သည် ငါးများချိတ်တွင် မိနေသောငါးပမာ ထိုပြကွက်မှ ရုန်းထွက်၍ မရတော့ကုန်။

ဥပတိဿသည် ထိုပြကွက်ကြည့်ယင်းမှ မင်းသမီးမင်းသား နှစ်ပါးသွားအသွင်ပျောက်ကာ အရိုးပဒေသာတွေကနေသည်ဟု မြင်သာလေသည်။ ကောလိတကလည်းတမျိုးမြင်နေ၏။ သူကား ပွဲကြည့်ပရိသတ်ဘက်သို့ မျက်စောင်းထိုးလေသည်။ အရိုးစုတွေ တလှုပ်ရှားရှားနှင့်ကနေသည်ကို အရိုးစုများကကြည့်နေကြသည့်

www.dhammaransi.com



အသွင် ထင်လာသည်။ ထိုအခါ "ဟင်းကန်" သက်ပြင်းကြီး မှုတ်ထုတ်လိုက်သတည်း။

ဤနေ့ညကား သူတို့နှစ်ယောက်စလုံး ပြုံးရွှင်ခြင်းကင်းသောည ဖြစ်၏။ ပွဲအာရုံလွင့်ပါးကာ သေတရားဆီသို့သာ ဦးတည်နေကုန်၏။ ကြည့်ချင်စိတ် ကုန်ခန်းပြီး မြန်မြန်သာပြန်ချင်နေ၏။ သို့သော် ပွဲကြည့်ရန် အတူလိုက်ပါလာကြသည့် ညီငယ်၊ ညီမငယ်များကို ငဲ့ကွက်ကာ စိတ်မပါပဲလျက်နှင့်ပင် ပြီးဆုံးသည်အထိ ကြည့်နေကြရကုန်သတည်း။

အခမ်းမှာင်ဆုံးလျှင် အလင်းရောက်မြဲ ဖြစ်၏။ ဤနေ့ညပွဲခင်းရှုကွက်သည် သံသရာတလျှောက်လုံး မှောင်လာခဲ့သော သူတို့၏ အမှောင်တိုက်ကြီးကို တိုက်ဖျက်ဖို့ခွင်းပစ်မည့် ရောင်ခြည်ဦးပေတကား။

www.dhammaransi.com

## သားသမီးများအပေါ်၌ ထားရှိသော သာရိပုဏ္ဏေးမကြီးစေတနာ

ဥပတိဿရွာကြီး၏ အလယ်ခေါင်မှ အုတ်တိုက်ဟု ဆိုရမည့် အရောင်နှင့်ရဲရဲ အဆောက်အဦကြီး၏ ခေါင်းမိုးကို နေရောင်ထိုးလျှင်ပင် သားသမီးများ ပြန်လာနိုးနှင့် စားသောက်ဖွယ်များ အရံသင့်ပြင်လျက် မျှော်ကိုးနေသူမှာ မယ်တော်ကြီး ရူပသာရီ ဖြစ်ပေ၏။

သူသည် ခြွေရံသင်းပင်းများ စီမံဆောင်ရွက်နေကြသည်ကိုပင် အားမရနိုင်သည့်အလား၊ ဟိုသင်းလုပ်အုံး၊ သည်သင်းမျိုးကိုမှ သားကြီးကကြိုက်တတ်တာဟူ၍ နှုတ်မှတတွတ်တွတ်ပြောယင်းစီမံနေသည့်အခိုက်မှာပင် သားသမီးများ အိမ်ဝင်းခြံကြီးထဲသို့ ဆိုက်ရောက်လာလေတော့ရာ "ဟဲ့ မြန်မြန်လုပ်ကြ။ သားသားတို့၊ သမီးတို့ ပြန်လာကုန်ပြီ" ဟု လောဆော်လျက်ရှိနေချိန်တွင် သားကြီးသြရသကိုတိဿက ရွှေထမ်းစင်ပေါ်က ဆင်းယင်းမှပင် အထွေးဆုံးညီငယ် ရေဝတအား မှာကြားနေပါ၏။

"ညီချစ် ရေဝတ၊စားစရာရှိတာကို မင်းတို့မောင်နှမတတွေ စားကြပေတော့။နောင်ကြီးဒီနေ့မစားတော့ဘူးကွ။မယ်တော်က မေးယင် နောင်ကြီးအိပ်ရေးပျက်လို့ အိပ်နေတယ်လို့ပြောလိုက်"

www.dhammaransi.com



ဤမျှသောစကားဖြင့် မှာကြားလိုက်ပြီး မိမိအိပ်ခန်းဆောင်သို့သာ ဝင်သွားလေသောကြောင့် ရေဝတမှာ ကြောင်စီစီနှင့် နောင်ကြီးသွားရာကိုသာ ကြည့်နေမိလေ၏။ သမီး မစာလာတို့ ညီအစ်မသုံးဖော်တို့ကား လှေကားပေါ်သို့ တက်နေကြပြီဖြစ်၏။

ဤသည့်နောက်ပိုင်းအချိန်တွင်ကား သားကြီးသြရသမှလွဲ၍ ရူပသာရီတို့မိသားစုမှာ ထမင်းစားဝိုင်းတွင် မျက်နှာစုံညီနှင့် ရှိနေကြလေရာ အထွေးသားငယ်ရေဝတက အစ်ကိုကြီးမှာစကားကို မယ်တော်အား တဆင့်ဖောက်သယ်ချလိုက်သည်တွင် မိခင်ကြီးမှာ မျက်နှာပျက်သွားလေ၏။

"ဟင် လူကလေးကြီး နေထိုင်မကောင်းလို့များလား။ ဟဲ့ မိစာလာ၊ပွဲကြည့်တုန်းကညည်းတို့ မောင်ကြီးကို အကဲမခတ်မိကြဘူးလား" သမီးစာလာဘက်သို့ တဆက်တည်းမေးလေသောအခါ-

"မောင်ကြီး နေလို့ထိုင်လို့တော့ကောင်းပုံရပါတယ်။ ဒါပေတဲ့ အရင်နေ့ကလို မျက်နှာမရွှင်ဘူး။ မောင်ကြီးသာမဟုတ်ဘူး။ အစ်ကိုကောလိတရဲ့မျက်နှာလဲ တယ်မကောင်းလှဘူး။ သူတို့ချင်း တတောက်ကဆများဖြစ်ကြသလားမသိဘူး" ဟု သူ၏ထင်မြင်ချက်ကို စာလာကပြောပြလေသည်။ ဤတွင် သားလတ်ဖြစ်သူ မောင်စုန္ဒက စာလာ၏ယူဆချက်ကို ပျက်ပြယ်သွားစေလေ၏။

"ညီမနှယ်ကောသူတို့ချင်း ကတောက်ကဆဖြစ်ရမယ်လို့ကွာ။ မတွေးအပ်တာတွေကို ဘောက်မဲ့ကြောင့် တွေးချင်ရသတုံး။ သူတို့ချင်း သင့်သင့်မြတ်မြတ်ရှိကြပါတယ်မယ်တော်။ကျွန်တော်

www.dhammaransi.com



အကဲခတ်မိခဲ့သလောက်ဆိုယင် သူတို့နှစ်ယောက်စလုံး တခုခုကို နက်နက်ခဲနဲခနဲ အခတွေးစောနေကြတဲ့လက္ခဏာပဲ။ တချက် တချက် 'ဟင်းကနဲ' နှစ်ယောက်စလုံး သက်ပြင်းချကြဘာကိုလဲ ကျွန်တော် မျက်မြင်ပဲ။ ဘာဖြစ်လို့လဲလို့ မေးမယ်လုပ်ပါသေး တယ်။ ဒါပေတဲ့ နောင်ကြီးကိုမငဲ့ဘာနဲ့ကျွန်တော် မခမေးမိခဲ့ဘူး"

ထိုနောက် မယ်တော်ကြီးက ကောက်ချက်ချလိုက်သည်ကား– "အင်း သုံးညတောင်ရှိနေပြီဆိုတော့လဲ အိပ်ရေးပျက်လို့ဆိုတာ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်။ ကဲ သားတို့သမီးတို့သာစား ကြ။ မယ်တော်ကိုယ်တိုင် စီမံထားတာ။ မင်းတို့မောင်ကြီး အိပ်ရာ ထယင်စားဘို့အတွက် အဆင့်သင့် စီမံထားမယ်"

ဤသို့ စေတနာအပြည့်အဝဖြင့် သားသမီးများကို ကိုယ်တိုင် ကျွေးမွေးရသည်မှာ မိဘ၏အနှိုင်းအဆမရှိသော အရသာပင် တည်း။

"ကဲ စားယင်းသောက်ယင်းပဲ ပွဲအကြောင်းဘာအကြောင်း လေးလဲမေးပါရစေအုံး။ ပွဲကြည့်ရတာ တော်တော်ပျော်ခဲ့ကြရဲ့ လား။ နှစ်သက်မြတ်နိုးစရာများကော ဘာတွေတွေ့ခဲ့၊ မြင်ခဲ့ကြ သတုံး"

ဤမေးခွန်းအတွက် သူ ရယူလိုသောအဖြေကား ပွဲလမ်း သဘင်တွင် နှစ်သက်မြတ်နိုးစရာ ဖူးစာရှင်များ တွေ့ခဲ့သည်ဆို သောအဖြေပင်ဖြစ်လေသည်။ သို့သော် မျှော်လင့်သည်ကတခြား ကြားရသည့်အဖြေကား တမျိုး၊ စောက်ထိုးမိုးမျှော် ဖြစ်နေလေ ၏။ သမီးကြီးဖြစ်သူစာလာကဆိုလျှင်—

www.dhammaransi.com



"သမီးက ပွဲကိုလိုက်ချင်တာမှမဟုတ်ပဲ မောင်ကြီးကခေါ်လို့ သာလိုက်သွားရတာ။ ပွဲသဘင်မှာ ခင်မင်စရာဝေးလို့ ရှုပ်ရှုပ်ရှက်ရှက်နဲ့ မျက်စိတောင်နောက်သေးတယ်"ဟူသော တင်ပြချက်ကို ညီမတော်နှစ်ယောက်ကပါ အကြွင်းမဲ့ ထောက်ခံလိုက်သောကြောင့် မယ်တော်ကြီးမှာ "ဟင်း ငါ့မှန်းချက်နှင့် နှမ်းထွက်မကိုက်ပါကလား" ဟူ၍ သက်ပြင်းကြီးချလိုက်လေ၏။

"ငါက မွေးထားပါရက်နဲ့ ညည်းတို့က ငါ့သွေးမဟုတ်တဲ့အတိုင်းပဲ။ ငါ ငယ်ငယ်တုန်းကဆို ဒီအရွယ်မှာ သိပ်ပျော်တာပေါ့။ လူဖြစ်လာတာဟာ ပျော်ဘို့အပြင် ဘယ်နေရာမှာသွားပြီး အသုံးချမှာလဲ။ညည်းတို့ဟာ လူတောကိုမတိုးဘူး"ဟုဗျစ်တောက်ဗျစ်တောက်နှင့် မှန်းခြေမကိုက်တိုင်း မြည်တွန်တောက်တီးနေလေရာ သမီးလတ်ဖြစ်သူမဥက အရဲစွန့်၍ မိခင်ကို အတွန့်တက်ပါလေ၏။

"မယ်တော်က ပွဲတိုင်းကျော်သမီးတော်များကိုမှ လူတောတိုးတယ်လို့ဆိုလိုပါသလား"ဟု မေးလိုက်သောအခါ မယ်တော်ကြီးမှာ ခါးကိုအယားသီးနဲ့တို့လိုက်သလို တွန့်သွားလေ၏။

"ဟင်း ညည်းတို့မှာ ဆင်ခြေဆင်လက် တက်ဘို့ပဲတတ်တယ်"

ဤသို့မြည်တွန်ပြီးနောက် "သည်နည်းနှင့် မရလျှင် ထိုနည်းနှင့် ကိုင်ပြမယ်" ဟူသောအတွေးမျိုးဖြင့် မျက်နှာပိုးသတ်လိုက်ပြီး သားသမီးများအား ရတနာများ သိုလှောင်ထားရာ မြေတိုက်ကြီးထဲသို့ ခေါ်သွားလေ၏။

www.dhammaransi.com



"လာ ဘဏ္ဍာတိုက်ထဲကို လိုက်ခဲ့ကြ"

ဤသို့ ပြောပြော သွားသွား ဘဏ္ဍာတိုက်ကြီးထဲသို့ ခေါ် သွားလေသောအခါ သားသမီးများမှာ "ဒီနေ့ ဘာဖြစ်နေပါလိမ့်" ဟူသောအတွေးနှင့် နွေးနွေးကွေးကွေးလှမ်းကာ လိုက်ပါသွားကြရလေ၏။

မြေအောက်ဆိုသော်လည်း ကုန်ပေါ်တွင်တည်ဆောက်ထားသောတိုက်ကြီးနှင့်မခြား ဘဏ္ဍာတိုက်ကြီးမှာ ခမ်းနားကြီးကျယ်လှ၏။ စိန်ကြောင်နီလာ ရတနာမျက်ရွဲတို့ တခဲနက် စုပုံရာ ရတနာမျိုးစုံသိုက်နန်းကြီး ဖြစ်၏။

မယ်တော်ကြီးသည် ခြူပန်းခြူးနွယ်တို့ဖြင့် အဆန်းတကြယ်မှုန်းခြယ်ထားသော သေတ္တာကြီးတလုံးကို ဖွင့်လိုက်ပြီးနောက် သားသမီးများ အားကျစေရန်အတွက် အတွင်းက လုံးသေး၊လုံးကြီး၊ အသီးသီး၊အစားစားသော စိန်လုံးများကို မိမိလက်ခုပ်ဖြင့် ကျုံးယူလိုက်ပြီးလျှင်-

"မြင်ကြရဲ့လား။ ဒီစိန်တွေဟာ သမီးတို့၊ သားသားတို့အတွက် ကျက်သရေဆောင်ပစ္စည်းတွေပဲ" ဟု အားကျလာအောင်ပြလေသောအခါ သားသမီးများကား သူထောင်သောကွင်းကို မတိုး၊ ဘေးသို့သာ သဝေထိုးနေကြလေ၏။ မည်သူမျှ စိတ်ဝင်စားခြင်း မရှိလှ။ အငယ်ဆုံးသား မောင်ရေဝတကာဆိုလျှင် မိခင့်လက်ခုပ်ထဲကစိန်လုံးကြီးများကိုကြည့်ကာတွန့်ကနဲ ဖြစ်သွားလေ၏။

"အဲဒါတွေကြောင့် မယ်တော် ဆင်းရဲနေတာ"

www.dhammaransi.com



"ဟင် ဘာပြောတယ်။ လောကမှာ စိန်ရှိမှ၊ ရွှေရှိမှလူချမ်းသာခေါ်တာ။ ငါ့သားစကားက ပြောင်းပြန်ဖြစ်နေပါကော။ စိန်ရှိတာနဲ့ဆင်းရဲတယ်လို့ကွယ်။ ကြားကြားဘူးပေါင်။ ငါ့သားရူးများနေသလား"

"ကျွန်တော်မရူးပါဘူး။စိန်ရှိတော့တွယ်တာတယ်၊ တွယ်တာတော့ လုံခြုံအောင်ဆိုပြီး ခုလိုမြေတိုက်ကြီးတွေကိုတူး၊ သေတ္တာကြီးတွေလုပ်ရတာတွေဟာ ဒုက္ခ ဒုက္ခ ဆင်းရဲတွေမဟုတ်ပါလားခင်ဗျား" ဟု ဆိုလေသောအခါ ကျန်သော အစ်ကိုများနှင့်အစ်မတသိုက်တို့က "ဟုတ်တယ်၊ဟုတ်တယ်"ဟု လက်ခုပ်တီး၍သံပြိုင်ဩဘာပေးလိုက်သည့်အတွက် မယ်တော်ကြီးမှာ လက်ခုပ်ထဲကစိန်လုံးများကို ဘတ်ကနဲသွန်ချလိုက်ပြီး ဆောင့်ကြီးအောင့်ကြီးနှင့်ထွက်သွားလေ၏။ "နင်တို့တတွေဟာ တသက်လုံးလူစော်နံမယ့် သတ္တဝါတွေမဟုတ်ဘူး" ဟူ၍လည်း ပါးစပ်ကဗျစ်တောက် ဗျစ်တောက်နှင့် မြည်တွန် တောက်တီးသွားသောမယ်တော်ကြီးကို ကြည့်ကာ မောင်နှမ ခြောက်ယောက်တို့မှာငိုအားထက် ရယ်အားသန်ဖြစ်၍ ကျန်ခဲ့ကြလေ၏။

အချိန်မှာ သူရိန်နေဒေါင်းသည် အနောက်ကျွန်းဘက်သို့မျက်စောင်း ထိုးနေချိန်ဖြစ်လေသည်။ ထိုအချိန်တွင် ရွာနှစ်ရွာကြားက ညောင်ပင်ကြီးအောက်တွင် ကောလိတနှင့်ဥပတိဿတို့နှစ်ယောက်စလုံး ရောက်နေကြပြီဖြစ်သော်လည်း ခါတိုင်းကဲ့သို့စကားဆိုပြောခြင်းမရှိ။မှိုင်တိမှိုင်တွေနှင့်သာရှိကုန်၏။ ထို့ကြောင့်ညောင်ညိုရိပ်မှာ အသံဆိတ်လျက်ရှိနေ၏။ အတန်ကြာမှ အရှင်သာရိပုတ္တရာလှောင်းလျှာထံမှ အသံတသံ ထွက်လာလေသည်။

www.dhammaransi.com



"ရောင်းရင်း၊ ညကပွဲကြည့်တာ ဘာတွေမြင်ခဲ့တုံး"

"အသေကောင်တွေ မြင်ခဲ့တယ်"

ဤသို့ ဖြေလိုက်သောအခါ အရှင်သာရိပုတ္တရာလောင်းလျာမှာ-

"ဟာကနဲ"အံ့အားသင့်သွားရုံမက ချာကနဲကောလိတဘက်သို့ မျက်နှာလှည့်လိုက်လေသည်။

"ဘာ အသေကောင်တွေ မြင်ခဲ့တယ် ဟုတ်စ"

"ဟုတ်တယ်၊ ရောင်းရင်းကော ဘာတွေ့ခဲ့သတုံး"

"အလောင်းကောင်တွေ"

"ဟင်...."

ဤတွင်လည်း အမြင်ချင်း တူနေကြပြန်လေ၏။ ဤတွင် ညကပွဲခင်း၏ရှုကွက်မှာ အသက်တဖန် ပြန်ဝင်လာပြန်လေသည်။ အခြေအတင် အမြင်ချင်း ဖလှယ်နေကြလေပြီ။

"ညက တလှုပ်လှုပ် တရွရွနဲ့ ကနေကြတာကိုကြည့်ပြီး စိတ်ထဲမှာ တမျိုးကြီးဖြစ်လာတယ်၊ ကြည့်ယင်းကြည့်ယင်း ကနေတာကို ကနေတာလို့ မမြင်တော့ဘူး။ မင်းသမီး မင်းသားတွေပျောက်ပြီး အသေကောင်တွေဆီကို ရောက်သွားတယ်။ သြော် ကနေလိုက်ကြ၊ ဆိုနေလိုက်ကြတာ သူတို့ကိုယ်သူတို့ မသေတော့မယ့်အတိုင်းပဲ။ ငါ တနေ့မှာ သေရမှာပါကလားဆိုတာကို သူတို့ မတွေးမိကြဘူး"

"မှန်လိုက်လေ ရောင်းရင်း၊ အကျွန်လဲ သဟာကိုတွေးမိရာက ပွဲကြည့်လို့ မရတော့ဘူး။ အဲဒါကဆက်ပီးတော့ ဘယ်အထိ

www.dhammaransi.com



အတွေးစက်သွားသလဲဆိုယင် အသက်ရှိတာမှန်သမျှ သေမှာချည်းပဲ။ မသေခင် ဒုက္ခအမျိုးမျိုးနဲ့ တနေ့မတိုး တနေ့တိုးမိကြမှာချည်းပဲ''

''အဲ ဟုတ်ပြီ။ အကျွန်နဲ့ အတွေးချင်း တူလိုက်လေ။ အကျွန်က မိခင်ရဲ့ ဝမ်းခေါင်းကျဉ်းကျဉ်းကလေးထဲမှာ အောင်းနေရတာဆိုက်အောင် ဉာဏ်နဲ့ နှိုက်ကြည့်မိဘာ။ ဘယ်လိုမြင်လာသလဲဆိုတော့ ဗိုက်ခေါင်းထဲမှာ အူတွေက အခွေလိုက် အခွေလိုက်။ ပဋိသန္ဓေ နေတယ်ဆိုတာဟာ ဒီအူတွေကြားထဲမှာပဲနေရမှာ။ အူကြားထဲမှာ အသက်ရှူကြပ်အောင် ညှပ်နေရတဲ့ အပြင် ဟော မိခင်စားလိုက်တဲ့အစာသစ်တွေက ခေါင်းပေါ်ကို ပိ၊ အောက်ကို ကြည့်လိုက်ပြန်တော့ အစာဟောင်းတွေက မြင်လို့မကောင်း။ အဲဒီဗိုက်ထဲမှာ အောင်းနေရတာဖြစ်လေတော့ ရောင်းရင်းပဲ စဉ်းစားကြည့်၊ ပဋိသန္ဓေနေရတဲ့ ဆင်းရဲဟာ ဘယ်လောက်ကြီးလိုက်မလဲလို့။ အကျွန်တော့ အဲဒီလိုတွေးမိတဲ့ အချိန်ကစပြီး မိန်းမဘွေ့ရဲ့ဗိုက်ကို မြင်ယင် လန့်ချင်တင်တင် ကြက်သီးတဖြန်းဖြန်း ထထလာဘော့ဘယ်။ ပဋိသန္ဓေလောင်းတွေ အောင်းကြမယ့် ဗိုက်ပေကိုး''

''မှန်လိုက်လေ မှန်လိုက်လေ၊ အကျွန်လဲ အဲဒါကိုတွေးမိရာက အိပ်စက်လို့တောင် ကောင်းကောင်းမပျော်နိုင်တော့ဘူး။ သူများ မကြည့်ပဲ ကိုယ့်ကိုယ်ကို ပြန်ကြည့်မိလာတယ်။ ငါလဲ တနေ့ကျယင် သေရမှာပဲ။ အသေကောင်ပဲ။ ဘာပြုလို့သေသလဲ။ အသက်ရှိလို့ သေတယ်။ ဘာပြုလို့ ပျက်သလဲ။ ပျက်စရာရှိလာလို့ ပျက်ရတာယ်။

www.dhammaransi.com



သေစရာရှိလို့ သေရတယ်။ သေစရာမရှိယင် မသေဘူး။ ပျက်စရာ မရှိယင်လဲ မပျက်ဘူး။ အဲဒီလို အပြန်ပြန် အလှန်လှန် ကိုယ့်ဟာ ကိုယ် မေးကြည့်လိုက်၊ ဖြေကြည့်လိုက်လုပ်တော့ အဘယ်မှာလျှင် ပျော်ပိုက်စရာ၊ နှစ်ခြိုက်စရာ တွေ့တော့မှာလဲ။ တွေးဖန်များ လာတော့ ကိုယ့်ရုပ်၊ ကိုယ့်ခန္ဓာကြီးကိုတောင် စက်ဆုပ် လာတယ်''

''မှန်လေစွ မှန်လေစွ။ သူ့ရုပ် ကိုယ့်ရုပ်၊ ရုပ်ကောင်ဟူသမျှ စက်ဆုပ်စရာကြီးတွေချည်းပဲ။ အဲဒါကတဆင့်တက်ပြီး အတွေးက နက်မှန်းမသိ နက်နက်လာတယ်''

''အင်း အမိန့်ရှိပါအုံး၊ ဘယ်လိုများတုံး''

''တိုတိုကတော့ သေတာရှိယင် မသေတာလဲ ရှိရမယ်။ အဆင်းရှိယင် အတက်ရှိရမယ့် အဖြန်အလှန်သဘောပေါ့။ လူတွေ သေသေနေကြတာဟာ သေစရာရုပ်ကြီး ရှိနေလို့သာ သေကြ တာ။ ကမ္ဘာမြေကြီးဟာ အကျယ်ကြီးပဲ။ မသေတဲ့ဆေးဟာ တနေရာရာ၊ တချောင်ချောင်မှာ ကေန်ရှိရမယ်။ အဲဒါကို မတွေ့ တွေ့အောင် ငါရှာမယ် လို့။ အဲဒီမသေဆေးရှာဘို့အထိ အကျွန် တော့ဆုံးဖြတ်လိုက်ပြီ။ ရောင်းရင်းကော ဘယ်လိုကုံး''

''အကြံချင်းနှယ်တူမှတူတတ်ပလေတယ်။ အဲဒီအကြောင်းကို ရောင်းရင်းနဲ့တိုင်ပင်မယ်လို့ တွေးနေတာ။ ခုတော့ အတော်ပဲ။ သေခြင်းဆင်းရဲရှိလျှင် သေခြင်းကင်းရာလဲ ရောင်းရင်းပြော သလို တနေရာရာမှာတော့ ကေန်ရှိမှာပဲ။ မသေတဲ့ဆေးကို နှစ် ယောက်သား မတွေ့မချင်းရှာကြစို့''

www.dhammaransi.com



လောင်းလျှာသတို့သားနှစ်ယောက်တို့မှာ ရှေးရှေးသောဘဝများစွာက ဖြည့်ဆည်းပူးခဲ့ကြသော ပါရမီအဟုန် ပွင့်ခိုက်ကြုံလာသည့်အလျောက် တောင်ထိပ်ပွဲကိုကြည့်မိရာမှအစ သံဝေဂရကာ သူတို့နှစ်ယောက်စလုံးပင် အိမ်သို့ပြန်ကြပြီး မိဘနှစ်ပါး၏ရှေ့မှောက်တွင် ဒူးထောက်လျက် လက်အုပ်ချီမြှောက်ကာ ရဟန်းပြုရန် ခွင့်ပန်လေကုန်၏။

www.dhammaransi.com

# သေခြင်းကင်းတဲ့ နေရာ ဘယ်မှာ ရှိလေသလဲ

“နွားအုပ်ကြီးတအုပ်ကို နွားလားကြီးတကောင်က ဦးဆောင်၏။ ရှေ့ဆောင်နွားလား၊ အဖြောင့်သွားက၊ နောက်နွားတသိုက်၊ အဖြောင့်လိုက်၏။ ထို့အတူ ရှေ့ဆောင် နွားလား၊ အကောက်သွားသော် နောက်နွားတသိုက်၊ အကောက်လိုက်၏။

ထိုခေတ်၌နွားလားဥသဘကြီးများသဖွယ် လူတို့ကိုဦးဆောင်သော ဘာသာရေးခေါင်းဆောင်ကြီးများ အပြိုင်အဆိုင်ပေါ်ထွန်းလျက် ရှိနေလေရာ သဉ္စယခေါ်တွင်သော သိဉ္စည်းပရိဗိုဇ်ကြီးသည် ဘာသာရေးခေါင်းဆောင်အဖြစ် ထင်ရှားသူတဦး ဖြစ်လေသည်။

အရှင်သာရိပုတ္တရာလောင်းလျာဥပတိဿနှင့် အရှင်မောဂ္ဂလာန်လောင်းလျာ ကောလိတတို့သည် သေခြင်းတရားကို ကြောက်သောကြောင့် သေခြင်းကင်းရာကို ရှာကြရန်အတွက် ဆရာကောင်း သမားကောင်းကို ရှာကြရာတွင် သူတို့အကျိုးပေးကား အစွမ်းကုန်တံခါးဖွင့်မပေးသေးပေ။ ထိုခေတ်တွင် ဂေါတမရှင်တော်မြတ်ဘုရားကြီး အထင်အရှား ပွင့်ထွန်းနေပြီးဖြစ်ပါလျက် သူတို့၏ကံကမြတ်ဘုရားထံမှောက်သို့ တိုက်ရိုက်ရောက်အောင်မပို့လေပဲ သိဉ္စည်းဆရာကြီးထံသို့ ဆွဲခေါ်သွားချက်အရ ယခုအခါ

www.dhammaransi.com



တွင်မူ သူတို့နှစ်ယောက်စလုံးကား သိဥ္စည်းဆရာကြီး၏တပည့်များ ဖြစ်နေကြလေ၏။ ပရိဗိုဇ်ရဟန်းမျိုးတို့၏ အဝတ်သကန်းဖြင့်အသွင်ဘမျိုးဆန်းသဘ်နေကြပြီ ဖြစ်၏။

ထိုအချိန်တွင် သားသမီးအပေါ်တွင် သံယောဇဉ်ကြီးလှသောမယ်တော်ကြီး ရူပသာရီမှာကား သားအတွက်မျက်ရည်နှင့်မျက်ခွက်ဖြစ်နေရှာ၏။ သူ၏အနီးတွင် သားလတ်နှစ်ယောက်မောင်စုန္ဒ၊မောင်ဥပသေနနှင့် အထွေးဆုံးသားငယ် မောင်ရေဝတ၊သမီးကသုံးယောက်၊ မစာလာ၊ မဥပစာလာ၊ မသီသူပစာလာ၊ပေါင်းသားသမီးခြောက်ဦးစလုံးက သူ့ကိုရံလျက်ရှိကုန်၏။

"မင်းတို့အစ်ကိုကြီးတယောက်တော့ သွားရှာပြီ။ လမ်းလွဲကိုလိုက်သွားရှာပြီ။ငါ့သားသမီးများလဲ မင်းတို့အစ်ကိုကြီးလို မမိုက်ကြနဲ့"

ဤသို့ဆို၍ နင့်သံကြီးနှင့်ပြောလည်းပြော၊ ငိုလည်းငို၊ မျက်ရည်ဘစိုစိုနှင့်ဖြစ်နေရှာ၏။ သူ့အနေဖြင့် "မင်းတို့အစ်ကိုကြီးလိုမမိုက်ကြနဲ့" ဟု ဆုံးမဩဝါဒပေးခြင်းမှာ အလွန်သဘာဝကျနေ၏။ အကြောင်းသော်ကား သူသည် မိစ္ဆာဒိဋ္ဌိ အယူရှိသူတယောက် မဟုတ်ပါလော့။ ထိုကြောင့် သူ့အနေဖြင့် ရဟန်းအလုပ်ကို မှားသောအလုပ်၊ အလုပ်မှား၊ လမ်းမှားဟု စွဲမှတ်ယုံကြည်ထားသောကြောင့် ဤအလုပ်ကို အဘယ်မှာလျှင် နှစ်မြို့နိုင်ပါမည်နည်း။

သို့ပါလျက်လည်း မေတ္တာဟူသည် ခွင့်လွှတ်နိုင်ခြင်းပင်မဟုတ်ပါလော့။ အသဲနှစ်အောင်ချစ်ခဲ့ရပါသော သားကြီးဩရသား "ရဟန်းပြုပါရစေမယ်တော်"ဟူ၍ ခယယ အတန်တန်တောင်း

www.dhammaransi.com



ပန်သည်ကို ''ငါခွင့်မပြုနိုင်''ဟု ဆိုလိုက်ခဲ့သော် သားကိုချစ်ရာ ရောက်ပါဦးမည်လော့။ သို့ကြောင့် ခွင့်မပြုရက်ပါပဲလျက် အသဲနှင့်နှင့်နှင့်ပင် ခွင့်ပြုလိုက်ရခြင်း ဖြစ်၏။

အိမ်မှထွက်ခွာလာခဲ့စဉ်က မျက်ရည်စက်လက်ဖြင့် ကျန်ရစ်ခဲ့ရှာသော မယ်တော်၏မျက်နှာကို သားကြီးသြရသ ဥပတိဿကလည်း ပုထုဇဉ် အမျှင်ဘန်းလန်းနှင့်မို့ မြင်ယောင်မိနေပါ၏။ သို့သော် သံသရာဘလျှောက်လုံး ဘဝထည်လဲနှင့် သေလာခဲ့ရသည်ကို နောက်ထပ်မသေလိုတော့သဖြင့် မယ်တော်နှင့်ညီငယ်ညီမငယ်များအား ချစ်လျက်နှင့် ရုန်းထွက်ခဲ့ရသဖြင့် ထွက်ရကျိုးနပ်အောင် သေခြင်းကင်းရာကို အပူတပြင်းရှာကြံနေလေ၏။

သိဥ္စည်းဆရာကြီးထံမှမသေဆေးဝါ၊သေခြင်းကင်းနည်းနိဿရည်းကို ရရှိလိမ့်မည်ဟု မျှော်လင့်ခြင်းကြီးစွာဖြင့် ကောလိတနှင့်စိတ်တူ၊ သဘောတူချဉ်းကပ်ခဲ့ကြ၏။ ဆရာကြီးကလည်း သူတတ်သမျှ မှတ်သမျှ နည်းနာနိဿယများကို ဆရာ့လက်ဆုပ်မချန်ပဲ အိတ်သွန်ဖာမှောက်ဆိုသလိုပင် ပေးရှာလေသည်။

သို့သော် အားကိုးရကျိုးကား မနပ်လေ။ ဆရာကြီးသိဥ္စည်း၏သေတပင်သက်ဆုံး ကြိုးစားပန်းစား ဆည်းပူးလာခဲ့သောပညာရပ်များသည် ပါရမီထူးချွန်သူများဖြစ်သည့်အလျောက် နှစ်ရက်သုံးရက်လောက်နှင့် ပြီးမြောက် ကုန်ဆုံးသွားပြီဖြစ်သော်လည်း သေခြင်းကင်းနည်း နိဿရည်းကို ရဘို့ဝေစွ အစော်မျှပင် မနံလေသောကြောင့် လမ်းပေါ်မှာ လမ်းပျောက်သကဲ့သို့ ဖြစ်နေကြ၏။

www.dhammaransi.com



ဥပမာ၊ လောင်မြိုက်နေသောမီးသည် အရှိန်အဟုန်အား ကောင်းနေလျှင် ဟန့်တား၍ မရ။ တဟုန်းဟုန်းလောင်မြိုက်နေ သကဲ့သို့၊ ထို့အတူ သူတို့၏ သေခြင်းကင်းရာကို လိုချင်စိတ်ပြင်း ပြသောအဟုန်ကို ဟန့်တား၍မရသည့်အားလျော်စွာ "ငါတို့ သည်မှာနေလို့တော့ ထူးမှာမဟုတ်ဘူး" ဟူသောအတွေးသည် နှစ်ယောက်စလုံး၏ ဦးနှောက်ထဲသို့ ဒိုးပြေးဝင်လာကုန်လေ တော့သည်။

"ငါ့ရှင်ကောလိတ၊ အသို့နည်း။ ဤမှာနေခြင်းဖြင့် ငါတို့ မျှော်မှန်းရာကိုရမည်ထင်သလော့။ ငါ့အနေဖြင့်ဆိုမူ အချိန်သာ ကုန်မည်။ အကျိုးမရှိဟု ငါထင်၏"

"ငါ့ရှင်ဥပတိဿ၊ သင်နှင့်ငါ ဆန္ဒချင်းတူလေဘိစွ။ ငါ သည်လည်း ငါ့ရှင်ကဲ့သို့ပင် တွေးမိနေ၏။ ဤနေရာမှရွှေ့သော် ကောင်းအံ့ထင်သည်။ သို့သော် သဥ္စယကား ငါတို့၏ဥပဇ္ဈာယ် တည်း။ ဥပဇ္ဈာယ်ထံ မပန်ကြားလေပဲ ထွက်သွားခြင်းကား သူတော်ကောင်းတို့၏အကျင့် မဟုတ်"

"မှန်၏ ငါ့ရှင်။ လာလော့။ ငါတို့ ခွင့်ပန်ချေကြကုန်စို့"

အဇ္ဇောဝေဟင် မိုးကောင်းကင်ပြင်ကြီးပေါ်ဝယ် တိမ်လွှာ တိမ်လိပ်တို့သည် တရိပ်ရိပ်ပြေးလွှားလျက် ရှိနေကုန်၏။

ထိုအချိန်တွင် အရှင်သာရိပုတ္တရာလောင်းလျာနှင့် အရှင် မောဂ္ဂလာန်လောင်းလျာတို့သည် သိဥ္စည်းဆရာကြီး၏ရှေ့မှောက် သို့ရောက်ရှိနေကြပြီး မိမိတို့ဆန္ဒကို တင်ပြကာ ခွင့်ပန်ခြင်း ပြုနေကြကုန်၏။

www.dhammaransi.com



"ရှိသေစွာ ပန်ကြားအပ်ပါသည်။ တပည့်တော်တို့ကား သေခြင်းကင်းရာတရားကို လိုလားနေသူများပါအရှင်။ အရှင်၌ ရှိသောပညာရပ်များ ကုန်ဆုံးသွားပြီဟု အရှင်အမိန့်ရှိပါသည်။ တပည့်တော်တို့ မျှော်လင့်၊ တောင့်တ၊ လိုလားအပ်သောကိစ္စကို အရှင်၏ပညာရပ်များက ဖြည့်စွမ်းပေးနိုင်ခြင်း မရှိပါ။

"ပွင့်လင်းစွာ လျှောက်ထားရပါလျှင် သေခြင်းကင်းရာ တရားကို ရရှိမှသာလျှင် တပည့်တော်များ၏ဆန္ဒ ပြည့်ဝမည်ဖြစ်ပါသည်။ ဤကမ္ဘာမြေကြီးသည် လွန်စွာကျယ်ဝန်းလှပါသည်။ တနေရာမတွေ့လျှင် တနေရာမှာတွေ့တန်ရာပါသည်။ မိုးမြေဆုံးစေဦးတော့ တွေ့အောင်ရှာရန် တပည့်တော်များ ဆုံးဖြတ်ထားပြီးဖြစ်ပါသောကြောင့် အရှင့်ထံမှ ထွက်ခွာခွင့်ပြုပါရန် ရိုသေစွာပန်ကြားအပ်ပါသည် အရှင်"

ဤသို့ ပန်ကြားလေသောအခါ "ငါ့ရှင်တို့ဆန္ဒအတိုင်းပလေ" ဟူသောစကားတလုံးဖြင့် သိဉ္စည်းဆရာကြီးက နှိုင်းချုပ်လိုက်ပြီးသည့်နောက် နောက်ပိုင်းတွင် သေခြင်းကင်းရာတရားရှာဖွေရေးအတွက် အစီအစဉ်ပြုလုပ်ကြလေ၏။

"တကြောင်းတည်းသောခရီးကို နှစ်ယောက်မသွားပဲ လမ်းခွဲပြီး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သေခြင်းကင်းရာ တရားကို ရှာကြအံ့"

"သေခြင်းကင်းရာတရားကို တွေ့ရှိခဲ့လျှင် တွေ့သူက မတွေ့သူအား အလျင်အမြန်ပြောကြားစတမ်း"

ဤသို့ ကတိထားကြပြီးနောက် သဉ္စယ၏ အရိပ်အာဝါသအောက်မှ နှစ်ယောက်စလုံး ပျောက်သွားကြလေ၏။

www.dhammaransi.com



ထိုအချိန်၌ သေခြင်းကင်းရာ အမြိုက်တရားကို "မှိုရှာသကဲ့သို့"သူရှာ၊ကိုယ်ရှာ ရှာသူတွေ အလွန်များလျက်ရှိရာ အရှင်ကောလိတသည် တွေ့လိုတွေ့ငြားဖြင့် ဝေဠုဝနကျောင်းဘက်သို့ စတင်ချီထွက်လေ၏။ အရှင်ဥပတိဿကား သာဝတ္ထိဆီသို့ ဦးတည်၍ သွားနေပါ၏။

"ငါ့ရှင်၊ သေခြင်းကင်းရာတရားကို သိပါစ"

"ဟင့်အင်း၊ ကြားတောင်ကြားဘူးပေါင် ငါ့ရှင်"

အရှင်ကောလိတက လမ်းတွင်တွေ့ရှိသော ပရိဗိုဇ်တဦးထံ စူးစမ်းသော်လည်း ခေါင်းခါပြခြင်း အမူအရာကိုသာ ရရှိခဲ့လေ၏။

"ငါ့ရှင်တို့ အားထုတ်နေသောတရားထဲတွင် သေခြင်းကင်းရာတရားဆိုတာများ ပါရှိပါသလား။ ပါရှိခဲ့ပါလျှင် အဲဒီတရားကို ကျွန်ုပ် သိပါရစေ"

ဤသည်ကား အရှင်ဥပတိဿ၏စူးစမ်းချက်ဖြစ်၏။ သူသည် သာဝတ္ထိသို့ရောက်သွားလေသည်။ သာဝတ္ထိ၌ ဂေါတမရှင်တော်မြတ်ဘုရား၏တပည့်သာဝကတွေများစွာရှိသော်လည်း သူ့ကံက သူ့ကိုဖယ်ထားသဖြင့် တိတ္ထိတို့ နေထိုင်ရာပိုင်နက်တွင်းသို့ ချဉ်းကပ်မိလျက်သားဖြစ်နေ၏။ သူက သူလိုလားနေသော တရားကို မေးမြန်းသောအခါ တိတ္ထိတို့က ခေါင်းခါပြကုန်သည်သာမက သူ့ကိုပင် သိလိုရေးနှင့် ပြန်၍ မေးကြချေ၏။

"ငါ့ရှင်ဥပတိဿ၊ ဒေါသဟာ ဘယ်ကဖြစ်ပါသလဲ"ဟု မေးလေသည်။ ဤမေးခွန်းသည် သူ့အတွက် ဆန်းနေ၏။ သေခြင်း

www.dhammaransi.com



ကင်းရာတရားမျိုးပင်ဟု ယူဆ၏။ သို့ကြောင့်ပင် "သေစရာရှိ၍သာ လူတွေ သေသေနေကြသည်။ သေစရာမရှိလျှင် မသေ"ဟူသောသူ၏ခံယူချက်အတိုင်းပင် ဖြေလိုက်လေသည်။

"ငါ့ရှင်၊ ဒေါသဘယ်ကဖြစ်သလဲဟု သင်မေးခဲ့၏။ ငါမြင်ပေသည်ကား ဒေါသသည်သစ်ပင်ကဖြစ်လာသည်မဟုတ်။ ကျောက်ခဲထဲကထွက်လာသည်မဟုတ်။ လူထဲက ထွက်လာခြင်း ဖြစ်သည်။ လူမရှိခဲ့သော် ထိုဒေါသသည် ဘယ်ကလာမည်နည်း။ သို့ကြောင့် ငါ့ရှင် မှတ်လော့။ ဒေါသသည် လူကဖြစ်၏။ လူ မရှိလျှင် ဒေါသ မရှိ"

ဤသို့စသည်ဖြင့် သူတို့အမေးကိုသာ ဖြေဖြေနေရသည်။ သူ့အမေးကို ဖြေနိုင်သူကိုကား မတွေ့ရ။ အရှင်ကောလိတမှာလည်း ထိုနည်းဝှင်းပင်ဖြစ်၏။ဆရာကိုရှာသော်လည်း တပည့်များနှင့်သာ တွေ့နေရ၏။ မိမိလိုအပ်သော ပြဿနာကား "သေခြင်းကင်းရာပြဿနာ" တရပ်သာ ဖြစ်သော်လည်း မိမိထံသို့ ရောက်လာသည်ကား ပြဿနာပေါင်း သောင်းခြောက်ထောင်ဖြစ်နေသတည်း။

ဤသို့လျှင် အရှင်ဥပတိဿနှင့် အရှင်ကောလိတတို့သည် လူချင်းခွဲ၍ ပထဝီမြေပြင်ပေါ်ခြေတင်၍ လျှောက်ကြပြီးလျှင် ဟိုနေရာမှာ တွေ့နိုးနိုး၊ သည်နေရာမှာ တွေ့နိုးနိုး၊ ရွာရိုးကိုးပေါက် ခြေပေါက်မတတ် လျှောက်၍ မေးမြန်းစူးစမ်းကြငြားသော်လည်း မသေဆေးကား "လိုက်လေ ပြေးလေ" ဆိုသကဲ့သို့ပင် ရှိချေ၏။

www.dhammaransi.com



"အင်း ငါမတွေ့လဲ ငါ့မိတ်ဆွေ ကောလိတ တွေ့တန် ကောင်းပါရဲ့လေ။ ဆရာကြီးထံ ပြန်ပြီး အဲဒီက ကောလိတကို စောင့်တာပဲ ကောင်းပါတယ်"ဟူ၍ သေခြင်းကင်းရာ အမြိုက်တရားကို ရှာ၍ မတွေ့သည့်အဆုံးတွင် သိဥ္စည်းဆရာထံပြန်၍ ကောလိတကိုစောင့်ရန် စိတ်ကို ဒုံးဒုံးချလိုက်လေ၏။

ထိုအရှင်နှစ်ပါး၏ သဘောထားချင်းကား ဤအထိလိုက်၍ တူညီနေ၏။ အရှင်ဥပတိဿ၏ ဆုံးဖြတ်သည့်နည်းတူပင် အရှင်ကောလိတကလည်း သိဥ္စည်းဆရာကြီး၏ ကျောင်းတော်ကနေ၍ အရှင်ဥပတိဿကိုစောင့်ရန် ဆုံးဖြတ်လိုက်ပြန်သတည်း။

တနေ့သော နေ့ဝင်ဆည်းဆာအောက်မှာဖြစ်၏။ နေရာကား သိဥ္စည်းဆရာကြီး၏ ကျောင်းတိုက်နှင့် မဝေးလှန်းသောနေရာဖြစ်လေသည်။ အရှင်တပါးသည် ပန်းလျှသောအသွင်ဖြင့် ရဟန်းပရိက္ခရာလွယ်လျက် တမတ်စောက်စောက် လျှောက်လာယင်းမှ ဇရပ်တခုသို့ ရောက်လျှင် ခေတ္တဝင်ရောက်တည်းခိုနေ၏။

ထိုအတူ အခြားအရှင်တပါးသည်လည်း လမ်းလျှောက်ယင်း သမာဓိအား ကောင်းကောင်းနှင့် တရားထုံးကို နှလုံးသွင်းလာသည့်ပမာ နေ့ဝင်ဆည်းဆာအောက်မှာပင် လျှောက်လာနေ၏။ ဇရပ်ပေါ်မှအရှင်သည် အပန်းပြေဟန်ဖြင့် ရှေ့သို့ ခရီးဆက်ရန် ဇရပ်ပေါ်မှအထလိုက်တွင် လာနေသောအရှင်ကို မြင်လတ်သော် စူးစိုက်စွာအကဲခတ်သောမျက်လုံးဖြင့် သုံးသပ်လေသည်။

"ဟိုက လာနေတာ ကောလိတများ ဖြစ်နေမလား။ သွားပုံလာပုံကတော့ ကောလိတနှင့် ဝထေရာထဲပဲ"

www.dhammaransi.com



ဤသည့်အတွေးဖြင့် တစူးတစိုက်ကြည့်ယင်းမှာပင် လာသော အရှင်ကား ဇရပ်နှင့် နီးနီးလာသည်။ "ဟုတ်မှာပါပဲ"ဟု ဇရပ်ပေါ်ကအရှင်က ပို၍အာရုံစိုက်လာသည်။

"ဟင် ငါ့ရှင် ကောလိတ" ဟု ရှေ့သို့ပြေးထွက်၍ ကြိုလေ၏။

"ဟာ ငါ့ရှင် ဥပတိဿ"

ဤသို့အားဖြင့် ထိုအရှင်နှစ်ပါးတို့သည် သိဥ္စည်း၏ကျောင်းသို့ မရောက်မီ လမ်းခွတ်လတ်မှာပင် ဆုံမိကြလေသောအခါ-

"ငါ့ရှင်၊ သေခြင်းကင်းရာအမြိုက်တရားကို တွေ့ခဲ့ပါစ"

ဤသည့်မေးခွန်းသည်လည်း အရှင်နှစ်ပါး၏နှုတ်မှ တလှုပ် လှုပ်ထွက်လာသည်ချင်း တူညီနေသကဲ့သို့ပင် တပါးကိုတပါးက ခေါင်းခါ၍ပြခြင်းသည်လည်း တူညီနေပြန်လေသတည်း။

www.dhammaransi.com

## အရှင်နှစ်ပါး လောင်းလျှာများ
## အရှင်အဿဇိနှင့် တွေ့သောအခါ

ဤသည်ပင်လျှင် သာသနာနေဝန်း အထွန်းကြီးထွန်းလင်းရာ အရပ်၏ အမှတ်သင်္ကေတပင်တည်း။

ဆွမ်းခံကြွဝင်လာကြသော ရဟန်းတို့၏ သင်္ကန်းရောင်ရှိန်တို့ဖြင့် ရာဇဂြိုဟ်မြို့တော်ကြီး တခုလုံးမှာ ဝါထိန်နေတော့၏။ ဟိုဘက်လမ်းကို ကြည့်လျှင်လည်း ဆွမ်းခံနေသော ရဟန်းတော်တွေ တသီတတန်းကြီး။ သည်ဘက်ကြည့်လျှင်လည်း တမျှော်တခေါ် ဆွမ်းခံကိုယ်တော်တွေ ဝါလို့ ထိန်လို့။ တချို့ အကြို့အကြားလမ်းများမှာမူ ဆယ်ပါးတတွဲ ကိုးပါးတတွဲ၊ အချို့လမ်းတွင် ပြောက်တိပြောက်ကျားနှင့် နေရာမလပ်။ အချို့နေရာများတွင် ဆွမ်းရပ်ကိုယ်တော်များက အိမ်ရှေ့တွင် ရပ်လျက်ရှိနေကြလေသည်။

သေခြင်းကင်းတရား ချင်ခြင်းဖြစ်နေသော အရှင်ဥပတိဿသည် တရားရှာဖွေရန်အတွက် ရာဇဂြိုဟ်မြို့ဘက်သို့ ထွက်လာခဲ့ပြီး လမ်းတလျှောက်လုံး မျက်လုံးကိုအနားမပေးပဲ ရှာဖွေရေးအဖြစ် အသုံးချလာရာက မြို့ထဲသို့ ရောက်သွားလေ၏။

ထိုအချိန်တွင် ဗုဒ္ဓ၏ သာဝက ပဉ္စဝဂ္ဂီငါးဦးတွင် တပါးအပါအဝင်ဖြစ်သော အရှင်အဿဇိ ရဟန္တာအရှင်သူမြတ်ဖြစ်သည်။

www.dhammaransi.com



မြို့တွင်းတနေရာတွင် ရဟန်းတို့၏ တည်ငြိမ်သော စင်္ကြန္ဒြေဖြင့် ဆွမ်းခံလျက်ရှိနေ၏။ အရှင်ဥပတိဿကား နံနက်ခင်းဖြစ်သော် လည်း ဆွမ်းရှာခြင်းမဟုတ်။ ဆွမ်းထက် အရေးကြီးသော သေခြင်း ကင်းရာသို့ ပို့ဆောင်ပေးမည့် အမြိုက်သခင်ကို လိုက်ရှာနေခြင်း ဖြစ်ရာ တနေရာသို့ ရောက်လေသော် အဝေးသို့လှမ်းမျှော်ကာ အာရုံစိုက်၍ ရပ်ကြည့်နေလေသည်။ ဤသို့ ကြည့်နေပြီးနောက် ထိုနေရာဆီသို့ ခပ်သုတ်သုတ်သွားပြီးမှ တဖန်ရပ်၍ ထိုနေရာ ကိုပင် မမှိတ်မသုန် ကြည့်နေပြန်လေသည်။

"သြော်....ဤရဟန်းကား တည်ငြိမ်ဘိစွ။ သင်္ကန်းတော်ကို ခြုံရုံထားသည်မှာလည်း ကြည်ညိုစဖွယ် သပ္ပာယ်လှပါပေစွ။ လှမ်းကြွတော်မူရာမှာလည်း စင်္ကြန္ဒြေချ၍ ကြွကြွကလေးလှမ်း တော်မူသည်။ ဤအရှင်၏ ဣန္ဒြေသမ္ပတ္တိကို မြင်ရကာမျှနှင့်ပင် သူ၏ အဇ္ဈတ္တသန္တာန်၌ တန်ဘိုးမဖြတ်နိုင်သော ဓမ္မရသများ ကိမ်းဝပ်လျက်ရှိကြောင်း ခန့်မှန်းနိုင်ပေသည်။ သေခြင်းကင်းရာ အမြိုက်တရားဟူသည် ဤအရှင်တို့၏ ဥစ္စာသာ ဖြစ်ပါလိမ့်မည်။ အမြိုက်တရား၏ အရိပ်သည် ဤအရှင်၏သန္တာန်တွင် ထင်ဟပ် နေယောင်ပါတကား"

အရှင်ဥပတိဿသည် ဤအတွေးဖြင့် ရှေ့သို့ ခပ်သွက်သွက် ပြေးပြန်ပြီး ထိုအရှင်ကို မလှမ်းမကမ်းမှ အကဲခတ်လေသည်။ "သြော်....ဟုတ်ပြီ....ဟုတ်ပြီ။ ဤအရှင်ထံမှ ကေန် အမြိုက်တရား ရမည်မှာ အမှန်။ ငါ ဤအရှင်ထံချဉ်းကပ်ရသော် ငါလိုလား အပ်သော သေခြင်းကင်းအမြိုက်တရား ရတန်ရာသည်။ ငါ

www.dhammaransi.com



ဤအရှင်ကို ချဉ်းကပ်အံ့ဟု ရပ်လျက်မှ အတိအကျ ဆုံးဖြတ်လိုက်ပြီးမှ—

"ဪ....အရှင်မြတ် ဆွမ်းခံနေဆဲပါကလား။ ငါလိုလား အပ်သော အမြိုက်တရားကို လမ်းမတ်တတ်တွင် မေးရန်မလျော်။ အရှင်မြတ်ကြွမြန်းတော်မူရာကို မျက်စိအောက်က အပျောက် မခံပဲ နောက်ယောင်ခံ၍ လိုက်သွားပြီးမှ အခွင့်သင့်သည့်အခါကို ချင့်၍ ငါ မေးလျှောက်အံ့"

ဤသို့ အကြံဖြစ်လာပြန်၏။ သူချဉ်းကပ်လိုသော အရှင်ကား အခြားသူမဟုတ်။အရှင်အဿဇိရဟန္တာဖြစ်နေသတည်း။သောခြင်း ကင်းရာအမြိုက်တရားကို လိုလားတောင့်တနေသော အရိုးကြေ ကြေ၊ အရေစုတ်စုတ်၊ ငါ နောက်မဆုတ်၊ မတွေ့မချင်း ငါရှာ မည်ဟူသော ဇွဲဖြင့် သဲသဲမဲမဲလိုက်ရှာနေသော အရှင်သာရိပုတ္တရာ လောင်းလျာ ဥပတိဿကား အရှင်အဿဇိ ကြွသွားရာကို နောက်မှ ခပ်ခွာခွာ လိုက်လေ၏။

အရှင်အဿဇိလည်း အိမ်စဉ်အတိုင်း ဆွမ်းခံတော်မူခဲ့ပြီး ပြည့်စုံလေသောအခါ မြို့ထဲမှ ဖဲခွာတော်မူလေ၏။ အရှင် ဥပတိဿလည်း အရှင်အဿဇိကို မျက်ခြည်မပြတ် အပျောက် မခံပဲ နောက်တော်မှ ခပ်ခွာခွာလိုက်နေလေ၏။

နံနက်ခင်းဖြစ်သည်အားလျော်စွာ ဆွမ်းခံပြန် ကိုယ်တော်တို့ သည် ဝေဠုဝန်ကျောင်းတော်ကြီးဆီသို့ရင်း၊ ဆရာဇီဝက၏ အမ္ဗဝန်ကျောင်းတိုက်ကြီးဆီသို့ရင်း ရှေးရှုလျက် ကြွနေကြကုန် ၏။ ထိုအခါနိုင်တွင် အရှင်အဿဇိကား ရာဇဂြိုဟ်မြို့တော်၏

www.dhammaransi.com



ပြင်ဘက် ဆင်ခြေဖုံးအရပ်ရှိ ဇရပ်တခုသို့ ဆွမ်းဘုဉ်းပေးရန် ချည်းကပ်လေသော် ဤတွင် အရှင်ဥပတိဿသည် ဤအချက်ကို အခွင့်ကောင်းယူလျက် မိမိတွင်ပါလာသော ပရိဗိုဇ်တို့ အသုံးပြုသည့် အခင်းကို ဇရပ်ပေါ်၌ အလျင်ပြေးတည့်၍ ခင်းပြီးလျှင် အရှင်အဿဇိ၏ သပိတ်ကို ရိုသေစွာ လှမ်းယူလေရာ အရှင်အဿဇိလည်း ခွင့်ပြုပေ၏။

ထိုနောက် အရှင်ဥပတိဿသည် မိမိတွင်ပါလာသော ရေကရားမှ ရေကိုငှဲ့ပြီး ရိုသေစွာကပ်လေ၏။ ဆွမ်းဘုဉ်းပေးရန်အတွက် သပိတ်ဖွင့်၍ ပြင်ဆင်ပြီး ရိုသေစွာကပ်ခြင်း၊ လက်ဆေးရေတည်ထားခြင်းစသော ကျင့်ဝတ်များကို ရိုသေစွာပြုကျင့်လေရာ အရှင်အဿဇိလည်း တည်ငြိမ်သော ဣန္ဒြေဖြင့် ဆွမ်းဘုဉ်းပေးခြင်း ပြုတော်မူ၏။

ဥပတိဿသည် အရှင်အဿဇိ ဆွမ်းဘုဉ်းပေးတော်မူပုံကအစ ကြည့်ယင်း ကြည့်ယင်း ပီတိလှိုင်းလုံးများ ထမဆုံးဖြစ်လာသည်။ "သြော်....အကျင့်ကောင်းရှိသူများကား စားသောက်ရာကအစ အစစအရာရာ ကြည်ညိုစဖွယ် သိမ်သိမ်မွေ့မွေ့ချည်းပါတကား။ ငါလာရကျိုး နပ်လေစွ။ အမြိုက်တရားကို ဤအရှင်မြတ်ထံမှ ငါရတော့အံ့" ဟူ၍ အားရခြင်း၊ နှစ်သိမ့်ခြင်းတို့သည် ထမင်းအိုးကြီးပွက်သည့်နှယ် တပွက်ပွက်နှင့် တက်ကြွလာကုန်လေ၏။ ဆွမ်းဘုဉ်းပေး၍ မြန်မြန်ပြီးပါစေဟူ၍ပင် စိတ်ထဲက ဆုတောင်းမိလေ၏။

သူ၏ ဆုတောင်းခြင်းပြည့်၍ကား မဟုတ်ပေ။ သဗ္ဗာယမျှတ၍ ဆွမ်းစားခြင်းကိစ္စ ပြီးသွားခြင်းသာ ဖြစ်၏။ ထိုအခါ၌လည်း

www.dhammaransi.com



လက်ဆေးရေအသင့်၊ လွှက်သုတ်ပဝါအသင့် အရှင်အသဘဇ်အား ကပ်လေ၏။ ထိုအခါ မေးရန် သင့်တန်ရာပြီဟု ဉာဏ်ဖြင့်ချင့်၍ ရှိသေစွာရှိခိုးပြီးသော် ဤသို့ မေးလျှောက်လေသတည်း။

"ငါ့ရှင်၊ ငါ့ရှင်မှာ အကယ်၍ဝန်မလေးခဲ့ပါသော် အကျွန်ုပ်အား မေးခွင့်ပြုပါရန် ပန်ကြားပါ၏။ ခွင့်ပြုပါ ငါ့ရှင်"

"မေးနိုင်ပေ၏ ငါ့ရှင်"

"သာဓုပါ အရှင်။ ဤသို့ ခွင့်ပြုသည်ကို အလွန်လည်း ဝမ်းမြောက်လှပါသည်။ ကျေးဇူးလည်း တင်ပါသည်။ ကျွန်ုပ်သိလိုသောကိစ္စကား အခြားမဟုတ်ပါ။ ငါ့ရှင်၏ ဣန္ဒြေသိက္ခာ၊ အမူအရာတို့သည် လွန်စွာ နှစ်သက်ဘွယ်ရှိလှပါကုန်သည်။ ဖြူစင်သန့်ရှင်းသောအဆင်း၊ ကျက်သရေလည်း ရှိပေ၏။ အို ငါ့ရှင်၊ အဘယ်ကို ရည်မှန်း၍ ငါ့ရှင် ရဟန်းပြုခဲ့ပါသနည်း။ ငါ့ရှင်၏ ဆရာကား အသူပါနည်း။ အဘယ်သူ၏ တရားစကားကို ငါ့ရှင် နှစ်သက်ပါသနည်း။ အဘယ်သူ၏ ဩဝါဒကို ငါ့ရှင် ခံယူပါသနည်း"

လိုက်လိုက်လှဲလှဲ နည်းချင်းထပ်အောင် တရစပ်မေးလေတော့သည်။ ယင်းသို့ မေးရာတွင် လိုလားအပ်သော အမြိုက်တရားကား မပါသေးပေ။ မပါခြင်း၏ အကြောင်းမှာလည်း သူ့မှာ ရာန္တန်းပြည့်ခိုင်လုံလှ၏။ ယင်းသည်ကား အခြားမဟုတ်။ ဤအရှင်မြတ်သည်ပင်လျှင် ဤမျှတည်ငြိမ်သော ဣန္ဒြေနှင့်ပြည့်စုံသေးလျှင် သူ၏ဆရာကား ဆိုဘွယ်မရှိပြီ။ ဤအရှင်သည်ပင် ဤရွေ့ဤမျှ တရားအနှစ်သာရနှင့် ပြည့်စုံနေသေးလျှင် သူ၏ ဆရာကား အမြိုက်သခင်ဖြစ်ပေလိမ့်မည်ဟူ၍ ရှေးဦးစွာ ဆရာကို

www.dhammaransi.com



ဦးဘိုက်၍မေးလိုက်ခြင်းဖြစ်၏။ အရှင်အဿဇိလည်း သူ၏အမေးကို တည်ငြိမ်သောဣန္ဒြေတော်ဖြင့် ချိုသာစွာ ဖြေတော်မူ၏။

"ငါ့ရှင်၊ ငါသည်ကား အသျှင်မြတ်၊ ဓတ္တိယနွယ်ဘွား သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော 'သာကီဝင်မင်းသားဘုရား' ကို ရည်စူး၍ ငါရဟန်းပြုခဲ့၏။ ထိုသာကီဝင်မင်းဘုရားကား ငါ၏ဆရာတည်း။ ငါ့ဆရာဘုရား၏ တရားစကားကို ငါနှစ်သက်၏။ ငါ့ဆရာဘုရား၏ဩဝါဒကို ငါခံယူပေ၏" ဆိုလေသော် ဥပတိဿသည် အရှင်အဿဇိ၏မျက်နှာတော်ကို မော်၍ဖူးမိပြန်လေသည်။

ဤတွင် အရှင်ဥပတိဿသည် အတွေးထဲသို့ ကျွံနစ်သွားပြန်လေ၏။ "အင်း-သူ့ဆရာဟာ သာကီဝင်မင်းသားဘုရားဆိုပါကလား။ ထိုသာကီဝင်မင်းသားဘုရား၏စကားကို နှစ်သက်၍ ထိုဘုရား၏ ဩဝါဒကို ခံယူသည်ဟု အရှင်မြတ်က အမိန့်ရှိပေသည်။ သာကီဝင်ဘုရား၏ စကားနှင့် ဩဝါဒကား မည်သို့ဖြစ်လေသနည်း။ သာကီဝင်ဘုရား၏ ဩဝါဒခံ ဤအရှင်မြတ်၏ သွားပုံ၊ လာပုံ၊ နေပုံ၊ ထိုင်ပုံ၊ ပြောပုံ၊ ဆိုပုံများကို ထောက်ခြင်းအားဖြင့် ထိုဘုရား၏ ဩဝါဒကို ခံယူလိုသော စိတ်များ ငါ့မှာ တဖွားဖွားဖြစ်ပေါ်လာပါကလား။ ထိုဩဝါဒကို မြန်မြန်သိရလေ ငါ့အဘို့ အကျိုးရှိလေပင် ဖြစ်လတ္တံ့" ဤသို့ တွေးမိကာ သွက်လက်စွာ မေးလျှောက်ပြန်လေ၏။

"ခွင့်ပြုပါဦးအရှင်၊ အရှင်၏အဖြေစကား ကြားရသည်မှာ များစွာ နှစ်ထောင်းအားရရှိလှပါသဖြင့် အရှင်၏ဆရာဘုရားသည် အဘယ်ပါရားကို ဟောကြားတော်မူပါသနည်း။

www.dhammaransi.com



ဆရာဘုရား၏တရားတော်ကြားနာလိုလှပါသည်။ အကျွန်ုပ်အား ဟောကြားစေချင်ပါသည်အရှင်”

ဤမေးခွန်းကိုကား ရုတ်ခြည်းအဖြေမပေးသေးပဲ အရှင်-အဿဇိက စဉ်းစားခြင်းပြုလာသည်။ အရှင်အဿဇိက ဥပတိဿ ပရိဗိုဇ်ကို အမှန်အတိုင်း ပရိဗိုဇ်ဟူ၍ပင် မြင်ထား၏။ “ပရိဗိုဇ်ဆိုသည်မှာ သာသနာ၏ ရန်သူ၊ ရန်ငြောင့်များသာ ဖြစ်သောကြောင့် သာသနာတော်၏ နက်နဲပုံ၊ သိမ်မွေ့ပုံ၊ ကျယ်ဝန်းနက်ရှိုင်းလှပုံများကို ပရိဗိုဇ်တွေ အကြောင်းသိသွားအောင် ငါဆိုလေမှ သင့်မည်” ဤသို့စဉ်းစားပြီးမှ ဥပတိဿ၏ မေးခွန်းကို ဤသို့ ဖြေတော်မူသတည်း။

“ငါ့ရှင်၊ ငါကား သာသနာ့ဘောင်ဝင်၍ ရဟန်းပြုသည်မှာ မကြာသေး၊ နုလှပါသေး၏။ ငါ၏ဆရာ သာကီဝင်ဘုရား ဟောကြားတော်မူအပ်သော တရားသည်ကား လွန်စွာနက်လှ၏။ သိမ်မွေ့လှ၏။ လွန်စွာလည်း ကျယ်ဝန်းနက်ရှိုင်းလှပါ၏။ သို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့်ကား ငါ့အားခနဖြင့် ဟောနိုင်စွမ်း မရှိပါ။ တိုတိုကျဉ်းကျဉ်း လိုရင်းအချက်အလက်မျှကိုသာ ငါ ဟောနိုင်၏။ သင် နာလိုဘိမူကား ငါသိထားသော အကျဉ်းတရားကိုသာ ငါ ဟောပေအံ့”

ဤသို့လေလိုသော် အရှင်ဥပတိဿက မွေးရာပါဇာတိ ပြလာ၏။ ဝါကြွား၊ ပလွှားလိုခြင်း အလျင်းမရှိလေပဲ “ကျဉ်းသည်ကို ကျယ်အောင်ချဲ့နိုင်သည်။ ကျွန်ုပ်ဉာဏ်နှင့် ကျွန်ုပ် အကျယ်ချဲ့၍ သိယူပါအံ့” ဟူသော သဘောဖြင့် ဟောသောပုဂ္ဂိုလ်က ဟောချင်လာအောင် ပန်ကြားလေသည်ကား-

www.dhammaransi.com



"ငါ့ရှင်၊ ကျဉ်းသည်ဖြစ်စေ၊ ကျယ်သည်ဖြစ်စေ၊ ဟောသာ ဟောတော်မူပါလော့။ ဆရာဘုရား၏ တရားတော်ကို ကြားနာရလျှင် တော်ပါပြီ။ အရှင့်အား ဝါကြွား ပလွှားလိုသော ဆန္ဒဖြင့် လျှောက်ထားခြင်း မဟုတ်ပါ။ အမှန်ကိုဆိုပါမူ အကျွန်ုပ်သည် အသိဉာဏ်ရှင်၊ ပညာလျှင်သောအရာ၌ အညွန့်တလူလူ၊ တံခွန်ထူသူဟု ကျော်စောသူ ဖြစ်ပါသည်။ ကျဉ်းသောတရားကို အကျွန်ုပ်တတ်သိထားသော နည်းများဖြင့် တန်ဆာဆင်လျက် အကျယ်ပွားယူပါအံ့။ ယင်းကိစ္စအတွက် အကျွန်ုပ်၏တာဝန် ဖြစ်ပါစေ။ ဟောမှာသာ ဟောတော်မူပါ ငါ့ရှင်"

ဤသို့ ဥပတိဿ၏ ခံယူ၊ အနူးအညွတ်တောင်းပန်ချက်ကို လက်ခံလျက် ဂါထာတပုဒ်တည်းဖြင့် ချည်ပြီး တုပ်နှောင်ပြီး ဖြစ်အောင်၊ နိဗ္ဗာန်ဘုံကြီးအောက်သို့ မြောက်ကနဲရောက်ရှိသွားလေအောင် အရှင်အဿဇိကဟောကြားတော်မူလေသည်ကား--

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊

တေသံ ဟေတုံ တထာဂတော။

ယင်းတရားဓမ္မ၏ အနှစ်သာရ အဓိပ္ပာယ်သော်ကား-"အို ငါ့ရှင်၊ ငါသိသမျှတရားကို သင့်အား ဟောကြားရမယ် ဆိုသော် နာလောလော့"

အစမထင်သော သံသရာတခွင်၌ မဖြစ်ချင်ပါလျက် ဖြစ်ဖြစ်နေရသော ဇာတိဒုက္ခ၊ မအိုချင်ပါပဲလျက် အိုအိုနေရသောဇရာဒုက္ခ၊ မနာချင်

www.dhammaransi.com



ပါပဲလျက်နာနာနေရသောဗျာဓိဒုက္ခ၊ မသေချင်ပါပဲလျက် သေသေနေရသော မရဏဒုက္ခ၊ ထိုထိုဤဤအလီလီသော ထိုဒုက္ခ ဤဒုက္ခတို့ကား အရင်းစစ်သော် တဏှာ၌ အမြစ်တွယ်ကုန်၏။ တဏှာလျှင် အကြောင်းရင်း ရှိကုန်၏။ ထိုထို ဆင်းရဲဒုက္ခအပေါင်းတို့မှ လွတ်မြောက်ကြောင်း တရားကိုလည်း မြတ်ဘုရား ဟောကြားတော်မူပေ၏။

အရှင်သာရိပုတ္တရာလောင်းလျာ ဥပတိဿကား ပါရမီဉာဏ် အထူးထက်သန်လှသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တယောက်ဖြစ်တော်မူသည့်အလျောက် ဂါထာ၏ထက်ဝက် နှစ်ပါဒဖြင့်သာ ဟောကြားအပ်သောတရားတော်၏ ဆိုလိုချက် အနက်အဓိပ္ပာယ်သွားကို အကျယ်ပွား၍ ဉာဏ်၌ထင်းထင်း အလင်းပေါက်ကာ သောတာပတ္တိဖိုလ်သို့ ရောက်ရှိသွားလေ၏။ အရှင်အဿဇိလည်း ဂါထာဆုံးအောင် ကျန်ရှိနေသော နှစ်ပါဒကို ဆက်၍ ဟောတော်မူလေ၏။

အာဟ တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော။

ယင်းတရားဓမ္မ၏အနှစ်သာရ အဓိပ္ပာယ်သော်ကား--

"အိုငါ့ရှင်၊ ငါ၏ဆရာဖြစ်သော သာကီဝင်မြတ်ဘုရားသည် ထိုအိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲ၊ ထိုထို ဆင်းရဲဒုက္ခအပေါင်းတို့၏ ကင်းပြတ်ချုပ်ငြိမ်း လက်စသိမ်းရာ

www.dhammaransi.com



ဖြစ်သော နိဗ္ဗာန်တရားတော်ကိုလည်း ဟောကြားတော်မူ၏။ သုံးလောကထိပ်ပန်း၊ ရဟန်းမင်း ဖြစ်တော်မူသော မြတ်ဘုရားကား ဧဝံဝါဒီ ဤသို့ အယူရှိတော်မူသတည်း”

ဤဂါထာတပုဒ်လုံးပြီးဆုံး၍ နိဂုံးချုပ်လေသောအခါ အရှင်သာရိပုတ္တရာလောင်းလျာ ဥပတိဿကား တရားအချက် အနက်အဓိပ္ပာယ်ကို အကြွင်းမဲ့ သိမြင်လေ၏။

ထိုအခါ “သေခြင်းကင်းရာ တရားကို အလျင်တွေ့သူက ဟောစတမ်း” ဟူ၍ အရှင်ကောလိတနှင့် ထားခဲ့သည့်ကတိစကားကို သွား၍သတိရလာသည်။ “စကားကတိ ထားရှိသည့်အတိုင်း ကောလိတအား ငါမြန်မြန်သွားခေါ်မှ တော်မည်” ဤသို့ သတိရလာသဖြင့် ကြွင်းကျန်သည့်တရားဒေသနာတော်ကို ကောလိတနှင့်အတူတကွ နာယူလိုသောကြောင့်-

“အရှင်ဘုရား၊ ဆက်၍ ဟောတော်မမူပါနှင့်ဦး။ ခေတ္တရပ်နားထားတော်မူပါဦး။ ဤသို့ ပန်ကြားရခြင်းမှာ အခြားသောအကြောင်းကြောင့် မဟုတ်ပါ။ အကြိုက်တရားကို တွေ့သူကပြောစတမ်း စကားကတိ ထားရှိဘူးသူ မိတ်ဆွေတယောက်တပည့်တော်မှာ ရှိနေပါသည်။ ထိုမိတ်ဆွေကို သွားရောက်အကြောင်းကြားပြီး သူ့ကိုပါ တပါတည်းခေါ်၍ မြတ်ဘုရားထံတော်သို့ တပည့်တော် လိုက်ခဲ့ပါအံ့။ မြတ်ဘုရားသခင်အဘယ်မှာရှိသည်ဆိုတာကိုသာ တပည့်တော်အား အမိန့်ရှိခဲ့ပါဘုရား”

အရှင်အဿဇိသည် ယခုအခါတွင် မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်တွင် ရှိပေ၏ဟု မြွက်ကြားတော်

www.dhammaransi.com



မူပြီးလျှင် ကျောင်းတော်သို့ ပြန်ကြွတော်မူလေသော် အရှင်ဥပတိဿလည်း ထားရှိခဲ့ဘူးသော ကတိတလုံး ပိုက်လျက် ဆရာကြီးသဉ္စယ၏ ပရိဗိုဇ်ကျောင်းတိုက်သို့ ဦးတိုက်လျက် ပြန်ခဲ့လေသတည်း။

ထိုအချိန်တွင် ကောလိတမှာလည်း သေခြင်းကင်းရာအမြိုက်တရား ရှာဖွေရာ၌ လှုပ်ရှားမှုများ ရာနှုန်းပြည့် အပြည့်ရှိသည်မင် ဖြစ်ပေ၏။ သိဉ္စည်းဆရာကြီး၏ထံတွင် ပြန်၍နေသည်ဆိုပေမင့် အမည်ခံရုံလောက်သာရှိပြီး ရှာဖွေရေးအတွက် ခရီးထွက်သည့် ရက်ကသာ များချေ၏။ မြစ်ကူးချောင်းခြား ညဥ့်အိပ်ညနေ သွားတန်လျှင် သွားနေ၏။

ထမင်းဆာသောသူသည် နေ့မဏ်ထိုင်မသာဖြစ်သကဲ့သို့ သူတို့ သည်လည်း ထိုနည်းနှင်နှင်ပင် ဖြစ်ကုန်၏။ တယောက်က မတွေ့ လျှင် တယောက်က တွေ့အောင် လှူချင်းခွဲ၍ အမြိုက်တရား ရှာကြသည်။ လေ့လာဆည်းပူးကြသည်။ မည်သည့်နေရာတွင် တာပသယောဂီ တောမီပုဂ္ဂိုလ်များ တရားအားထုတ်လျက်ရှိ သည်ဟုကြားလျှင် အူးယားဖားယားသွားရောက်ကြပြီး လေ့လာ တီးခေါက် တရားပေါက်သော နည်းလမ်းကို ရှာကြသည်။ ကုန်ကုန်ပြောရသော် သင်းချိုင်းသုသာန်တွင် တရားပေါက် ပုဂ္ဂိုလ်ထူးများ တခါတခါ လာရောက်၍ တရားပွားများ တတ်သည်ဆိုသော သတင်းစကားများအရ နေ့ညမဆိုင်း သင်းချိုင်းသုသာန်သို့ နှစ်ယောက်သားသွားရောက်၍ ပုဂ္ဂိုလ်ထူး ဓမ္မသခင်များနှင့် တွေ့လိုတွေ့ငြား စောင့်ကြရသည်မှာလည်း အချိန်သာ ကုန်ဆုံးရသည်။ လုံးဝ စောင့်ရကျိုး မနပ်ခဲ့ချေ။

www.dhammaransi.com



ဤနေ့တွင်လည်း ဉပတိဿနှင့် ကောလိတ နံနက်နေထွက် စကတည်းကပင် နှစ်ယောက်သား အမြိုက်တရားရှာရန်အတွက် လမ်းခွဲ၍ ထွက်လာခဲ့ကြသည်။ ဉပတိဿမှာ အရှင်အဿဇိထံ ချဉ်းကပ်မိချိန်ကဆိုလျှင် ကောလိတမှာလည်း မုတ်ဆိတ်မွေးတွေ ဗရပျစ်နှင့် ယောဂီအမည်ခံ သူတော်စင်ကြီးတဦးထံ ချဉ်းကပ်မိနေ၏။ သို့ရာတွင် ထိုယောဂီကြီးကား အကျွတ်တရားမျှော်ကိုးနေသူ ဖြစ်သော်လည်း တရားရှာယင်း လမ်းစပျောက်ကာ တောင်မရောက် မြောက်မရောက် ယောင်ဝါးဝါးကြီးဖြစ်နေ၍ ကောလိတအဘို့မှာ ဉပတိဿကဲ့သို့ ချဉ်းကပ်ရကျိုးမနပ်ပဲ ဖြစ်နေ၏။

''အပွင့်ရယ် ကုန်၊ အငုံ ကျန်ပါသေးသည်'' ဆိုသကဲ့သို့ လူတွေအပုံ။ ကမ္ဘာမှာ တတ်သိနားလည်သူတွေ အပုံ။ ငါမရှာ တတ်လို့၊ သို့မဟုတ် တွေ့ခွင့်မကြုံသေးလို့သာ မတွေ့ခြင်း ဖြစ်သည်။ ကမ္ဘာမြေကြီးသည် သည့်ထက်ပို၍ ကျယ်မလာ။ ငါ့ခြေသည် တောင့်တင်း၏။ ကမ္ဘာဆုံးအောင် ငါလိုက်ရှာမည်ဟု မလျှော့သောဇွဲဖြင့် သဲသဲမဲမဲလိုက်၍ ရှာငြား သော်လည်း ဤနေ့အဘို့တွင်လည်း ခြေဖဝါးတွေကျိန်း၊ နောက်ကျောပြင်ကြီး စပ်ခြင်းသည်သာ အဖတ်တင်ရတော့မည် ကဲ့သို့ ဖြစ်ပြန်၏။

ကောလိတသည် လမ်းဘေးရှိ သစ်ပင်ကြီးတပင်အောက်တွင် အပန်းဖြေရန် ထိုင်ချလိုက်လေ၏။ ပတ်ဝန်းကျင်ရှုမျှော်ခင်းရှိ သစ်ပင်တို့သည် လေမှုတ်သဖြင့် တလှုပ်လှုပ် တရှားရှား လေထဲ

www.dhammaransi.com



တွင် ကစားလျက် ရှိနေကြကုန်၏။ တရားရှာနေသူ၏အဘိုတွင် တရားယူစရာသည် နေရာတကာမှာပင် ရှိနေ၏။ ကောလိဘာသည် သူပ်ချွားယိမ်းနွဲ့၍ တဘွဲ့ဘွဲ့ဖြစ်နေသော သစ်ပင်များကိုကြည့်ကာ-

"ဩြော်....သူတို့ဘဝတွေမှာလဲ ဒုက္ခဟင်းလင်းနဲ့ ပါပဲကလား။ ယခုလို တလှုပ်လှုပ်ကရွှားရွှား လေထဲမှာ ကစားနေရက်ကပဲ ကြွေတာကြွေ၊ ရွက်သွန့်ကလေး အဖျားကော့ပြီး ဖျော့ဘာက ဖျော့နဲ့ သခ်ါရဒုက်ခံကို အလူးအလဲခံနေကြရတာပါကလား။ သူတို့မှာလဲ သင်္ခါရနဲ့၊ ငါ့မှာလဲ သင်္ခါရနဲ့။ သင်္ခါရချင်းတူပမယ် လို့ ငါက သူတို့ထက်သာသည်။ သူတို့က သူတို့ကိုယ်သူတို့ အသိ တရားမရှိကြ။ ဆင်းရဲလို့ ဆင်းရဲမှန်းမသိကြ။ မရှိသောကြောင့် လည်း ဆင်းရဲဝဋ်မှ လွတ်မြောက်ရာလမ်းကို သူတို့ ရှာဖွေရမှန်း မသိတတ်ကြ။ ငါကမူကား အသိပိုင်ရှင်၊ ဦးနှောက်ရှိသူဖြစ်သည့် အလျောက် ဆင်းရဲကို ကြောက်ရမှန်းသိ၏။ သိ၍ပင် ဆင်းရဲခြင်း ကင်းရာကို ငါမှာ ရှာတတ်ဖွေတတ်ရှိလာ၏။ ဆင်းရဲခြင်း ကင်းသော နေရာသည် မရှိ၍ မတွေ့ခြင်း မဟုတ်။ တနေရာရာ မှာတော့ ရှိနေသည်မှာ အမှန်။ "ပျောက်သောသူကို ရှာလျှင် တွေ့" ဟု စကားပုံတခု ရှိ၏။ သေခြင်းကင်းသော နေရာသည် ပျောက်နေခြင်းသာ ဖြစ်၏။ မရှိ၍ကား မဟုတ်ချေ။ "ပြေးလေ သည့် ရွှေယုန်၊ နေကုန်မှ သိစေ့မဖော့....နော်"

ဤသို့ ကြုံးဝါးကာ ချွေသို့ခရီးဆက်ရန်အတွက် ထွက်တော့ မည် ဟု သစ်ပင်အောက်က ထလိုက်သောအခါ-

"ဟာ ဥပတိဿ"

www.dhammaransi.com



ဤသို့ အာမေဋိတ်တလုံးဖြင့် ဥဒါန်းကျူးရာက ရှေ့သို့စကား မဆက်နိုင်ပဲ ဥပတိဿ၏ တကိုယ်လုံးကို နဖူးက ခြေဖဝါးတိုင်အောင်၊ ခြေဖဝါးက နဖူးအထိ တစိမ့်စိမ့်ကြည့်ကာကြည့်ကာ ဖြစ်နေရာမှ ဝမ်းသာအားရမေး၏။

"ဥပတိဿ၊ သင် အမြိုက်တရား တွေ့လာခဲ့ပြီ ဟုတ်စ။ ဟုတ်လောက်စရာရှိပါသည်။ ဒီကနေ့ ငါ့ရှင်၏အမူအရာဟာ ခါတိုင်းထက်ကို ထူးခြားသည်။ အသားအရေဆိုပြန်ယင်လဲ ယနေ့ ပိုပြီးကြည်လင်သကဲ့သို့ထင်ရသည်။ ဝါရွှေသောပကတိ အသားရောင်ထဲမှာ ကြက်ဥနှစ်ကဲ့သို့ အနှစ်များ အဆာသွတ်ထားသည့်ပမာ ဝါရွှေရာတွင် စိုပြေမှုက လွန်ကဲလာသည်။ ဟုတ်ပါသည်။ ကေန္တ ငါ့ရှင်ဟာ အမြိုက်တရား တွေ့လာတာအမှန်ပဲ။ ဥပတိဿ၊ ငါ့အား မြန်မြန် အမြိုက်တရားဟောပါလော့။ ငါ့ကို အမြိုက်ဆေး ကျွေးပါလော့"

ကောလိတသည်လည်း အရင့်အမာ ပုဂ္ဂိုလ်ထူးဖြစ်သည့်အားလျော်စွာ ဥပတိဿက မပြောပဲနှင့်ပင် အသွေးကိုမြင်ရုံဖြင့် အသွင်ကို ချင့်နိုင်၏။ ဥပတိဿ၏ထူးခြားသော အမူအရာများကို ထောက်၍ သူတော့ အမြိုက်တရား တွေ့လာပြီဟု ယတိပြတ် ကောက်ချက်ချလိုက်သတည်း။

"ငါ့ရှင်ကောလိတ၊ သင့်စကားဟာ ပညာရှိအတွေး ပြေးကြည့်သလိုဆိုသည်နှင့် တထပ်တည်းဖြစ်ဘိ၏။ ကာလကြာမြင့်စွာ ငါတို့ရှာလာခဲ့သောအမြိုက်တရားကို ယခု ငါရလာခဲ့ပြီ။ သေရမှာကို ကြောက်ခဲ့သော ငါ့မှာ နောက်ထပ် သေစရာမရှိတော့ပြီ။

www.dhammaransi.com



ငါ့ဘဝကား သည်တွင် ပြတ်ပြီ။ ရပ်သွားပြီ။ နောက်ထပ် ပဋိသန္ဓေနေခြင်းအားဖြင့် အမိဝမ်းခေါင်းတွင်း၌ အောင်းစရာ မလိုတော့ပြီ။ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲ၊ ဆင်းရဲခြင်းကင်းရာကို သင်နှင့်ငါ ရှာလာခဲ့ကြရာ သည်နေ့တွင် လမ်းဆုံးသို့ ငါရောက်ပြီ။နောက်ထပ် ရှာဘွယ်ကိစ္စ ငါ့မှာ မရှိတော့ပြီ ”

ဤသို့ အမြိုက်တရားရရှိလာခဲ့ပုံကို အစမှအဆုံးတိုင် ပြောပြလေသောအခါ ကောလိတမှာ သာ၍ပင် စိတ်ဓာတ် တက်တက်ကြွကြွဖြစ်လာလေသည်။

“ငါ့ရှင်၊ ငါ့အား အမြိုက်ဆေးပေးပါလော့၊ ကျွေးပါလော့၊ ဟောကြားပါလော့”

ပတ်ဝန်းကျင်မှ လေခတ်သဖြင့် တဖျပ်ဖျပ်ရှိနေသောသစ်ပင်များသည် တရားတော်ကို ကောလိတနည်းတူ ကြားနာလိုကြသည့်အလား၊ မလှုပ်မရှက်ငြိမ်သက်လျက် ရှိလေ၏။ဥပ-တိဿသည် အရှင်အဿဇိ ဟောကြားလိုက်သော “ယေဓမ္မာ. ဟေတုပ ဘဝါ” အမြိုက်တရားကို ကောလိတအား ဟောပြလေသောအခါ ကောလိတသည်လည်း ဖြည့်ဆည်းပူးခဲ့ဘူးသော ပါရမီထူးသူ ဖြစ်သည့်အလျောက် ဥပတိဿကဲ့သို့ပင် ဂါထာအဆုံးတွင် တရားအချက် အနက်ထင်ထင် အကြွင်းမဲ့ သိမြင်လေသတည်း။

“ငါ့ရှင်၊ ယခု ဘုရားသခင် အဘယ်မှာပါနည်း”

“ဝေဠုဝန်ကျောင်းတော်မှာရှိသည်ဟု ငါ့ဆရာ အရှင်အဿဇိက အမိန့်ရှိလိုက်သည် ငါ့ရှင်”

www.dhammaransi.com



"ယင်းသို့ဖြစ်ဘိသော် ဘုရားသခင့်ထံ ငါတို့ သွားကြပါစို့"

"ငါသည်လည်း မြတ်ဘုရားထံ သွားရန် ဆုံးဖြတ်ပြီး ဖြစ်ပေ၏။ သို့သော် ငါတို့ကို မှီ၍ ရဟန်းပြုသူများ ရှိပေသေးသည်။ ထို့ပြင် ငါတို့အား ရဟန်းခံပေးခြင်းအားဖြင့် ကျေးဇူးပြုပေးသောသိဥ္စည်းဆရာကြီးလည်း ရှိပေသေးသည်။ သူတို့အား အကျိုးအကြောင်းပြောပြပြီးမှ မြတ်ဘုရားထံ ငါတို့ သွားသင့်ကြတည်"

ဗုဒ္ဓထံတော်သို့သွားရန်အတွက် ဤသို့ တိုင်ပင်ဆွေးနွေးကြပြီး ကျောင်းသို့ ပြန်ခဲ့ကြလေ၏။

ပရိဗိုဇ်ကျောင်းတိုက်ဆိုသော်လည်း သိဥ္စည်းဆရာကြီးက တပည့်လက်သားအခြွေအရံများသူ ဖြစ်သောကြောင့် တိုက်တွင်း၌ ရံထားသောကျောင်းများကား မနည်းလှချေ။ ဤအထဲတွင် ကောလိတနှင့်ဥပတိဿတို့ ရဟန်းပြုရာတွင် အတူလိုက်၍ရဟန်းပြုသူများမှာလည်း ဤတိုက်တွင်းမှာပင် တလုံးတစည်းတည်း နေကြသည်ကို ခန့်မှန်းနိုင်ပေသည်။

အချိန်မှာ နေဝင်ဆည်းဆာဖြစ်သဖြင့် နေမင်း၏အရောင်သည် နီကြောင်ကြောင်ကြီးဖြစ်နေ၏။ အနီရောင်တွင် ဝါကျင့်ကျင့်အရောင်များက ထပ်နှောထားသေးသည်ဖြစ်ရာ ကောင်းကင်၏ရှုခင်းမှာ ထိုနေ့အဘို့ အထူးသာယာပြီး ဆန်းသစ်နေ၏။

ထိုအချိန်တွင် သိဥ္စည်းကျောင်းတိုက်ကြီး၏မဏ္ဍိုရခေါ်သော တရားမဏ္ဍပ်ကြီးအတွင်း၌ အရှင်ဥပတိဿက တပည့်ရဟန်းများ

www.dhammaransi.com



အား နားလည်အောင်ရှင်းပြလျက်ရှိရာ ဤတွင် သူတို့မျှော်လင့်ထားသည်နှင့်တခြားစီဖြစ်နေ၏။ မူလအစီအစဉ်တွင် သူတို့နှစ်ပါးတည်းသာ ဗုဒ္ဓမြတ်ဘုရားထံတော်သို့ သွားကြရန်ဖြစ်သော်လည်း တပည့်လက်သားရဟန်းငါးရာတို့က လိုက်ရန်ခွင့်တောင်းနေကြသည်သာမက သိဥ္စည်းဆရာကြီး၏တပည့်အချို့ကပါ "လိုက်ပါရစေ"ဟု ခွင့်ပန်နေကြကုန်သောကြောင့် ခွင့်ပြုရခက်၊ခွင့်မပြုရခက် ဖြစ်နေ၏။ ထိုအခါ အရှင်ဥပတိဿက အမိန့်ရှိရသည်ကား—

"ငါ့ရှင်တို့၊ငါ့ရှင်တို့၏လိုက်လိုသောဆန္ဒကို ငါတို့ မဟန့်တားလို။ သို့သော် ငါ့ရှင်တို့ကား သိဥ္စည်းဆရာကြီး၏အန္တေဝါသိကတပည့်များ ဖြစ်သောကြောင့် ဆရာမသိပဲ သင်တို့လိုက်လာကြချေသော် ငါတို့က သိမ်းသွင်း၍ ခေါ်ဆောင်သွားသည်ဟု ပြောစရာကြီးဖြစ်ချိမ့်မည်။ ထို့ကြောင့် သင်တို့အား ငါမပိုင်။ ဆရာ့ထံ ခွင့်ပန်ကြကုန်ဦးလော့။ ဆရာခွင့်ပြုက လိုက်နိုင်ပေ၏"

ဤသို့ အကျိုးအကြောင်း နားဝင်အောင်ပြောဆိုပြီးနောက် အရှင်နှစ်ပါး၏တပည့်တို့သည် ခရီးထွက်ရန်အတွက် အသင့်ပြင်ကြကုန်၏။ အချိန်သည် ညသို့ဦးလှည့်လာပြီဖြစ်ရာ ကျောက်စည်ခေါင်းလောင်းထိုးသံသည် သိဥ္စည်းကျောင်းတိုက်ကြီးကို ပဲ့တင်ထပ်သွားစေ၏။ ထိုအချိန်တွင် ကောလိတနှင့် ဥပတိဿတို့သည် ခွင့်ပန်ရန်အတွက် သိဥ္စည်းဆရာကြီး၏ရှေ့မှောက်သို့ ရောက်နေကြပြီ။ ဗုဒ္ဓမြတ်ဘုရားထံသွားရန် ခွင့်ပန်ကြရုံမက ရှိဘူးသောကျေးဇူးတရားကို ထောက်ထားကာ ကျေးဇူးဆပ်သည့်

www.dhammaransi.com



အနေဖြင့် သိဥ္စည်းဆရာကြီးကိုပါ မြတ်ဘုရားထံလိုက်ရန် တိုက်တွန်းကြကုန်၏။ ယခုအခါ လောကသုံးပါး၌ အထင်အရှား ဂေါတမရှင်တော်မြတ်ဘုရားကြီး ပွင့်နေပါပြီ။ သံသရာဝဋ္ဋ်မှ လွတ်ကြောင်းတရားဟောကြားလျက်ရှိနေပါသည်။ အရှင်တို့၏ အကျင့်တရား၌ ဝဋ္ဋ်မှလွတ်ကြောင်းဟူ၍ မရှိ ။ အခွင့်သာခိုက်မှာ အရှင်ဘုရားပါလိုက်သင့်ပါသည်။ ဆင်းရဲမှုဝဋ္ဋ်မှ လွတ်မြောက်ဆုကို ရယူသင့်ပါသည်ဟူ၍ လျှောက်ထား ပန်ကြားခြင်းပြုလေသည်ကို သိဥ္စည်းဆရာကြီး မမှိတ်မသုန်အာရုံစိုက်လျက် နားထောင်နေပေသည်။

အရှင်ကောလိတ၏စကား ဆုံးသောအခါ သိဥ္စည်းဆရာကြီးသည် ကိုယ်ရုံသက်နှ်ကိုလုံး၍ ပခုံးတဘက်နွှင်တင်လိုက်ယင်း အရှင်ကောလိတအား လက်ညှိုးထိုးလျက်—

"သည်မှာ မောင်ရင်ကော၊ ဘာစကားတွေ သင်လျှောက်ပြောနေသတုံး။ရဟန်းဂေါတမ သူ့ဖာသာသူ ဘုရားပွင့်တာနဲ့ ဒို့နဲ့ဘာဆိုင်သတုံး။ဘာဆိုင်လို့သူ့ထံသွားပြီး တပည့်ခံရမှာတုံး။ မင်းမို့ဆိုတတ်ပလေကွယ်။အိုးစရည်းကြီးက အိုးပေါက်တစ်ခုဖြစ်သွားတယ်ဆိုယင် လူရယ်စရာဖြစ်နေမှာပ။ ဟဲ ဟဲ မှတ်ဘူးလား မောင်တိဿ"ဟု အရှင်ဥပတိဿဘက်သို့လှည့်၍မေးပြော ပြောလေ၏။ ထိုအခါ အရှင်ဥပတိဿလည်း ဆရာကို ကျွတ်လွတ်စေလိုသောဆန္ဒဖြင့် မှန်ရာကို တင်ပြလျှောက်ထားလေ၏။

"သည်လိုရှိပါသည် အရှင်။ အရှင်နှင့်တကွ အကျွန်ုပ်တို့သည် ပြည်သူလူသော ဆွမ်းကိုစား၍ တရားအားထုတ်နေကြခြင်း၏ ဦးတည်ချက်မှာ ဆင်းရဲဝဋ္ဋ်မှလွတ်မြောက်ရေးပင် ဖြစ်ပါသည်။

www.dhammaransi.com



အကျင့်မှန် လမ်းမှန်ကို ကျင့်ကြံအားထုတ်ပါလျက် အကျွတ်တရားမရသည်ကို ပါရမီနည်းလို့ဟူ၍ ဖြေဆည်နိုင်သော်လည်း အကျင့်မှား လမ်းမှားနောက်သို့လိုက်၍ ကျွတ်တမ်းမဝင်နိုင်ခြင်းကား ကျင့်သူ၌ အပြစ်မရှိနိုင်။ တရား၌သာ အပြစ်ဆိုက်ပါသည်။ ပွင့်လင်းစွာလျှောက်ထားရလျှင် ယခု အရှင်တို့ကိုယ်တိုင်လည်း အားထုတ်၍ ဒါယကာ ဒါယိကာမများအားလည်း ကိုယ်တိုင် ဟောပြောနေသော တရားကား အမှားသို့သာ ဦးဆောင်နေပါသည်။ မှားမှန်းမသိ၍ ကျင့်မိလျှင်ကား ထားပါတော့။ အမှားကို မှားမှန်းသိသာချိန်၊လမ်းမှန်ရောက်အောင် ပို့ဆောင်ပေးမည့်သူ ပေါ်လာချိန်၌ ထိုသူထံ တပည့်ခံခြင်းအားဖြင့် အကျိုးမယုတ်သည့်အပြင် အကျိုးများစရာများစွာ အလားအလာ ရှိပါသည်။သို့ပါသောကြောင့် အနှစ်မရှိသောတော၌ မင်းမူနေခြင်းဖြင့် အဘယ်အကျိုးရှိပါမည်နည်း။ အနှစ်သာရပြည့်ဝသောတောသို့ ချဉ်းကပ်တော်မူပါ''ဟု အရှင်ဥပတိဿကပါရော၍ ဗုဒ္ဓထံတော်သို့ ချဉ်းကပ်သင့်ကြောင်း လျှောက်ထားပြန်လေသောအခါ သိဥ္စည်းဆရာကြီးသည် စိတ်ချဉ်လာဟန်တူ၏။ ဣဿရိယမာန်ယစ်ကာ မေးခွန်းတပုဒ်ကို ကောက်၍ မေးလိုက်လေသည်။

"သည်မှာမောင်ရင်ကောရိ့၊ မောင်တိဿရိ့၊မင်းတို့ကို ငါ တခုမေးအံ့။ ဖြေကြစမ်း။ လောကမှာ လူလိမ္မာနဲ့လူမိုက် ဘယ်သင်းက များသလဲ။ ကဲ ဖြေကြစမ်း။ ပြောကြစမ်း ဟရိ့"

"လူလိမ္မာက နည်း၍ လူမိုက်က များပါသည်အရှင်"

"အိမ်း၊အဲဒါမှန်တယ်။သဘာဝဆိုတာ ဒါမျိုးကိုဆိုသကွဲ့။ မောင်ရိ့ ရဟန်းဂေါတမဟာ ဘုရားဖြစ်ပေမယ့် လူနည်းစုဖြစ်

www.dhammaransi.com



သကွဲ့။သူ့အသိုင်းအဝိုင်းမှာ လူများစုဖြစ်လာတို့ ဘယ်တော့မှ သဘာဝက ခွင့်မပြုဘူး။မှားမှန်း-မှန်မှန်းမသိတဲ့ လူ့နလပိန်းတုံး တွေ အများကြီး။ အဲဒီသတ္တဝါတွေ ငါ့ဆီ ချဉ်းကပ်လိမ့်မယ်။ ငါ့အတွက် မပူကြနှင့်။ လူဖြစ်လာတဲ့ဘဝမှာ အဲဒါထက် နှစ်သက် စရာကောင်းတာ ဘာရှိအုံးမှာလဲ။ မောင်ရို့ဖသာ ဂေါတမ ဆီသွားရုံမကလို့ မိုးကိုပဲ ပျံပျံ၊ငါ့ကိုတော့ လာမဆွယ်နဲ့။ စိတ်ထဲ တောင် မကူးဘူးဟရို့ရေ”

တဖန် မိုးသောက် နောက်တနေ့ ရောက်လတ်သော် နံနက်နေ ဝန်းနီနီအောက်တွင် အရှင်သာရိပုတ္တရာအလောင်းနှင့် အရှင် မောဂ္ဂလာန်အလောင်း၊လောင်းလျာနှစ်ပါးက ဦးဆောင်လျက် ပရိဗိုဇ်ရဟန်းငါးရာကျော်တို့ဘား သိဥ္စည်းဆရာကြီး၏ကျောင်း တိုက်ကို ကျောခိုင်ကာ ရာဇဂြိုဟ်ပြည်၊ဝေဠုဝန်ကျောင်းတော် ဆီသို့ ဦးတည်လျက် ထွက်တော်မူကုန်သတည်း။

www.dhammaransi.com

## လက်ဝဲရံ လက်ယာရံ အဖြစ်
## ချီးမြှင့်ခြင်းနှင့် ပတ်သက်၍

ဤတောကား ဝိသေသတော ဖြစ်၏။ ရှဉ့်နက်တွေ အလွန်ပေါ၏။ ထိုတောကား သစ်တော မဟုတ်။ ဝါးတောကြီး ဖြစ်လေသည်။ ရှဉ့်နက်တို့သည် ဝါးပင်များကို ဗိမာန်ပြု၍ နေကြသော တော ဖြစ်၏။

ရှေးအခါက ဘုရင်တပါးသည် ဤဝါးတော၌ အိပ်နေစဉ် မြွေတကောင်က ထွက်၍ ဘုရင်အား ပေါက်သတ်မည်ပြုလေသော အခါ ရှဉ့်တကောင်၏ ကျေးဇူးကြောင့် အသက်ရှင်လေရာ ဤသည်ကို ကျေးဇူးဆပ်သောအားဖြင့် "ဤဝါးတောတွင်ရှိ ရှဉ့်များကို သတ်ဖြတ်ခြင်း မပြုရ" ဟု ဘေးမဲ့ပေးထားသော သမိုင်းဝင်ဝါးတောကြီး ဖြစ်လေသည်။

ယခု ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ လက်ထက်တော်အောက်သို့ ရောက်ရှိလာသောအခါ ထိုတော၌ ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းလေရာ ဝေဠုဝနဝါးတောကို အကြောင်းပြု၍ ထိုကျောင်းတော်ကြီးမှာ "ဝေဠုဝန်ကျောင်း" ဟု တွင်သတည်း။

ထိုဝေဠုဝန်ကျောင်းတိုက်ကြီး အတွင်းရှိ အရံကျောင်း တဆောင်၏အတွင်း၌ မထေရ်ကြီးနှစ်ပါးသည် ယမန်နေ့ဆီက

www.dhammaransi.com



ရောက်လာသော အာဂန္တုများနှင့်ပတ်သက်၍ ဆိုပြောနေကြလေ၏။

"ငါ့ရှင်အဿဇိ၊ ယမန်နေ့က ပရိဗိုဇ်ရဟန်းငါးရာကျော်ရံလျက် ဘုရားထံတော်သို့ ရောက်ရှိလာကြသော ပဥ္စင်းသစ်နှစ်ပါးဖြစ်သူ ဥပတိဿနှင့် ကောလိတတို့အတွက် မြတ်ဘုရားသာသနာမှာ များစွာအကျိုးသက်ရောက်ဖွယ် ရှိပေသည်။ ငါ့ရှင်၊ မြတ်ဘုရားကလည်း သူတို့ လာနေသည်ကို အဝေးမှမြင်တော်မူလိုက်ကတည်းကပင် 'သူတို့ကား ငါ၏ ဝဲယာရံအဂ္ဂသာဝကများ ဖြစ်လတ္တံ့' ဟူ၍ ဗျာဒိတ်ထားတော်မူသည်ကို ငါ့ရှင် သတိပြုမိပါ၏လော့"

ဤသို့မေးသူကား ဤသာသနာတော်၌ ရှေးဦးဆုံး ရဟန္တာကြီးဟူ၍ ထင်ရှားသော အရှင်ကောဏ္ဍညမထေရ်ကြီး ဖြစ်၏။ သူနှင့်အတူ ပဥ္စဝဂ္ဂီငါးဦးဝင် အရှင်အဿဇိအား ဆိုပြောနေခြင်းဖြစ်၏။ အရှင်အဿဇိက ဥပတိဿမှာ သူ့ထံတွင် နည်းနိဿယခံသူဖြစ်ကြောင်းကို အနည်းငယ်ရှင်းပြပြီးလျှင်--

"သာသနာတော်အား များစွာကျေးဇူးများမည့်မှာ သံသယကင်းလောက်ပါသည်ဘုရား။ ဗုဒ္ဓမြတ်ဘုရားက 'ဧဟိဘိက္ခု' ခေါ်လိုက်ကာမျှနှင့်ပင် ဥပတိဿနှင့်တကွ ရဟန်းအားလုံးကို ပရိက္ခရာရှစ်ပါးလွယ်လျက် ဧဟိဘိက္ခုရဟန်းချည်း ဖြစ်ကုန်သည်မှာ အံ့ဘပါးပင် ဖြစ်ပါတော့သည်ဘုရား။ လာမည့် ရက်အနည်းငယ်အတွင်းဝယ် အရေးပေါ်သဘောအစည်းအဝေးတခု ခေါ်ရန်ရှိကြောင်းကို မြတ်ဘုရား၏ အရိပ်အမြွက်ဆိုစကားလည်း

www.dhammaransi.com



ရှိထားသည်များကိုထောက်လျှင် 'ဥပတိဿ၊ ကောလိတ' တို့နှင့် ပတ်သက်မည့် အစည်းအဝေးဖြစ်တန်ရာသည်ဟု တပည့်တော် ထင်ပါသည်"

ထိုအချိန်တွင် အာဂန္တုပဋ္ဌင်းသစ်ဟု အရှင်ကောဏ္ဍည၏ ဆိုမြွက်ခြင်းခံရသော ဥပတိဿနှင့်ကောလိတတို့ကား ဝေဠုဝန် ကျောင်းတိုက်ကြီးတွင် မရှိကြ။ တရားလက်စများ စခန်းသိမ်း၊ အနားကပ်ရန် ကျန်ရှိသေးသောကြောင့် ဗုဒ္ဓမြတ်ဘုရားက အရှင် ကောလိတအား ရာဇဂြိုဟ်မြို့၏အနီးရှိ "ကလ္လဂါမ" အမည် ရှိသောရွာ၊ တောကျောင်းသို့ ပို့ထားပြီး အရှင်ဥပတိဿကိုကား သူကရခါတမည်သောလိုဏ်ဂူ၌ နေစေ၏။

ထိုအရှင်နှစ်ပါးကား ငယ်စဉ်အခါက များသောအားဖြင့် ကူညီကြသည်ကများသော်လည်း နောက်ဆုံး "နိဗ္ဗာန်ရောင်ခြည် ဖွင့်" ရာ၌ကား တသီးတခြားစီ ဖြစ်သွား၏။ ဘုရားသခင်၏ ဩဝါဒကို ခံယူလျက် တရားနိဂုံး အဆုံးသတ်အထွတ်တပ်ကြ သည်တွင် အရှင်ကောလိတမှာ (၇) ရက်မျှဖြင့် အာသဝေါ ကုန်ခန်းကာ ရဟန္တာဖြစ်သွား၏။ အရှင်ဥပတိဿသည်ကား (၁၅) ရက်ကြာမှ ရဟန္တာဖြစ်လေသည်။

အချိန်သည် တရှိန်ရှိန်ရွေ့ကာ ညအခါသို့ ရောက်လာ၏။ ဥပတိဿသည် ကမ္မဋ္ဌာန်းထိုင်ရာမှထ၍ အိပ်ရာအင်းပျဉ်သို့ ချဉ်းကပ်၏။ ရာသီမှာ ပူအိုက်ရာသီဖြစ်သဖြင့် လိုဏ်အတွင်း၌ အိပ်စက်ခြင်းမပြုလေပဲ လိုဏ်ဝကြီးအနီးတွင် ခင်းထားသော အင်းပျဉ်၌ ကျိန်းစက်တော်မူမည်ဖြစ်ရာ အရှင်ဥပတိဿသည်

www.dhammaransi.com



ကျိန်းစက်ခြင်းမပြုမီ (မအိပ်မီ)အင်းပျဉ်ပေါ်၌ ဆောင့်ကြောင့် ထိုင်ပြီးလျှင် မိမိ၏ဆရာ အရှင်အဿဇိရှိရာအရပ်ကို ရည်မှတ်၍ လက်အုပ်မိုးကာ ရှိခိုးကန်တော့ခြင်း ပြုတော်မူရှာ၏။

"အဝိဇ္ဇာတိမ်သလ္လာဖုံး၍ လုံးဝကန်းနေပါသော အကျွန်ုပ်၏ ဉာဏ်မျက်စိနှစ်ပွင့်ကို ပွင့်အောင် ဖွင့်ပေးတော်မူသော မြတ်ဆရာ။

"အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်း ဆင်းရဲဝဋ်မှ လွတ်အောင် ကယ်တင်တော်မူပေ သော ကျွန်ုပ်၏ ကျေးဇူးတော်သခင် အရှင် သူမြတ် အဿဇိအား ရိုသေစွာရှိခိုးကန်တော့ ပါ၏ အရှင်ဘုရား"

ဤအလုပ်ကား အရှင်အဿဇိနှင့် တွေ့ရသောအချိန်မှစ၍ ညအိပ်ရာဝင်လေတိုင်း အရှင်ဥပတိဿ၏ "နေ့စဉ် ဆရာကို ကန်တော့ခန်းလုပ်ငန်း" ဖြစ်ပေ၏။

အရှင်ဥပတိဿသည် မိမိ၏ဆရာဖြစ်သော အရှင်အဿဇိအား ဤသို့ အိပ်ရာဝင်သောအခါတွင် ကန်တော့ပြီးမှ အင်းပျဉ် ညောင်စောင်း၌ လျောင်းစက်လေသတည်း။

ထိုနေ့ကား သာသနာ့ဝင်တွင် သမိုင်းတင်ရမည့်နေ့ ဖြစ်၏။ ဝေဠုဝန်ကျောင်းတိုက်၌ ဘုရားသခင်၏အမိန့်တော်အရ "သံဃာကုန် စည်းဝေးသောနေ့ကြီး" ဖြစ်၏။

အရှင်ကောဏ္ဍညက ပဉ္စဝဂ္ဂီရဟန်းများကို ဦးဆောင်လျက် ရှင်း၊ အရှင်ယသက မိမိအပေါင်းပါ သံဃာများကို ဦးဆောင်

www.dhammaransi.com



လျက်ရှင်း၊ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်ကို အကြီးဆုံး နောင်တော် ရဟန်းက ဦးဆောင်လျက်ရှင်း၊ ဥရုဝေဠရဟန်းမျှားကို ဥရုဝေဠ ရဟန်းညီနောင်တို့က ဦးဆောင်လျက်ရှင်း မြတ်ဘုရားကို အသီး သီးရံလျက် တည်ကုန်၏။

အာဂန္တုမျှားဖြစ်ကြသော အရှင်ဥပတိဿနှင့် အရှင် ကောလိတတို့အနက် အရှင်ဥပတိဿသည် တပည့်ရဟန်း ၂၅၀ နှင့် ဘုရားသခင်၏ လက်ယာဘက်မှ ရံလျက် တည်၏။ အရှင်ကောလိတလည်း နောက်ပါတပည့် ၂၅၀ နှင့် လက်ဝဲ ဘက်မှ ရံလျက် တည်၏။

ဤရဟန်းတို့၏ အလယ်တွင် မြတ်ဘုရားသည် ဓမ္မာသန ပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသည်ကို ရဟန်း တို့သည် ရွှေကြာလက်စုံ၊ ထိပ်ဝယ်ပုံကြကုန်လျက် ဗုဒ္ဓဟော ကြားတော်မူမည့်တရားကို ကြိုလင့်လျက် ရှိနေကုန်၏။ ဤပွဲကား ဥပတိဿနှင့် ကောလိတတို့အား သံဃာ့အခမ်းအနားဖြင့် “အဂ္ဂ- သာဝကဘွဲ့တံဆိပ်တော်” ချီးမြှင့်တော်မူသည့်ပွဲ ဖြစ်ကြောင်း ကိုကား ဤသို့ မြတ်ဘုရားက မြွက်ကြားတော်မူလိုက်သည်တွင်မှ သိကြရကုန်သတည်း။

ချစ်သားရဟန်းတို့၊ ဥပတိဿရွာ၏ အကြီးအကဲ ဖြစ်သော ဝင်္ဂန္တပုဏ္ဏားနှင့် ရူပသာရီပုဏ္ဏေးမတို့၏ သား ဤ ဥပတိဿရဟန်းနှင့် ကောလိတ ရွာ၏ အကြီးအကဲဖြစ်သော သုဇာတာပုဏ္ဏားနှင့် မောဂ္ဂလိပုဏ္ဏေးမတို့မှ ဘွားသော ဤကောလိတ

www.dhammaransi.com



ရဟန်းတို့ကား ထူးခြားသောပါရမီ ကိုယ်စီနှင့် ငါ့ထံ ရောက်လာကုန်၏။

ထူးခြားသောပါရမီ၊ ဂုဏ်ရည်တံခွန်၊ ထူးချွန်သူတို့အား အရည်အသွေး အလျောက် ချီးမြှောက်ရမည် ဖြစ်သည်အားလျော်စွာ ဥပတိဿရဟန်းအား ဓမ္မသေနာပတိ သာရိပုတ္တရာ ဟူသော အမည်ဖြင့် **လက်ယာတော်ရံ အဂ္ဂသာဝက** အရာ၌လည်းကောင်း၊ ကောလိတအား မောဂ္ဂလ္လာနဟူသော အမည်ဖြင့် **လက်ဝဲတော်ရံ အဂ္ဂသာဝက** အရာ၌လည်းကောင်း ဤနေ့မှစ၍ ငါခန့်ထားတော်မူလိုက်သည်။

လက်ဝဲတော်ရံ၊လက်ယာတော်ရံအဖြစ် နှင်းအပ်သော ဤရာထူးခန့်အပ်တော်မူခြင်းနှင့်ပတ်သက်၍ မြတ်ဘုရားအား ပြဿနာဖြစ်ပေါ်ပါလေသတည်း။

ကာယကံရှင် အမည်သစ်များဖြင့် ထွန်းသစ်လာသောအရှင်သာရိပုတ္တရာနှင့်အရှင်မောဂ္ဂလာန်တို့မှာ တည်ငြိမ်သောဣန္ဒြေနှင့်ရှိနေကြသည့်နည်းတူ ရဟန္တာကြီးများ ဖြစ်တော်မူကုန်သော အရှင်ကောဏ္ဍည၊အရှင်အဿဇိ၊အရှင်ဝပ္ပ စသည်တို့လည်း နှစ်သက်သောအမူအရာများပြလျက် ရှိကုန်၏။သို့သော် ပုထုဇဉ်ရဟန်းလောက၌ကား မနှစ်သက်သည့်အမူအရာဖြင့် ပွစိပွစိဖြစ်လာကုန်၏။မကျေနပ်နိုင်၊ မနှစ်သက်နိုင်၊ လက်မခံနိုင်ကြသည့်အတွက် အချင်းချင်း လက်တို့လား၊မေးငေါ့လားနှင့် ဖြစ်နေ

www.dhammaransi.com



ကုန်၏။ မခံမရပ်နိုင်သော ဤဖြစ်ရပ်ကား ဤမျှဖြင့်ရပ်သွားခြင်းမရှိ။ကျောင်းအသီးသီးသို့အထိ ပါသွားလေသတည်း။

"ငါ့ရှင်တို့၊ဗုဒ္ဓမြတ်ဘုရား ချီးမြှင့်တော်မူလိုက်သောလက်ဝဲရံလက်ယာရံ ရာထူးကိုကား ငါ မပြောလို။ ယင်းရာထူးမှာ ဗုဒ္ဓအပါးတော်၌ ရှိအပ်ရှိသင့် ရှိထိုက်သောရာထူးပင်ဟု ငါယူဆ၏။ ရာထူးခန့်ထားခြင်းခံရသူ ပုဂ္ဂိုလ်အနေအားဖြင့်လည်း ငါ့အတွက် မလိုလားခြင်းမရှိ။ သို့သော် ခန့်ထားခြင်းပြုလုပ်မှုကိုကား ငါ ဘဝင်မကျလှ"

"ငါ့ရှင်က အဘယ်ကို ဆိုလိုပါသနည်း"

"ယခု သာရိပုတ္တရာနှင့်မောဂ္ဂလာန်တို့အား အဂ္ဂသာဝကရာထူးကြီး ပေးလိုက်ခြင်းမှာ ဘုရားသခင်အနေဖြင့် မျက်နှာလိုက်၍ပေးသည်ဟု ငါ မြင်နေ၏"

ဤသို့ ဆိုလေသောအခါ ကျန်ရဟန်းများက " ဒါ မှန်တယ် ဒါမှန်တယ်" ဟု တခဲနက်ထောက်ခံလိုက်ကြကုန်၏။ ရဟန်းတပါးကမူ နှုတ်မြွက်၍ပင် အာပေါင်ကျယ်ကျယ်နှင့် ဆိုချေ၏။

"ငါ့ရှင်တို့၊ခုနကတင်ပြသွားသော အရှင်၏စကားကို ဖြည့်စွက်ထောက်ခံယင်း ဆက်လက်၍ ဆိုပါရစေ။ မြတ်ဘုရားကိုကားဦးထိပ်ထားပါသည်။ ရိုသေလေးစားပါသည်။ သို့သော် ဤရာထူးခန့်ရေးကိစ္စ၌ ဘုရားသခင် မည်သို့စီရင်လိုက်သည်ကို မပြောတတ်ပါ။ ဖြစ်သင့်သည်မှာကား ဝါကြီးဝါငယ်ကြီးစဉ်ငယ်လိုက်သာဖြစ်သင့်ပါသည်။ ပဉ္စဝဂ္ဂီအရှင်မြတ်တွေထဲက အရှင်ကောဏ္ဍည၊ အရှင်အဿဇိစတဲ့ကိုယ်တော်ကြီးတွေ ခန့်လိုရာကိုခန့်ပါ။

www.dhammaransi.com



ကျေနပ်ပါသည်။သဘာဝကျပါသည်။ ဒါမှမဟုတ် အရှင်ယသ ဦးဆောင်တဲ့အုပ်စုကပဲဖြစ်ဖြစ်၊ဒါမှမဟုတ် ဘဒ္ဒဝဂ္ဂီရဟန်းထဲကပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် ဥရုဝေဠအုပ်စုထဲကပဲ ဖြစ်ဖြစ် ခန့်ပါ။ ကျေနပ်ပါသည်။လက်ခံပါသည်။ ခုတော့ "

"ဒီစကားကို တပည့်တော်လဲ ထောက်ခံပါတယ်။ လူ့စကား အနေနဲ့ပြောရယင် အရှင်သာရိပုတ္တရာတို့၊ အရှင်မောဂ္ဂလာန် တို့ဆိုတာ ခုမှ ပေါ်လာတဲ့ ရှေ့ကြာပင်ရဟန်းတွေပါ။ ခန့်ချင်း ခန့်ယင် ရှေးဦးရဟန်းများကိုသာ ဦးစားပေးပြီး ခန့်သင့်ပါ သည်။ ခုတော့ ဘုရားသခင် ရာထူးခန့်လိုက်ပုံက 'မျက်နှာကြီးရာ ဟင်းဖတ်ပါ' ဆိုသလို ဖြစ်နေပါသောကြောင့် "

ဤသို့ ရဟန်းအချို့တို့ မနှစ်မြို့နိုင်ဆဲရှိနေသည်ကို ဘုရား သခင် သိရှိလျှင် ထိုရဟန်းများကို ခေါ်၍ ထိုပြဿနာကို ပြေလည်အောင်ရှင်းပြတော်မူရလေ၏။ ထိုသံဃာစု၌ ကာယကံ ရှင်များဖြစ်ကြသော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလန် တို့လည်း ပါရပြန်၏။ ထိုမျှမက သမိုင်းဝင်ဖြစ်သော ပဥ္စဝဂ္ဂီထေရ်အရှင်တို့လည်း မြတ်ဘုရားအား ရံလျက်တည်ကုန်၏။

"ရဟန်းတို့၊ သာရိပုတ္တရာနှင့် မောဂ္ဂလာန် တို့အား မျက်နှာကြီးငယ်ရွေးချယ်၍ ငါရာထူး ပေးလိုက်ခြင်း မဟုတ်။ ရှေးရှေးသောဘဝများ စွာတို့က သူတို့၏ တောင့်တမှု ပြုခဲ့ကြသောပါ ရမီအတိုင်းသာလျှင် ငါပေးခြင်း ဖြစ်၏။ သင်တို့ ထင်မှတ်သကဲ့သို့ မျက်နှာကိုရွေး၍ ငါပေးသည် မဟုတ်"

www.dhammaransi.com



ဤသို့ မိန့်မြွက်တော်မူလိုက်သောအခါ ရဟန်းတို့သည် ငြိမ်သက်စွာ နားလင့်နေကုန်၏။ မသိမသာခေါင်းညိတ်သူက ညိတ်နေကြ၏။ ထိုပရိသတ်ထဲမှ ရဟန်းတပါးက လက်အုပ်ချီလျက် "အရှင်နှစ်ပါး၏ ရှေးဆုတောင်းနှင့် ၎င်းတို့၏ပါရမီ ဖြည့်ခဲ့ပုံ ဇာတ်ကြောင်းကို သိလိုလှပါသည်ဘုရား" ဟူ၍ တောင်းပန်ခြင်း ပြုလေသတည်း။

ထိုအခါ မြတ်ဗုဒ္ဓသည် ရဟန်းတို့သန္တာန်၌ သံသယကင်း စိမ့်သောငှာ၊ ထိုအရှင်နှစ်ပါး၏ ဘဝနိမိတ်ကို ဤသို့ အတိတ် ဆောင်တော်မူလေသတည်း။

"ရဟန်းတို့၊ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့၏ အတိတ် ဖြစ်ရပ်ကို သတိချပ်၍ မှတ်လင့်ကုန်၊ နားလင့်ကြကုန်လော့။ လွန်ခဲ့သော တသင်္ချေနှင့် ကမ္ဘာတသိန်းခေတ်က သာရိပုတ္တရာ သည် ပြာဟ္မဏမဟာသာလအမျိုး၌ ဖြစ်ခဲ့၏။ အမည်မှာ သရဒ ဟု တွင်၏။ မောဂ္ဂလာန်ကား သူကြွယ်မျိုး၌ ဖြစ်ခဲ့၏။ အမည်မှာ သီရိဝဍ္ဎနဟု တွင်၏။ သူတို့နှစ်ယောက်ကား ငယ်စဉ်အခါ ကလေး ဘဝမှစ၍ ကြီးသည်အထိ တမိဝမ်းပေါက်ကဲ့သို့ လွန်စွာချစ်ခင် ကြကုန်၏။

"ရဟန်းတို့၊ သရဒသည်၎င်း၊ သီရိဝဍ္ဎနသည်၎င်း အချိန်တန် အရွယ်ရောက်သော် ဝေဒအတတ်များကို တဘက်ကမ်းခတ်တတ် မြောက်သူများ ဖြစ်လာကြသည်။ မိဘနှစ်ပါးတို့ ကွယ်လွန်သွား လေသောအခါ သရဒလုလင်မှာ စီးပွားတွေ တပုံတပင်ကြီးနှင့် ကျန်ခဲ့လေ၏။ သူသည် အတွေးဉာဏ်ရှိ၏။ ဆင်ခြင်တတ်၏။ လောကအကြောင်း၊ သဘာဝအကြောင်းကို ကောင်းကောင်း

www.dhammaransi.com



နားလည်ထားသူ ဖြစ်၏။ သို့ကြောင့် သူသည် မိဘနှစ်ပါးစွန့်ပစ်သွားသော ရွှေပုံငွေပုံ ရတနာပုံများကြားတွင် ထိုင်လျက် ယင်းရတနာအစုအပုံကိုကြည့်ကာ စဉ်းစားလေသည်။

"ငါ၏မိဘနှစ်ပါးတို့ကား ဤရတနာများကို သေလုမျှောပါး ပင်ပန်းကြီးစွာခံ၍ စုဆောင်းခဲ့ကြကုန်၏။ သူတို့ ကွယ်လွန်လေသောအခါ၌ကား တပြားတချပ်ကိုမျှ ယူမသွားနိုင်ကြကုန်။ ငါသည်လည်း သေမင်းကို အန်တုနိုင်မည် မဟုတ်။ သေမင်းခေါ်ဆောင်ရာ နောက်သို့ တကောက်ကောက်လိုက်ရမည်သာတည်း။

"မိပါးနှစ်ပါး ယူမသွားနိုင်သော ဤပစ္စည်းများကို ဖြစ်သောနည်းဖြင့် ငါနှင့် တပါးတည်း ပါအောင် ငါဆောင်ကြဉ်းသွားအံ့။ အကျိုးရှိအောင် ငါအသုံးချအံ့။လှူအံ့။ တန်းအံ့။ဤစည်းစိမ်များကို ယစ်မူးလျက် မခွဲနိုင်၊မခွာရက် တပ်မက်ခြင်းဖြစ်နေလျှင် ငါ့ဘဝသည် နစ်သည်ထက်နစ်တော့အံ့။ ဆင်းရဲခြင်း အတိပြီးသော လူ့ဘောင်၌ နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သေခြင်းကင်းရာအမြိုက်တရားကို ငါရှာအံ့။ ရဟန်းပြုကာ ငါတရားနှင့်သာ မွေ့လျော်အံ့"

ဤသို့အကြံပြုပြီးလျှင် သရဒလုလင်သည် ချစ်စွာသော သူငယ်ချင်းသိရိဝစ္စနထံသွား၍ တိုင်ပင်ရန် သတိရလာ၏။

www.dhammaransi.com



"ရဟန်းတို့၊ သရဒသည် မိတ်ဆွေအပေါ်တွင် သံယောဇဉ်ရှိသူ ဖြစ်သည့်အလျောက် သွားရောက်တိုင်ပင်လေသောအခါ ဤတွင် လူချင်းပင်ချပ်လျက်နှင့် စိတ်ခေတ်ချင်းမတူပုံ ထင်ရှားလာ၏။ သိရိဝဍ္ဎနက မတောမထွက်နိုင်၊ ရဟန်းမပြုနိုင်ဟု ဆိုလေသည်။ သို့သော်လည်း သရဒလုလင်သည်ကား သူ့ရှယ်စူးချက်ကို လက်မလွှတ်၊ ကြံစည်ထားခြင်းကို နောက်မဆုတ်။ ရှိပစ္စည်းအရပ်ရပ်ကို အလှူကြီးအတန်းကြီးလုပ်ပြီးနောက် တယောက်တည်းတောထွက်သွားလေသည်။ ဟိမဝန္တာအတွင်း တခုသောတောင်ကိုအမှီပြု၍ ရသေ့ပြုနေ၏။

"ရဟန်းတို့၊ ကောင်းရာကိုပြု၍ ကောင်းသောအတုကိုတုသူများလည်း လောကမှာ မရှား။ 'သရဒလုလင်ကဲ့သို့သော ကျိကျိတက်ချမ်းသာသူ သဌေးသားသည်ပင်လျှင် ပစ္စည်းကို မတပ်မက်၊ ရက်ရောစွာစွန့်လှူ၍ တောထွက်နိုင်သေးလျှင် ငါတို့အဘယ်ကြောင့် တောမထွက်နိုင်ရမည်နည်း' ဟူ၍ တောထွက်ပြီးရသေ့ပြုကာ သရဒနောက်သို့ လိုက်သူများသည် တနေ့တခြားများသည်ထက် များလာရာက (၇)နှစ်မျှ ကြာလေသောအခါတွင်ကား ရသေ့ပေါင်း တစ်သောင်းလေးထောင်အထိ ရှိလာသတည်း။ သရဒရသေ့သည် ထိုရသေ့ပေါင်းတစ်သောင်းကျော်တို့၏ဆရာ ဖြစ်လာသတည်း။

"ရဟန်းတို့၊ ထိုအချိန်တွင် မဇ္ဈိမဒေသ၊ စန္ဒဝတီမည်သောပြည်တွင် အနောမဒဿီမည်သောဘုရား ထင်ရှားပွင့်ထွန်းတော်မူလာ၏။ ယင်း၏လက်ယာရံက ၊ အရှင်နိသဘ၊ လက်ဝဲရံကား အရှင်အနောမ ဖြစ်၏။ တနေ့သောအခါ အနောမဒဿီမြတ်

www.dhammaransi.com



ဘုရားသည် သမာပတ်မှထတော်မူ၍ လောကကို ကြည့်တော်မူသည်ရှိသော် သရဒရသေ့ကို မြင်တော်မူလျှင် 'ထိုရသေ့အား တရားတော်မိုး ရွာကြိုးသွန်းဖျန်းလျက် ဗျာဒိတ်ပန်းကို ပေးကမ်းတော်မူအံ့'ဟူ၍ အဖော်မခေါ် ကိုယ်တော်တပါးတည်း ကြွတော်မူလျက် သရဒနေသောတောင်ထက်၌ ငှက်၏သဖွယ် တန့်နားတော်မူလေ၏။

"ရဟန်းတို့၊ ထိုအချိန်ဝယ် ရသေ့ကျောင်း၌ ကိတ်ဆိတ်နေ၏။ ရသေ့များစွာတို့ သစ်သီးရှာ ထွက်နေသောကြောင့် ကျောင်းတွင် သရဒရသေ့တပါးတည်းသာ ကျန်နေခဲ့၏။ သရဒရသေ့သည် မိမိ၏ရှေ့၌ ကြွားကနဲရပ်တည်လာသောမြတ်ဘုရားကို မြင်ရသောအခါ များစွာအံ့သြခြင်း ဖြစ်သွားလေသည်။ သူသည် ဝေဒကျမ်းတတ်ပါရဂူဖြစ်သောကြောင့် အနောမဒဿီမြတ်ဘုရားအား စူးစိုက်ကြည့်၍ ဝေဒကျမ်းများ၏အဆိုအမိန့် အင်္ဂါလက္ခဏာရပ်များနှင့် ညှိနှိုင်းကြည့်နေ၏။ ကြည့်ယင်းကြည့်ယင်းမှာပင် သူ ဆုံးဖြတ်ချက် ချလိုက်တော့သည်။

ဤသို့သောသူမြတ်ကား လောကဓာတ်အတွင်း၌ ပြိုင်ဘက်ကင်းမြောက် တယောက်တည်းသော ပုဂ္ဂိုလ် ဖြစ်ရာသည်။ လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ် အံ့ဘွယ်တဆယ့်ရှစ်စုံ ရောင်ဟုန်ခြောက်စိုင်တို့ဖြင့် တပြိုင်နက်ထွန်းပလျက် ရှိသည်။ အိမ်ရာထောင်သောလူ၏ဘောင်၌ ကိလေသာမှောင်လွှမ်းလျက် ရှင်လန်း မွေ့လျော်အံ့

www.dhammaransi.com



သောသူ မဟုတ်။ အနုတ္တရမှန်ကူသယမ္ဘူမြတ်
ဘုရားသာ ဖြစ်တန်ရာသည်။

ဤသို့ ကိုယ်ပိုင်ဉာဏ်အသိဖြင့် သိလေသည့်အလျောက် ဗျာကရာနေရာထိုင်ခင်းကို ခင်းပြီးလျှင် "ဒီမှာ သီတင်းသုံးတော်မူပါဘုရား"ဟု ပင့်ဘိတ်သည်။ သောက်တော်ရေများခပ်၍ ကပ်လှူသည်။ ဘုရားသခင်ကလည်း ခင်းအပ်သောနေရာတွင်ထိုင်လျက် ကပ်လှူသောရေကို သုံးတော်မူနေသည့်အခိုက် တောရသေ့များ အသီးသီး ပြန်လည်ဆိုက်ရောက်လာကြပြီး မြတ်ဘုရားနှင့်သရဒရသေ့ကို မြင်လေသောအခါ မျှားစွာအံ့အားသင့်ကုန်လေ၏။

"ရဟန်းတို့၊ ရသေ့တို့အနေဖြင့် သရဒရသေ့က ရှိခိုးနေခြင်းအတွက် အံ့အားသင့်ခြင်း ဖြစ်ပေ၏။ သူတို့သည် ဤလောကကြီးအတွင်း၌ သူတို့ဆရာ သရဒရသေ့လောက်တန်ခိုးကြီးသူ မရှိဟု ယူဆထားကြသည်ဖြစ်ရာ ဆရာဖြစ်သော ရသေ့က ဒူးထောက်ရှိခိုးနေရသောအဖြစ်ကို မြင်တွေ့ကြရသောအခါ ကိုယ့်မျက်စိကိုပင် ကိုယ်မယုံနိုင်အောင် အံ့အားသင့်ကုန်လေ၏။ ထို့ကြောင့် ရသေ့တို့သည် ဆရာ့အနားသို့ကပ်၍ တိုးဘိုးတိတ်တိတ်မေးဘိကုန်၏။ 'ဆရာ၊ ဤပုဂ္ဂိုလ်ကား ဆရာ့ထက်ပင် မြတ်သလော' ဟု ဆိုကုန်၏။ ထိုအခါ သရဒရသေ့က သူ့တပည့်များအား ရှင်းပြရလေ၏။

ချစ်သားတို့၊ အသို့ဆိုကုန်ဘိသနည်း။ သင်တို့
စကားကား ရိုင်းလေစွ။ ဆီးစေ့နှင့် မြင်းမိုရ်
တောင်မြတ်ကို နှိုင်းအပ်သကဲ့သို့ ဖြစ်နေသည်

www.dhammaransi.com



တကား။ ခိုင်းနှိုင်းခြင်းငှာမထိုက်သောပုဂ္ဂိုလ်နှင့်
ငါ့ကို ခိုင်းနှိုင်းကုန်သည်တကား။

ဤသည်ကား အခြားမဟုတ်ပြီ။ သုံးပါးသော
လောကဝယ် အတုမရှိ အသဒိသဖြစ်တော်မူ
သော မြတ်ဘုရား ဖြစ်ချေ၏။ ငါတို့ကား
သာသနာ၏အပ ရသေ့တာပသမျှသာတည်း။

"ရဟန်းတို့၊ တောရသေ့များအား ဤသို့ ရှင်းပြလေသည် တွင်မှ ထိုရသေ့တို့လည်း ရွှေကြာလှက်စုံ၊ ထိပ်ဝယ်ပုံလျက် ယုံကြည်မြတ်နိုးကာ ရှိခိုးကန်တော့ကြလေကုန်၏။ လုံးသေး လုံးသွယ်၊ စားဘွယ်အသီးသီး တောသစ်သီးများကို ဆက်ကပ် လှူဒါန်းကြလေကုန်၏။

"ရဟန်းတို့၊ အနောမဒဿီ မြတ်ဘုရားသည် ရသေ့လှူဒါန်း သော သစ်သီးဆွမ်းကို ဘုဉ်းပေးတော်မူပြီးနောက် ထိုရသေ့ တို့အား ထိုက်ထိုက်တန်တန်သောဆုဖြင့် ချီးမြှောက်တော်မူလို သဖြင့် အဂ္ဂသာဝကနှစ်ပါး လာစေသတည်းဟု နှလုံးသွင်းတော် မူလျှင် လက်ဝဲတော်ရံ အရှင်အနောမနှင့် လက်ယာတော်ရံအရှင် နိသဘ အဂ္ဂသာဝကကြီးနှစ်ပါးတို့သည် ရဟန်းတသိန်းရံလျက် ဘုရားသခင် ထံတော်မှောက်သို့ ရောက်လာလေကုန်သောအခါ တောရသေ့တို့သည် များစွာဝမ်းမြောက်ခြင်း၊ အံ့သြခြင်း ရောထွေးသော စိတ်တို့သည် တဖိတ်ဖိတ်တောက်လျှမ်းလာကုန် လေ၏။

"ရဟန်းတို့၊ ထိုအခါ ခေါင်းဆောင်ဖြစ်သော သရဒရသေ့ သည် အခြေအနေသုံးသပ်တတ်၏။ ရဟန်းတသိန်းနှင့် အနေ

www.dhammaransi.com



အထိုင်ကျဉ်းကျပ်နေသည်ကို သိ၍ ပန်းမွေ့ရာခင်း၍ ပူဇော်ရန် အတွက် ရသေ့တို့အား ပန်းရရှိရေးအတွက် ထွက်စေ၏။ ရသေ့တို့လည်း ဘုရားသခင်နှင့်တကွ ရဟန်းတော်တသိန်းတို့ သီတင်းသုံးနိုင်လောက်အောင် တော၏ထက်ဝန်းကျင်တလျှောက် ၌ ပန်းမဏ္ဍပ်ကြီး အဆောတလျင်တည်ဆောက်လိုက်ကြကုန်၏။ (၇) ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းတို့အား သစ်သီး ဆွမ်းကပ်လှူကြကုန်၏။

"ရဟန်းတို့၊ (၇) ရက်မြောက်သောနေ့ကား ရသေ့တို့ လှူဒါန်းထားသော ကျောင်းသင်္ခမ်း၊ ပန်း အနုမောဒနာ၊ ဆွမ်းအနုမောဒနာပြုသောနေ့ ဖြစ်၏။ သို့ကြောင့် သစ်သီး ဆွမ်းများ ဘုဉ်းပေးပြီးသောအခါ အနောမဒဿီမြတ်ဘုရား သည် လက်ယာတော်ရံတပည့်ကြီး နိသဘအား 'ပန်းနေရာ အနုမောဒနာကို သင်ပြုလော့'ဟု စေခိုင်းတော်မူ၏။ သရဒရသေ့ သည် အရှင်နိသဘ အနုမောဒနာပြုသည်ကို စူးစိုက်စွာအာရုံ ပြုကာ ဤအရှင်ကဲ့သို့ ဖြစ်ချင်စိတ်များ တဖွားဖွားပေါ်လာ နေ၏။ ထို့နောက် လက်ဝဲတော်ရံအရှင်အနောမက အနုမောဒနာ ပြုတော်မူပြန်၏။ တောအောင်ယံတခုလုံးကား အနုမောဒနာ သံဖြင့် ဖုံးသွားလေ၏။

"ရဟန်းတို့၊ အဂ္ဂသာဝကကြီးနှစ်ပါးအား အနုမောဒနာပြု ကြစေသော်သည်း တဦးတယောက်ရသေ့မျှ ဝဋ္ဋဆင်းရဲမှမကျွတ် လွတ်ကြသေးပဲ ဖြစ်နေသဖြင့် အနောမဒဿီဘုရားသခင် ကိုယ်တော်တိုင် အနုမောဒနာပြုလေသောအခါတွင်မှ သရဒ ရသေ့မှတပါး တောရသေ့အားလုံးတို့သည် တန်ခိုးဖြင့်ပြီးသော

www.dhammaransi.com



သပိတ်သက်န်း ရဟန်းတို့၏ အသုံးအဆောင်ကို ရကုန်လျက် ရဟန္တာ ဖြစ်ကုန်လေ၏။ ဆရာဖြစ်သော သရဒရသေ့မှာကား အရှင်နိသဘ အနုမောဒနာပြုစဉ်က 'ငါ ဤအရှင်ကဲ့သို့ ဖြစ်ရလျှင် ကောင်းလေစွ၊ ကောင်းလေစွ' ဟု ဆန္ဒဖြစ်နေသဖြင့် သမာဓိကောင်းစွာ မရသည့်အတွက် မဂ်ဖိုလ်မပေါက်ပဲ တယောက်တည်း ကျန်နေလေသတည်း။

"ရဟန်းတို့၊ အနုမောဒနာတရားကို ကြားနာပြီးသောအခါ သရဒရသေ့သည် အနောမဒဿီမြတ်ဘုရားထံတော်၌ ဤသို့ ဆုပန် ခြင်း ပြုလေ၏။

> အရှင်ဘုရား၊ တပည့်တော်သည် ဤပန်းထီးကို လှူရသောကောင်းမှု၊ သဗ္ဗညုတဂုဏ်ကျေးဇူးကို ချီးကျူးရပါသော ကောင်းမှု၊ ဘုရားအမွှုးရှိ သော သံဃာတော်များကို ရှိသေမြတ်လေး လုပ်ကျွေးရပါသော ကောင်းမှု၊ ဤကောင်းမှု ထိုကောင်းမှု အစုစုတို့ကြောင့် အရှင်ဘုရား၏ လက်ယာတော်ရံ ဖြစ်သော နိသဘမထေရ်ကဲ့သို့ နောင် ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏ သာသနာဝယ် လက်ယာတော်ရံ အဂ္ဂသာဝက ဖြစ်ရပါလိုသောဟု ဆုတောင်းသတည်း။

"ရဟန်းတို့၊ ဤသို့ လက်ယာရံဆုကို ပန်လေသောအခါ ရခွင့်ရှိမရှိကို ရှုကြည့်တော်မူပြီးနောက် ရအံ့သောအလားအလာ ကို မြင်တော်မူလေသော် 'အချင်းသရဒ၊ သင်သည်ကား

www.dhammaransi.com



ဘဒ္ဒမည်သောကမ္ဘာ၌ ပွင့်တော်လတ္တံ့သော ဂေါတမရှင်တော်မြတ်ဘုရား၏ လက်ထက်တော်၌ သာဝကပါရမီတို့၏ အထွတ်အထိပ်သို့ ရောက်၍ ဓမ္မသေနာပတိ သာရိပုတ္တရာ ဟူသော အမည်ဖြင့် လက်ယာရံ အဂ္ဂသာဝကကြီး ဖြစ်လတ္တံ့။ သင်၏ ဉာဏ်သည် ပံသုပထဝီ၊ မဟိမြူနှင့် မတုနိုင်သည်သာ ဖြစ်လတ္တံ့’ ဟု ဗျာဒိတ်စကား ကြားတော်မူလေသတည်း။

“ရဟန်းတို့၊ ဤသို့ ဗျာဒိတ်တော်ကို ခံယူပြီး၍ အနောမဒဿီမြတ်ဘုရား ပြန်ကြွတော်မူလေသောအခါ ရဟန္တာဖြစ်သွားကုန်သော တပည့်ရသေ့ပေါင်း (၇)သောင်းကျော်တို့လည်း ဘုရားနောက်တော်သို့ လိုက်ပါကုန်ကြမည်ဖြစ်ရာ သရဒရသေ့က ထိုတပည့်တို့အား ဤသို့ မှာကြားလိုက်လေ၏။ ‘အရှင်ဘုရားတို့၊ တပည့်တော်၏ သူငယ်ချင်းဖြစ်သူ သိရိဝဍ္ဎနကို တွေ့ခဲ့သော် အကျွန်ုပ်အား မြတ်ဘုရားက ဗျာဒိတ်ထားတော်မူသွားကြောင်း ပြောပြလိုက်ကြပါကုန်’ ဟူ၍ လျှောက်လိုက်ပြီး သူလည်း တောင်ပေါ်မှဆင်းကာ သိရိဝဍ္ဎနဆီသို့ ဦးတည်လျက် ထွက်လေ၏။

“ရဟန်းတို့၊ သူ့ဘောင်တွင် လူဝတ်ကြောင်နှင့် ရှိနေသော သိရိဝဍ္ဎနကား လူမှုအလုပ်ဖြင့် ရှုပ်ယှက်ခတ်ဖြစ်နေ၏။ ထိုနေ့တွင် မမျှော်လင့်ပဲ ကြာမြင့်စွာကွဲကွာနေသော သရဒရသေ့ကို အိမ်ရှေ့တွင် ဘွားကနဲတွေ့ရလေသောအခါ အတိုင်းမသိ ဝမ်းသာသွားလေသည်။ စကားအထူး မမေးလေဦးပဲ ခံဘွယ်ဘောဇဉ်ချိုချဉ်ရသာ ကောင်းနိုးရာရာများဖြင့် လှူဒါန်းပြီးမှ ‘အရှင်

www.dhammaransi.com



ဘုရား၊ မကြွလာသည်မှာ ကြာပြီကော။ တပည့်များကိုကော အဘယ်မှာထားခဲ့ပါသနည်း’ ဟု မေးလျှောက်သည်ကို သရဒ ရသေ့သည် မိမိထံသို့ အနောမဒဿီမြတ်ဘုရား ကြွလာတော်မူပုံမှ စ၍ အလုံးစုံပြောကြားပြီးသည့် အဆုံးတွင်ကား သူ ခံယူရရှိ ထားသော ဗျာဒိတ်စကားကို ပြောကြားလေတော့သည်။

“သီရိဝဍ္ဎန၊ ငါကား လက်ယာတော်ရံအဂ္ဂ- သာဝကဆုကြီးကို ရရှိထားပြီ ဖြစ်၏။ ဂေါတမ ရှင်တော်မြတ်ဘုရား၏သာသနာတော်၌ ငါကား အဂ္ဂသာဝက ဖြစ်တော့လတ္တံ့။ သင်သည်လည်း ငါနှင့် အတူမကွာ လက်ဝဲတော်ရံဆုကို ပန်ပါ လော့။ ဆုတောင်း၍ ပါရမီဖြည့်ပါလော့”

“ဤသို့ မိတ်ဆွေကောင်းပီသစွာ တိုက်တွန်းလေသောအခါ သီရိဝဍ္ဎနက ဆိုပေသည်။ ‘အရှင်ဘုရား တိုက်တွန်းချက်ကို တပည့်တော် ဝမ်းမြောက်နှစ်သက်စွာ အကြွင်းမဲ့လက်ခံပါ၏။ ကျေးဇူးလည်း တင်ပါသည်။ သို့ရာတွင် ဆုတောင်းချင် သော်လည်း တပည့်တော်မှာ ဘုရားသခင်နှင့် နီးစပ်သူမဟုတ်၍ ခက်နေပါသည်။ ဤကိစ္စဖြစ်မြောက်ရေးအတွက် ဘုရားသခင်ကို ဤဂေဟာသို့ ကြွတော်မူလာအောင် ပင့်ဆောင်ခြင်းအားဖြင့် တပည့်တော်အား ကူညီပါ’ ဟု လျှောက်၏။

“ရဟန်းတို့၊ ထိုစကားကို ကြားလျှင် သရဒရသေ့သည် အတိုင်းမသိပီတိရွှမ်းသွား၏။ ဘုရားသခင် ကြွလာတော်မူဘို့ ကိစ္စအတွက် တာဝန်ယူလိုက်ပြီးလျှင် ဘုရားသခင်အား ဆွမ်း

www.dhammaransi.com



ကွမ်းစသည်ဖြင့်ပူဇော်ပွဲပြုလုပ်ရန် ညွှန်ကြားလေသည်။ သိရိ-ဝဍ္ဎနလည်း အာမဘန္တေခံပြီးလျှင်(၇)ရက်မျှအချိန်ယူ၍မဏ္ဍပ်ကနားကြီးစွာတည်ဆောက်ခြင်း၊ လှူဘွယ်တန်းရန်များအတွက် စီမံခြင်း ပြုလေ၏။ သရဒရသေ့လည်း အနောမဒဿီမြတ်စွာဘုရားအား သိရိဝဍ္ဎန၏ကိုယ်စား ၎င်း၏အိမ်၌ (၇)ရက်ပတ်လုံး ဆွမ်းဘုဉ်းပေးကြွတော်မူပါရန်နှင့် တရားချီးမြှင့်တော်မူပါရန် ပင့်လျှောက်ထားလေ၏။ ဘုရားသခင်လည်း တုဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းဖြင့် သိရိဝဍ္ဎန၏ဆွမ်းကို လက်ခံတော်မူ၏။

"ရဟန်းတို့၊ ထိုနေ့ကား နေ့စဉ် သိရိဝဍ္ဎနသူကြွယ်အိမ်တွင် ဘုရားအမှူးရှိသော သံဃာတော်တသိန်းအား ဆွမ်းလုပ်ကျွေးလာခဲ့သည်မှာ (၇)ရက်မြောက်သောနေ့ ဖြစ်၏။ ထိုနေ့တွင် သိရိဝဍ္ဎနသည် ဘုရားအမှူးရှိသောသံဃာတော်တို့အား ရဟန်းသုံးထည်၊ ဖိနပ်၊သင်္ကန်းစသော လှူဘွယ်တို့ကို ကာယကံမြောက်ဆက်ကပ်လှူဒါန်းပြီးလျှင် အနောမဒဿီမြတ်ဘုရားထံ၌ ဤသို့ ဆုပန်လေသတည်း။

ဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား၊ ဘုရားတပည့်တော်၏အဆွေခင်ပွန်းဖြစ်ပါသော သရဒရသေ့သူမြတ်သည် နောင်ပွင့်တော်မူလတ္တံ့သော ဂေါတမ ရှင်တော်မြတ်ဘုရား၏ သာသနာဝယ် လယ်ယာတော်ရံ အဂ္ဂသာဝကဆုကို ပန်ခဲ့ပါသည်။ တပည့်တော်သည်လည်း ယခုပြုရသော ဒါနကောင်းမှုအစုစုတို့ကြောင့် ထိုဂေါတမရှင်တော်ဘုရားပွင့်တော်မူသောအခါ **လက်ဝဲတော်ရံအဂ္ဂသာဝက**အဖြစ်ကို ရပါလို၏ ဘုရား။

www.dhammaransi.com



"ရဟန်းတို့၊ သီရိဝဍ္ဎနသူကြွယ်က ဤသို့ အဂ္ဂသာဝကဆုပန်ခြင်း ပြုလေသော် မြတ်ဘုရားသည် အနာဂတံသဉာဏ်တော်ဖြင့် ကြည့်၍ ဖြစ်ထိုက်သောအလားအလာကို မြင်တော်မူသဖြင့် 'ချစ်သားသီရိဝဍ္ဎန၊ သင်ဆုတောင်းသောအတိုင်း ထိုဂေါတမဘုရားသခင်၏သာသနာ၌ **မောဂ္ဂလာန** ဟူသော အမည်ဖြင့် **လက်ဝဲတော်ရံအဂ္ဂသာဝက** ဖြစ်လတ္တံ့' ဟူ၍ ဗျာဒိတ်စကားမြွက်ကြားတော်မူသတည်း။

"ရဟန်းတို့၊ ဤသည်ကား သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့၏ အတိတ်ဖြစ်ကြောင်း ဆုတောင်းခြင်းဗျူပ္ပတ်၊ဇာတ်ဝတ္ထုဖြစ်ပေ၏။ ရဟန်းတို့၊ ငါသည် ယင်းသာဝကနှစ်ဦးအား သင်တို့မြင်သကဲ့သို့ မျက်နှာကိုကြည့်၍ လက်ဝဲရံ၊ လက်ယာရံရာထူးကို ပေးတော်မူသည် မဟုတ်။ သူတို့၏ ရှေးကဖြစ်ကြောင်းတောင်းခဲ့ကြသောဆုအတိုင်းသာလျှင် ငါ ပေးတော်မူခြင်း ဖြစ်ပေသည်။ သင်တို့စိတ်ဝမ်း၌ မချမ်းမမြေ့ မဖြစ်ကုန်လင့်" ဟု နောက်ကြောင်းကိုလှန်၍ အခြေခံနှင့်တကွ ရှင်းလင်းပြောပြတော်မူသည်တွင်မှ ထိုရာထူးခန့်ခြင်းပြဿနာ ပြေကုန်သွားကာ ရဟန်းတို့လည်း နှလုံးစိတ်ဝမ်း ချမ်းမြေ့ခြင်း ဖြစ်လာကုန်သတည်း။

www.dhammaransi.com

## အရှင်သာရိပုတ္တရာ၏ ညီတော်
# ဥပသေန ရဟန်းပြုခြင်း

အရှင်သာရိပုတ္တရာ ရဟန်းပြုသွားလေသောအခါ ဤသို့ ရဟန်းပြုခြင်းကိုအကြောင်းပြု၍ သူ၏သီရိဂေဟာတွင် ပြဿနာဖြစ်၍ ကျန်ခဲ့၏။ ထိုပြဿနာကား ဥပသေနစသော မောင်နှမ(၆)ဖော်တို့အတွက် အစ်ကိုကြီးအတွက် ဂုဏ်ယူစရာ၊ ချီးကျူးစရာ 'သာဓုပြဿနာ' ဖြစ်သော်လည်း၊ မယ်တော်ခမည်းတော်တို့အတွက်ကား နှသာဓုပြဿနာကြီး ဖြစ်နေ၏။

အကြောင်းသော်ကား အရှင်သာရိပုတ္တရာသည် ဗုဒ္ဓမြတ်ဘုရား၏ အပါးတော်၌ လက်ယာတော်ရံအဂ္ဂသာဝကကြီး ဖြစ်သွားပြီ၊ ဓမ္မသေနာပတိ ရဟန္တာအရှင်သူမြတ်ကြီး ဖြစ်သွားပြီဟူသောသတင်းကို ကြားရလေသောအခါ လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်သူကား သူ၏ခမည်းတော် ဝင်္ဂန္တပုဏ္ဏားလည်း မဟုတ်ပေ။ မယ်တော် ရူပသာရီလည်း မဟုတ်ပေ။ သူတို့သည် ရဟန်းပြုသွားစဉ်ကပင် လိုလိုလားလား၊ နှစ်နှစ်ကာကာမရှိလေပဲ မတတ်သာလွန်း၍သာ ခွင့်ပြုလိုက်ကြရသူများဖြစ်ခြင်းကြောင့် အဘယ်မျှကောင်းသတင်းပင် ဖြစ်စေကာမူ သူတို့အနေဖြင့်ကား ထူးခြားခြင်းမရှိတော့ချေ။ မိဘလက်မှ စွန့်လွှတ်လိုက်ရသူတဦးအနေမျိုးဖြင့်သာ သဘောထားကြ၏။

www.dhammaransi.com



အရှင်သာရိပုတ္တရာ၏ ကောင်းသတင်းဂယက် လှိုင်၍ထွက်လာသည်ကို ဝမ်းပန်းတသာနှင့် ကြိုလင့်ကြသူ၊ ဂုဏ်ယူချီးကျူးကြသူတို့ကား ယင်း၏ညီတော် ဥပသေန၊ စုန္ဒ၊ ရေဝတနှင့် နှမငယ် မိစာလာ၊ မိဥပစာလာ၊ မိသီသူပစာလာ၊ သူတို့ မောင်နှမခြောက်ယောက်တို့သာ ဖြစ်ကုန်၏။

အရှင်သာရိပုတ္တရာ ရဟန်း ပြုသွားပြီးသည့်နောက်တွင် နောင်တော်အကြီးဆုံးမှာ ဥပသေန ဖြစ်၏။ သူ့အား ကျန် မောင်နှမငါးယောက်တို့က ချစ်ကြောက်ရိုသေကြကုန်၏။ လေးစားကြကုန်၏။

ဥပသေနသည် မိမိ၏နောင်တော် ဗုဒ္ဓ၏လက်ယာတော်ရံ အဂ္ဂသာဝက၊ ဓမ္မသေနာပတိ ရဟန္တာကြီးဖြစ်သွားသည့်အခါမှ စ၍ နောင်ဘုရားအား ဖူးမျှော်ရန် ဝေဠုဝန်ကျောင်းတော်သို့ မကြာမကြာသွားရောက်ပြီး တွေ့ဆုံလေ့ရှိသော်လည်း လွတ်လွတ်လပ်လပ်သွားရသည်ဟူ၍ မရှိ။ မိဘများမှာ မိစ္ဆာဒိဋ္ဌိဖြစ်လေသောကြောင့် သူတို့ မသိအောင် ခိုးကြောင်ခိုးဝှက်နှင့်သာ သွားလာနေရ၏။

မည်သို့ပင်ဖြစ်စေကာ ဘုရားကျောင်းတော် နောင်တော်ရှိရာသို့ သွားဖန်များလာသောအခါ၌ကား ဥပသေနမှာ "မှုဆိုးနားနီး မုဆိုး" ဆိုသောအတိုင်းပင် ကျောင်းကန်ဘုရား၊ ရဟန်းသံဃာတော်များနှင့် ယဉ်ပါးလာ၏။ နောင်တော်ကဲ့သို့ လူ့ဘောင်ကိုခွာလျက် သာသနာတွင်း၌ ပဉ္စင်းခံလိုစိတ်များပင် ဖြစ်ပေါ်လာ၏။ ထိုအခါ မိဘနှစ်ပါး၏မျက်နှာကို မြင်လာပြီး "ဟင်းကာနဲ" သက်ပြင်းချမိလေ၏။

www.dhammaransi.com



ဤသို့ ခိုးကြောင်ခိုးဝှက်နှင့် ဘုရားကျောင်းတော်သို့ ခဏခဏ သွားနေသည်ကို ကြာသော် မယ်တော်ကြီးက ရိပ်မိလာဟန်တူ၏။ ဥပသေနလည်း သူ့နောင်တော်ကြီးလို လမ်းမှားလိုက်သွားယင် ခက်ရချည့်ဟူ၍ ခြေငြိမ်အောင်ချုပ်ထားရန် လျှို့ဝှက်စွာ ကြံစည်လေ၏။ ကောလိတရွာမှ သူကြွယ်တဦး၏ သမီးနှင့် နေရာချထားရန် စီမံစိုင်းပြင်းလေ၏။ ဥပသေနမရှိခိုက်တွင် (နောင်သောအခါ ခမည်းခမက်တော်စပ်လာရမည့်သူ) အမျိုးသမီး၏မိခင်နှင့် အိမ်ဦးခန်းတွင် သားရေးသမီးရေး တိုင်ပင်နေကြ၏။ ဥပသေနသည် ထိုအချိန်တွင် အိမ်သို့ပြန်ရောက်လာသည်။ နှမများကမြင်၍ အိမ်ရှေ့ခန်းသို့ တောက်လျှောက်တက်မသွားရန် အတွင်းခန်းထဲမှ လက်ပြ၍ ခေါ်လေ၏။

"မောင်ကြီး၊ မြောက်ဘက်ရွာက ဒေါ်ဂမ္ဘီရောက်နေတယ်။ တိုးတိုး တိုးတိုးနဲ့ မောင်ကြီးအကြောင်းလဲပါရဲ့။ ဘာတွေပြောနေကြမှန်း မသိ"

"ဟင်....ဒေါ်ဂမ္ဘီနဲ့တိုင်ပင်တယ်ဆိုယင် ဧကန္တ၊ မောင်ကြီးကို မိန်းမပေးစားဘို့ကိစ္စပဲ ဖြစ်ရမယ်။ အသာနေကြ။ မောင်ကြီးအခန်းထဲက အသာချောင်းပြီး နားထောင်အုံးမယ်"

ဤသို့ နှမများအား ပြောဆိုထားခဲ့ပြီး ဥပသေနသည် အိမ်အတွင်းသို့ ခြေသံမကြားအောင် ချွတ်နင်း၍ ဝင်လေသတည်း။

အချိန်သည် တစက္ကန့်မျှတန့်နားခြင်းမရှိ။ တရွေ့ရွေ့နေ၏။ နေ့မှည ဖြစ်လာ၏။ ညမှနေ့ ဖြစ်လာပြန်၏။ ဤသို့အားဖြင့် နေ့ရက်သံသရာချာချာလည်နေရာက နှစ်ရက်လောက်ကြာလေ

www.dhammaransi.com



သောအခါ ရှုပသာရီဂေဟာ၌ သားပျောက်ပြဿနာ ပေါ်လာပြန်လေ၏။

ရှုပသာရီ၌ မိစ္ဆာဒိဋ္ဌိအယူဝါဒကို လက်ခံခြင်းမှတပါး အခြားအပြစ်ဆိုစရာဟူ၍ မရှိ။ သားသမီးကို လွန်စွာချစ်၏။ မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင်ပင် သားသမီးများအပေါ်၌ မေတ္တာရစ်နွယ် ချင်ကြိုးသွယ်လှသော မိခင်ကြီးတဦး ဖြစ်၏။

ထိုနေ့တွင် နေဝင်မိုးချုပ် အနောက်ဘက်ကျွန်းဆီသို့ နေလုံးကြီး တဖြည်းဖြည်းမြုပ်သွားလေလေ၊ ရှုပသာရီမှာ လည်ပင်းရှည်လာလေလေ ဖြစ်နေ၏။ အကြောင်းသော်ကား သားလတ်ဖြစ်သူ ပြန်မလာသောကြောင့် ဖြစ်လေ၏။

ဥပသေနသည် ခါတိုင်းနေ့များတွင် အကြောင်းကိစ္စရှိ၍ အိမ်ကထွက်ခွာသွားသော် မိခင်ကြီး စိတ်ပူတတ်မှန်းသိသောကြောင့် နေဝင်အောင်နေလေ့ မရှိ။ အချိန်မီ ပြန်လာလေ့ရှိသော်လည်း ဤနေ့တွင် နေဝင်သည့်တိုင်အောင် သားမောင် ဥပသေန ပြန်မရောက်သောကြောင့် ဒေါင်းတောက်နေလေတော့သည်။

"သမီး မိစာလာရို့၊ ငါ့ကို မှန်မှန်ပြောစမ်း။ ညည်းတို့ မောင်ကြီးက ဘယ်သွားမယ်လို့ ပြောသွားသကုံ"

"ကျမတို့ကို ဘာမှပြောမသွားပါလား မေမေ"

"ကောင်မတွေ၊ ညည်းတို့ကပါတကျိတ်တည်းတညာဏ်တည်း ဝိုင်းပီးလိမ်နေကြတာ ညာနေကြတာ ဟီး"

www.dhammaransi.com



ရူပသာရီသည် သားကို မြတ်နိုးလွန်းရှာသည့်အတွက် မျက်ရေမဆည်နိုင်အောင် ဖြစ်လာ၏။

"သား မောင်စုန္ဒ၊ ဟိုရွာကြားက ညောင်ပင်ကြီးအောက်များ သွားကြည့်ချေစမ်းပါအုံး။ အဖော်များနဲ့ မင်းတို့အစ်ကိုကြီးက စကားကောင်းချင်ကောင်းနေမှာ"

သားမရှိ၍ မချိအောင်ဖြစ်နေရှာ၏။ ထိုခဏဝယ် သမီးအလတ် ဥပစာလာသည် ပုရပိုက်တခုကိုင်၍ အခန်းထဲကထွက်လာပြီး "ဒီမှာ စာရေးပစ်ခဲ့ဘယ် မယ်တော်" ဟူ၍ ဆိုလေရာ ရူပသာရီမှာ မျက်လုံးများပြာသွားလေသည်။

"ဟင်း ဖတ် မြန်မြန်ဖတ်ပြစမ်းပါသမီး။ ဘာတွေများ ရေးထားခဲ့တုံး။ အမယ်လေး၊ ငါ့ရင်တွေ တုန်လှပြီ။ မြန်မြန်ဖတ်စမ်း"

ထိုအခါ အိမ်ရှိမိသားစုအားလုံးမျက်နှာစုံညီရှိနေကြပြီဖြစ်ရာ ဥပစာလာက ဥပသေန ရေးထားခဲ့သောစာကို ဖတ်ပြလေသည်ကား–

ကျေးဇူးရှင် မိဘနှစ်ပါးအား ဤစာဖြင့် ရှိသေစွာ သား ကန်တော့ခဲ့ပါသည်။ မိဘထံ ခွင့်ပန်ခြင်း မပြုလေပဲ ယခုလို သားထွက်သွားရသည်ကို ခွင့်လွှတ်တော်မူရန် တောင်းပန်ပါသည် ခင်ဗျား။ ခွင့်ပန်နေပြန်လျှင် ပြဿနာ ပို၍ကြီးထွားလာနိုင်သည်ကို မြင်[illegible]င်သည့်အတွက် ခွင့်မပန်ခြင်း ဖြစ်ပါသည်။

www.dhammaransi.com



ကျေးဇူးရှင်များခင်ဗျာ၊ ဤသို့မှ စွန့်စား၍ ရှန်းထွက်ခြင်းမပြုပါလျှင် သားမှာ နှောင်အိမ်တွင်းက အကျဉ်းသားဘဝ ရောက်ရပါတော့မည်။ ကျွန်တော်အား မြောက်ဘက်ရွာက ဒေါ်ဂမ္ဘီ၏သမီးနှင့် ချည်ပြီးတုပ်ပြီး ဖြစ်အောင် အိမ်ထောင်ချထားရန် မိခင်၏ စီမံချက် အားလုံးကို သား သိရပါသည်။ သားကို အိမ်ထောက်ရက်သားချပြီး အဖ၏ကိုယ်စား ရွာ၏အကြီးအကဲရာထူးကို လွှဲအပ်ပေးမည်ဆိုချက်ကိုလည်း သားအနေဖြင့် လက်မခံလိုပါ။ လူ့ဘောင်တွင် တအိုးတအိမ်ထောင်နှင့်နေရန်ကို သားအနေဖြင့် မည်သည့်အခါကမျှ စိတ်မကူးမိခဲ့ပါ။

ဆင်းရဲဝဋ်မှ လွတ်မြောက်သွားသောကျွန်တော်၏အစ်ကိုကြီးသည် ယခုအခါ ဗုဒ္ဓ၏အပါးတော်၌ လက်ယာတော်ရံအဂ္ဂသာဝက ရဟန္တာကြီး ဖြစ်နေပါပြီ။ ကျွန်တော်၏အနေဖြင့် မိဘ၏**အ**မွေကို မခံစားလိုပါ။ အစ်ကိုကြီးထံမှ နိဗ္ဗာန်အမွေကိုသာ ကျွန်တော် ဆက်ခံရယူလိုပါသောကြောင့် နိဗ္ဗာန်အမွေပေးမည့် အစ်ကိုကြီးရှိရာသို့ ကျွန်တော် သွားပြေးပါတော့အံ့။ ခွင့်လွှတ်တော်မူပါ ခင်ဗျား။

သား—ဥပသေန

www.dhammaransi.com



စာဆုံးသောအခါ မိခင်ကြီးရှုပသာရီမှာ မျက်ရည်ဖုံးနေသောမျက်လုံးကြီးများ နီရဲလာသည်။ ချစ်ဒေါ်သအမောက်က မြွေဟောက်ကြီးများလို ပါးပျဉ်းထောင်လာပြီး ဟစ်ကြွေးလျက်

"သယ် သင်းအစ်ကိုကြီးကို သင်းက တယ်အားကိုးသကိုး။ ငါမွေးထားမိတာ ဝမ်းရေစပ်သဟယ်(တောက်)မိမှန်းဖမှန်းမသိတဲ့အကောင်တွေ သွား....သွား....ပြန်ပြီ တယောက်" ဟု ဟစ်အော်ယင်း ရှုပသာရီကား အရုပ်ကြိုးပြတ် မတ်တတ်မှလဲသွားရှာလေ၏။ ပွေ့ပိုက်ထားသောသမီးများ၏ရင်ခွင်တွင် တအင်အင်နှင့်ရှိုနေရှာသတည်း။

ရှုပသာရီသည် သမီးများ၏ရင်ခွင်ကြားမှ မျက်စိဖွင့်ကာ မျက်ရည်ရွှဲနေသောမျက်လုံးဖြင့် သမီးများမျက်နှာကိုရင်း၊သားများ၏မျက်နှာကိုရင်း အသီးသီးစူးစိုက်ကြည့်ပြီး သားဖြစ်သူစုန္ဒ၏ လက်ကိုဆွဲကိုင်ဖျစ်ညှစ်ထားလျက်မှ ဆို့နင့်သံကြီးနှင့် "သား၊မင့်အစ်ကိုကြီးတွေလို မမိုက်နဲ့နော် ကြားလား။အမေ့ကိုသနားပါကွယ်" ဟု ဆုံးမရှာ၏။

"မင်းအစ်ကိုကြီးတွေလို မမိုက်နဲ့နော်" ဟူသောစကားမှာ မိခင်ဖြစ်သူအတွက် အသာယာဆုံး၊ အမှန်မြတ်ဆုံးစကားဖြစ်သော်လည်း ထိုစကားလုံးမှာ သားသမီးများအဘို့တွင်မူကား နံဘေးကို ပိဿာလေးနှင့်ထုခြင်း ခံရသည့်အလားနာကြည်းဘွယ်အကောင်းဆုံးစကားလုံး ဖြစ်နေ၏။ အဘယ့်ကြောင့်ဆိုသော် မိခင်ကြီးအား နဖြင့် မိစ္ဆာဝါဒီဖြစ်သောကြောင့် ထိုစကားလုံးမှာ မိစ္ဆာဝါဒီတို့၏နှုတ်တွင် ချိုလွင်လွင်နှင့် တင့်စနိုး

www.dhammaransi.com



သော်လည်း ဗုဒ္ဓဝါဒီခေတ်ခံရှိနေသူ သားသမီးများကား အဘယ်မှာလျှင် နားဝင်ချိနိုင်ပါမည်နည်း။ ဘာသာထိ မခို အောင် နာမည်သာ ဖြစ်၏။ သို့သော် ဤနေရာတွင် မိခင် ကြီးအား မည်သို့မျှခွန်ကြီးခွန်းငယ် ဆိုပြောခြင်းမပြုကြပဲ မိခင် ၏ စကားကို ငုံ့၍သာ ပျားနှယ်ချိကြကုန်၏။

"အမေ့စကားကို နားထောင်နေ်သား။ သားက လိမ္မာပါ တယ်။ မင့်အစ်ကိုကြီးတွေလို မိဘဂုဏ်သိက္ခာကိုလဲမထောက်၊ ဆွေဂုဏ်မျိုးဂုဏ်ရဲ့ မျက်နှာကိုလဲ မငဲ့ကွက်၊ အားလုံးအရှက်ကွဲ စေမယ့် ဒီရဟန်းအလုပ်မျိုးကို စိတ်မကူးနဲ့နေ်။ အမေတို့မှာ ကျိကျိတက်ချမ်းသာပါလျက်နဲ့ ခွက်လက်စွဲပြီး တောင်းရမ်းစားတဲ့ အလုပ်ဟာ ဘယ့်လောက်ရှက်စရာကောင်းသလဲ သား"

ရူပသာရီသည် သူထင်ရာတွေကို ကရားရေလွှတ် တတွတ်တွတ် ပြောနေ၏။ ရဟန်းသံဃာများ ဆွမ်းခံသည်ကို ရူပသာရီက သူတောင်းစားကဲ့သို့ မြင်နေ၏။ မိခင်ဘက်မှနေ၍ ကြည့်ပြန် သော် ရဟန်းများအား ထိပါးလိုခြင်း အလျှင်းမရှိလေပဲ သားသမီးများ စွန့်လွှတ်သွားကြမည်ကို စိုးရိမ်ခြင်းသာ အဓိက ဖြစ်၍ ခွင့်မလွှတ်နိုင်စရာမရှိပါချေ။ သားသမီးကို အလွန်ချစ်ရှာ သော မိခင်ကြီးပေတကား။

ဤသည့်နောက်ပိုင်းတွင် ဗုဒ္ဓဝါဒီခေတ်ခံရှိ၍ နောင်တော်ကြီး များ၏ လမ်းစဉ်သို့ လိုက်ရန် ရွယ်စူးကြသော မောင်နှမတစု အဘို့ အနေကြုံ ကုန်လေ၏။ ရဟန်းပြုရန် ငါတို့ထွက်သွား ခဲ့သော် မိခင်ကြီးမှာ ယူကျုံးမရဖြစ်၍ ကျန်ခဲ့ရှာမည်ကိုလည်း

www.dhammaransi.com



မြင်ယောင်နေကြကုန်၏။ ဤလူ့ဘောင်မှ မခွာနိုင်ခဲ့သော် သံသရာဘလျှောက်လုံး စုန်းစုန်းနစ်အဖြစ်ဆိုးဘဝနှင့်နေကြရမည့် ဒုက္ခကိုလည်း တဘက်ကတွေးကာ စိတ်မအေးနိုင်ဖြစ်နေကြ၏။

ဤသို့ တအုံနွေးနွေး မိခင်အတွက် စိတ်မအေး ဘဝ နောင်ရေးအတွက် သောကရောက် လေထဲတွင်လွင့်နေသော သစ်ရွက်ခြောက်ကဲ့သို့ စိတ်လွင့်ပါးနေဆဲတွင်-

"ငါ့အကြောင်းကို သိစေမဟဲ့နော်။ နင်တို့ကို ကြိုးနဲ့တုပ်ပြီး မိန်းမပေးစားမယ်၊ လင်ပေးစားမယ်။ ထွက်ပြေးမယ်မျှားတော့ မကြံလေနဲ့။ နင်တို့အစ်ကိုကြီးတွေ သင်းတို့ထိုက်နဲ့သင်းတို့ကံ ကမ်းကုန်အောင် မိုက်လုံးထွားကြပေမယ်လို့ နင်တို့ကိုတော့ ငါ အမိုက်မခံနိုင်ဘူး။ ငါမွေးထားတဲ့သားသမီးကို သက်နီးဆီးဘို့ မပြောနဲ့၊ နန္ဒင်းလူးတာတောင် ငါမကြည့်ရက်ဘူး"

ဤသို့ မိခင်ကြီးက မိုးလုံးဟိန်း အမြောက်ကြီးဖြင့် ခြိမ်းခြောက်ပြန်လေရာ မိစာလာနှင့်မောင်စုန္ဒတို့ မောင်နှမ တသိုက်မှာ မျက်ဖြူဆိုက်ကြရပြန်လေ၏။

"ကဲ....ဘယ့်နှယ်လုပ်မလဲ မောင်လေး"

"ကဲ....ဘယ့်နှယ်လုပ်မလဲ မမ"

မောင်နှမအချင်းချင်း မေးမြန်းသော မျက်လုံးဖြင့်သာ ကြည့်နေကြပြီး လမ်းပေါ်မှာ လမ်းစပျောက်နေကြကုန် သတည်း။

www.dhammaransi.com

## မိခင်၏မေတ္တာနှင့် သားသမီးများ၏ ပါရမီ

## အရှုံး အနိုင် အားပြိုင်ကြရာဝယ်

ပန်းသတင်းကို လေညှင်းဆောင်၍ လူသတင်းကိုကား လူချင်းဆောင်၏။ ရူပသာရီ ပုဏ္ဏားမကြီး၏သားကြီး ဥပတိဿနှင့် ဥပသေနတို့ ရဟန်းပြုသွားကြသည့်ကိစ္စနှင့်ပတ်သက်၍ ထိုအိမ်၏ သတင်းဂယက်မှာ ပတ်ဝန်းကျင်၌ လှိုင်းကဲ့သို့ပွက်ထလာလေ၏။ မိခင်ကြီးကို သနားသူကလည်း မရှား။ မိခင်ကြီး၏ လုပ်ဆောင်ချက်များအပေါ် ပြက်ရယ်ပြုသူများကလည်း မရှား ဖြစ်လာသည်။

"ဒေါ်ရူပကြီးတယောက် သနားပါတယ်တော်။ သူ့ခမျာ သားကြီးနှစ်ယောက်ကို အားကိုးရမလား အောက်မေ့နေရာက နှစ်ယောက်စလုံး ရဟန်းပြုသွားရှာတော့ သနားစရာကြီး ဖြစ်နေတာပ"

"ဒါ သနားစရာမဟုတ်ပေါင်အေ၊ ဝမ်းမြောက်စရာကြီး သာပ။ ရဟန်းပြုသွားတဲ့ သားနှစ်ယောက်အတွက် သူ့မှာ ဘယ့်လောက်ဂုဏ်တက်သွားသလဲ။ ငါ့သားတွေများ ဒီလိုရဟန်း ပြုကြမယ်ဆိုယင် ထတောင်ကမှာ သိလား"

"ညည်းက ရှင်ကြီးဂေါတမရဲ့ရှုဒေါင့်ကနေ ကြည့်တာကိုး။ ဒီလိုပဲမြင်မှာပ။ သဟာပေမယ့် ဒေါ်ရူပကြီးက တမျိုးအေ့။

www.dhammaransi.com



ညည်းလဲ အသိသား။ သူက မိစ္ဆာဝါဒမဟုတ်လား။ ဒီတော့ကာ သူ့သားနှစ်ယောက် ရဟန်းဂေါတမရဲ့ပိုင်နက်ထဲ ရောက်သွားတာကို သူ့အနေနဲ့ ဘယ်ကြည့်ရက်နိုင်မှာလဲ''

''သဟာလဲဟုတ်သပ။ ခုတော့ ဒေါ်ရှုပကြီးတယောက် ရူးသွားမှာတောင် ကြောက်ရတဲ့အဖြစ်မျိုး ရောက်နေပြီတော်ရေ့''

''အလို....ဘာ့ကြောင့်''

''ကိုယ့်မှာလဲ သားနဲ့သမီးနဲ့ဆိုတော့ ကိုယ်ချင်းစာပါတယ်။ သူ့ကို အပြစ်လို့မပြောလိုပါဘူး။ ဖြစ်ပုံက ဒီလိုအေ့။ သူ့မှာ သမီးသုံးယောက်နဲ့ သားနှစ်ယောက် ကျန်သေးတယ်မှုတ်လား''

''ဟုတ်သပေါ့၊ အဲဒါ ဘာဖြစ်သဟုံး''

''အဖြစ်က ဒီလိုအေရဲ့။ အဲဒီကျန်တဲ့သားသမီးတွေအတွက် စိတ်မချရတဲ့ရောဂါ စွဲနေတယ်။ သူတို့အစ်ကိုကြီးတွေလို ရဟန်းပြုသွားမှဖြင့် ဆိုတဲ့အတွေးနဲ့ အိမ်ထောင်ချပေးဘို့ကိစ္စအတွက် သူ့ခမျာ မရှက်နိုင်၊ မကြောက်နိုင် ကိုယ်တိုင် ကြိုးပမ်းနေသတော့်''

''အို....ဒီလိုလား။ အိမ်ထောင်ရေးကိစ္စက လွယ်တာမှမဟုတ်ပဲ။ မိဘအနေနဲ့ ဘယ်လောက်ပဲ ပေးစားချင်ပေမယ်လို့ ပေါင်းသင်းရမှာက သူတို့ချင်းဖြစ်နေတော့ သူတို့ဆန္ဒမပါပဲ ဖြစ်နိုင်မတဲ့လား''

''အင်းပေါ့။ သဟာပေသိ ဒေါ်ရှုပကြီးက အနှာအထိ သူမတွေးတော့ဘူး။ ငါ့သား၊ ငါ့သမီး၊ ငါ့ကမွေးထားတာ၊ ငါ့ပိုင်

www.dhammaransi.com



တယ်ဆိုပြီး ပြောရစေတော့ သမက်လောင်းဖမ်းလိုက်ရတာလဲ သူ့ခမျာ ဖတ်ဖတ်ဆာလို့၊ ချွေးမလောင်း ရှာလိုက်ရတာလဲ ဖတ်ဖတ်ကိုမောလို့။ ပြောပဲပြောချင်ပေါင်”

ဤသည်ကား ဒေါ်ရှုပကြီးခေါ် ရှုပသာရီပုဏ္ဏေးမကြီး၏ ပတ်ဝန်းကျင်မှ ထွက်လာသည့်ဂယက်သံ ဖြစ်၏။ ကျန်သား သမီးများအတွက် မိခင်ကြီးအနေနဲ့ စိတ်မချနိုင်ခြင်းမှာလည်း မှန်ပေ၏။

တနေ့သောညနေစောင်းအချိန်မှာ ဖြစ်၏။ ဒေါ်ရှုပကြီး တယောက် သားသမီးတွေပျောက်ကုန်သဖြင့် ဒေါင်းတောက် အောင်ရှာနေပါ၏။ တယောက်ကိုမျှ မတွေ့လေ၊ ဆွေ့ဆွေ့ခုန် လေဖြစ်နေ၏။ ပြူတင်းပေါက်မှပျာကရာအပြင်လောကကို လှမ်း ကြည့်လိုက်သည်။ သူ့မျက်လုံးက သားပျောက်၊သမီးပျောက်ကို သန်းရှာသလိုရှာနေသည်။ အတန်ကြာသောအခါ ရွှေရင်အေး သွားသည့်အလား “ဟင်းကနဲ” သက်ပြင်းကြီးချကာ အတွင်း ခန်းဘက် လှည့်ထွက်သွားလေသည်။

ထိုအချိန်တွင် သားသမီးများဖြစ်သောစာလာ၊ဥပစာလာ၊ သီသူပစာလာနှင့်သားနှစ်ယောက်စုန္ဒနှင့်ရေဝတတို့ အိမ်ခြံဝင်း ထဲ ဝင်လာကြသည်။

“လာခဲ့ ကမြင်းထီးနဲ့ကမြင်းမတွေ။ ငါ့ကို မလိမ်နဲ့ မှန်မှန် ပြော။ နင်တို့ ခု ကျောင်းကပြန်လာတယ်မှတ်လား”

အိမ်ပေါ်သို့အရောက်တွင် ဆီး၍ဆူပူကြိမ်းမောင်းပြူလေရာ သားသမီးငါးယောက်စလုံး မိခင်ကြီး၏ရှေ့တွင် ရပ်လျက်

www.dhammaransi.com



တယောက်မျက်နှာတယောက်ကြည့်လိုက်နှင့် ကြောင်စီစီဖြစ်နေကြသည်။ သူက အဖြေပေးနိုး၊ငါကအဖြေပေးနိုးနှင့် မျှော်ကိုးနေကြသည်။

"ပြောလေ။ နားမပါကြဘူးလား။ ငါမေးနေတာ မကြားဘူးလား"

မေးခွန်းများ တလုံးပြီးတလုံး မိုးလုံးဟိန်းအမြောက်ကြီးဖြင့် ပစ်ဖောက်ဖန် များလာသောအခါ မဝံ့မရဲနှင့်ဟုတ်မှန်ကြောင်း ဝန်ခံကြရလေ၏။ ထိုအခါ မိခင်ကြီးမှာ ပို၍ဒေါပွလာလေသည်။

"သင်းတို့ကျောင်းကို မသွားပါနဲ့လို့ ငါ အတန်တန်သတိပေးထားတယ်မှတ်လား။ သူတို့ဆီကို သွားနေဘို့မလို။ ငါ အိုးနဲ့အိမ်နဲ့နေတာ။ မိမှန်းဖမှန်း၊ မွေးချင်းပေါက်ဖော်မှန်း သိတတ်ယင်သူတို့ငါ့ဆီလာမှာပ။ ဘာသွားနေစရာလိုလဲ။ သင်းတို့ညီအစ်ကိုနှစ်ယောက်က ဒို့ကိုဖြတ်နိုင်လို့ ဖြတ်သွားတာကို ဒို့က ဘာခင်တွယ်စရာလိုလဲ။ နောင်ကို မသွားရဘူး။ ခြေကျိုးယင် ခြေကိုဖြတ်ပစ်မယ် သိလား"

ဤသို့ အားရလောက်အောင် ဆူပူကြိမ်းမောင်းပြီးသည့်အဆုံးတွင် သူ၏နှလုံးသားက မိခင်၏မေတ္တာသရုပ်ကို ဖော်ထုတ်လိုက်လေသလားမသိ၊ လေသံပြောင်းလေးနှင့်-

"ဒါနဲ့နေပါအုံး၊ သူတို့နှစ်ယောက်လုံး နေလို့ထိုင်လို့ကောင်းကောင်းကြရဲ့လား" ဟူသော မေးခွန်းစကားလုံးအောက်တွင် သားသမီးငါးယောက်မှာ ကြိတ်၍ပြုံးမိကြလေ၏။

www.dhammaransi.com



ကြွက်မနိုင်၍ ကျီကိုမီးရှို့လေသလား မသိ။ ထိုအချိန်မှစ၍ မိခင်ကြီးဒေါ်ရူပသာရီကား သားသမီးများအား သူတို့အစ်ကိုကြီးများဖြစ်သော အရှင်သာရိပုတ္တရာနှင့် အရှင်ဥပသေနတို့ထံ မသွားရန် ပြင်းပြင်းထန်ထန်ချုပ်ကိုင်တားမြစ်ခြင်းပြုချက်အရ သားသမီးများမှာ ထွက်ခွင့်မရပဲ လှောင်ချိုင့်တွင်းကငှက်များပမာ အနေရအထိုင်ရကျဉ်းကျပ်ကုန်ခလေ၏။

မိခင်၏မေတ္တာ၊မိခင်၏စေတနာကား လွန်စွာကြီးမားလှ၏။ သားသမီးများကို ဆင်စီး၍မြင်းရံသည်ကိုသာ မြင်လိုသောစေတနာမှာ မိခင်၏စေတနာ ဖြစ်ပါ၏။

သို့ကြောင့်ပင် မိခင်ကြီးသည် လောကီပိုင်နက်အတွင်းဝယ် ဥမကွဲသိုက်မပျက် မိသားစုအတူတကွနေနိုင်ရန်အတွက် အိမ်ထောင်ရေးခြေချုပ်ဖြင့် ထိပ်ကုံးခတ်ထားမှတော်မည်ဟူ၍ သားသမီးငါးယောက်ရှိသည့်အနက် သားစုန္ဒနှင့် ရေဝတကို တတွဲ၊ သမီးကြီးစာလာ၊သမီးလတ်ဥပစာလာနှင့်သမီးငယ်သီသူပစာလာ တတွဲ၊ သားသပ်သပ်၊သမီးသပ်သပ်နှစ်ဆိုင်းခွဲ၍ အနုနည်းအားဖြင့်အိမ်ထောင်ရေးဇာတ်သွင်းခြင်း ပြုလေသတည်း။

သားနှစ်ယောက်ကို မိန်းမယူချင်စိတ် ပေါက်လာအောင်ခြောက်တခါ၊ချော့တလှည့်ဖြင့် နားချဆိုပြောတရားဟော၍ မရသည့်အဆုံးတွင် သမီးသုံးယောက်အလှည့်သို့ ရောက်လာလေ၏။ ထိုအခါ ဒေါ်ရူပသည် သမီးများအား "ရေလာမြောင်းပေးစကား"ဖြင့် အိမ်ထောင်ရေးသွေးဝင်လာအောင် ချိုသာနူတ်ခွန်း ရှန်းရှန်းဝေဆိုပြော၍ ဆွယ်လေ၏။

www.dhammaransi.com



"အမေ့ကို ဘာမှကြောက်စရာမလိုဘူး၊ လန့်စရာလဲမလိုဘူး။ ကုန်ကုန်ပြောမယ် သူငယ်ချင်းလိုသဘောထား။ ကိုယ့်ရင်ထဲမှာရှိတဲ့ခံစားချက်ကို ပွင့်ပွင့်လင်းလင်းသာပြော မရှက်နဲ့။ မရွံ့နဲ့။ မကြောက်နဲ့။ ရဲရဲသာပြော" ဟု ရှေးဦးစွာတံခါးဖွင့်ပေးပြီးနောက်—

"အမေလဲ ငယ်ရာက ကြီးလာတာပဲ။ သမီးတို့အရွယ်ဟာ မငယ်ကြတော့ဘူးလေ။ အိမ်ထောင်ပြုရမယ့်အရွယ် ရောက်လာပြီ။ လူတွေဟာ ဘာပြုလို့ အိမ်ထောင်ပြုကြတယ်ဆိုတာတော့ ဟဲ....ဟဲ....သမီးတို့ အိမ်ထောင်ပြုမိတော့ သိလာမှာပ"

ပန်းကောင်း ပန်းမွန်၊ အချိန်လွန်သော်
မစွန်လူနိုက်၊ အမှိုက်ဖြစ်သတဲ့။
သမီးကညာ၊ ရာဘနာမွန်၊ အချိန်လွန်သော်
မစွန်လူနိုက်၊ အမှိုက်ဖြစ်သတဲ့ သမီးတို့ရဲ့။
အမှိုက်ဖြစ် မခံချင်ကြနဲ့။

ထိုအခါ သမီးသုံးယောက်သည် တယောက်ကိုတယောက် မသိမသာလှည့်ကြည့်ယင်း အငယ်ဆုံးသမီး သီသူပစာလာက "စကားကြောရှည်ရန်ကော" ဟူသောအဓိပ္ပာယ်ဖြင့် မဲ့ပြလေသည်။ မိခင်ကြီးကမူ ပြောလက်စ စကားကို အမြှုပ်ထွက်မတတ် ဆက်၍ ပြောနေ၏။

"ဒီမှာသမီးတို့ရဲ့ ကုန်သည်စကားပြောရယင် သမီးဆိုတာမျိုးဟာ ရောင်းကုန်နဲ့တူတယ်။ ရောင်းကုန်ဆိုပေတဲ့ စိန်ကုန်ကျောက်ကုန်မျိုး မထင်လေနဲ့။ ကုန်စိမ်းမျိုးကွယ့်။ ကုန်စိမ်းဆို

www.dhammaransi.com



တာက သမီးတို့သိကြတဲ့အတိုင်းပဲ။ အချိန်ရှိတုန်းမှာ မြန်မြန်စွန် အောင်တွန်းပီးရောင်းရတာမျိုး။ အချိန်လွန်သွားယင် မစွန် တော့ဘူး။ အခုလဲ ဒီလိုပဲပေါ့။ အရွယ်ရှိသခိုက်မှာ အိမ်တောင် မပြုလိုက်ယင် အမိုက်သရိုက်သဘောမျိုး ဖြစ်သွားမှာစိုးရတယ်။ ပီးတော့ ကလေးကလားစကား အမေပြောရအုံးမယ်။ ရွှေတိုး ကြ၊ ရွှေတိုးကြ"

မိခင်ကြီးဒေါ်ရူပသည် ဤသို့ ရွှန်းရွှန်းဝေအောင် သမီး များအား ဆွယ်တရားပြောယင်းမှ သရုပ်ထင်ထင် မြင်သထက် မြင်ပြီး အိမ်ထောင်သားမွေး လင်ယူရေးကိုအားကျလာအောင်၊ ငယ်ရွယ်သူတို့စရိုက်နဲ့အကြိုက်တွေ့အောင် သမီးရည်းစားစကား များ နှောကာနှောကာနှင့် ဆက်၍ ပြောရှာလေ၏။

"အမေတို့ငယ်ငယ်တုန်းကဆိုယင် တရွာလုံးမျက်နှာဖုံး၊ ကွမ်း တောင်ကိုင်ပေပ။ အင်မတန်ချော အင်မတန်လှ။ အမေကလှလို့ သမီးတို့လဲလှကြတာပ။ အချိန်တန်အရွယ်ရောက် အပျိုပေါက် ဖြစ်လာတယ်ဆိုယင်ပဲ အချစ်ဆိုတဲ့နတ်က ကပ်လာလေတော့ တယ်။ ချစ်စိတ်ခင်စိတ်တွေက အဆိပ်တက်လာတယ်ပေါ့ကွယ်။ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် ဆိုတဲ့စကားအတိုင်းပဲ အပျို ဖြစ်လာတဲ့အခါ ရည်းစားဆိုတဲ့နတ်ဒေဝါက ဖမ်းစားလာတော့ တယ်။ ရည်းစားတို့ ဘာတို့ဆိုတာအပေါ် တော်တော်စိတ်ကစား လာတယ်ပေါ့ကွယ်။ စကားပုံတောင် ရှိသေးတယ်မှတ်လား။ ဘာတဲ့လေ၊ အဲ....အဲ ရည်းစားတထောင်၊လင်ကောင်တယောက် တဲ့။ အမေတော့ ရည်းစားများများ မထားခဲ့ပါဘူး၊ တယောက်

www.dhammaransi.com



ဆိုတယောက်ပကွယ် ဆိုသလို သမီးတို့အဖေတယောက်ထဲပဲ ထား ခဲ့ဘူးပါတယ်။

"သမီးရည်းစားဘဝဟာ ဘယ့်လောက် ပျော်စရာကောင်း တယ်ဆိုတာ အမေ့အနေနဲ့ အခိုပွာယ်ပေါ်အောင် လုံးစေ့ ပတ်စေ့အနက်မဖွင့်တတ်တော့ပါဘူး။ အဲ မှတ်မိသလောက်ဆို ယင် သမီးတို့အဖေကသဲ လူပျို၊ မေမေကလဲ အပျို၊သမီးရည်းစား အဖြစ်နဲ့ ပထမဆုံးတွေ့တဲ့ညကဆိုယင် သမီးတို့အဖေကလဲ ရှိုးတိုး ရှန့်တန့် ကောင်းကောင်းတောင် အမေ့အနား မကပ်ဝံ့ရှာဘူး။ အမေ့မှာလဲ နတ်ကျသလိုတကိုယ်လုံးတုန်လာတယ်။ ထလိုက်တဲ့ ကြက်သီးမွေးညှင်းတွေဆိုတာလဲ တဖြန်းဖြန်းနဲ့ပေါ့။ ဒါပေမယ့် ဘဝရဲ့အရသာဆိုတာ ဒါကိုခေါ်တာပဲလားလို့တော့ တွေးမိ လိုက်တယ်လေ။ အမေတို့ရဲ့အပျော်ဆုံးနေ့တနေ့ပေါ့။

"အဲ....သမီးတို့အဖေနဲ့ ချိန်းချိန်းပြီး သမီးရည်းစားဘဝနဲ့တွေ့ ရဖန်များလာတဲ့အခါကျတော့ ကြက်သီးတွေဟာ ဘယ်ပျောက် ကုန်တယ်မသိဘူး၊ ထဖော်မရကြတော့ဘူး။ အမေပြောလိုတာ က သမီးတို့ အရွယ်ရောက်လာပြီမို့ ငယ်ရွယ်သူတို့ဘာဝ အချစ် ကိစ္စ ပေါ်ပေါက်လာယင် ရှင်းရှင်းပြောကြ။ သမီးတို့နှစ်သက် မယ်ဆိုယင် အမေ့အနေနဲ့ သဘောတူဘို့ တင့်တောင့်တင့်တယ် ထိမ်းမြားပေးဘို့ အဆင်သင့်ပဲ။ ကဲ....သမီးတို့ကို အမေ တယောက်စီ မေးမယ်။ ရှက်မနေနဲ့၊ ကြောက်မနေနဲ့၊ ကြောက် စရာ ရှက်စရာမှတ်ဖူး။ ပွင့်ပွင့်လင်းလင်း အမေ့ကို ပြောကြစမ်း။

"ကဲ....မိစာလာ၊ ညည်းက အကြီးဆုံး။ အိမ်ထောင်ပြုဘို့ ရွယ်စူးထားတာများ ရှိတယ်မှတ်လား" ဟု သမီးကြီးစာလာ

www.dhammaransi.com



ကိုအရင်ဆုံး မေးလေ၏။ စာလာက ခေါင်းခါပြလိုက်သည်။ ထိုအခါ ဒေါ်ရူပမှာ မျက်ထောင့်ကြီး နီသွားလေသည်။ ထိုနောက် သမီးအလတ်ကို မေးပြန်၏။

"ကဲ မိဥ၊ ညည်းကော ဘယ့်နှယ်တုံး"

သမီးလတ် ဥပစာလာကလည်း ခေါင်းခါပြလိုက်သော ကြောင့် ဒေါ်ရူပက မျက်စောင်းထိုးလိုက်သည်။ ထိုနောက် သမီးထွေးကို မေးပြန်သည်။

"ကဲ မိသီ၊ ညည်းကကော ပြောစမ်း။ ညည်းအစ်မတွေကို ငဲ့စရာ မျက်နှာထောက်စရာ မလိုဘူး။ အိမ်ထောင်ပြုချင်ယင် အမေ စီမံပေးမလို့ မေးနေတာ။ ဘယ့်နှယ်လဲဟင်"

အထွေးဆုံးသမီး သီသူပစာလာကလည်း ခေါင်းခါပြ လိုက်သည့်အခါ ဒေါ်ရူပမှာ မျက်လုံးကြီး နီရဲလာသည်။

"ငါနဲ့များ လဲလိုက်ချင်စမ်းသဟယ်။ နင်တို့ ဘယ်တော့မှ လူဖြစ်မယ့်ကောင်မတွေမှတ်ဘူး။ နင်တို့ လူမဟုတ်ဘူး၊ သစ်သား ထုထားတဲ့ အရုပ်ကောင်မတွေ" ဟု မြည်တွန်တောက်တီးပြီး နောက် ဘောက်ဆူဘောက်ဆဲနှင့် ထိုင်ရာက ထသွားသည်ကို ကြည့်ကာ သမီးသုံးယောက်တို့မှာ အပြုံးကိုယ်စီနှင့် ကျန်ရစ်ကြ လေသတည်း။

ဤသို့ မိခင်ကြီးဒေါ်ရူပအနေဖြင့် သမီးများအား အိမ်ထောင် ချပေးရေးတွင် အရေးမလှသဖြင့် အားမလိုအားမရ ဖြစ်နေ သည်နှင့်အမျှ ကာလသားလောကကလည်း ညီအစ်မသုံးဖော် တို့၏သတင်း အရင်းအတိုင်း သိထားကြလေသဖြင့် အားမလို အားမရနှင့် ရှိနေကြကုန်သည်။

www.dhammaransi.com



"ညီအစ်မသုံးယောက်စလုံး တယောက်မှ အိမ်ထောင်ပြုချင်သူ မရှိတာဟာ အတော်အံ့ဩစရာကောင်းတာပဲ။ ချီးကျူးထိုက်တဲ့ အမျိုးသမီးတွေပဲ"

"အချီးမွမ်းလဲ မစောနဲ့အုံးလေ။ ကိုယ်ကသာကြိုက် သူက မကြိုက် ဆိုတာမျိုး ဖြစ်ချင် ဖြစ်နေမှာ။ လိုချင်တဲ့ယောကျ်ားကို မတွေ့သေးလို့ယင် ဖြစ်ရမယ်"

"တွေးနိုင်ပါတယ်။ ဒါပေမယ့် ဒီလိုတော့ ဟုတ်မယ် မထင်ဘူး။ သူတို့ကို မကြိုက်တဲ့လူ ရှိမယ်မထင်ဘူး"

ဤသို့ ကာလသားတသိုက် စာလာတို့ညီအစ်မ သုံးယောက် အကြောင်း ပြောနေကြရာမှ ကာလသားခေါင်းလုပ်သူက ဆိုလေသည်ကား–

"လင်မယူချင်ဘူးဆိုတာ အလကားစကား။ ငါတော့ နဲနဲမှ မယုံ။ ဒီမှာ ငါပြောပြမယ်။ လူဆိုတာ အတွေ့ကို ရှောင်နိုင်ခဲတယ်။ လင်မယူချင်ပါဘူးလို့ ဘယ်လောက်ပဲ တင်းခံနေနေ အတွေ့နဲ့ကျတော့ စွဲကနဲပါလာမှာသေချာတယ်။ အဲဒီအခါကျယင် 'လင်ယူတာ နောက်ကျလေခြင်း' လို့တောင် နောင်တ ရလို့မဆုံး ဖြစ်နေမှာကွ သိလား"

ကာလသားတို့ဘာဝ ဤသို့ မိန်းမအကြောင်းကို အာမ ညောင်းလျှာမညောင်း ပြောကြရခြင်းကိုပင် အရသာတမျိုးဟု ထင်ကြလေသတည်း။

အချိန်မှာ ညအချိန် ဖြစ်၏။ လရောင်မှာ တိမ်ကိုမခွင်းနိုင်သဖြင့် မှုန်နေ၏။ မှုန်ပျပျလရောင်အောက်တွင် ဒေါ်ရှုပတို့

www.dhammaransi.com



မိသားစု၏ အိမ်ဂေဟာမှာ ငုတ်တုတ်ထိုင်နေသကဲ့သို့ ထင်ရ၏။

ညည့်လွှာရုံအောက်ဝယ် တိတ်ဆိတ်လျက်ရှိသော ထိုဂေဟာ၏အတွင်း ဒေါ်ရှုပ၏အိပ်ခန်းဆီမှ မီးရောင်တခု လက်ကနဲ ထွက်လာ၏။ မီးရောင်၏အလင်းမှာ လက်နှိပ်စက်မီးရောင်နှင့် တူ၏။ ရှေ့သို့သာ လင်း၏။ မီးထိုးသူမှာ မှောင်နေသဖြင့် မည်သူမှန်း မသိရချေ။

မီးအိမ်မှာ ပျားဖယောင်းမီးအိမ် ဖြစ်၏။ လေဒဏ်ခံနိုင်အောင် သုံးဘက်မှကာပြီး ရှေ့တဘက်သာ ဖွင့်ထားသဖြင့် မီးရောင်သည် ရှေ့သို့သာ လင်းလေသည်။ ထို့ကြောင့် မီးရောင်ရှင်မှာ မည်းမည်းသာထင်ပြီး၊ မည်သူမည်ဝါဟူ၍ မသဲကွဲချေ။ ထိုမီးရောင်သည် ကျယ်ဝန်းသောအိမ်ဂေဟာတွင်းဝယ် တလှမ်းချင်းချတ်နင်း၍ လှုပ်ရှားနေသည်။ တဖြည်းဖြည်းနှင့် ညီအစ်မသုံးဖော်အိပ်ခန်းဆီသို့ ဦးတည်လျက် သွားနေ၏။ ထိုအချိန်တွင် ညီအစ်မသုံးဖော်တို့ကား အခန်းတွင်းဝယ် ခုတင်သုံးခုယှဉ်လျက် အိပ်မောကျလျက် ရှိနေကြ၏။

ထိုမီးရောင်သည် ညီအစ်မသုံးဖော်အိပ်ခန်းတွင်းသို့ ဝင်သွားလေ၏။ ခဏအကြာတွင် အိပ်ရာပေါ်တွင် မျက်တောင်ကလေးအစင်းသားနှင့် အိပ်မောကျနေသောစာလာ၏မျက်နှာကို မီးရောင်က ထိုးလိုက်သည်။ စာလာကား ဘာမျှမသိရှာ။ တခေါခေါနှင့် အိပ်မောကျနေလျက်။

မီးရောင်သည် ထိုနေရာမှ ရွှေ့သွားပြန်၏။ မီးရောင်၏အလင်း၌ ထင်းကနဲပေါ်လာသည်ကား သမီးလတ်ဥပစာလာ၏

www.dhammaransi.com



မျက်နှာ ဖြစ်၏။ မီးရောင်ဖြင့် မျက်နှာကို အဘန်ကြာ ထိုး ထားသဖြင့် ဥပစာလာ၏ဘင့်လှပေဟန်မျက်နှာ အထင်းသား ပေါ်၏။

ထိုနေရာမှဘဖန် မီးရောင်သည် ရွှေ့ရှားသွားပြန်လေ၏။ မီးရောင်အောက်၌တောက်ပလာသောမျက်နှာကလေးတခု ပေါ် လာပြန်၏။ ထိုမျက်နှာ၏ပိုင်ရှင်ကား အထွေးဆုံးသီသူပစာလာ ၏မျက်နှာ ဖြစ်သဘည်း။

မီးရောင်ရှင်သည် အမျိုးသမီးသုံးယောက် အိပ်ဆောင်တွင်း သို့ မည်သို့သောအကြံအစည်ဖြင့် ချဉ်းနင်းရောက်ရှိလာလေသ နည်း။ မီးရောင်သည် တဖက်သို့ပြန်၍ ဝှဲ့လိုက်သောအခါတွင် ခုတင်သုံးလုံးပေါ်တွင် စက်လျောင်းနေကြသည့် ညီအစ်မသုံး ဖော်စလုံး၏ မျက်နှာကို မြင်ရ၏။ အတန်ကြာအောင်ပင် မီးရောင်အောက်မှ ညီအစ်မသုံးဖော်ကို မြင်နေရ၏။

ထိုနောက် မီးရောင်သည် လာလမ်းအတိုင်း ပြန်ထွက်သွား လေသည်။ ဒေါ်ရှုပ၏အိပ်ခန်း၌ မီးရောင်သည် နိဂုံးချုပ်လေ ၏။ စားပွဲတခုပေါ်တွင် မီးအိမ်ကို တင်လိုက်ပြီး မီးရောင်ရှေ့မှ ထွေ့၍ထွက်လာသောအခါ ဒေါ်ရှုပကြီး ဖြစ်နေသည်။ တဟာင်း ဟာင်းနှင့် သက်ပြင်းကြီးချလေသူကား အခြားသူ မဟုတ်။ သမီးသုံးဖော်မိခင် ဒေါ်ရှုပကြီးဖြစ်သတည်း။ သမီးများကို စိတ်မချ၍ မီးခွက်နှင့်ထကြည့်ခြင်း ဖြစ်သတည်း။

"အင်း ငါ့ဒုက္ခဟာ မသေးပါကလား။ သင်းတို့တတွေယင် မြန်မြန်အိမ်ထောင်ကျမှ။ ဒါမှမဟုတ် ငါယင် မြန်မြန်သေမှ

www.dhammaransi.com



ဒီဒုက္ခ အေးမှာပါကလား” ဟူ၍ ညည်းတွားယင်း ဒေါ်ရှုပ သည် စောင်ကိုဆွဲကာ အိပ်ရာထဲလှဲချလိုက်လေသတည်း။

မိခင်ကြီး ဒေါ်ရှုပ၏ဒုက္ခကား သူညည်းတွားယည့်အတိုင်း အမှန်ပင် ကြီးမားလှပါပေသည်။ ကျန်ရစ်သူ သားသမီးများ သူတို့အစ်ကိုကြီးများ အရှင်သာရိပုတ္တရာ၊ အရှင်ဥပသေနတို့ ကဲ့သို့ ရဟန်းပြုသွားကြမှာကို အလွန်စိုးရိမ်နေသည်။ စိုးရိမ်သည့် အတိုင်း အိမ်ထောင်ရေးသံကြိုးဖြင့် အမျိုးမျိုးတုပ်နှောင်ရန် ကြံ စည်သော်လည်း အချည်းစည်းသာ ဖြစ်လေသောကြောင့်နေ့ရော ညပါ မျက်စိအောက်ကအပျောက်မခံပဲ အရိပ်တကြည့်ကြည့်နှင့် နေ့ရှိသမျှထိန်းကျောင်းနေရရှာလေသည်။

သို့သော် ပါရမီဆိုသည်ကိုကား ဒေါ်ရှုပအနေဖြင့် နားမလည် ချေ။ သားသမီးကို မိခင်ပီပီ ချစ်ဘို့လောက်ကိုသာ သူ နား လည်ရှာလေသည်။

မိခင်သည် သားသမီးတို့အပေါ်၌ အဘယ်မျှမေတ္တာတရား ကြီးမားစေကာမူလည်း ထိုမေတ္တာသည် သားသမီးတို့၏ပါရမီ အဟုန်ကိုကား ဟန့်တားခြင်းငှာ တတ်နိုင်ပါမည်လော။

ပြက္ခဒိန်နေ့ရက်တို့သည် စက်ကဲ့သို့ အမြဲချာချာလည်လျက် ရွေ့ရှားနေကုန်၏။ တနေ့သောအခါတွင်ကား သားငယ်ဖြစ်သူ ရေဝတကို ရင်ဝယ်ပိုက်ထွေးလျက် မျက်ရေစက်လက်နှင့် ငိုနေ ရှာသော ဒေါ်ရှုပကို တွေ့ရလေ၏။

“ဟင်းနော်၊ သင်းတို့မောင်နှမတတွေ ငါ့ကို ရက်စက်ကြ လေခြင်း။ ဟိုသားကြီး ဥပတိဿ ခေါင်ကစမိုးမလုံလို့ အကုန် လုံး သူ့ဆီ ပါကုန်တာပေါ့။ ရဟန်းဂေါတမရဲ့ကျွန်သပေါက်

www.dhammaransi.com



တွေ ဖြစ်ကုန်ပြီ။ ဆုံးပြီ။ ငါ့သားသမီးတွေ ဆုံးပြီ” ဤသို့ တဗျစ်တောက်တောက် ငိုကြွေးယင်းမှ ရင်ဝယ်ထွေးပိုက်ထားသော သားငယ်ရေဝတအား တအားကုန်နမ်းရှုတ်လျက် “သား....သား၊ အမေ့သားက လိမ္မာပါတယ်နော်။ အမေ့ကို ခွဲပြီး အမေတယောက်ထဲ မထားခဲ့ပါနဲ့သားရယ်” ဟု အငယ်ဆုံးသားကို ပိုက်ပြီး သနားစဖွယ် တရှိုက်ရှိုက်ငိုကြွေးနေချိန်တွင် သူ့သမီးများကား ရဟန္တာမကြီးတွေ ဖြစ်သွားကြလေပြီ။ စာလာထေရီ၊ ဥပစာလာထေရီ၊ သီသူပစာလာထေရီ ဘွဲ့မည်များဖြင့် ထင်ရှားသော ရဟန္တာမများဖြစ်နေကြလေပြီ။ သားဖြစ်သူ စုန္ဒမှာလည်း ‘စုန္ဒထေရ်’ ဟူသော ဘွဲ့မည်ဖြင့် အသီတိသာဝကဝင် ရဟန္တာအရှင်မြတ်ဖြစ်နေလေပြီတည်း။

သို့ကြောင့် မိခင်ကြီးဒေါ်ရူပသာရီအနေဖြင့် သားသမီးများအား ရဟန်းဖြစ်မှုကို မလိုလားသည့်နည်းတူ အခြားမလိုလားသူ ပေါ်လာသည်။ ထိုသူကား အခြားသူ မဟုတ်။ နတ်ပြည်ခြောက်ထပ်ကို အစိုးရသောမာရ်နတ် ဖြစ်သတည်း။ မာရ်နတ်ကလည်း ညီအစ်မသုံးဖော်တို့ ရဟန်းပြုသွားသည်ကို အနည်းငယ်မျှမလိုလားချေ။ သူစိုးပိုင်သော လောကီပိုင်နက်ကို ကျော်လွှား၍ ဘုရားသာသနာတွင်းသို့ ရောက်ရှိသွားသည်ကို အနည်းငယ်မျှ မလိုလားသည့်အလျောက် ငါ၏ပိုင်နက်တွင်းသို့ ပြန်၍ဆင်းလာရမည်ဟူ၍ ထေရီမသုံးဦးထံ ကိုယ်တိုင်ချဉ်းကပ်၍ သွေးဆောင်ဖြားယောင်းဖျက်ဆီးခြင်း ပြုလေတော့သည်။

ထိုအချိန်တွင် ညီအစ်မသုံးဖော်အနက် အကြီးဆုံးဖြစ်သော စာလာထေရီသည် ဣန္ဒြေချ၍ တည်ငြိမ်သောဣန္ဒြေဖြင့် တရား

www.dhammaransi.com



သဘောကို ဆင်ခြင်သုံးသပ်လျက် ရှိနေ၏။ မာရ်နတ်သည် ထေရ်မအနီးသို့ ချဉ်းကပ်၍—

"အိုစာလာ၊ မည်သို့ဖြစ်သွားရသည်တုံး စာလာငယ်။ တင့်တယ်ရုပ်ဆင်း၊ ယမင်းရုပ်ထုကလေးလို ရှုမငြီးနိုင်သည့်အလှကို ဘောက်မဲ့ကြောင့်များ ဖျက်ဆီးပစ်ရသတုံး။ ကြည့်စမ်းပကြော့ယဉ်မဆုံးသည့် အလှတုံး အလှခဲကလေးဟာ ခုတော့ဦးပြည်းခေါင်းတုံးကြီးနဲ့ ဖြစ်နေပါပေါ့လား။ ဘိက္ခုနီမကြီးနဲ့ တူနေပါကလား။ ငါစိုးပိုင်သည့် နိုင်ငံတွင်းမှာ ဤသို့သောကတုံးပြောင်ကြီးနှင့် လားလားမျှမသင့်လျော်။ စာလာ၊ သင်မျက်စိမှောက်ပြီး ဤဘဝသို့ ရောက်နေသည်ထင်ပ။ ဒီနေရာမှာ တရားကိုရှာလို့ ဘယ်မှာလျှင် တွေ့နိုင်မည်လဲ။ တကဲ့တရားစစ် တရားမှန်ဆိုတာ ဒီနေရာမျိုးမှာ မရှိ။ ဆုတ်ခဲ့လော စာလာ။ ဤဘဝမှ ပြန်ခဲ့လော့"

ဤသို့ဖြားယောင်းလာသော မာရ်နတ်အား စာလာထေရီက ငေါက်၍လွှတ်လေ၏။

"ဟယ် မာရ်နတ်ယုတ်၊ ဆုတ်လော့။ ဖယ်ရှားလော့။ သွားလော့။ ငါကား နှစ်သက်ဘွယ်ဟူသမျှ လောကီအာရုံ ကာမဂုဏ်ဆိုတာတွေကို အကြွင်းမဲ့ဖျက်ဆီးပြီးပြီ။ အမိုက်တိုက်ကြီးကို ပေါက်ကွဲအောင် ငါဖောက်ခွဲပစ်လိုက်ပြီ။ ငါ့အနီးသို့ သင်လာမကပ်လေနှင့်။ ရှောင်လော့။ ရှားလော။ ဝေးရာသို့ သွားလေလော့" ဟု နှင်ထုတ်လိုက်ချက်အရ မာရ်နတ်ခမျာ နောက်သုတ်သွားရရှာ၏။

www.dhammaransi.com



ထိုနောက် မာရ်နတ်သည် ညီမအလတ်ဥပစာလာထေရီထံ ချဉ်းကပ်ပြန်လေ၏။

"အိုစာလာ၊ ဇာတိကုန်ဆုံး လူညွန့်တုံးစေမယ့် အလုပ်ကို အဘယ့်ကြောင့် သင် လုပ်ချင်ဘိသနည်း။ ဇာတိသည် ကာမ ဂုဏ်ကို ခံစားချင်သလိုခံစားနိုင်၏။ ဇာတိ မရှိလျှင် ပျင်းစရာ ကြီး၊ ငြီးငွေ့စရာကြီး။ ဘာကို ခံစားလေမည်နည်း။ အိုစာလာ၊ သင့်အရွယ်ဟာ ကာမဂုဏ်ခံစားလို့ ကောင်းတုန်းအရွယ်ပါ စာလာ။ ကာမဂုဏ်ကို ခံစားလှည့်ပါလော့။ နောင်ခါမှ ငါ မခံစားမိလေခြင်း ဟု နောင်တတဖန် ပူပန်ခြင်းမျိုး မဖြစ်ရလေ အောင် လာပါ စာလာ။ ကာမဂုဏ်ကို ဝအောင်ခံစားလှည့် ပါ" ဤသို့ မြှူဆွယ်လေသောအခါ–

"ဟယ် မာရ်နတ်၊ သင် မှတ်လေလော့။ ဇာတိရှိလျှင် မရဏ ရှိမည်။ သေရမည်။ လက်ခြေတို့ကို ဖြတ်တောက်ခြင်း ခံရမည်။ ချုပ်နှောင်ခြင်း ခံရမည်။ ဇာတိ ရှိလာသော် ဒုက္ခမျိုးစုံတို့ စုပြုံကျရောက်လာလတ္တံ့။ ဒုက္ခဝဲဇလုတ်တွင် စုန်းစုန်းမြုပ်ရ လတ္တံ့။ သင် ငါ့အား မနှောင့်ယှက်ပါနှင့်။ သွားလော့၊ ရှောင်လော့၊ ရှားလော့။ နှစ်သက်ဖွယ်အားလုံးကို တရားစဉ်းနှီး တုံးပေါ်တင်၍ ငါ နုပ်နုပ်စဉ်းပြီးပြီ" ဟူ၍ မာရ်နတ်ကိုနှင်ထုတ် လေ၏။

ထို့အတူ ညီမအငယ်ဆုံး သီသူပစာလာထေရီမကလည်း နတ်စည်းစိမ်များဖြင့် မြှူဆွယ်လာသောမာရ်နတ်အား နှင်ထုတ် ပစ်လေ၏။

www.dhammaransi.com



သမီးသုံးယောက်စလုံး ဤသို့ အထွတ်အထိပ်သို့ရောက်နေပြီ ဖြစ်ပါလျက် ဝိပါက်ကြမ္မာမကုန်ရှာသေးသောကြောင့် မိခင်ကြီးခမျာမှာကား အပူမီး တဟုန်းဟုန်းတောက်နေလျက်ပင် ရှိလေသေး၏။ အထွေးဆုံးဖြစ်သောသားငယ် ရေဝတတယောက်ကျန်သေးသည်ကို သူ့အစ်ကိုကြီးများ၊ အစ်မကြီးများကဲ့သို့ ထွက်မပြေးနိုင်အောင် အစွမ်းကုန် ချုပ်ကိုင်ထားပါလေ၏။ သို့သော် ရေဝတကိုလည်း သူ့အရိပ်အောက်မှ ပျောက်မသွားအောင် စောင့်ရှောက်ထားနိုင်ပါမည်လော။

www.dhammaransi.com

## ညီထွေးအတွက်
# အရှင်သာရိပုတ္တရာ၏ မျှော်လင့်ချက်

စိမ်းလဲ့လဲ့ ညိုမှောင်သောတောင်ကြား၌ တောရကျောင်း တကျောင်း ရှိ၏။ ထိုကျောင်း၌ သုံးကျိပ်သောရဟန်းတို့ နေကုန်၏။ ရဟန်းတို့၏အဝတ်သင်္ကန်းများမှာ ချုပ်စပ်ထားသဖြင့် အပ်သွားချင်းထပ်မျှ ရှိချေ၏။ ဆင်းရဲနွမ်းပါးသင်္ကန်းရှားသော ကြောင့်ကား မဟုတ်ပေ။ ပံ့သကူဓုတင်ဆောင် ရဟန်းများ ဖြစ်သောကြောင့်တည်း။

ထိုတောကျောင်းသို့ တနေ့သောအခါ အလွန်သပ္ပာယ်တော် မူလှသောအရှင်ကြီးတပါး ကြွတော်မူလာသဖြင့် ကျောင်းနေ ရဟန်းတို့က ခြေဆေးခြင်း၊နေရာပေးခြင်းစသည်တို့ကို ပြုကြ ကုန်၏။ ထိုအရှင်မြတ်က ရဟန်းတို့အား ဤသို့မြွက်ကြားတော် မူလေ၏။

“ငါ့ရှင်တို့၊ငါတို့မှာ မွေးချင်းပေါက်ဖော်မောင်နှမ (၇) ယောက်ရှိရာ ငါသည် အကြီးဆုံး၊ အငယ်ဆုံးကား ညီဖြစ်၏။ အမည်မှာ ရေဝတဟု တွင်၏။ လူငယ်တဦး ဖြစ်၏။ လူ့ဘောင် တွင် ရေဝတတယောက်သာ ကျန်တော့၏။ အကယ်၍ သင်္ကန်း ဝတ်ချင်ပါသည်ဆို၍ ဤကျောင်းသို့များ ရေဝတရောက်လာခဲ့ သော် သူ့ကို မြန်မြန်သာ သင်္ကန်းဆီးပေးလိုက်ကြပါကုန်။

www.dhammaransi.com



ငါတို့မှာ မိဘများ ရှိကြသော်လည်း မိစ္ဆာဝါဒီများ ဖြစ်သော ကြောင့် သက်န်းဝတ်ပေးခြင်းကိစ္စအတွက် သူတို့ထံ ခွင့်ပန်နေ စရာမလို။ ငါသည် ရေဝတ၏အဖလည်း ဟုတ်၏၊ အမိလည်း ဟုတ်၏။ ရေဝတကို ငါပိုင်၏။ ငါ့သဘောအတိုင်း ဖြစ်၏။ သူ ရောက်လာခဲ့သော် သင်္ကန်း မြန်မြန်ဆီးပေးလိုက်ကြကုန်လော့"

ဤသို့ မှာကြားလှာသူက အရှင်သာရိပုတ္တရာဖြစ်သတည်း။ ညီအငယ်ဆုံး ရေဝတမှတပါး အားလုံး သာသနာ့ဘောင်သို့ ရောက်ရှိကြလေပြီ။ ရေဝတတယောက်သာ လူ့ဘောင်တွင် ယောင်လည်လည်နှင့်ကျန်နေသဖြင့် သူ့ကိုပါ ဆင်းရဲဝဋ်မှလွတ် မြောက်အောင် ကယ်တင်လိုသည့်အတွက် ဤသို့မိန့်မြွက်မှာထား လာခြင်း ဖြစ်ပေ၏။

သို့သော် အရှင်သာရိပုတ္တရာ၏ဆန္ဒ ပြည့်ဝနိုင်မည်လော။ ထိုအချိန်တွင် ညီဖြစ်သူ ရေဝတ၏ဖြစ်ရပ်ကား ရဟန်းဘဝနှင့် နီးစပ်ပါ၏လော။

အရှင်သာရိပုတ္တရာ၏ဘက်မှကြည့်လျှင် ညီဖြစ်သူကို ကယ် တင်ရန်အတွက် သူ၏ကြိုးစားချက်မှာ မှန်နေသည်နှင့်အမျှ မိခင် ၏ဘက်မှကြည့်လျှင်လည်း ဆင်စီး၍မြင်းရံသည်ကို မြင်လိုသော ဆန္ဒမှာ အကြွင်းမဲ့မှန်နေ၏။

ဤနေရာ၌ သားအမိနှစ်ယောက်တို့၏ဖြစ်ရပ်မှာ လွန်ဆွဲ သောပွဲနှင့် တူနေ၏။ ရေဝတကား နောင်တော်ကြီးနှင့်မိခင် ကြားတွင် လွန်ကြိုးသဖွယ် ဖြစ်နေ၏။ ဤလွန်ပွဲတွင် သားဖြစ် သူအရှင်သာရိပုတ္တရာက နိုင်မည်လော။ မိခင်ကြီးက နိုင်လေ မည်လော။ အရှုံးအနိုင် အားပြိုင်နေကြလေပြီကော။

www.dhammaransi.com



သို့သော် အခြေအနေအရ မိခင်ကြီးက တပန်းသာလျက် ရှိနေ၏။ ရေဝတမှာ မိခင်၏လက်တွင်းမှာ ရှိနေသည်။ မိခင်၏ လက်ခုပ်ထဲကရေ ဖြစ်နေသဖြင့် မိခင်ကြီးဆွဲတိုင်း ကရမည့်ဘဝ ဖြစ်နေသည့်အလျောက် "ဇာကုပ်နတ်ပြည်တင်"ဆိုသကဲ့သို့ မိခင်ကြီးသည် ရေဝတအား မိန်းမပေးစားရန် အပူတပြင်းစိုင်းပြင်းပါလေ၏။ သားအား အိမ်ထောင်နှောင်ကွင်း သံခြေချင်း ခတ်ပါလေ၏။

"သား၊ ဟိုကောသမ္ဗာက သဌေးကြီးဦးဘောဂကို ကြားဘူးတယ်မှတ်လား"

"ကြားဘူးပါသည်"

"သူ့သမီးကသိပ်ချောသတဲ့။ အဲ သူကလေးနဲ့ ငါ့သားကို လက်ထပ်ဘို့ အမေ စေ့စပ်ပြီးပြီ"

"ခင်ဗျာ...."

ရေဝတမှာ အလွန်အံ့သြသွားပြီး မိခင်ကြီး၏မျက်နှာကို ပြူးကြောင်ကြောင်နှင့် ကြည့်နေပြီးမှ ဝမ်းနည်းဆို့နင့်သံကြီးနှင့်–

"အိမ်ထောင်ရေးကိစ္စဟာ အလွန်မလွယ်တဲ့ကိစ္စလို့ ကျွန်တော် ကြားဘူးပါသည်။ ကျွန်တော့်ကို အသိလဲမပေး၊ တိုင်ပင်ခြင်းလဲမပြုလေပဲ ခုလို "

"နင့်ကို ငါပိုင်တယ်။ တိုင်ပင်နေစရာမလိုဘူး။ ငါ့သဘော ငါ့သဘော"

www.dhammaransi.com



''မိခင်က သားကိုပိုင်တာတော့ မှန်ပါတယ်။ ဒါပေတဲ့ ပေါင်းသင်းရမှာက မိခင်နဲ့မဟုတ်၊ မယားနဲ့ပေါင်းသင်းရမှာ ဖြစ်လေတော့ (စကားမဆုံးမီ)

''တော်၊ တန်၊ တိတ်။ စကား မရှည်နဲ့။ ငါ့လက်နဲ့ရေးတာကို ခြေနဲ့ဖျက်မယ်မကြံနှင့်။ လက်ထပ်ဘို့ နေ့ရက်တောင် ငါသပ်ပြီးခဲ့ပြီ''

ဤသို့ အာဏာသံမောက်မောက်နှင့် ခြိမ်းခြောက်ဆိုပြောပြီးမှ လေသံအေးအေးနှင့် ''ငါ့သား မယားလှလှလေး ရတော့မယ်ကွယ့်။ ရွှေပုံပေါ်မှာ တူပျော်ပျော်သာစံပေတော့။ ဟိုမင့်အစ်ကိုအစ်မ ပုရွက်ဆိတ်ခေါင်းကြီးတွေဟာ မိုက်လုံးထွားတာနဲ့ မစံစားထိုက်ကြဘူး။ အမေ့သားက အလိမ္မာ၊ ဖိုးကံကောင်းဆိုတော့ စံစားရတာပေါ့။ မင်္ဂလာသဘင်အတွက်ကို့တင်ပြင်ဆင်ထားပေတော့ ငါ့သား''

အရှင်သာရိပုတ္တရာသည် သူ့ညီရေဝတအား သာသနာ့ဘောင်သို့အရောက် ဆောင်ကြဉ်းရန် ကြိုးစားနေချိန်၌ ညီရေဝတမှာ မိခင့်ကြီး၏နှောင်ကြိုးတည်းမှုကြောင့်လောကီထောင်ကြီးထဲချရန် အမိန့်ကျနေပြီဖြစ်ရာ ရေဝတ၏ဖြစ်ရပ်မှာ ပို၍စိတ်ဝင်စားစရာ ဖြစ်လာလေသည်။

ရေဝတအနေအားဖြင့် အိမ်ထောင်ရေးကို စိတ်ဝင်စားခြင်းအလျင်းမရှိ။ သို့သော် မိခင်ကြီးအား သနားလည်းသနားသည်။ မိခင့်စကားကိုလည်း လေးစားလာခဲ့သူ ဖြစ်သည့်အလျောက် စိတ်မပါပဲလျက် ဤကိစ္စအတွက် ခေါင်းညိတ်လိုက်ရသော

www.dhammaransi.com



အခြေအနေသို့ ဆိုက်ရောက်နေလေရာ အရှင်သာရိပုတ္တရာ၏ မျှော်မှန်းချက်မှာ အချည်းစည်းဖြစ်ရတော့မည်ကဲ့သို့ ဖြစ်နေ၏။

ပြက္ခဒိန်နေ့ရက်များသည် ရှက်ခြောက်များကဲ့သို့ အချိန်ရှိသရွေ့ ပြောင်းလဲလှင့်ပါးရာက မင်္ဂလာဆောင်မည့်ရက်သို့ ရောက်လာ၏။ ဂုဏ်ကြီးရှင်သဌေးသမီးနှင့်သဌေးသား မင်္ဂလာဆောင်ဖြစ်ခြင်းကြောင့် ပရိသတ်မှာ ပျားပန်းခတ်မျှစည်ကားလျက် ရှိနေ၏။

ပရိသတ်များကြားတွင် မင်္ဂလာသတို့သားနှင့် သတို့သမီးတို့ကား ရွှေနှင့်မြ နေနှင့်လပမာ ရွှေသွားနောက်လိုက် ညီကြပါပေသည်။

"ချစ်သမီး၊ ချစ်သမီး၏ဖွားဖွားကဲ့သို့ ချစ်သမီးလည်း အသက်ရှည်ပါစေသတည်း။ ချစ်သမီးဖွားဖွား အကျင့်သီလကောင်းသကဲ့သို့ ချစ်သမီးလည်း အကျင့်သီလကောင်းသူ ဖြစ်ပါစေသတည်း"

ကြွလာသောပရိသတ်အပေါင်းက ကောင်းချီးပေးကြ၊ ဆုတောင်းကြလေသောအခါ သတို့သား ရေဝတက " ဖွားဖွား အသက်ရှည်သကဲ့သို့ " ဆိုသောဆုတောင်းစကားကို စိတ်ဝင်စားမိလာသည်။ ထိုအဖွားကို တွေ့လိုမြင်လိုစိတ်များ ဖြစ်လာသည်။ ထို့ကြောင့် "ထိုအဖွားကို ကျွန်တော် ကန်တော့လိုပါသည်။ အသက်မည်မျှရှိပါပြီလဲ။ ကျွန်တော်တွေ့လိုပါသည်" ဟု တောင်းဆိုချက်အရ မင်္ဂလာမောင်နှံနှစ်ယောက်စလုံး အဖွားအိုကြီးရှေ့မှောက်သို့ ရောက်သွားကြလေ၏။ ထိုအခါ ရေဝတ

www.dhammaransi.com



သည် သူ့ဇနီးကလေးကို ကြည့်လိုက်၊ အဖွားအိုကြီးကိုကြည့် လိုက်နှင့် ဖြစ်နေသည်။ အဖွားအိုမှာ ဆံပြု သွားကျိုး အရေး ပြိုင်းပြိုင်းနှင့် ရှိနေပြီဖြစ်၏။ ဤအဖွားအိုကိုကြည့်ကာ အနီးရှိ လူများကို မေးမိတော့၏။

"ဤအဖွား၊ အသက်မည်မျှရှိပါပြီလဲ ခင်ဗျာ"

"အသက် ၁၂၀ ရှိပြီမောင်ရင်"

"ဩော် ၁၂၀ တောင်ရှိမှကိုး။ (သူ့ဇနီးကိုကြည့်ပြန်ပြီး) သူလဲ ဤအဖွားလို အိုမှာပဲလား ခင်ဗျာ"

"သူ့လိုပဲ အသက်ရှည်လျှင် သူ့လိုပဲ-ဖြစ်မှာပ"

ထိုအခါ ရေငတသည် ပါရမီဓာတ်ခံရင့်သန်သူဖြစ်သည့် အလျောက် သူ့စိတ်ထဲ၌ အတွေးရောက်လာသည်ကား "ဤမျှ နုတ်သမီးတမျှလှပသော ရုပ်အဆင်းကိုပင်လျှင် အိုခြင်းတရားက ဖျက်ဆီးပစ်တတ်ပါတကား။ ကြောက်စရာကောင်းလှပါတကား။ ငါ၏နောင်တော်ကြီးများနှင့် အစ်မများသည် ဤအိုရခြင်း ဆင်းရဲကို ကြောက်ကြသဖြင့် သာသနာ့ဘောင်သို့ ကူးမြောက် သွားကြခြင်း ဖြစ်ပေလိမ့်မည်။ မသိ၍မှားမိခြင်း၌ အပြစ်မတင် သင့်သော်ကည်း သိလျက်နှင့်ကား မမှားသင့်။ ငါ့ဘဝကို ငါအမှားခံလျှင် ငါနစ်တော့အံ့"

ဤသို့ တွေးမိကာ မင်္ဂလာသတို့သားရေဝတသည် ဘဝကို အလန့်ကြီးလန့်ပြီး အကြောက်ကြီး ကြောက်လာလေတော့သည်။ သို့သော် သူ့လည်ပင်း၌ ပူပူနွေးနွေး သင်္ဘေးသမီး ဇနီးချော

www.dhammaransi.com



သံယောဇဉ် ကြိုးမျှင်ကလေးက တင်းအောင် နှောင်ဖွဲ့ထားပြီး ဖြစ်နေပြီကော။

မိခင်ကြီးရူပသာရီကား "အောင်ပြီ၊ အောင်ပြီ" ဟူ၍ ပရိသတ်ကြားတွင် တပြုံးပြုံးနှင့် လိုက်လံနှုတ်ဆက်နေသည်နှင့် အမျှ သားဖြစ်သူရေဝတ၏ နှလုံးတွင်မူ မီးရထားကြီးခုတ်မောင်း နေသကဲ့သို့ တဂျုံးဂျုံးနှင့် ဖြစ်နေ၏။

"ဘယ့်နှယ်လဲ အမေ့သား။ ဘယ့်လောက်ပျော်စရာကောင်း သလဲ။ ဒီပရိသတ်ကို နှယ်နှယ်များ မမှတ်လေနဲ့။ သဒ္ဓေး ပရိသတ်ကွယ့်။ သဒ္ဓေးပရိသတ်ကြားမှာ ကြွားကြွားကြွားကြွားနဲ့ အမေ့သားကို မြင်ရတော့ အမေ ဘယ်လိုဝမ်းသာမှန်း မသိဘူး။ ဟိုအကောင်တွေ ကောင်မတွေကို မင်္ဂလာဆောင်မပေးရတာ အတိုးချပြီး ငါ့သားကို ခမ်းခမ်းနားနား အမေ မင်္ဂလာဆောင် ပေးတာ" ဟူ၍ တပျပျတဖွဖွပြောသံများကို သားရေဝတကား ကြားဟန်မတူပါ။ အဘယ်မှာ ကြားပါမည်နည်း။ ထွက်ပေါက် ကို သူ ရှာနေလေပြီကိုး။

မိခင်ကြီးရူပသာရီ၏ အလျင်စလို စီမံချက်အရ လက်ထပ် မင်္ဂလာပွဲမှာ အောင်မြင်စွာပင် ပြီးဆုံးသွားလေပြီ။ သို့သော် သတို့သားရေဝတကား မယားအပေါ် စိတ်ဝင်စားမှုလုံးဝမရှိ။ သူ့ဇနီးမှာ ရွှေချပ်လိုအလှထူးသော်လည်း ဘီလူးမတယောက် ပမာ ကြောက်လည်းကြောက်၊ လန့်လည်းလန့်လာသည်။

သည်အထဲတွင် မိခင်ကြီးသံလိုက်ချက်ကြောင့် သူ့ခများ ပို၍ဒုက္ခရောက်နေရှာ၏။ မိခင်ကြီးကား မိန်းမပါးကြီးဖြစ်၏။ ချွေးမကို သမီးနှင့်မခြား ရင်းနှီးသည်ထက် ရင်းနှီးသွားစေ

www.dhammaransi.com



လိုသောဆန္ဒဖြင့် မင်္ဂလာဆောင်မှအပြန်တွင် ချွေးမနှင့်သားကို သူစီးသောလှည်းပေါ် တင်ပြီး သားအမိသုံးယောက်သား စကားတပြောပြောနှင့် ရွာသို့ ပြန်လာသည်။ သူ့သဘောမှာ မယားတည်းဟူသော ချစ်နှောင်ကြိုးနှင့် တုပ်ပြီး သားဖြစ်သူအား မလှုပ်နိုင်အောင် ဖန်တီးခြင်းပင် ဖြစ်လေသည်။

သို့သော် သားဖြစ်သူဓရဝတအား လှည်းဆောင့်လေတိုင်း မယားနှင့်အသားချင်းထိ ပွတ်သီးပွတ်သပ် ဖိုမဓာတ်ချင်း ဖဿောဖဿာဖြစ်သည့်တိုင်အောင် စိတ်ဓာတ်လှုပ်ရှား ဖောက်ပြားခြင်းမရှိရုံမက "ဒီကာမနှောင်ဝဋ်က လွတ်မြောက်အောင် ငါ ဘယ်လိုရုန်းရပါမည်လဲ" ဟူ၍သာ ထွက်ပေါက်ကို ရှာယင်း လိုက်လာခဲ့လေသည်။

"သား၊ မင်္ဂလာဦးဆိုတာ အူတမြူးမြူးနဲ့ နေရတာမျိုး ကွယ့်။ မင်းဟာက လဒမှိုင်မှိုင်ပြီး ငိုင်လှချည့်လား"

"ကျွန်တော် အစားမှားသလားမသိဘူး။ ဗိုက်ထဲက ကသိ ကအောက်ဖြစ်နေလို့ပါ မေမေ" ထိုသို့ပြောလေမှ သာ၍ဂွကျ သွားလေ၏။

"ဟဲ့သမီး၊ ဗိုက်ကို နှိပ်ပေးလိုက်စမ်း။ သားက အမေ့ကိုမှ ထား။ သမီးက နှိပ်"

"အို-ကိစ္စမရှိပါဘူး မေမေ။ နေသာပါတယ်"

မယား၏ပြုစုမှုဘေးကို ဤစကားဖြင့် ရှောင်ရှားပေးလိုက် ရလေ၏။ တောလမ်းဖြစ်သောကြောင့် သစ်ပင်ချုံဖုတ်များ

www.dhammaransi.com



တဖြည်းဖြည်းရှုပ်ရှုပ်လာ၏။ ရေဝတသည် မိမိ၏လွတ်မြောက်ရေးအတွက် ဤတောလမ်းကို အကွက်ကောင်းရွေးလိုက်လေပြီ။

"ဩော်....မေမေ၊ ဗိုက်ထဲကနာလိုက်တာ။ ခဏလှည်းပေါ်ကဆင်းပြီး အခင်းသွားအုံးမှဖြစ်မယ်"ဟုပရိယာယ်ဖြင့်ပြောချက်ကိုမိခင်ကြီးက လက်ခံယုံကြည်သည့်အလျောက် ရေဝတသည် မြောက်ကနဲ လှည်းပေါ်က ခုန်ဆင်းချပြီး ချုံကွယ်သို့ ကပျာကယာ ပြေးဝင်သွားလေတော့သည်။

"သမီး၊ ညည်းလင်ကို စကားလေးဘာလေးပြောအုံးလေ။ ယောကျ်ားဆိုတာမျိုးဟာ ကိုယ်ကချစ်မိုးကြီး စွေပြတာတောင်မှ တန်ကာကျတာ။ တော်ကြာအငယ်အနှောင်းနဲ့တွေ့လို့ ဟုတ်မှ ဖြစ်နေအုံးမယ်"

"ဒါတော့လဲ ကံပေါ့ အမေရယ်။ သမီးက ရိုးရိုးပဲဆက်ဆံတတ်ပါတယ်"

"တယ်ခက်သကိုးအေ၊ ညည်းပြောရတာ"

ထိုခဏ ရေဝတ လှည်းပေါ် ပြန်တက်လာသဖြင့် စကားပြတ်သွားလေ၏။ "သား၊ ဝမ်းတော်တော် သွားသလား" ဟု စိုးရိမ်တကြီးဆီး၍ မေးသည်ကို "ဟုတ်ကဲ့ မေမေ" ဟု ဆီလျော်အောင် ဖြေလေ၏။

ဤနည်းအတိုင်း ရေဝတသည် နောက်ဖေးသွားချင်ဟန်ဆောင်၍ လှည်းပေါ်က နှစ်ကြိမ်လောက် ဆင်းကြည့်သည်။ မိခင်ရော မယားကပါ သံသယကင်းစွာဖြင့် ယုံကြည်မှုန်းကို သိလေသောအခါ သူ့အကြံအစည် အောင်မြင်ရေးအတွက် ရှေ့သို့တဆင့်တက်၍ ကြိုးစားလေတော့သည်။

www.dhammaransi.com



"ဟာ....နာလာပြန်ပြီ။ လှည်း ခဏရပ်ပါအုံး"

ရေဝတသည် ပြောပြောဆင်းဆင်း နောက်ဆုံးဆင်းခြင်းဖြင့် လှည်းပေါ်က ဆင်းခဲ့ပြီးနောက် ချုံဖုတ်အောက်တွင် ပျောက်သွားလေတော့သည်။ အတန်ကြာ၍ လာချိန်တန်လျက် ပြန်မလာသောအခါ မိခင်ကြီးနှင့်ဇနီးက စိတ်ပူလာသည်။ မျက်လုံး ပြူးကုန်သည်။

"ဟဲ့....မောင်ဟိုဒင်း၊ ငါ့သား မလာပါလား။ လဲများနေသလား။လိုက်စမ်းပါအုံးဟယ်" ဟု လှည်းသမားကို စေခိုင်းလျှင် လှည်းသမားလည်း ရေဝတဝင်သွားသော ချုံဖုတ်ထဲဝင်၍ ရှာလေသည်။ သို့ရာတွင် အစအနကိုပင် မတွေ့ရ ဖြစ်နေ၏။ ထိုအချိန်တွင် ရေဝတမှာ တောကြီးမျက်မည်းထဲတွင် တယောက်ထဲ ကဆုန်ပေါက်၍ ပြေးနေသည်။ တချက်တချက် နောက်လှည့်ကြည့်လိုက် ပြေးလိုက်နှင့် တယောက်ထဲ အလုပ်ရှုပ်နေသည်။

"မေမေကြီး၊ မတွေ့ဘူး ခင်ဗျား"

"ဟေ"

ဤသည့်နောက်ပိုင်းတွင် ယောက္ခမနှင့်ချွေးမတို့ အိမ်ပြန်ရောက်၍ သားပျောက်သဖြင့် အပူမီး ဟုန်းဟုန်းတောက်နေသည့် အချိန်တွင် တောရကျောင်းထဲသို့ စွတ်၍ပြေးဝင်လာသော ဝတ်ကောင်းစားလှနှင့် လူငယ်တဦးအား တံမြက်လှည်းနေသော ရဟန်းတပါးက တံမြက်စည်းကိုင်လျက်မှ စိုက်ကြည့်နေသည်။

"တပည့်တော် ရဟန်းပြုလိုပါသည်။ တပည့်တော်အား သင်္ကန်းဆီးပေးတော်မူပါဘုရား"

www.dhammaransi.com



"ဒကာလေး၊ သင်ကား အသူနည်း"

"တပည့်တော် အရှင်ဥပတိဿခေါ် အရှင်သာရိပုတ္တရာ၏ ညီဖြစ်ပါသည်။ တပည့်တော်၏အမည်မှာ ရေဝတပါဘုရား"

"ခြော်....ရေဝတ ဟုတ်စ"

"တင်ပါ ဘုရား"

"ကောင်းဘိစွ။ သင်၏ နောင်ကြီး၏မှာစကားအရ ငါတို့ သက်န်းဆီးပေးကုန်အံ့"

ပါရမီကို မည်သို့သိနိုင်မည်နည်း။ ပါရမီကံ အကျိုးပေးချိန် တန်လာသည့်အလျောက် ရေဝတလည်း နောင်တော်ကြီးများ နည်းတူ အစ်မကြီးများကဲ့သို့ပင် ရဟန်းပြုသွားလေရကား သားသမီးကို ချစ်လှစွာသောမိခင်ကြီးမှာ ခဲလေသမျှသဲရေကျ ဖြစ်ကုန်ရှာလေသတည်း။

www.dhammaransi.com

## ရဟန္တာနဂါးနှင့် နတ်နဂါး

## သို့မဟုတ် အရှင်မောဂ္ဂလာန်နှင့်နန္ဒောပနန္ဒ

ကောင်းကင်တခုလုံး ဝါထိန်သွားလေ၏။ အကြောင်းသော်ကား ရဟန်းတို့၏ ဝါရွှေသောသင်္ကန်းက အရောင်ဟပ်သောကြောင့်ဖြစ်၏။ ဗုဒ္ဓမြတ်ဘုရားသည် နန္ဒောပနန္ဒနဂါးမင်းကြီးကို ချွတ်ရန် ရဟန္တာငါးရာခြံရံလျက် ကောင်းကင်ခရီးဖြင့် ကြွတော်မူလေသောကြောင့် အာကာသနန်းတွင် သင်္ကန်းရောင်လွှမ်းသွားခြင်း ဖြစ်လေသည်။

ဗုဒ္ဓမြတ်ဘုရားအမှူးပြုသော ရဟန္တာငါးရာတို့ ယုဂန္ဓိုရ်တောင်ထိပ်သို့ ရောက်သွားကြလေသောအခါ လကို တိမ်ဖုံးလျှင် ပတ်ဝန်းကျင်တခုလုံး မည်းမှောင်သွားသကဲ့သို့ အာကာပြင်ကြီးပေါ်တွင် ကြည်ကြည်လင်လင်နှင့်ရှိနေသော ယုဂန္ဓိုရ်တောင်ကြီးသည် ရုတ်ခြည်းပင် မှောင်အတိကျသွားသေရကား ရဟန်းတို့ အံ့အားသင့်ကုန်လေ၏။

ယုဂန္ဓိုရ်တောင်ထိပ်သို့ ရောက်လျှင် လှမ်း၍မြင်နေကျဖြစ်သော နတ်ဘုံနတ်နန်းများကိုလည်း မမြင်ရ။ ဘယ်ဆီမှာ တာဝတိံ၊ ဘယ်ဆီမှာအယုဇ္ဈပူရိန်၊ ဘယ်အစွန်မှာနန္ဒဝန်ဉယျာဉ်ဟူ၍လည်း မမှန်းနိုင်အောင် ဖြစ်ကုန်သောကြောင့် အဘယ့်ကြောင့်မဖြစ်စဖူး ထူးထူးခြားခြား ဤသို့ဖြစ်လေသနည်းဟူသော

www.dhammaransi.com



မေးခွန်းမျက်လုံးများဖြင့် ရဟန်းတို့သည် အချင်းချင်းကြည့်လိုက်၊ မသိမသာဘုရားသခင်၏မျက်နှာတော်ကို လှမ်းကြည့်လိုက်နှင့် ဖြစ်နေကုန်၏။

ထိုအချိန်တွင် ဗုဒ္ဓ၏အနီး၌ရှိကြသော အရှင်ရဋ္ဌပါလ၊ အရှင်ရာဟုလာ၊ အရှင်ဘဒ္ဒိယစသောအရှင်မြတ်တို့လည်း အခြေအနေ၏ထူးခြားချက်ကြောင့် ဘုရားသခင်၏အရိပ်အကဲကိုသာ ကြည့်နေကြ၏။ ဘုရားသခင့်ထံတော်မှ တစုံတရာမြွက်ကြားသံကို မရရှိလေသောအခါ အရှင်ရဋ္ဌပါလသည် လက်အုပ်ချီလျက် ဗုဒ္ဓအား မေးလျှောက်လေ၏။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ ဤယနေ့ ကြုံတွေ့ရသောဖြစ်ရပ်ကား ဆန်းကြယ်ဘိစွဘုရား။ အခြားတပါးသောအခါများက ဤယုဂန္ဓိုရ်တောင်ပေါ်သို့ရောက်သော် မြင်းမိုရ်တောင်ကြီးကိုလည်း လှမ်း၍မြင်ရပါသည်။ တာဝတိံသာကိုင်း၊ အယုဇ္ဈပူရပြသာဒ်ကိုင်း၊ စိုက်ထူထားသော အောင်လံတံခွန်များကိုင်းမြင်ရပါသည်။ ယခုအခါတွင်မူ တတောင်လုံးမှောင်ကြီးကျ၍ ဘာကိုမျှ မမြင်ရပါ။ ဤသို့ ဖြစ်ရသည်မှာ အဘယ့်ကြောင့်ပါနည်းဘုရား" ဤသို့မြတ်ဘုရားအား မေးလျှောက်သည်တွင်မှ " နန္ဒောပနန္ဒနဂါး၏ လက်ချက်ဖြစ်ကြောင်း " ကွက်ကွက်ကွင်းကွင်း အထင်းသားပေါ်လာလေသည်။

"ချစ်သားရဋ္ဌပါလ၊ နန္ဒောပနန္ဒနဂါးသည် သင်တို့၊ ငါတို့အား အမျက်ထားနေချေ၏။ 'ဤဦးပြည်းရဟန်းတို့သည် အခန်း

www.dhammaransi.com



ခန်း၊ အပြတ်ပြတ်၊ အစပ်စပ်သောအဝတ်ကိုဆီးလျက် ကြီးသူ၊ မြတ်သူဟူ၍မချင့်တွက်၊ ငါ၏ဦးခေါင်းထက်သို့ကျော်၍ အပေါ်၌ဖဝါးခြေမှုန့်ကိုကြဲကာ မကြာမကြာ ဝတိုံသာသို့ လူးလားကူးခတ်သွားလာနေကြသည်။ ယနေ့မှစ၍ ဤရဟန်းတို့အား ငါလမ်းဖွင့်မပေးတော့။ အကယ်၍မရှောင်ကွင်းခဲ့သော် ငါ့ခံတွင်း၌ အသက်ပျောက်စေအံ့’ ဤသို့ကျုံးဝါးကာ ငါတို့၏သွားလမ်းကို ဆို့ပိတ်လိုက်သည့်သဘောဖြင့် ငါတို့လန့်စေသော၊ ကြောက်စေသောဟူ၍ မြင်းမိုရ်တောင်ကြီးကို အောက်ခြေမှစ၍ အဖျားတိုင်အောင်(၇)ပတ်ပတ်လိုက်ပြီးနောက် မြင်းမိုရ်တောင်ထိပ်ကို သူ၏ပါးပျဉ်းကြီးဖြင့် မိုးထား၏။ သို့ကြောင့် တတောင်လုံးမှောင်ကျကာ ဘာကိုမျှမမြင် မထင်တော့သည့်အခြေသို့ ရောက်နေခြင်း ဖြစ်သည် ချစ်သား”

“ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ ဤသို့ဖြစ်က ရိုင်းပျလှစွာသော ဤနဂါးအား မှတ်သားလောက်အောင် တန်ခိုးပြ၍ တပည့်တော် ဆုံးမပါရစေဘုရား”

“ချစ်သားရဋ္ဌပါလ၊ ဤသည်ကား သင်၏အရာမဟုတ်” ဟူ၍ ခွင့်ပြုတော်မမူချေ။ အရှင်ရာဟုလာ၊ အရှင်ဘဒ္ဒိယ စသောအရှင်များကလည်း အရှင်ရဋ္ဌပါလကဲ့သို့ပင် သူတို့ ဆုံးမပါရစေဟု လျှောက်ကြကုန်သည်။ သို့သော်လည်း ဗုဒ္ဓက ခွင့်ပြုတော်မမူသောကြောင့် အချင်းချင်း ကြည့်ကာကြည့်ကာသာ နေကြရလေ၏။ မြတ်ဘုရားကိုယ်တော်တိုင် ဆုံးမတော်မူလိမ့်မည်အထင်နှင့် မျှော်လင့်နေကြကုန်၏။ ထိုစဉ်အခိုက် “ဘုန်းတော်ကြီးသောမြတ်စွာဘုရား” ဟူသောအသံကြောင့် အသံလာရာသို့

www.dhammaransi.com



လှည့်ကြည့်ကြသည်တွင် ဘုရားသခင်အား လက်အုပ်ချီလျက် လျှောက်ထားနေသော အရှင်မောဂ္ဂလာန်ကို တွေ့ကြရလေ၏။ အရှင်မောဂ္ဂလာန်၏ လျှောက်ထားချက်ကား လက်မခံ၍မဖြစ် အောင် အချက်ပိုင်လှ၏။ မည်သို့ လျှောက်ထားသနည်းဆိုသော်-

ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ တပည့်တော်အား လျှောက်ထားရန် ခွင့်ပြုတော်မူပါ ဟု ရှေးဦးစွာပန်ကြားအပ်ပါသည်။

အရှင်ဘုရား၊ မိဘတို့မှာ သားကြီးသြရသ ဟူ၍ရှိရာ ထိုသားကြီးသြရသသည် မိဘတို့၏ တာဝန်ဟူသမျှကို ထမ်းဆောင်ရမြဲဖြစ်ပါသည်။ ထို့အတူ တပည့်တော်ကား မြတ်ဘုရား၏ သားကြီးသြရသဖြစ်သောကြောင့် အဖဘုရား၏ တာဝန်ကို သားကြီး သြရသဖြစ်သော တပည့်တော် ထမ်းဆောင်ရမည် ဖြစ်ပါသည်။

အရှင်ဘုရား၊ နန္ဒောပနန္ဒသည် တိရစ္ဆာန် ဖြစ်ပါသည်။ တိရစ္ဆာန်ဖြစ်သော ထိုနန္ဒောပနန္ဒ နဂါးအား မြတ်ဘုရားကိုယ်တော်တိုင် မဆုံးမထိုက်ပါ။ ယင်းနဂါးအား တပည့်တော် ဆုံးမပါရစေ။ တပည့်တော်အား ဆုံးမခွင့်ပေးတော်မူပါရန် အလေးအနက် ပန်ကြားပါသည်။ တပည့်တော် ဆုံးမပါမည် ဘုရား။

www.dhammaransi.com



ဤပြန်ကြားချက်ကိုကား လက်ခံတော်မူလိုက်ပြီ ဖြစ်သော ကြောင့် အရှင်မဟာမောဂ္ဂလာနပါလ၊ အရှင်ရာဟုလာစသော ရဟန္တာ ငါးရာတို့သည် "နန္ဒောပနန္ဒအား အရှင်မောဂ္ဂလာန် မည်သို့ ဆုံးမတော်မူမည်နည်း" ဟူ၍ အခြေအနေကို သုံးသပ်နေစဉ် အရှင်မောဂ္ဂလာန်ကား ရဟန်းသံဃာများ၏ မျက်စိအောက်မှာ ပင် အမောက်ကြီးတလူလူနှင့် နဂါးကြီးအသွင် ဖန်ဆင်း လိုက်လေသတည်း။

ထိုအချိန်မှစ၍ နတ်နဂါးနှင့် ရဟန္တာနဂါးတို့၏တိုက်ပွဲ စလေ တော့၏။ ရဟန္တာကြီးသည် တိရစ္ဆာန်နဂါးအပေါ်မှ ထပ်၍ မြင်းမိုရ်တောင်ကြီးကို (၁၄)ပတ် ပတ်ပြီး နန္ဒောပနန္ဒနဂါး၏ ဦးခေါင်းကို မိမိ၏ပါးပျဉ်းကြီးဖြင့် ဆောင်းမိုးလျက် နဂါးတို့ မလှုပ်နိုင်၊ မလှန့်နိုင်အောင် မြင်းမိုရ်တောင်ဖြင့် ညှပ်ထားလေ ၏။ တရစ်ချင်း တရစ်ချင်း ဝက်အူတင်းသကဲ့သို့ ရင်ပတ်၍ ညှပ်လေသောအခါ နန္ဒောပနန္ဒမှာ မခံမရပ်နိုင်အောင် ဖြစ်လာ သည်။ အခံရခက်လေ ဒေါသထွက်လေ ဖြစ်လာသည်။

ထို့ကြောင့် နန္ဒောပနန္ဒသည် ဒေါသအမျက်ခြောင်းခြောင်း ထွက်လာပြီး "သေပေတော့" ဟူ၍ အခိုးလွှတ်လေသတည်း။ မျက်မာန်ကြုတ်ကြုတ်ဖြင့် မြေမှုတ်သည့်နှယ် အခိုးအလျှံများ မှုတ်လေသည်။

ထိုအခါ အရှင်မောဂ္ဂလာန်လည်း "ဟယ်....နန္ဒောပနန္ဒ၊ သင်သာ အခိုးလွှတ်နိုင်သလော။ ငါကော မလွှတ်နိုင်ပြီလော။ သင်လည်း နန္ဒောပနန္ဒ၊ ငါလည်း မောဂ္ဂလာန၊ သင်ခံနိုင်လျှင်

www.dhammaransi.com



ခံလော့” ဟူ၍ တန်ခိုးဖြင့် အခိုးအလျှံများ လွှတ်လေရာ မြင်းမိုရ်တတောင်လုံး မီးဟုန်းဟုန်းတောက်သကဲ့သို့ ဖြစ်သွားလေ၏။ နန္ဒောပနန္ဒ၏အလျှံများက အရှင်မောဂ္ဂလာန်အား မထိပါးနိုင်သော်လည်း အရှင်မောဂ္ဂလာန်လွှတ်လိုက်သော အခိုးအလျှံများအောက်တွင် နန္ဒောပနန္ဒမှာ အသက်ပျောက်တော့မလောက် ခံစားနေရလေ၏။

“ငါ့အား မြင်းမိုရ်တောင်လုံးဖြင့် ကြိတ်၍ နှိပ်စက်လာသူကား အသူနည်း”

“ငါကား ဘုရားသခင်၏ လက်ဝဲတော်ရံဖြစ်သော မောဂ္ဂလာန်ဖြစ်သတည်း”

“သင် မောဂ္ဂလာန်ဆိုတိုင်း ငါ ယုံရမည်လော။ မောဂ္ဂလာန်မှန်ခဲ့သော် ငါ့အား အသွင်ကို ပြဘိလော့”

မခံနိုင်သည့်အဆုံးတွင် နန္ဒောပနန္ဒသည် နည်းပရိယာယ်သုံး၍ အရှင်မောဂ္ဂလာန်အား ပကတိသဏ္ဍာန်ကို အပြခိုင်းလေသည်။ အရှင်မောဂ္ဂလာန်လည်း “သည်တိရစ္ဆာန် အကြောင်းသိစေအံ့” ဟူ၍ ရဟန်း၏အသွင်အတိုင်း ပြလေ၏။ ရဟန်းအသွင်ကို မြင်ရခါမှ နန္ဒောပနန္ဒကား ပို၍ဒေါသထွက်လာသည်။ “လူသားဖြစ်လျက် ငါ့မျက်စိကို သင်း ခံနိုင်မည်လော” ဟူ၍ အဆိပ်ဖြင့် တဖူးဖူးမှုတ်လေ၏။ သို့သော် အရှင်မောဂ္ဂလာန်ကား မတုန်မလှုပ်။

တိုက်ပွဲမှာ ပြင်းထန်သည်ထက် ပြင်းထန်လာလေသည်။ နန္ဒောပနန္ဒက စဉ်းစား၏။ ငါ၏အင်အားဖြင့် မှုတ်လိုက်သော် တောင်ကြီးပင် လေထဲ၌ သစ်ရွက်ခြောက်ကဲ့သို့ လွင့်ပါသွားရပါ

www.dhammaransi.com



လျက် ဤရဟန်းကား တုန်လှုပ်ခြင်း မရှိ။ ငါ ရဟန်းအား မည်သို့ ဖျောက်ဖျက်ရပါမည်နည်း။ ဤသို့ စဉ်းစားပြီး မျက်စောင်းဖြင့် ထိုးလေ၏။ သို့သော် အရှင်မောဂ္ဂလာန်ကား ဣန္ဒြေပင် မပျက်ချေ။

ဤနည်းဖြင့်မရသော် နန္ဒောပနန္ဒသည် အကြံထုတ်ပြန်လေ၏။ အရှင်မောဂ္ဂလာန်ကို စူးစိုက်စွာ စားတော့ဝါးတော့မလို ကြည့်ပြီးသော် ရုတ်တရက် ဆတ်ကနဲပါးစပ်ဖြင့် ဟပ်လိုက်သည်။ အရှင်မောဂ္ဂလာန်သည် နန္ဒောပနန္ဒ၏ပါးစပ်ထဲ ရောက်သွားလေသောကြောင့် ရဟန်းတို့မှာ အံ့အားသင့်ကုန်လေ၏။ ဤတွင် ဘုရားသခင်သော်မှပင် အရှင်မောဂ္ဂလာန်အတွက် စိုးရိမ်စရာ ဖြစ်လာသဖြင့် သတိပေးရသည်အထိ အခြေအနေမှာ တင်းမာသွားရလေသည်။

"ချစ်သားမောဂ္ဂလာန်၊ ဤနန္ဒောပနန္ဒကား
လွန်စွာတန်ခိုးကြီးလှ၏။ စတုတ္ထစျာန်သမာပတ်
ကို သင် ကြပ်ကြပ်နှလုံးသွင်းဘိလော့"

ဤသို့သတိပေးသည်ကို အရှင်မောဂ္ဂလန်က ပြန်၍လျှောက်တင်လေသည်ကား-

"အရှင်ဘုရား၊ စိုးရိမ်တော်မမူပါလင့်။ လေးပါးသောဣဒ္ဓိပါဒ်ကို မပြတ်အောင် တပည့်တော် လေ့လာထားပြီး ဖြစ်ပါသည်။ ဤနဂါးထက် အဆပေါင်းများစွာ တန်ခိုးကြီးသော နဂါးရာထောင်ပင် ဖြစ်စေကာမူ တပည့်တော် နိုင်နင်းအောင်

www.dhammaransi.com



ဆုံးမနိုင်ပါမည်။ တပည့်တော်အတွက် စိုးရိမ်စရာမရှိပါဘုရား” ဟူ၍ နဂါး၏ဝမ်းဗိုက်ထဲကနေ၍ လျှောက်ထားလေသည်။

နန္ဒောပနန္ဒကား- အရှင်မောဂ္ဂလာန် ဗိုက်ထဲရောက်သွားသဖြင့် “အောင်ပြီ၊နိုင်ပြီ” ဟူ၍ ဝမ်းသာနေဆဲတွင် အရှင်မောဂ္ဂလာန် နားထဲက ထွက်လာသောကြောင့် လန့်သွားလေသည်။ ထိုအချိန်မှစ၍ အရှင်မောဂ္ဂလာန်သည် နန္ဒောပနန္ဒအား အားလပ်ခွင့်မပေးတော့ပဲ ဘယ်ဘက်နားဝင်၊ ညာဘက်နားက ထွက်၊ညာကဝင်၊ ဘယ်ကထွက်၊ နှာခေါင်းကဝင်၊ နားကထွက်၊ နားကဝင်၊နှာခေါင်းကထွက် ထွက်လိုက် ဝင်လိုက် ဆက်လုပ်နေလေရာ ကြာသော် ဆင်ကျီစားရာ ဆိတ်မခံနိုင်ပါ ဆိုသကဲ့သို့ဖြစ်လာသည်။ အဝင်အထွက်ကို သတိထား၍ ဖမ်းမိအောင်အားထုတ်သော်လည်း အချည်းစည်းသာ ဖြစ်နေသောကြောင့် ဤသို့ကြံ၏။ဝင်စဉ်က ငါမမြင်လိုက်၍သာ သင်း သက်သာသည်။ သင်းထွက်ဝံ့လျှင် ထွက်ခဲ့လော့။ ငါ၏အစွယ်ဖျားတွင် ကားကန်အသက်ထွက်စေအံ့။ ဤသို့ ကြံပြီးလျှင် အရှင်မောဂ္ဂလာန်အား ထွက်ခဲ့လော့ဟု ခေါ်လေ၏။

“အို အသင်ရဟန်း၊ ရှိဘူယ်ကောင်းလှသောဝမ်းခေါင်းထဲ၌ အဘယ့်ကြောင့်အောင်းနေဘိသနည်း။ ထွက်ခဲ့ပါလေဦး။ သင်နှင့်ငါ အေးဆေးစွာစကားဆိုကြစို့” ဟူ၍ ထွက်ချင်လာအောင်ဆိုသည်။ အရှင်မောဂ္ဂလာန်က နန္ဒောပနန္ဒ၏ဘိတ်ခေါ်ချက်ကို လက်ခံ၍ ထွက်လာသည်။ နဂါး၏အကြံကို သိပြီးဖြစ်သောကြောင့် ထွက်သောအခါတွင် နဂါး၏အစွယ်ကို ခြေဖြင့်ခတ်၍ ထွက်လေသည်။ အပြင်ရောက်သည်နှင့်တပြိုင်နက် နန္ဒောပနန္ဒ

www.dhammaransi.com



သည် နှာခေါင်းလေဖြင့် မှုတ်၍ တမုဟုတ်ချင်းတိုက်ဇလရာ အရှင်မောဂ္ဂလာန်သည် ရုတ်ခြည်းပင် ခံတွင်းထဲပြန်ဝင်လိုက်ပြီး လျှာပေါ်၌ စကြံလျှောက်လေသည်။ ထိုအခါ နန္ဒောပနန္ဒမှာ လျှာကြီး ယားယားလာသဖြင့် အခံရ ခက်လာပြန်လေ၏။ အရှင်မောဂ္ဂလာန်လည်း နဂါး၏သွားများကို ခြေဖျားနှင့်ရိုက် ခတ်ထားခဲ့ပြီး နဂါး၏ခံတွင်းထဲက ပြန်ထွက်လာပြန်သည်။ ခဏကြာလျှင် ပြန်ဝင်ပြန်သည်။ နဂါးပါးစပ်ကို လှိုဏ်ဂူကြီး အမှတ်ဖြင့် ဝင်လိုက် ထွက်လိုက်လုပ်နေသည်။

ဤသို့ ဝင်လိုက် ထွက်လိုက်လုပ်လေ နဂါးကြီးမှာ ပို၍ ဒေါသထွက်လေ ဖြစ်နေ၏။ သို့သော် အရှင်မောဂ္ဂလာန်ကို အန္တရာယ်ပြုရန် သူ မဝံ့ရှာတော့ပြီ။ အတောင်ကျိုးသော ကြိုးကြာ ငှက်ဖိုကြီးပမာ မာန်စွယ်ချိုးရလေပြီ။

"ဤရဟန်းကား တန်ခိုး ကြီးဘိစွ။ ငါခြောက်သော်လည်း သူ မကြောက်။ ငါလှန့်သော်လည်း သူမလန့်။ တပင်သော ကြက်သီးမွေးညှင်းမျှပင် ထခြင်းမရှိ။ သူ့အား ငါညှဉ်းပန်း သော်လည်း ငါသာလျှင် နွမ်းချေသည်တကား။ ဤရဟန်းနှင့် တန်ခိုးချင်းပြိုင်၍ ငါနိုင်မည် မဟုတ်။ လွတ်မြောက်ရေးအတွက် ငါပြေးမှ တော်မည်" ဤသို့တွေးကာ ခန္ဓာကိုယ်သေးသေး၊ နဂါးကလေးအသွင် ဖန်ဆင်း၍ ထွက်ပြေးလေတော့၏။

အရှင်မောဂ္ဂလာန်ကား မျက်စိလျင်လှ၏။ ထွက်ပြေးသော နန္ဒောပနန္ဒနောက်သို့ ဂဠုန်ယောင်ဆောင်၍ လိုက်လေ၏။ နဂါးကို ဂဠုန်သုတ်တော့မည့်အလုပ်တွင် နန္ဒောပနန္ဒသည် ရုတ်တရက် လူယောင် ဖန်ဆင်းလိုက်ပြန်သောအခါ "နင်

www.dhammaransi.com



တတ်နိုင်သေးသလော” ဟူ၍ အရှင်မောဂ္ဂလာန်သည် ဘီလူးအသွင် ဖန်ဆင်းပြီး လိုက်ပြန်လေ၏။ ပြေးလေ လိုက်လေ၊ မြင်းမိုရ်တောင်ခါးပန်းတွင် လိုက်ဘမ်းပြေးတမ်းကစားနေသကဲ့သို့ ဖြစ်နေတော့၏။

တနေရာတွင် ထွက်ပေါက်မရအောင် ချောင်ပိတ်၍ မိနေ၏။ ထိုအခါ နန္ဒောပနန္ဒနဂါးသည် အားမတန်၍ မာန်လျော့ရလေပြီတည်း။ လူ့အသွင်ကိုဖျောက် မူလနဂါးအသွင်ပြန်ရောက်စေပြီး အရှင်မောဂ္ဂလာန်ရှေ့တွင် ဒူးထောက်လျက်–

“အရှင်ဘုရား၊ တပည့်တော်ကား မှားခြင်းကြီးမှားမိပါချေသည်။ အရှင်ဘုရားတို့အား ပြစ်မှားမိပါချေသည်။ အကျွန်ုပ်သည် နောင်ကို အရှင်ဘုရားတို့အား ရိုသေပါတော့အံ့။ လေးစားပါတော့အံ့။ ကြည်ညိုသဒ္ဓာဖြင့် ကိုးကွယ်ပါတော့အံ့”

ဟူ၍ တောင်းပန်ဝန်ချလေ၏။ ထိုအခါ အရှင်မောဂ္ဂလာန်သည် မူလရဟန်းအသွင် ဖန်ဆင်းလိုက်ပြီးလျှင်–

“အချင်းနန္ဒောပနန္ဒ၊ သင်၏အပြုအမူသည် ကောင်းဘိစွ။ မိမိ အမှား မှားမိပါသည်ဟု ဝန်ခံသူသည် သူတော်ကောင်းမည်ပေ၏။ အချင်းနန္ဒောပနန္ဒ၊ ထလော။ လာလော့။ သတ္တဝါတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ငါတို့ဘုရားသခင်သည် သင့်အား ကယ်တင်ရန်အလို့ငှာ ကြွလာလျက်ရှိပေ

www.dhammaransi.com



၏။ ယုဂန္ဓိုရ်တောင်တော်ထွတ်ဖျားက သင့်အား စောင့်ကြို တော်မူလျက် ရှိနေပေ၏။ လာလော့။ လိုက်ခဲ့လော့” ဟူ၍ ဘုရားသခင်ထံတော်သို့ ခေါ်သွားလေသည်။

ဗုဒ္ဓသည် နန္ဒောပနန္ဒအား သူနှင့်လိုက်ဖက်သောတရားကို ဟောတော်မူလျှင် နန္ဒောပနန္ဒသည် ဗုဒ္ဓထံတော်၌ “ဥပါသကာ” အဖြစ် ခံယူလေသတည်း။

ဤဖြစ်ရပ်၌ အရှင်မောဂ္ဂလာန်၏ စွမ်းအားသတ္တိနှင့် တန်ခိုး ဣဒ္ဓိပါဒ်ကို မြင်နိုင်၏။ အဖ၏တာဝန်ကို သားကြီးသြရသပြီးသ စွာ ကျေပွန်အောင် ထမ်းဆောင်၍ နန္ဒောပနန္ဒကဲ့သို့သော နဂါးကြီးကိုပင် ကျိုးနွံလာအောင် ဆုံးမတော်မူခြင်းဖြင့် သားဖြစ်သူတို့အား သင်ခန်းစာပေးရာ ရောက်ပေသည်။

ပညာကြီးသောအရာတွင် အရှင်သာရိ။
တန်ခိုးဣဒ္ဓိပါဒ်ကြီးသောအရာတွင်ကား
အရှင်မောဂ္ဂလာန် ဟူပေသတည်း။

www.dhammaransi.com

ဆင်းရဲဒုက္ခကို ဘယ်သူပြုသည်

## တိတ္ထိအမေး၊ အရှင်သာရိပုတ္တရာအဖြေ

အချိန်မှာ နံနက်အချိန်။ သူရိန်နေမင်းသည် ရာဇဂြိုဟ်မြို့ကို လင်းရောင်ခြည်ဓာတ်အား ပေးလျက်ရှိသဖြင့် ရာဇဂြိုဟ်သည် နေခြည်နုအောက်သို့ ရောက်နေ၏။

အရှင်သာရိပုတ္တရာသည် ဆွမ်းခံရန် သပိတ်ပိုက်လျက် ဝေဠုဝန်ကျောင်းတော်မှ ထွက်လာ၏။ ဝေဠုဝန်ကျောင်းတော်နှင့် ရာဇဂြိုဟ်မြို့၏အကြားတွင် တိတ္ထိတို့နေထိုင်သော ကျောင်းများ ရှိလေရာ တိတ္ထိကျောင်းများအနီးသို့ ရောက်သောအခါ အရှင်သာရိပုတ္တရာသည် နေကိုလှမ်းကြည့်လိုက်သည်။ "နေစောသေး၏။ တိတ္ထိများဆီဝင်လျှင် ကောင်းမည်" ဟူ၍ တိတ္ထိကျောင်းတိုက်ထဲသို့ သပိတ်ပိုက်လျက် ဝင်လာ၏။

ဗုဒ္ဓသာဝကများနှင့် တိတ္ထိတို့သည် ဝါဒချင်း မတူကြသော်လည်း ပုဂ္ဂိုလ်ရေးအရ ပေါင်းသင်းဆက်ဆံမှုကား ရှိကြ၏။ အကျွမ်းဝင်လျှင်ဝင်သည့်အလျောက် ခေါ်ပြောနှုတ်ဆက်ခြင်း ပြုကြ၏။ တိတ္ထိကျောင်းတိုက်ထဲသို့ အရှင်သာရိပုတ္တရာ ရောက်ရှိသွားလေသောအခါ ပျာပျာသလဲပင် တိတ္ထိတို့က နှုတ်ဆက်ကြလေ၏။ နေရာထိုင်ခင်းများ ပေး၍ ကောင်းမွန်စွာဧည့်ခံ ပြုစုကြလေ၏။

www.dhammaransi.com



ဤသို့ ဝမ်းမြောက်ဝမ်းသာပြောဆိုကြပြီးနောက် တိတ္ထိတို့ စကားဖောက်လာသည်။ ဖောက်လာသည်ဆိုခြင်းမှာ ပြော လက်စစကားမှအပါး အခြားစကားတမျိုးသို့ ပြောင်းလဲပြော ခြင်းကို ဆိုလိုသည်။

ထိုခေတ်သည် သူ့နိုင်ငံ ငါ့နိုင်ငံ ဝါဒပြိုင်သောခေတ်၊ သူ့ဝါဒ နှင့်ကိုယ့်ဝါဒ အချင်းချင်း တင်ပြဆွေးနွေးသောခေတ် ဖြစ်သည့် အလျောက် တိတ္ထိတို့မှာ မပင့်မဘိတ်ရပဲလျက် ဝါဒရေးရာများ တွင် လိမ္မာကျွမ်းကျင်တော်မူလှသော အရှင်သာရိပုတ္တရာကိုယ် တော်ကြီး မိမိတို့ကျောင်းတိုက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိ လာသဖြင့် များစွာဝမ်းမြောက်နေကြကုန်၏။ ရှေးဦးစွာ တိတ္ထိ တို့၏အကြီးအကဲ ရိုဗိုဇ်တဦးကစတင်ဆွေးနွေးခြင်း ပြုလေသည်။

"အရှင်သာရိ၊ ဆင်းရဲဒုက္ခဟူသည် ရှိသည်နှော။ (အရှင် သာရိပုတ္တရာကား ခေါင်းညိတ်ပြ၏။)

"အရှင်သာရိ၊ကမ္မဝါဒီ(ကံအယူရှိကြသည့်ကံသမား)အချို့ အချို့သော သမဏ ဗြာဟ္မဏများက ပြောကြသည်။ အနှိုး ဆင်းရဲဒုက္ခကို ပြုလုပ်သူဟာ အခြားသူ မဟုတ်။ ဆင်းရဲဒုက္ခကို ပြုလုပ်သူဟာ မိမိကိုယ်တိုင် ဖြစ်သတဲ့။ ဘယ်သူမပြုမိမိမှုဆိုတဲ့ အတိုင်း ဆင်းရဲဒုက္ခကို ဖန်တီးသူဟာ တခြားသူ မဟုတ်ပါဘူး။ မိမိသာ ဖြစ်ပါသတဲ့။

"တချို့ သမဏဗြာဟ္မဏတွေကျပြန်တော့လဲ ဆင်းရဲဒုက္ခကို ပြုလုပ်သူဟာ မိမိ မဟုတ်။ သူတပါးကလုပ်တာတဲ့။ သူတပါးကို လက်ညှိုးထိုးကြသည်။ တချို့ သမဏဗြာဟ္မဏတွေက မိမိရော

www.dhammaransi.com



သူတပါးပါ နှစ်ယောက်စလုံးကို တရားခံအဖြစ် သတ်မှတ်ကြတယ်။ ဆင်းရဲဒုက္ခကို မိမိလဲ လုပ်တာပဲ။ သူတပါးလဲ လုပ်တာပဲတဲ့။ နှစ်ယောက်စလုံးဟာ ဆင်းရဲဒုက္ခရဲ့တရားခံတွေပါတဲ့။ တချို့ကတော့လဲ ခပ်ရှင်းရှင်းပဲ ပြောတယ်။ ဆင်းရဲဒုက္ခကို ကိုယ်လဲ မလုပ်။ သူတပါးလဲ မလုပ်။ ဘယ်သူမှ မလုပ်။ သူ့ဖာသာသူ ဖြစ်တာတဲ့။ အဲဒီလို သူတမျိုးငါတဖုံ ဝါဒစုံ စုံနေကြတဲ့သမဏဗြာဟ္မဏတွေ အများကြီးရှိပါသည်။

"အရှင်သာရိ၊ ဆင်းရဲဒုက္ခကို ဘယ်သူပြု မပြု ယင်းကိစ္စနှင့် ပတ်သက်၍ ငါရှင်တို့ဆရာ ရဟန်းဂေါတမက ဘယ်လိုယူဆပါသလဲ။ ဘယ်လိုများ ဟောကြားပါသလဲ။ ဘယ်လိုပြောယင် ရဟန်းဂေါတမရဲ့ဝါဒနဲ့ ကိုက်ညီပါမည်လဲ။ မည်သို့ပြောယင် ရဟန်းဂေါတမရဲ့စကားနဲ့ ဖီလာကန့်လန့်ဆန့်ကျင်ဘက်မကျပဲ ရှိပါမည်လဲ။ အဲဒါကို အရှင့်ကြုံသည့်အခိုက်တွင် ရှင်းပြခဲ့ပါ"ဟု အရှင်သာရိပုတ္တရာအား တိုက်တွန်းလေသည်။

ထိုအခါ တိတ္ထိတို့၏ တင်ပြဆွေးနွေး မေးမြန်းလိုက်သော ပြဿနာအတွက် အရှင်သာရိပုတ္တရာ၏နှုတ်တော်မှ အဖြေထွက်လာသည်ကား-

"ငါ့ရှင်တို့၊ ဆင်းရဲဒုက္ခဟူသည် အလိုလိုဖြစ်သည် မဟုတ်။ တခုခုကိုစွဲ၍ ဖြစ်ချေ၏။ ပဋိစ္စသမုပ္ပန္နတရားဟူ၍ ငါတို့ဗုဒ္ဓ ဟောကြားချက် ရှိပေသည်။ ကြောင်းကျိုးဆက်တရား ဖြစ်ပေ၏။ ဆင်းရဲဒုက္ခသည် တခုခုကိုစွဲ၍ ဖြစ်သည် ဆိုအံ့။ ထိုအစွဲသည် အဘယ်နည်းဟု မေးဘွယ်ရှိ၏။ ထိုမေးခွန်းကို ငါတို့ဗုဒ္ဓ

www.dhammaransi.com



မြတ်ဘုရားက 'ဖဿ' ဟုဖြေတော်မူ၏။ တစုံတခုသောဖဿ-ထိတွေ့မှုကိုစွဲ၍၊ အခြေခံ၍ ဆင်းရဲဒုက္ခသည် ဖြစ်လာ၏။ ထိတွေ့မှု-ဖဿမရှိလေပဲ ဒုက္ခသည် သူ့အလိုအလျောက်မဖြစ်ဟု ဗုဒ္ဓဟောတော်မူ၏။ ဤအတိုင်းပြောဆိုခဲ့သော် ငါတို့ဗုဒ္ဓ၏ဝါဒနှင့်ညီ၏။ ဆန့်ကျင်ခြင်း မရှိ၊ မဟုတ်မတရား ပြောသည်ဟု စွပ်စွဲဘွယ်မရှိ။ သဘာဝကျကျပြောသည် မည်၏။

"ငါ့ရှင်တို့၊ သင်တို့တင်ပြဆွေးနွေးကြသော-

ဒုက္ခကို မိမိ ပြုသည်။
ဒုက္ခကို သူတပါး ပြုသည်။
ဒုက္ခကို မိမိလည်း ပြု၊ သူတပါးလည်း ပြုသည်။
ဒုက္ခကို မိမိလည်း မပြု၊ သူတပါးလည်း မပြု။

ဤအယူဝါဒလေးမျိုးအနက် ဒုက္ခကို ကိုယ်တိုင်ပြုသည်ဟု ယူဆသည်ဖြစ်စေ၊ သူတပါးပြုသည်ဟု ယူဆသည်ဖြစ်စေ၊ ကိုယ်တိုင်လည်းပြု သူတပါးလည်း ပြုသည်ဟု ယူဆသည်ဖြစ်စေ၊ ကိုယ်တိုင်လည်း မပြု၊သူတပါးလည်း မပြုဟု ယူဆသည်ဖြစ်စေ၊ မည်သည့်ဒုက္ခမဆို ထိတွေ့မှု 'ဖဿ' အကြောင်းခံကြောင့်ချည်းဖြစ်ရ၏။ ထိတွေ့မှု 'ဖဿ' အကြောင်းခံနှင့်ကင်း၍ ခံစားမှုဒုက္ခမည်သည် မရှိ"

ထိုသို့ အရှင်သာရိပုတ္တရာသည် တိတ္ထိတို့နှင့် ပြောဆိုနေစဉ် အရှင်အာနန္ဒာသည် ဆွမ်းခံထွက်လာရာမှ လှမ်းမြင်သဖြင့် တိတ္ထိတို့၏ကျောင်းတိုက်ထဲသို့ ဝင်လာလေ၏။ တိတ္ထိတို့အား အရှင်

www.dhammaransi.com



သာရိပုတ္တရာ၏ဟောပြောချက်များကို မှတ်သားခဲ့ပြီး ရာဇဂြိုဟ်မြို့တွင်းသို့ဝင်၍ ဆွမ်းခံသည်။ ဆွမ်းခံရာမှအပြန် ဆွမ်းစားပြီးနောက် အရှင်အာနန္ဒာသည် အရှင်သာရိပုတ္တရာနှင့် တိတ္ထိတို့၏ အကြောင်းကို ဘုရားသခင့်ထံတော်သို့ အစအဆုံး သွားရောက်လျှောက်ထားလေ၏။ ထိုအခါ ဘုရားသခင်သည် ယင်းအကြောင်းနှင့်ပတ်သက်၍ အရှင်အာနန္ဒာအား ဤသို့ မိန့်တော်မူသတည်း။

"ချစ်သားအာနန္ဒာ၊ယင်းပြဿနာကို မည်သူကပင်မေးသည်ဖြစ်စေ ကောင်းစွာဖြေဆိုလိုသူသည် သာရိပုတ္တရာဖြေသကဲ့သို့ ဖြေရာ၏။ အာနန္ဒာ၊ ဆင်းရဲဒုက္ခကိုစွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပန္နတရားဟူ၍ ငါဘုရား ဟော၏။ အဘယ်ကိုစွဲ၍ ဖြစ်သနည်း။ ဖဿ(ထိတွေ့မှု)ကိုစွဲ၍ ဖြစ်၏၊ ဤသို့ဆိုသောသူသည် ငါဘုရားဆိုသောစကားကိုပင် အတုလိုက်၍ဆိုသည် မည်ရာ၏။ ငါ့ဘုရားကိုလည်း မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲသည် မမည်ရာ။ ငါဘုရား၏တရားနှင့် လျော်သောတရားကိုလည်း ပြောကြားသည် မည်ရာ၏။

"အာနန္ဒာ၊ငါဘုရားသည်လည်း သာရိပုတ္တရာ၏အဖြစ်မျိုးနှင့် ကြုံခဲ့ရဘူးပြီ။ ဤရာဇဂြိုဟ်မြို့မှာပင် တိတ္ထိတို့၏ကျောင်းတိုက်ဘက်သို့ ငါ ရောက်သွားခဲ့၏။ ထိုအခါ တိတ္ထိတို့က ငါ့အား သာရိပုတ္တရာကို သူတို့မေးသကဲ့သို့ မေးကုန်၏။

ငါ့ရှင် ဂေါတမ၊ ဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ဟု ပညတ်ကြသည့်ကမ္မဝါဒီ သမဏဗြာဟ္မဏတို့ ရှိကြကုန်၏။

www.dhammaransi.com



ငါ့ရှင်ဂေါတမ၊ ဆင်းရဲကို သူတပါးပြုအပ်၏ဟု ပညတ်ကြသည့် ကမ္မဝါဒီ သမဏဗြာဟ္မဏတို့ ရှိကုန်၏။

ငါ့ရှင်ဂေါတမ၊ ဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်၊ သူတပါးလည်းပြုအပ်ဟု ပညတ်ကြသည့် ကမ္မဝါဒီ သမဏဗြာဟ္မဏတို့ ရှိကုန်၏။

ငါ့ရှင်ဂေါတမ၊ ဆင်းရဲကို ကိုယ်တိုင်ပြုအပ်သည်လည်း မဟုတ်၊ သူတပါး ပြုအပ်သည်လည်း မဟုတ်ဟု ပညတ်ကြသည့် ကမ္မဝါဒီ သမဏဗြာဟ္မဏတို့ ရှိကြကုန်၏။

"ဤအရာ၌ အရှင်ဂေါတမသည် အဘယ်သို့ အယူရှိပါသနည်း။ အဘယ်သို့ ဟောကြားပါသနည်း။ အဘယ်သို့ ပြောကြားသည်ရှိသော် အရှင်ဂေါတမဆိုသောစကားကိုပင် အတုလိုက်၍ဆိုသည် မည်ပါကုန်သနည်း။ အရှင်ဂေါတမကို မဟုတ်မမှန်သောစကားဖြင့် မစွပ်စွဲသည် မည်ပါကုန်အံ့နည်း။ အရှင်ဂေါတမ၏တရားနှင့် လျော်သောတရားကိုလည်း ပြောကြားသည်မည်ပါကုန်အံ့နည်း။ အကြောင်းနှင့်တကွ အယူသို့ကျရောက်ခြင်းသည် တစုံတရာကဲ့ရဲ့ဘွယ်အကြောင်းသို့ မရောက်ပဲရှိပါကုန်အံ့နည်း"ဟု ငါ့ကို မေးလျှောက်ကုန်၏။

"အာနန္ဒာ၊ ထိုအခါ ငါသည် တိတ္ထိတို့၏ မေးမြန်းချက်ကို သာရိပုတ္တရာဖြေသကဲ့သို့ပင် ငါ ဖြေခဲ့၏"ဟု မိန့်တော်မူလျှင် အရှင်အာနန္ဒာသည် များစွာအံ့ဩသွားလေသည်။

www.dhammaransi.com



"အရှင်ဘုရား၊အံ့ဘွယ်ရှိပါ၏။မဖြစ်ဘူးမြဲဖြစ်ပါ၏။ ယင်းသို့သောအရာ၌ တခုသောပုဒ်ဖြင့် အလုံးစုံသောအနက်ကို ဟောအပ်သည် ဖြစ်ဘိ၏။ အရှင်ဘုရား၊ တပည့်တော် တောင်းပန်ပါ၏။ ဤအနက်ကိုပင် အကျယ်အားဖြင့် ဟောအပ်သည်ရှိသော် နက်နဲသည်လည်း ဖြစ်ရာ၏။ နက်နဲသောအသွင်ရှိသည်လည်း ဖြစ်ရာ၏" ဟု လျှောက်လေသည်။

"အာနန္ဒာ၊ ယင်းသို့ဖြစ်ဘိသော် ဤအရာဝယ် သင့်ဉာဏ်၌ ထင်စေလော့။ (သင်ဉာဏ်မှီသမျှခွဲ၍သိလော့)ဟုမိန့်တော်မူလေလျှင် အရှင်အာနန္ဒာသည် လက်အုပ်ချီလျက် တမုဟုတ်ချင်း ဤသို့ လျှောက်လေသတည်း။

"အရှင်ဘုရား၊ တပည့်တော်အား အခြားသူတို့က ဤသို့မေးလာကုန်ငြားအံ့။ 'ငါ့ရှင် အာနန္ဒာ၊ အိုခြင်း ဇရာ၊သေခြင်း မရဏာသည် အဘယ်တရားလျှင်အကြောင်းခံပါသနည်း။ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း။ အဘယ်တရားကြောင့် အိုခြင်း၊သေခြင်းတို့ ဖြစ်ကုန်သနည်း' ဤသို့ မေးလာကုန်ခဲ့သော် 'ငါ့ရှင်တို့၊ အိုခြင်း-ဇရာ၊ သေခြင်း-မရဏာတို့သည် စင်စစ်ဇာတိလျှင် အကြောင်းခံရှိကုန်သည်။ ဇာတိကြောင့် ဖြစ်ကုန်သည်'ဟု ဖြေပါအံ့။

"အရှင်ဘုရား၊ တပည့်တော်အား အခြားသူတို့က 'ငါ့ရှင် အာနန္ဒာ၊ ပဋိသန္ဓေနေခြင်း-ဇာတိသည် အဘယ် တရားလျှင် အကြောင်းခံ ရှိသနည်း။ အဘယ်တရားကြောင့် ဖြစ်သည်။ အဘယ်တရားလျှင် အစအမွန်ရှိသည်'ဟု မေးလာကုန်ငြားအံ့။

www.dhammaransi.com



'ငါ့ရှင်တို့၊ ပဋိသန္ဓေနေမှု-ဇာတိသည် ဘဝလျှင် အကြောင်းခံရှိ၏။ ဘဝကြောင့် ဖြစ်၏၊ ဘဝလျှင် အမှန်အစရှိ၏' ဟု ဤသို့ ဖြေပါအံ့။

"အရှင်ဘုရား၊ အကျွန်ုပ်အား အခြားသူတို့က ငါ့ရှင် အာနန္ဒာ၊ ဘဝသည် အဘယ်တရားလျှင် အကြောင်းခံ ရှိသနည်း။ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း။ အဘယ့်ကြောင့်ဖြစ်သနည်း။ အဘယ်တရားလျှင် အမှန်အစရှိသနည်းဟု မေးလာကုန်သည်ရှိသော် ငါ့ရှင်တို့၊ ဘဝသည် ပြင်းစွာစွဲလမ်းမှု-ဥပါဒါန်တရားလျှင် အကြောင်းခံ ရှိ၏။ ဥပါဒါန်ကြောင့် ဖြစ်၏။ ဥပါဒါန်လျှင် အမှန်အစရှိ၏ ဟု ဤသို့ ဖြေပါအံ့။

"အရှင်ဘုရား၊ အကျွန်ုပ်အား ငါ့ရှင် အာနန္ဒာ၊ ပြင်းစွာစွဲလမ်းမှု-ဥပါဒါန်သည် အဘယ့်ကြောင့်ဖြစ်သနည်း ဟု မေးလာကုန်ငြားအံ့။ တပ်မက်ခြင်း-တဏှာကြောင့်ဖြစ်၏ ဟု ဖြေပါအံ့။

"တဏှာ အဘယ့်ကြောင့်ဖြစ်သနည်း မေးလာခဲ့သော် ခံစားမှု-ဝေဒနာကြောင့်ဖြစ်၏ဟု ဖြေပါအံ့။ ဝေဒနာ အဘယ့်ကြောင့် ဖြစ်သနည်း မေးလာခဲ့သော် ထိတွေ့မှု-ဖဿကြောင့်ဖြစ်၏ဟု ဖြေပါအံ့။ အဘယ်ကြောင့် ထိတွေ့မှု-ဖဿဖြစ်သနည်းမေးခဲ့သော် ဖဿ၏တည်ရာ အာယတနခြောက်ပါးကြောင့် ဖြစ်၏ဟု ဖြေပါအံ့။ ဖဿ၏တည်ရာ အာယတနခြောက်ပါးချုပ်လျှင် ဖဿချုပ်၏။ ထိတွေ့မှု-ဖဿချုပ်လျှင် ခံစားမှု-ဝေဒနာ ချုပ်၏။ ဝေဒနာချုပ်လျှင် တပ်မက်မှု-တဏှာ ချုပ်၏။ တဏှာချုပ်လျှင် ပြင်းစွာစွဲလမ်းမှု-ဥပါဒါန်ချုပ်၏။ ဥပါဒါန်ချုပ်လျှင် ဘဝချုပ်၏။ ဘဝချုပ်လျှင် ပဋိသန္ဓေနေရမှု-ဇာတိ ချုပ်၏။ ဇာတိချုပ်လျှင်

www.dhammaransi.com



အိုခြင်း-ဇရာ၊ သေခြင်း-မရဏ၊ စိုးရိမ်ခြင်း-သောက၊ ငိုကြွေးခြင်း-ပရိဒေဝ၊ ဆင်းရဲခြင်း-ဒုက္ခ၊ နှလုံးမသာယာခြင်း-ဒေါမနဿ၊ ပြင်းစွာပင်ပန်းခြင်း-ဥပါယာသတို့ ချုပ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ဟု ဤသို့ ဖြေပါအံ့'' ဟု လျှောက်လေ၏။

ဤ၌ တိတ္ထိတို့က ဆင်းရဲကို ဘယ်သူ မပြု မေးရာတွင် အရှင်သာရိပုတ္တရာက ဖြေခဲ့သည်။ ယင်းဖြေဆိုချက်ကို အရှင်အာနန္ဒာက ဘုရားသခင်အား လျှောက်ထားသောအခါ သာရိပုတ္တရာ၏အဖြေ မှန်သည်။ ငါ့ကိုလည်း ဤပြဿနာအမေးခံရဘူး၏။ သာရိပုတ္တရာဖြေဆိုသည့်အတိုင်းပင် ငါလည်း ဖြေခဲ့သည်ဟု အမိန့်ရှိပုံများကိုထောက်ထားလျှင် အရှင်သာရိပုတ္တရာ၏ပညာပမာဏ အဘယ်မျှကြီးကျယ်ကြောင်း ထင်ရှားသတည်း။

www.dhammaransi.com

## ပြိတ္တာများ ပြဿနာနှင့်
# အရှင်မောဂ္ဂလာန်

တောင်လောက်နီးနီး ရောမလင်းတကြီးတကောင် နားနေသည် မဟုတ်ပါ။ ဤအရာကား တောင်ကြီးတလုံး ဖြစ်သတည်း။ လင်းတကြီးနားနေသည်နှင့် ပုံသဏ္ဍာန်တူသည်ကိုအကြောင်းပြု၍ "ဂိဇ္ဈကုဋ်တောင်" ဟု အမည်နာမပညတ် သတ်မှတ်ခြင်းခံရသောတောင် ဖြစ်၏။

နံနက်ခင်းနေခြည်နုသည် ဂိဇ္ဈကုဋ်တောင်ကို အရောင်ဖြင့် ထိုးထားသဖြင့် တောင်၏အရှေ့ဘက်အပိုင်းမှာ နေရောင်ကြောင့် ပြောင်နေသော်လည်း အနောက်ဘက်ပိုင်းမှာမူကား တောင်ရိပ်ကျသဖြင့် မှိုင်းနေ၏။

"ငါ့ရှင် လက္ခဏ၊ လာ ဆွမ်းခံသွားကြစို့"

ဤအသံကား အရှင်မောဂ္ဂလာန်၏အသံ ဖြစ်၏။ အရှင်လက္ခဏနှင့် အရှင်မောဂ္ဂလာန် ဤအရှင်မြတ် နှစ်ပါးသည် ထိုအချိန်တွင် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေကြသည်ဖြစ်ရာ နံနက်ခင်းဆွမ်းခံချိန်ကျသဖြင့် အရှင်လက္ခဏအား သတိပေးနှိုးဆော်ခြင်း ဖြစ်၏။

ထို့နောက် နံနက်ခင်းနေခြည်အောက်တွင် အရှင်မြတ်နှစ်ပါးသည် ရာဇဂြိုဟ်မြို့၌ ဆွမ်းခံရန်အတွက် ဂိဇ္ဈကုဋ်တောင်ပေါ်မှ

www.dhammaransi.com



ဆင်းသက်လာကြ၏။ ဘောင်ထိပ်အပေါ်စီးမှ ကြည့်လျှင် ရာဇဂြိုဟ်မြို့ရှုကွက်ကို မှိုင်းပျပျမြင်ရ၏။ အရှင်နှစ်ပါးသည် တောင်ပေါ်မှ ဖြည်းညှင်းစွာဆင်းသက်လာယင်းမှ တနေရာ ရောက်သော် ကောင်းကင်တနေရာကို စိုက်ကြည့်လျက် ပြုံးတော်မူလေ၏။ ဤသည်ကို အရှင်လက္ခဏက မြင်၍ တအံ့တဩမေးမိလေ၏။

"ငါ့ရှင် မောဂ္ဂလာန်၊ အဘယ့်ကြောင့် ပြုံးဘိသနည်း"

"ငါ့ရှင် လက္ခဏ၊ ဤနေရာ၌ ဖြေရန်အခါ မဟုတ်သေး။ ဘုရားသခင်၏ရှေ့တော်မှောက်သို့ ရောက်သောအခါမှ ဤပြဿနာကို မေးလော့။ ထိုအခါ ငါ ဖြေအံ့"

ယင်းကိစ္စ၊ ယင်းပြဿနာနှင့်ပတ်သက်၍ ဘုရားသခင်အား သက်သေပြုလိုသည့်အတွက် အရှင်မောဂ္ဂလာန်က ဘုရားသခင်၏ ရှေ့ရောက်မှ မေးပါဟု ဆိုလိုက်ခြင်း ဖြစ်၏။ ဤသို့ ဆိုလေသည်တွင်မှ ယင်းကိစ္စအပေါ်၌ အရှင်လက္ခဏက ပို၍စိတ်ဝင်စားလာလေသည်။ "ဘာ့ကြောင့် ပြုံးပါလိမ့်"ဟူ၍ သိလိုသော ဆန္ဒများ တရှရှဖြစ်ပွားလာသောကြောင့် ဆွမ်းကိုမြန်မြန်ခံ၊ မြန်မြန်စားပြီး ဘုရားသခင်ရှေ့သို့သာ မြန်မြန်ရောက်ချင်နေ၏။

သာသနာပြုဒါယကာ၊ ဒါယိကာမများနေထိုင်ရာ ရာဇဂြိုဟ်မြို့တွင်းဝယ် နံနက်ခင်းအချိန်တွင် ဆွမ်းခံရဟန်းတို့၏သင်္ကန်း ရောင်ရှိန်ဖြင့် တမြို့လုံး ထိန်နေ၏။ လမ်းတနေရာတွင် အရှင်မောဂ္ဂလာန်နှင့် အရှင်လက္ခဏ ဆွမ်းခံနေသည်ကို မြင်ရ၏။

ဆွမ်းခံရာကပြန်၍ ဆွမ်းစားပြီးသည့်နောက်တွင်ကား အရှင်နှစ်ပါးသည် ဘုရားသီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းသို့

www.dhammaransi.com



သွားကြလေ၏။ ထိုအချိန်တွင် ဘုရားသခင်သည် ရဟန်းများအား ဆုံးမဩဝါဒ ပေးတော်မူလျက် ရှိနေ၏။

အရှင်နှစ်ပါး ရှေ့တော်ဝင်လာသောအခါ ရဟန်းတို့သည် လက်အုပ်မိုး၍ ရှိခိုးကြကုန်လေ၏။ အရှင်နှစ်ပါးလည်း ဘုရားသခင်၏ရှေ့တော်ဝင်၍ ရိုသေစွာရှိခိုးကြပြီး အပါးတော်၌ ခစားနေကြစဉ် မနက်က "အရှင်မောဂ္ဂလာန်၏ အပြုံးရှုကွက်" ကို ဘုရားရှေ့တွင် အရှင်လက္ခဏက ပြန်၍ဖော်လေ၏။

"ငါ့ရှင် မောဂ္ဂလာန်၊ ငါတို့နှစ်ဦး ဆွမ်းခံရန် ဂိဇ္ဈကုဋ်တောင်ပေါ်က အဆင်းတွင် ငါ့ရှင်သည် မပြုံးစဖူး တနေရာကို ကြည့်၍ ထူးဆန်းစွာပြုံးဘိ၏။ အဘယ့်ကြောင့် ပြုံးဘိသနည်း" မေးလေသော်—

"ငါ့ရှင် လက္ခဏ၊ ငါကား အကြောင်းမဲ့ပြုံးသည် မဟုတ်။ စူးရှကျယ်လောင်စွာအော်သောအသံကြီး ကြားရ၍ ငါ လှမ်းကြည့်လိုက်၏။ ထိုအခါ ခွေးသေကောင်ပုပ်ကို ကျီးလင်းတများ ဝိုင်း၍ ဆိတ်ဆွစားသောက်ကြသကဲ့သို့ ကောင်းကင်ပြင်ဝယ် အရိုးစုပြိတ္တာတဦးအား လင်းတ၊ စွန်ရဲစသော ငှက်များက လိုက်၍လိုက်၍ ထိုးဆိတ်နေကြသည်ကို ငါ မြင်၏။ အရိုးစုပြိတ္တာသည် မခံမရပ်နိုင်အောင် နာကျင်လှသောကြောင့် အော်လျက် ရှေ့ကပြေးသည်ကို လင်းတ၊ စွန်ရဲငှက်တွေက တပြုံကြီး လိုက်၍ လိုက်၍ ထိုးဆိတ်နေကြကုန်၏။

"ငါ့ရှင် လက္ခဏ၊ နံနက်ခင်းမင်္ဂလာအချိန်တွင် ဤအမင်္ဂလာ အနိဋ္ဌာရုံကို မြင်ရသောအခါ ငါ့စိတ်တွင် 'အိုအချင်းတို့၊ အံ့ဘွယ်ကောင်းဘိစွ။ အို အချင်းတို့၊ ထူးဆန်းဘိစွတကား။ လောက၌

www.dhammaransi.com



ဤသို့သောသတ္တဝါဟူ၍ ရှိရတုံသေး၏။ ဤသို့သော အရိုး ငေါငေါနှင့် အတ္တဘောကို ရသူဟူ၍ ရှိရတုံသေး၏’ ဤသို့ ငါတွေ့မိ၍ ပြုံးခြင်းဖြစ်သည် ငါ့ရှင်” ဟူ၍ အရှင်လက္ခဏအား ဗုဒ္ဓ၏ရှေ့တော်၌ အရိုးစုပြဿနာကို အရှင်မောဂ္ဂလာန်က ဖြေ တော်မူ၏။

အရှင်မောဂ္ဂလာန်၏စကားကို ကြားရသောအခါ ရဟန်း တို့သည် တအံ့တသြငေးမော၍ နားလင့်နေကြကုန်၏။ သို့သော် အရှင်မောဂ္ဂလာန်၏စကားမှာ တိတ်ဆိတ်သွား၏။ နောက်ထပ် မကြားကြရတော့ချေ။ အရှင်မောဂ္ဂလာန်၏ဖြစ်ရပ်နှင့် အလားတူ စကားကို မြွက်ကြားသော ဘုရားသခင်၏စကားတော်ကိုသာ ကြားနာကြရလေကုန်၏။

> “ရဟန်းတို့၊ ငါ၏ တပည့်သာဝကတို့သည် စင်စစ် မျက်စိအမြင် ရှိကုန်သည်ဖြစ်၍ နေကြ ကုန်သည်တကား။ ဉာဏ်အမြင် ရှိ၍ နေကြ ပေသည်တကား။ တပည့်သာဝက ဖြစ်တုံ လျက်လည်း ဤသို့သောသတ္တဝါကို သိလည်း သိနိုင်တုံဘိ၏။ မြင်လည်း မြင်နိုင်တုံဘိ၏။ သက်သေကိုသော်လည်း ပြုနိုင်တုံဘိ၏။

“ရဟန်းတို့၊ ထိုသတ္တဝါကို ရှေးကပင် ငါ မြင်ခဲ့ဘူး၊ တွေ့ခဲ့ ဘူးပြီ။ သို့သော် ထိုအကြောင်းကို မည်သူ့အားမျှ ငါ မပြော ဆိုခဲ့။ အကယ်၍ ပြောမိချေသော် ငါ့စကားကို လက်ခံယုံကြည် နိုင်ကြမည် မဟုတ်ပေရာ။ ငါ့စကားကို မယုံကြည်၊ လေးစားမှု

www.dhammaransi.com



မရှိလေပြီးအံ့၊ ထိုသူတို့အား ကြာမြင့်စွာသောကာလပတ်လုံး အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်လေရာသည်။ ထို့ကြောင့် ထိုအကြောင်းကို ငါ မပြောခဲ့။

"ရဟန်းတို့၊ ဤအရိုးစုပြိတ္တာကား ဤရာဇဂြိုဟ်ပြည်သား တည်း။ နွားသတ်သမားတည်း။ နွားကိုသတ်ခြင်းဖြင့် အသက်မွေး ခဲ့သူတည်း။ ထိုနွားသတ်သမားသည် ထိုမကောင်းမှုကံ၏ အကျိုးကြောင့် များစွာသောနှစ်တို့ပတ်လုံး၊ များစွာသော နှစ်အရာတို့ကာလပတ်လုံး၊ များစွာသော နှစ်အထောင်တို့ ကာလပတ်လုံး၊ များစွာသော နှစ်အသိန်းတို့ကာလပတ်လုံး ငရဲ၌ ကျခဲ့ပြီးမှ ထိုအကုသိုလ်ကံ မကုန်သေးသောကြောင့် ဤဂိဇ္ဈကုဋ် တောင်၌လာ၍ အရိုးစုပြိတ္တာ ဖြစ်ရပြန်၏" ဟု မိန့်တော်မူလျှင် ရဟန်းတို့သည် အကုသိုလ်ကံ၏ ကြောက်စရာကောင်းပုံကို တအံ့ နွှေးနွှေး ကိုယ်စီအတွေးဖြင့် ရှိနေကြကုန်လေ၏။

အရှင်မောဂ္ဂလာန်သည် တန်ခိုးဣဒ္ဓိပါဒ်အရာတွင် ဧတဒဂ် ဘွဲ့ရပုဂ္ဂိုလ် ဖြစ်သည့်အလျောက် လွန်စွာ သိနိုင်မြင်နိုင်ခဲ့သော ထိုအရိုးစုပြိတ္တာကိုသာမက အခြားပြိတ္တာများကိုလည်း မြင်တော် မူ၏။

ဂိဇ္ဈကုဋ်တောင်၏ ပတ်ဝန်းကျင်မှာပင် ကြီးတရိုးရိုး၊ လင်းတ တရိုးရိုး ထိုးဆိတ်ခြင်းခံနေရသော အသားတစ်ပြိတ္တာ၊ အသားတုံး ပြိတ္တာများကိုရင်း၊ ကောင်းကင်၌ သွားလာနေသော အရေ မရှိသော ယောကျ်ားပြိတ္တာကိုရင်း၊ ကိုယ်၌ သံလျက်အမွေး ပေါက်သော ယောကျ်ားပြိတ္တာကိုရင်း၊ ကိုယ်၌ လှံအမွေး၊ အပ်

www.dhammaransi.com



အမွှေး၊ မြွားအမွှေးပေါက်သော ပြိတ္တာကိုရှင်း ဤသို့စသည်ဖြင့် အမျိုးမျိုးသော ပြိတ္တာများကို မြင်နိုင်သည်ကို ထောက်ခြင်းအားဖြင့် အရှင်မောဂ္ဂလာန်၏ တန်ခိုးတော်ပမာဏကို သိနိုင်ပါသတည်း။

www.dhammaransi.com

## လက်ယာတော်ရံ အရှင်သာရိပုတ္တရာ
## ပညာ အဘယ်မျှ ကြီးသနည်း

အရှင်သာရိပုတ္တရာသည် လွန်စွာပညာကြီးတော်မူသည်။ ပညာကြီးသောအရာတွင် ဧတဒဂ်ဘွဲ့ကြီးကိုပင် ရသည်ဟု ဆိုသည်။ ထိုအရှင်ကား အဘယ်မျှ ပညာကြီးလေသနည်း။

ဘုရားသခင်သည် တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ ကြွရောက်တော်မူလာသောနေ့တွင် အရှင်သာရိပုတ္တရာ ပညာကြီးကြောင်းကို ပရိသတ်ဗိုလ်ပုံစုံရာရှေ့မှောက်၌ ထင်ရှားစွာပြစေသည်။

ထိုနေ့ကား မဟာသက္ကရာဇ် ၁၁၀ ခု၊ သီတင်းကျွတ်လပြည့်နေ့ ဖြစ်၏။ ထိုနေ့ကို တာဝတိံသာမှ လူ့ရွာသို့ ပြန်ကြွလာသောနေ့ဟူ၍ရင်း၊ အရှင်သာရိပုတ္တရာ၏ ပညာကြီးကြောင်းကို မြွက်ကြား၍ အရှင်သာရိပုတ္တရာအား ချီးကျူးတော်မူသောနေ့ဟူ၍ရင်း မှတ်နိုင်ပေသည်။

ဗုဒ္ဓသည် လက်ရင်းတပည့်ကြီးတဦးဖြစ်သော အရှင်သာရိပုတ္တရာအပေါ်၌ အဘယ်မျှစိတ်ဝင်စားတော်မူသနည်းဆိုသော် အရှင်မောဂ္ဂလာန်က မြတ်စွာဘုရားအား "လူ့ပြည်သို့ မည်သည့်အခါ၌ ပြန်လည်ကြွတော်မူပါမည်နည်း။ မည်သည့်ဒေသ၊ မည်သည့်ဌာန၌ ဆင်းသက်တော်မူပါမည်နည်း" ဟူ၍ မေး

www.dhammaransi.com



လျှောက်ပါသည်ကို မြတ်စွာဘုရားသည် မည်သည့်နေရာ၊မည်သည့်မြို့ရွာ၌ ငါ ဆင်းသက်မည်ဟူ၍ ဖြေကြားခြင်းပြုတော်မမူလေပဲ ရှေးဦးစွာ "သာရိပုတ္တာရာ ဘယ်မှာ ဝါဆိုသလဲ"ဟု မေးပုံကို ထောက်ခြင်းအားဖြင့် အရှင်သာရိပုတ္တာရာအပေါ်၌ စိတ်ဝင်စားနေကြောင်း ထင်ရှားပေသည်။

ဤတွင် ယင်းဖြစ်ရပ်၏နိဒါန်းကို ဆိုပါဦးမည်။ မဟာသက္ကရာဇ် ၁၁၀ ခု၊ဝါဆိုလပြည့်နေ့တွင် တိတ္ထိတို့အား နှိမ်နင်း၍ တန်ခိုးပြာဋိဟာပြရန် အခြေအနေက ဘုရားသခင်အား ဖန်တီးလာသောကြောင့် သာဝတ္ထိပြည်၊ကဏ္ဍမည်သောသရက်ဉယျာဉ်၌ ရေမီးအစုံအစုံသောတန်ခိုးပြာဋိဟာတို့ကို ပြတော်မူရလေသည်။

တန်ခိုးပြာဋိဟာများ ပြပြီးသည့်အဆုံးတွင် ဗုဒ္ဓ ပျောက်ခြင်းမလှ ရုတ်တရက်ပျောက်သွားလေသဖြင့် လူတို့ တုန်လှုပ်ချောက်ချားကုန်သည်။ ရုတ်ရုတ်ရက်ရက်၊ အုတ်အုတ်ကျက်ကျက်ဖြစ်ကုန်သည်။ စိုးရိမ်စိတ်တို့ တဖိတ်ဖိတ်အုံကြွ၍ လာကုန်သည်။ တဦးမှတဦးသို့ စူးစမ်းမေးမြန်းခြင်း ပြုကြကုန်ပြီတည်း။

"အချင်းတို့၊ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ခုတင်ကပင်အာကာသကောင်းကင်ယံ၌ စင်္ကြံပြုတော်မူ၍ လူးလားခေါက်ပြန် စင်္ကြံကြွတော်မူပေသေးသည်။ ယခုသော် မြတ်ဘုရားကိုယ်တော်ကို ငါတို့ မဖူးမြော်ကြရ။ မမြင်ရတော့ပါတကား။ ရုတ်တရက်ရှောင်တခင် အဘယ်သို့များ ကြွသွားတော်မူလေသည် မသိ။ ယုဂန္ဓိုရ်တောင်၊ စိတ္တကူဋ္ဌတောင်၊ ကေလာသာ

www.dhammaransi.com



တောင်များသို့ပင် ရှောင်တခင် ကြွသွားတော် မူလေသလား'' ဟု သိလိုရေးဖြင့် မေးသူက မေး။

အချို့တို့ကလည်း ဤသို့ တွေးကုန်လေ၏။ ဗုဒ္ဓမြတ်ဘုရားသည် တိတ္ထိတို့အား နှိမ်နင်းအံ့ဟူ၍ ရောမတန်ခိုးတော်ကြီးကို ပြတော်မူချေသည်။ တိတ္ထိတို့အတွက်နှင့် ငါ့တန်ခိုးတော်ပြမိလေခြင်း ဟူ၍ ရှက်စနိုးတော်မူလှသဖြင့် ဒေသတပါးသို့များ တိတ်တဆိတ်ထွက်သွားတော်မူလေရော့သလားဟု တွေးသူတို့က တွေးကြသည်။

အချို့သောသူတို့ကမူ အမှန်အတိုင်းတွေးကြသည်''ဤအရာကား ငါတို့နှင့် မသက်လား။ တပည့်သာဝကများ၏အရာသာ ဖြစ်ချေသည်။ သာဝကများထံချဉ်းကပ် လျှောက်ထားလေမှ အဖြစ်မှန်ကို ငါတို့ သိရမည်''ဟူ၍ အရှင်မောဂ္ဂလာန်၏အထံသို့ ချဉ်းကပ်ကာ မေးလျှောက်ကြလေ၏။ အရှင်မောဂ္ဂလာန်သည် ဖြစ်ရပ်မှန်ကို သိပင်သိငြားသော်လည်း အရှင်အနုရုဒ္ဓာ၏ဂုဏ်ကို ပေါ်လွင်ထင်ရှားစိမ့်သောငှာ အရှင်အနုရုဒ္ဓာထံသို့ လွှဲလိုက်လေသည်။

''အို ဒါယကာတို့၊ ဤကိစ္စအတွက် အရှင်အနုရုဒ္ဓာထံသို့ ချဉ်းကပ်ရန် ငါ ညွှန်ကြားလို၏။ အရှင်အနုရုဒ္ဓာသည် ဒိဗ္ဗ-စက္ခု-နတ်မျက်စိကဲ့သို့ မြင်သောအရာတွင် မြတ်ဘုရားက တေဒဂ်ဘွဲ့ထူးကြီး ပေးထားသောအရှင်မြတ် ဖြစ်ချေသည်။ ထိုအရှင်ထံ ချဉ်းကပ်၍ မေးလျှောက်ကြလေကုန်''ဟု တိုက်ဘွန်း လွှတ်လိုက်သည်။ ဒါယကာတို့လည်း အရှင်မောဂ္ဂလာန်

www.dhammaransi.com



တိုက်တွန်းချက်အရ သွားရောက် မေးလျှောက်ကြသောအခါ အရှင်အနုရုဒ္ဓါက မြွက်ကြားလေသည်ကား-

"အို ဒါယကာတို့၊ ဗုဒ္ဓမြတ်ဘုရားက သင်တို့တွေးတော သကဲ့သို့ ပေဟမဝန်ချောင်၊ ဂိဇ္ဈကုဋ်တောင်စသောဒေသသို့လည်း ကြွတော်မူသည် မဟုတ်။ တိတ္ထိတို့ကိုနှိမ်နင်းရာတွင် တန်ခိုးတော် ပြမိသည့်အတွက် ရှက်စနိုး၍လည်း ထွက်ကြွသွားတော်မူသည် မဟုတ်။ စင်စစ်အားဖြင့်သော်ကား ယခုနှစ် တာဝတိံသာ၌ ဝါကပ်တော်မူလိုသည့်အတွက် နတ်ပြည်သို့ ကြွသွားခြင်းသာ ဖြစ်ပေသည်။ ယခုအခါ သိကြားမင်းစံရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ သီတင်းသုံးတော်မူလျက် ရှိနေပေသည်။ ဝါကျွတ်မှ ပြန်ကြွလာတော်မူလိမ့်မည်" ဟု မိန့်တော်မူလေ သည်တွင်မှ နှလုံးစိတ်ဝမ်း ချမ်းသာရာရကြလေသည်။

သို့ရာတွင် ပြာဋိဟာပွဲသို့ လာရောက်ကြကုန်သော ထိုသူတို့ သည် ဘုရားကို ကြည်ညိုရာ၌ စံပြုလောက်သောပုဂ္ဂိုလ်များ ဖြစ်ကြသည်။ "ဘုရားသခင်ကို မဖူးမြင်ရသမျှ ဤပြည်က ငါတို့ မပြန်။ ဘုရားသခင် ကြွလာတော်မူသည်အထိ စောင့်၍ ငါတို့ ဖူးမြော်ကုန်အံ့"ဟူ၍ အိမ်သို့မပြန်လေပဲ သာဝတ္ထိပြည် အနီးတွင် အသီးသီးတဲထိုး၍ စောင့်နေကြကုန်လေ၏။

လူအင်အား အဆမတန်များပြားလှသဖြင့် သစ်၊ ဝါး အမိုး အကာစသည် လုံလောက်စွာမရသောကြောင့် အချို့တဲများ မိုးလုံလေလုံရှိကုန်သော်လည်း အချို့မှာကျဲတိကျဲတဲ၊ အချို့မှာ အခင်းရှိ၍ အကာမရှိ ဟာလာဟင်းလင်းနှင့် ဖြစ်သလိုနေကြ

www.dhammaransi.com



ရကုန်သော်လည်း ဘုရားအာရုံကြောင့် ဆင်းရဲသည်ဟူ၍ မထင်။ ပြုံးပြုံးရွှင်ရွှင်နှင့်သာ ရှိနေကြကုန်၏။

ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ် ဘုရားသခင် ပြန်၍ကြွလာတော်မူမည့်ရက်ကိုသာ လက်ချိုးရေတွက်၍ စောင့်နေကြရာက သီတင်းကျွတ်လသို့ ရောက်လာသောအခါ ပြန်ရောက်မည့်ရက်ကို တိတိကျကျသိလိုလှသဖြင့် အရှင်မောဂ္ဂလ္လာန်အား သတင်းထောက်လှမ်းပေးတော်မူပါရန် ပန်ကြားကြလေသောကြောင့် အရှင်မောဂ္ဂလာန်သည် အထက်၌ပြဆိုခဲ့သောအတိုင်း မြတ်စွာဘုရားရှိတော်မူရာ တာဝတိံသာသို့ အထောက်တော်အဖြစ် ကြွရောက်တော်မူ၍ "မည်သည့်နေ့ရက်တွင် လူ့ပြည်သို့ ပြန်လည်ဆင်းသက်တော်မူပါမည်နည်း" ဟု ဘုရားသခင်အား မေးလျှောက်ချက်အရ ရှေးဦးစွာ "အရှင်သာရိပုတ္တရာ ဘယ်မှာ ဝါဆိုသနည်း" ဟု အရှင်မောဂ္ဂလာန်အား မေးမြန်းတော်မူပြီးမှ—

"ချစ်သားမောဂ္ဂလာန်၊ ငါသည် ဤနေ့မှနောက်(၇)ရက်မြောက်ဖြစ်သော သီတင်းကျွတ်လပြည့် 'ပဝါရဏာနေ့' တွင် လူ့ပြည့်သို့ ဆင်းသက်တော်မူအံ့။ ဆင်းသက်မည့်နေရာကို သင် ဤသို့မှတ်သွားလေဦး။ ရှေးရှေးသောဘုရားသခင်တို့ တာဝတိံသာ၌ ဝါကပ်တော်မူ၍ လူ့ပြည်သို့ ပြန်လည်ဆင်းသက်တော်မူကြသောအခါ သင်္ကဿနဂိုရ်ပြည်၏ တောင်တံခါးဝ၌ ဆင်းသက်တော်မူမြဲ ဖြစ်ချေသည်။ သင်္ကဿနဂိုရ်ပြည်သည် ဘုရားအဆူဆူတို့ စွန့်ခွာမြဲမဟုတ်သော 'အဝိဇဟိတဌာန' ဖြစ်ပေသည်။

www.dhammaransi.com



“ချစ်သားမောဂ္ဂလာန်၊ ငါ့ကို ဖူးမြော်ကြရန်အလို့ငှာ လူပေါင်းများစွာတို့ သာဝတ္ထိမှ စောင့်ကြိုနေကြသည်ကိုငဲ့ကွက်၍ သာဝတ္ထိသို့ ဆင်းသက်ရန် သင့်သော်ငြားလည်း ဘုရားအဆူဆူတို့ ဆင်းသက်တော်မူမြဲဓမ္မတာဖြစ်သည့် သင်္ကဿနဂိုရ်ပြည်သို့သာ ငါ ဆင်းသက်တော်မူအံ့။ ထိုအကြောင်းကို လူအပေါင်းတို့အား သင် အကြောင်းပြန်လေလော့” ဟု မိန့်တော်မူလိုက်သတည်း။

နေ့သည် တရွေ့ရွေ့ပြောင်းလဲနေရာက မကြာမီပင် သီတင်းကျွတ်လပြည့်နေ့သို့ ရောက်လာလေ၏။ ထိုအခါ မြို့သူမြို့သားတို့သည် ကောင်းကင်ပေါ်ကဖိုးရွှေလမင်းနှင့် အလင်းရောင်ချင်းပြိုင်လေသည့်အလား တမြို့လုံး ဆီးမီးရောင်ရှိန်ထိန်ထိန်လင်းအောင် ထွန်းညှိလျက် တာဝတိံသာမှ ဆင်းသက်တော်မူလာသောမြတ်စွာဘုရားအား တခမ်းတနားကြိုဆိုနေကြသည့်အခိုက်တွင် မြို့တော်၏ တောင်မျက်နှာတံခါး၌ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတည်းဟူသော စောင်းတန်းကြီးသုံးခုသည် ဘွားကနဲပေါ်လာသောကြောင့် အံ့သြမဆုံးအုံးအုံးကျွက်ကျွက် တခဲနက်ရုတ်ရုတ်သဲသဲဖြစ်ကုန်လေ၏။

လူတို့သည် လက်အုပ်ချီလျက် စောင်းတန်းပေါ်သို့မော်၍ကြည့်နေကြကုန်၏။ အရှင်သာရိပုတ္တရာသည်လည်း ရဟန်းများနှင့်တကွ စောင်းတန်းဦးမှ ကြိုလင့်လျက်ရှိနေ၏။ စောင်းတန်း၏လက်ယာဘက်တွင် ရဟန်းတို့၏သင်္ကန်းရောင်ရှိန်နှင့် ထိန်နေသည်နှင့်အမျှ ဝဲဘက်မှမူ အသွေးရောင်စုံ လူပရိသတ်တို့ဖြင့် ပြည့်ကျပ်လျက်ရှိနေ၏။

www.dhammaransi.com



ဘုရားသခင်သည် ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးကာ စောင်းတန်းသုံးသွယ်အနက် အလယ်ဖြစ်သော ပတ္တမြားစောင်းတန်းမှ နတ်ဗြဟ္မာများခြံရံလျက် ဆင်းသက်တော်မူလာသောအခါ ရဟန်းရှင်လူ သူခပ်သိမ်းတို့သည် ဗုဒ္ဓ၏တင့်သောအသရေတော်ကို ဖူးမြော်၍မဝနိုင်အောင် ဖြစ်ကုန်လေ၏။ စောင်းတန်း၏လက်ဝဲဘက်တွင် မင်းနှင့်တကွသော လူအပေါင်းတို့က ဦးခေါင်းထက်တွင် လက်အုပ်မိုးကာ ရှိခိုးလျက်ရှိနေကုန်၏။ ထို့အတူ အရှင်သာရိပုတ္တရာအမှူးပြုသော ရဟန်းသံဃာတော်တို့ကလည်း စောင်းတန်း၏လက်ယာဘက်တွင် လက်အုပ်ချီကာ ဘုရားသခင်ကို မော်ဖူးလျက် တည်နေကုန်၏။

ဤသို့ရှုဘွယ်မရဲ ထူးကဲလွန်မြတ်သောဘုရားသခင်၏အသရေတော်ကို သောသောရုတ်ရုတ်၊ အုတ်အုတ်ကျက်ကျက်တခဲနက် ပူဇော်ကြကုန်၏။ "ငါတို့လည်း နောင်သောအခါ ဤရှင်တော်မြတ်ဘုရားကြီးကဲ့သို့ လူတွင်ထင်ရှားဘုရားဖြစ်ပါစေသား" ဟူ၍ ဆုတောင်းမိကြကုန်၏။ ဆုမတောင်းမိသောသူ တယောက်မျှမရှိ ဖြစ်ကုန်၏။

မာတလိနတ်သားသည် စာမရီသားမြီးယပ်ဖြင့် လက်ဝဲဘက်ငွေစောင်းတန်းမှယပ်ခတ်လျက် ပဉ္စသိခနတ်သားသည် လက်ယာဘက်ရွှေစောင်းတန်းမှ ဗေလုဝမည်သောစောင်းကို တီးလျက် ဘုရားသခင်ကိုရံ၍ လိုက်လာ၏။ ဘုရားသခင်သည် ရောင်ခြည်တော်တလက်လက်နှင့် ပတ္တမြားစောင်းတန်းမှတထစ်ချင်းနင်း၍ ဆင်းသက်တော်မူ၍ သင်္ကဿနဂိုရ်မြို့တော်၏ တောင်တံခါး၌ ခြေဖဝါးတော်ချမိလာစဉ် အရှင်သာရိပုတ္တရာ၌ ဖရဏာပီတိတို့

www.dhammaransi.com



သည် တအိအိနှင့်ဖြစ်လာကုန်လေရကား လက်အုပ်ချီလျက် ဗုဒ္ဓ၏ဂုဏ်တော်ကို ဤသို့ ထုတ်ဖော်မြွက်ကြားကာ လျှောက်ထား လေသတည်း။

"အနန္တဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ ကာမ၊ ရူပ၊ အရူပဟု လောကသုံးရပ်၊ ဘုံသုံးထပ်တွင် အဘယ်အရာဝတ္ထု နှင့်မျှမနှိုင်းစာအပ် နတ်လူအပေါင်းတို့၏ စက္ခုအရသာ ရှုဘွယ် ရာဟူသမျှတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့်တင့်တယ် တော်မူသော မြတ်ဘုရား၏အသရေတော်ကို ဖူးမြော်ရပါပေ သည်။ ဤလူ့ဘဝကို အရတော်စွာ အကျွန်ုပ်တို့ ရပါကုန်ပြီ။ ကိုယ်တော်မြတ်အား နတ်ဗြဟ္မာတို့သည် မျှားစွာချစ်ခင်ကြ၊ မြတ်နိုးကြကုန်သည် ဘုရား"

အရှင်သာရိပုတ္တရာသည်ခရီးရောက်မဆိုက်အူလှိုက်သည်းလှိုက် ဤသို့လျှောက်လိုက်သည်တွင် ရဟန်းရှင်လူတို့သည် မြတ်ဘုရား နှင့်တကွ နတ်ဗြဟ္မာများကိုဂုင်း၊ အရှင်သာရိပုတ္တရာကိုဂုင်း အားစိုက်၍ကြည့်မိကြပြန်ကုန်လေ၏။

ဗုဒ္ဓက တခဲနက်သောပရိသတ်ကို ပွဲတင်ထပ်စေလျက်"သာရိ-ပုတ္တရာ"ဟု ခေါ်တော်မူလျှင် "အရှင်ဘုရား" ဟူ၍ အရှင် သာရိပုတ္တရာက ပြန်၍ထူးလိုက်၏။ ပရိသတ်သည် "မည်သို့ မိန့်တော်မူလေမည်နည်း"ဟု ပို၍အာရုံစိုက်နေကြကုန်၏။

"သာရိပုတ္တ-ချစ်သားသာရိပုတ္တရာ၊ ယေဓီရာ-အကြင် ဘုရားအစရှိကုန်သော သူတော်ကောင်းတို့သည်၊ ဈာန-ပသုတာ-အာရမ္မဏူပနိဇ္ဈာနဈာန်၊ လက္ခဏူပနိဇ္ဈာန ဈာန်၊ ငါးတန်သောဝသီတော်တို့ဖြင့် ရှင်ပျော်လေ့လာ

www.dhammaransi.com



ခြင်းရှိကုန်၏။ နိက္ခမူပသမေ-ကိလေသာတို့၏ ငြိမ်းရာ နိဗ္ဗာန်၌၊ ရတာ-မွေ့လျော်ကုန်၏။ တေသံ-ထိုစျာန်သမာပတ်ကျေးဇူးမြတ်နှင့်ပြည့်စုံကုန်သော၊ သတိပတံ-သတိရှိကုန်သော၊ သမ္ဗုဒ္ဓာနံ-ဘုရားသခင်တို့အား၊ ဒေဝါပိ-နတ်ဗြဟ္မာတို့သည်လည်း၊ ပိဟယန္တိ-ချစ်ကြည်မြတ်နိုးကုန်၏''

ထိုသီတင်းကျွတ်လပြည့်နေ့ည၌ ကောင်းကင်ထက်ဝယ် ငွေကြယ်တို့သည် မိုးလုံးပြည့်မျှ ပြိုးပြိုးပြက်ပြက်၊ တလက်လက်နှင့် ဗုဒ္ဓအား ပူဇော်နေသကဲ့သို့ ရှိကြကုန်၏။ မိုးအောက်တခွင် သင်္ကဿနဂိုရ်ပြည်ကြီးတွင်လည်း ဆီမီးရောင်ရှိန်တို့ဖြင့် တထိန်ထိန်တလက်လက်နှင့် ရှိနေသည်ဖြစ်ရာ အောက်နှင့်အထက် ပြိုးပြိုးပြက်ပြက်၊ အရောင်လက်ကြသည်ချင်း ပြိုင်နေသကဲ့သို့ ထင်ရ၏။

ထိုအချိန်တွင် ဗုဒ္ဓ၏အပါးတော်၌ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ရံလျက် ရှိနေကြကုန်၏။ ဗုဒ္ဓသည် အရှင်မောဂ္ဂလာန်အား တချက်ရှုစားတော်မူပြီးနောက် လူပရိသတ်၊ နတ်ပရိသတ်၊ ဗြဟ္မာပရိသတ်များအား ကဲ၍ ရှုစားတော်မူပြီးမှ အရှင်သာရိပုတ္တရာကို ရှုတော်မူလျက်-

''ဤပွဲကား သာရိပုတ္တရာ၏ပွဲ ဖြစ်သင့်ပေသည်။ မောဂ္ဂလာန်စသော သာဝကတို့ကား သူတို့သူတို့၏ဣဒ္ဓိပါဒ်အားလျော်စွာထင်ပေါ်ကျော်ကြား သိကြသူ များကြပေပြီ။ သာရိပုတ္တရာကား ထင်ရှားတန်သလောက် မထင်ရှားသေး။ သာရိပုတ္တရာသည်

www.dhammaransi.com



ပညာအရာတွင် အဘယ်မျှကြီးမြတ်ကြောင်းကို ဤပရိသတ်အား ထင်ရှားအောင်ပြစေရသော် ကောင်းလေစွ” ဤသို့ အကြံဖြစ်တော်မူလာသည့်အလျောက် အရှင်သာရိပုတ္တရာအတွက် လမ်းခင်းပေးတော်မူသည့်အလား ပရိသတ်အားလုံးတို့အား ပုထုဇဉ်နှင့်ပတ်သက်သော အကြောင်းအရာများကို ရှေးဦးစွာ မေးတော်မူလေသတည်း။

ပုထုဇဉ်မေးခွန်းကို ခက်ခဲခြင်းမရှိ အားလုံးက မှန်မှန်ကန်ကန်ဖြေနိုင်ကြကုန်၏။ ဗုဒ္ဓက တဆင့်တက်၍ သောတာပန်အကြောင်းကို မေးတော်မူပြန်၏။ ထိုအခါ ပုထုဇဉ်တို့ ငိုင်ကုန်လေ၏။ မဖြေနိုင်ကြကုန်။ သောတာပန်၊ သကဒါဂါမ်နှင့်အနာဂါမ်တို့သာ ဖြေနိုင်ကုန်၏။ တဖန်တဆင့်တက်၍ သကဒါဂါမ်ပုစ္ဆာတပုဒ် ထုတ်လိုက်သောအခါ ပုထုဇဉ်နှင့်တကွ သောတာပန်တို့ပါ ငိုင်ကုန်လေ၏။ သကဒါဂါမ်နှင့်အနာဂါမ်တို့သာ ဖြေနိုင်ကြကုန်၏။ တဖန် အနာဂါမ်ပြဿနာကို မေးတော်မူသောအခါ၌ကား အနာဂါမ်ပုဂ္ဂိုလ်များသာဖြေနိုင်ပြီး ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်တို့ ငိုင်ကုန်လေ၏။

တဖန် ရဟန္တာများနှင့်ပတ်သက်သောပြဿနာကို မေးတော်မူလျှင် ပုထုဇဉ်အစ အနာဂါမ်အဆုံး အကုန်လုံး မှိုင်တွေကျကုန်ပြီး ရဟန္တာများသာ ဖြေနိုင်ကုန်၏။ တဖန် မဟာသာဝကတို့အကြောင်းကို မေးတော်မူပြန်သောအခါ မဟာသာဝကများသာ ဖြေနိုင်ပြီး ရိုးရိုးရဟန္တာများ မဖြေနိုင် ဖြစ်ကုန်၏။ တဖန် မဟာသာဝကများကိုပင် ပုဂ္ဂိုလ်ရေးရာအရ အရှင်မောဂ္ဂလာန်အကြောင်းမေးသော် အရှင်မောဂ္ဂလာန်သာဖြေနိုင်

www.dhammaransi.com



ပြီး အရှင်သာရိပုတ္တရာ မဖြေနိုင်။ ထို့အတူ အရှင်သာရိပုတ္တရာ အကြောင်း မေးလျှင်လည်း အရှင်သာရိပုတ္တရာသာ ဖြေနိုင်ပြီး အရှင်မောဂ္ဂလာန် မဖြေနိုင်။

ဤသို့ ဆင့်ကဲဆင့်ကဲပြဿနာများကို မေးမြန်းရာမှ ဗုဒ္ဓ၏ အကြောင်းသို့ ရောက်သွားလေ၏။ အရှင်မောဂ္ဂလာန်နှင့်အရှင် သာရိပုတ္တရာ သာဝကကြီးများအား ဗုဒ္ဓနှင့်ပတ်သက်သော အကြောင်းများကို မေးတော်မူလေသော် အရှင်နှစ်ပါးတို့လည်း မဖြေနိုင်သဖြင့် အဖြေပေါ်အောင် တွေးခေါ်လေသည့်ပမာ ပတ်ဝန်းကျင်ကိုမျှော်ရှုကာသာ နေကြကုန်လေ၏။

ပရိသတ်တို့လည်း"မည်သို့ အဖြေထွက်လာလေမည်နည်း"ဟု ကြိုလင့်နေကြကုန်၏။ အဖြေကား ထွက်မလာချေ။ မြတ်ဘုရားသည် အရှင်သာရိပုတ္တရာကို ကြည့်လိုက်၏။ အတွေးရေယဉ်ကြောဝယ် နစ်မျောနေသည်ကို တွေ့ရ၏။ "အင်း သာရိပုတ္တရာကား ယင်းပြဿနာအတွက် ပင်ပန်းနေသည်တကား။ လမ်းကြောင်းပေးသော် ဖြေနိုင်တန်ရာသည်"ဟူ၍ကြံတော်မူပြီးလျှင် "သာရိပုတ္တရာ" ဟု ခေါ်တော်မူကာ ခန္ဓာ၊ အာယတနစသည်တို့နှင့် ရောယှက်သော နည်းအမြွက်ဖြင့် ဉာဏ်ပွင့်အောင်ဖွင့်ပေးတော်မူလေသော်၊ ဉာဏ်နိုးအောင် နှိုးပေးတော်မူလေသော် အရှင်သာရိပုတ္တရာသည် ဗုဒ္ဓထံမှ နည်းအမြွက်ကို ရရှိသဖြင့် တထွာပြလျှင် တတောင်မြင်ဆိုသောအတိုင်း ဗုဒ္ဓဝိသယ-ဘုရားသခင်တို့၏အရာဖြစ်သော ဗုဒ္ဓပြဿနာတော်ကြီးကို နည်းပေါင်း အရာအထောင်တို့ဖြင့်တန်ဆာဆင်လျက် ကရားရေလွှတ်သကဲ့သို့ တတွတ်တွတ်ဖြေဆိုတော်မူလေသတည်း။

www.dhammaransi.com



ထိုအခါ ဗြဟ္မာ၊ လူ၊ နတ် ပရိသတ်တို့သည် အရှင်သာရိပုတ္တရာအား အံ့ချီးမပြီး ဖြစ်လာကုန်၏။ အရှင်သာရိပုတ္တရာသည် မိမိအနေအားဖြင့် အဘယ်မျှပင်ပညာကြီးကျယ်စေကာမူလည်း ဗုဒ္ဓဝိသယ–ဘုရားသခင်တို့သာဖြေဆိုနိုင်ရာသော ပြဿနာတော်ကြီးကိုကား နည်းအမြွက်ကို မရရှိပါက မဖြေနိုင်။ ဘုရားသခင်တို့၏ ပညာတော် နက်နဲလှပုံ၊ သိမ်မွေ့လှပုံများကို ပရိသတ်အားလုံးတို့ သိရှိကြစေရန်အလို့ငှာ ဘုရားသခင်အား လက်အုပ်ချီလျက် မမှိ မကြောက် ခြသေ့ဟောက်သကဲ့သို့ လျှောက်လေသတည်း။

"အရှင်ဘုရား၊ စကြဝဠာကမ္ဘာကြီးတခုလုံး နေရာအနှံ့ တဝုန်းဝုန်းရွာချလိုက်သည့် မိုးရေပေါက်များကို တပည့်တော် ရေတွက်နိုင်ပါသည်။ သမုဒ္ဒရာထဲ၌ကျသောရေပေါက်က မည်မျှလောက်ရှိသည်၊ မြေအပြင်၌ ဤရွေ့ဤမျှလောက်သော ရေပေါက်တို့ ကျကုန်သည်ဟူ၍ အတိအကျရေတွက်ခြင်းငှာ စွမ်းနိုင်ပါသည်။ သို့ပါငြားသော်လည်း ဒေသနာတော်၏အနက်ကိုကား နည်းအမြွက်မရလျှင် မဖြေနိုင်ပါဘုရား။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ ပြဿနာတခုကို ဖြေဆိုတိုင်းဖြေဆိုတိုင်း သဲလုံးတလုံးကျစီချ၍ချ၍ငင်း၊ ရေတပေါက်စီတပေါက်စီ ချ၍ချ၍ငင်း၊ မြေမှုန့်တမှုန့်စီ တမှုန့်စီချ၍ချ၍ငင်း ရေတွက်သည်ရှိသော် ဂင်္ဂါမြစ်၌သဲလုံးများကုန်လျှင်သာကုန်သွားပါမည်။ သမုဒ္ဒရာ၌ရေကုန်လျှင်သာကုန်သွားပါမည်။ မဟာပထဝီမြေအပြင်၌ မြေမှုန့်များ ကုန်လျှင်သာကုန်သွားပါမည်။ တပည့်

www.dhammaransi.com



တော်၏ ပညာဖြင့်ဖြေသောအဖြေတို့ကား ကုန်နိုင်မည်မဟုတ်ပါ ဘုရား"

ဤသို့လျှောက်သောအခါ ဗုဒ္ဓမြတ်စွာသည် ပရိသတ်ဗိုလ်ပုံစုံရာရှေ့မှောက်တွင် အရှင်သာရိပုတ္တရာအား များစွာချီးကျူးခြင်းပြုတော်မူလေ၏။ ပရိသတ်တို့လည်း ဤတွင်မှ အရှင်သာရိပုတ္တရာ ပညာကြီးကျယ်ကြောင်းကို ကောင်းစွာသိကြကုန်သတည်း။

"သြော် အရှင်သာရိပုတ္တရာကား ဘုရားနှယ်အလား လွန်စွာပညာကြီးမားတော်လှပေသည်တကား"

ဤသီတင်းကျွတ်ပွဲကို လူတို့အနေအားဖြင့် တာဝတိံသာမှဆင်းသက်တော်မူလာရာတွင် ပူဇော်ကြသည့်မီးထွန်းပွဲဟု အမှတ်ပြုကုန်၏။ ဘုရားသခင်၏အနေအားဖြင့်ကား လက်ယာတော်ရံသာဝကကြီး အရှင်သာရိပုတ္တရာ၏ ပညာကြီးကျယ်ကြောင်းကို လူနတ်ဗြဟ္မာအပေါင်းတို့အား ပြသစေသည့် အလျှံညီးညီး "ပညာဆီမီးပွဲကြီး" ဖြစ်နေပေသတည်း။

www.dhammaransi.com

# အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်
# အပြန်အလှန် ချီးကျူးတော်မူခြင်း

တောင်နှစ်လုံးသည် ယှဉ်လျက် မိုးယံစွင့်စွင့် မြင့်တက်သွားလေ၏။ စို့သက်တံကြီးများ ပေါက်နေသည့်အလား အဝေးကပင် ထင်ရှားစွာ မြင်နိုင်၏။

ထိုတောင်နှစ်လုံးကြားတွင် ရှေးအခါက ခိုငှက်များ အလုံးအရင်းနှင့် နေထိုင်ကြသည်။ ခိုတွေ အလွန်ပေါသည်ဟု ဥဒါန်းအဋ္ဌကထာ၊ ယက္ခပဟာရသုတ်၌ ဆိုပေသည်။ ခိုများနေထိုင်ရာ ချောက် ဖြစ်သောကြောင့် "ခိုချောင်" (ကပေါတကန္ဒရ) ဟု တွင်သောဟူပေ၏။

ယခု ဗုဒ္ဓဂေါတမရှင်တော်ဘုရား လက်ထက်တော်၌ ထိုတောင်နှစ်လုံးကြားရှိ "ခိုချောင်" တွင် ဘောရကျောင်း တကျောင်း ရောက်ရှိလာလေရာ ရှေးအမည်ကို အစွဲပြု၍ ကပေါတကန္ဒရ-ခိုချောင်ဘောရကျောင်းဟူ၍ပင် တွင်လေသတည်း။

ထိုခိုချောင်၌ အရှင်မြတ်ကြီးနှစ်ပါး သီတင်းသုံးတော်မူလျက် ရှိနေ၏။ ဤခိုချောင်နှင့် ဤအရှင်မြတ်ကြီးနှစ်ပါး အဘယ်မျှ တင့်တယ်လေသနည်းဆိုသော် တခုသောရွှေဂူကြီးထဲ၌ ခြင်္သေ့မင်းကြီးနှစ်စီး နေသည်နှင့်လည်း တူ၏။ ညီညာသော မြေတလင်းအပြင်၌ ကျားမင်းကြီးနှစ်စီး မြူးတူးနေသည်နှင့်လည်း

www.dhammaransi.com



တူ၏။ ရန့်ထုံကြိုင် သင်းသင်းလှိုင်နေသည့် အင်ကြင်းမြိုင်တွင်းသို့ ဆဒ္ဒန်ဆင်မင်းကြီးနှစ်စီး ဝင်သွားသည်နှင့်လည်း တူလှ၏။ တခုသော လက်ပံတောကြီး အတွင်းသို့ ဂဠုန်ငှက်မင်းကြီး နှစ်ကောင် သွားလာဝင်ထွက်နေသည်နှင့်လည်း တူလှ၏။ တခုသော ယာဉ်ပျံစကြာပေါ်ဝယ် ဝေဿဝဏ်နတ်မင်းကြီး နှစ်ပါးတို့ စီးသွားနေသည်နှင့်လည်း တူလှ၏။ တခုသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာပေါ်၌ သိကြားမင်းနှစ်ပါး စံစားနေသည်နှင့်လည်း တူလှ၏။ တခုသောဗိမာန်ကြီးအတွင်းမှ ဗြဟ္မာမင်းကြီးနှစ်ပါး ထွက်ကြွလာသည်နှင့်လည်း တူလှ၏။ ပြာလဲ့လဲ့ ကောင်းကင်ကြီးပေါ်ဝယ် နေလနှစ်စင်း တဝင်းဝင်း တလက်လက် ထွက်နေသည်နှင့်လည်း တူလှ၏။ ထိုအရှင်မြတ်ကြီး နှစ်ပါးတို့ကား အခြားသူများ မဟုတ်။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ ဖြစ်သတည်း။ ထိုကပေါတကန္ဒရ မည်သော ခိုချောင်တွင် သီတင်းသုံးလျက် ရှိနေကြသတည်း။

အချိန်မှာ ညအခါ ဖြစ်၏။ လဆန်းရက်ဖြစ်သောကြောင့် လသည်လည်း ထိန်ထိန်သာလျက်ရှိနေ၏။ အရှင်သာရိပုတ္တရာသည် ကျောင်းအနီးရှိ လွင်တီးခေါင်တွင် တပါးတည်း သမာပတ်ဝင်စားနေတော်မူ၏။ ခေါင်းရိတ်ပြီးခါစ ဖြစ်သောကြောင့် လရောင်နှင့် ဟပ်မိလေသောအခါ အရှင်မြတ်၏ ဦးခေါင်းတော်မှာ ပြောင်နေ၏။ လွင်တီးခေါင်တွင် အရှင်မြတ်၏ ဦးခေါင်းပြောင်ကြီးမှာ လရောင်ဖြင့် ထင်းနေ၏။

လသည် ထိုညတွင် အထူးသာလေသလား ထင်ရလောက်အောင် ထိန်ထိန်သာလျက် ရှိနေသည်။ ထိုအချိန်တွင် ဘီလူး

www.dhammaransi.com



နှစ်ယောက်တို့ အစည်းအဝေးမှ ပြန်လာကြရာမှ ထိုခိုချောင်တောရသို့ရောက်လေသော် တယောက်သောဘိလူးက တနေရာကို စိုက်ကြည့်လိုက်သည်။ စိတ်ဝင်စားဟန်ဖြင့် စူးစူးစိုက်စိုက်မမိုတ်သောမျက်လုံးကြီးဖြင့် သုံးသပ်လေပြီးနောက် အောက်သို့လက်ညှိုးထိုးပြလေ၏။ အဖော်ဘိလူးလည်း ညွှန်ပြရာကို စူးစိုက်စွာကြည့်နေ၏။ သူတို့မြင်ကြရသည်ကား လရောင်အောက်တွင်ကတုံးပြောင်နှင့် အရှင်သာရိပုတ္တရာဖြစ်သတည်း။

"အဆွေ၊ သည်ကတုံးပြောင်ကြီးကို ကျုပ်စိတ်ထဲမှာ ရိုက်ခွဲချင်စိတ်ပေါက်လာသည်" ဟု ပထမမြင်ရသောဘိလူးက လက်တယားယားနှင့်ဆိုလေသော်-

"ဟိုး ဟိုး အဆွေ၊ မလုပ်နှင့်။ အဲသည်ဟာ ရဟန်းဖြစ်၏။ ရဟန်းကို မပြစ်မှားစကောင်း။ မရိုက်စကောင်း။ ထိုရဟန်းကား အလွန်သီလသမာဓိရှိ၏။ တန်ခိုးလည်း လွန်စွာကြီးလှ၏" ဟု မိတ်ဆွေဘိလူးက တားလေသည်။ သို့သော် ပထမဘိလူးမှာအရှင်သာရိပုတ္တရာ၏ခေါင်းပြောင်ကြီးကို ရိုက်ခွဲရန်လက်တယားယားဖြစ်နေသည်။

"ငါ့လက်တွေ ယားလာပြီ။ သင်းကို ရိုက်ရမှ"

"မလုပ်နှင့်အဆွေ။တော်တော်တန်ခိုးကြီးတဲ့ကိုယ်တော်ကြီး"

တယောက်က အရှင်သာရိပုတ္တရာအား သုံးကြိမ်တိုင်တိုင်ရိုက်မည်တကဲကဲ လုပ်သည်။ တယောက်က "မလုပ်နှင့်" ဟူ၍ သုံးကြိမ်တိုင် လက်ကိုဆွဲ၍ တားသည်။ သို့သော် မရပါချေ။ သူသည် အရှင်သာရိပုတ္တရာ သမာပတ်ဝင်စားနေရာသို့ လက်သီးကြီးတပြင်ပြင်နှင့် နောက်ကွယ်မှချွတ်နင်း၍ဝင်လေတော့သည်။

www.dhammaransi.com



အရှင်သာရိပုတ္တရာကား သမာပတ်အာရုံ၌ ထုံမွှေလျက်ရှိနေ၏။ အကယ်၍သာ ဘီလူး၏လက်သီးချက် မိသွားချေသော် အသို့ဖြစ်သွားလေမည်နည်း။

ထိုဘီလူး၏လက်သီးချက်ကား အလွန်ပြင်းလှ၏။ ဆင်ပြောင်ကြီးများပင်ဖြစ်စေဦးတော့ သူ့လက်သီးချက်မိခဲ့သော် လက်သီးဒဏ်ကြောင့် ဂျမ်းပြန်၍လဲရချေ၏။ သက်ရှိသတ္တဝါကိုမဆိုထားဘိဦး သက်မဲ့တောင်ကြီးပင် ဖြစ်ပါစေ၊ သူ့လက်သီးနှင့်ရိုက်ခဲ့လိုက်က ထက်ခြမ်း ကွဲရလေ၏။ ထိုဘီလူး၏ လက်သီးစွမ်းကားသို့စဉ်မျှကြောက်ခမန်းလိလိ အစွမ်းထက်လှဘိသည်တကား။

ထိုအချိန်တွင် အရှင်မောဂ္ဂလာန်သည် လရောင်အောက်တွင် စင်္ကြံလျှောက်လျက် ရှိနေ၏။ လက်သီးဆုပ်နှင့်ဘီလူးသည် အရှင်သာရိပုတ္တရာနှင့် တဖြည်းဖြည်းနီးနီးလာသည်။ အရှင်သာရိ-ပုတ္တရာ၏ဦးခေါင်းမှာ လရောင်ကြောင့် ပြောင်နေသည်။ ဘီလူးသည် ထိုဦးခေါင်းပြောင်ကြီးကို သူ၏လက်သီးဖြင့် တအားရိုက်ခွဲလိုက်ရာ "အား ပူတယ် ပူတယ်" ဟူ၍ အော်ဟစ်မြည်တမ်းသံကြီးနှင့်အတူ ထိုဘီလူးသည် ထိုနေရာမှာပင် မြေကြီးကွဲ၍ ငရဲသို့ ကျလေသတည်း။

"ပူတယ် ပူတယ်" ဟူသော အော်သံကြီး ကြားလေရာသို့ အရှင်မောဂ္ဂလာန်က လှမ်းကြည့်လိုက်သော်လည်း ခရီးလွန်သွားလေပြီ။ အရှင်သာရိပုတ္တရာအား ဘီလူးက လက်သီးဖြင့် ရိုက်ခွဲပြီးလေပြီ။ အရှင်မောဂ္ဂလာန်သည် ဘီလူး၏ရိုက်ချက်ကို လျှပ်တပြက်အတွင်း မြင်လိုက်သဖြင့် ကပျာကယာပြေးလာလေသည်။

www.dhammaransi.com



အရှင်သာရိပုတ္တရာမှာ သမာပတ်မှမထသေးသဖြင့် ဘီလူးက ဦးခေါင်းကို ရိုက်ခဲ့သော်လည်း သိတော်မမူချေ။ သမာပတ်မှ ထလိုက်သောအခါတွင် အရှင်မောဂ္ဂလာန် ဆိုက်ရောက်လာပြီး မေးလေသည်။

"အသို့နည်း ငါ့ရှင် သာရိပုတ္တရာ။ ကျန်းမာပါစ။ ချမ်းသာပါစ။ တစုံတရာဆင်းရဲခြင်းမရှိ ကင်းပါစ"

"ငါ့ရှင် မောဂ္ဂလာန်၊ ငါ ကျန်းမာ၊ ချမ်းသာပါ၏။ သို့သော် ဦးခေါင်းအတန်ငယ်မူးသလိုလိုရှိချေသည် ငါ့ရှင်"

ဤသို့ ဖြေလိုက်သောအခါ အရှင်မောဂ္ဂလာန်သည် များစွာအံ့သြသွားလေသည်။ အရှင်သာရိပုတ္တရာ၏ဦးခေါင်းကိုလည်း စူးစိုက်စွာကြည့်ရှုခြင်းပြုလေပြီးမှ-

"အံ့ဘွယ်ကောင်းလေစွ ငါ့ရှင်။ ထူးကဲလေစွ။ ငါ့ရှင်ကား လွန်စွာတန်ခိုးတော် ကြီးလေစွ" ဤသို့ ချီးကျူးစကားဆိုလေသော် "အဘယ့်ကြောင့် ဤစကားကို ငါ့ရှင် ဆိုပါသနည်း" ဟု အရှင်မောဂ္ဂလာန်အား ပြန်၍မေးတော်မူ၏။ ဤတွင်မှ အရှင်မောဂ္ဂလာန်လည်း ဖြစ်ကြောင်းကုန်စင်ကို ပြောပြတော်မူ၏။

"သူ့လက်သီးကို တောင်ကြီးသည်ပင်လျှင် မခံနိုင်။ လက်သီးနှင့် တချက်ထဲရိုက်ခဲ့လိုက်ကာမျှဖြင့် တောင်ကြီး ပြိုကွဲပျက်စီးရချေသည်။ ငါ့ရှင်မှာကား ဤဘီလူး၏လက်သီးဒဏ် ခံရပါလျက်ကို အနည်းငယ်မူးဝေသလိုလို ထင်ရကာမျှသာဖြစ်ခြင်းမှာ အံ့ဘွယ်ကောင်းလေစွ။ ငါ့ရှင်ကား လွန်စွာတန်ခိုးကြီးဘိစွ"

www.dhammaransi.com



အရှင်မောဂ္ဂလာန်သည် အရှင်သာရိပုတ္တရာအား ဤသို့လိုက်လိုက်လှဲလှဲချီးကျူးခြင်းပြုလေသော်အရှင်သာရိပုတ္တရာက ပြန်၍ အရှင်မောဂ္ဂလာန်အား ချီးကျူးပြန်လေ၏။

"ငါ့ရှင် မောဂ္ဂလာန်၊ အံ့ဘွယ်ကောင်းဘိစွ။ မဖြစ်စဖူးထူးကဲလေစွ။ ငါ့ရှင်ကား ဘီလူးကိုသော်မှပင် မြင်တော်မူဘိ၏။ တန်ခိုးကြီးဘိစွ။ ယခုအခါ၌ ငါတို့ကား အမှိုက်ပုံထဲ၌ ကျက်စားနေကြသည့်ပြိတ္တာများကိုပင် မမြင်ကုန်။ ငါ့ရှင်မှုကား ဘီလူးကိုပင် မြင်ဘိသည်ဘကား။ တန်ခိုးကြီးလှပါပေစွ"

အရှင်မောဂ္ဂလာန်က အရှင်သာရိပုတ္တရာအား တောင်ပြိုလောက်သည့်လက်သီးဖြင့် ဦးခေါင်းကို ရိုက်ခဲ့သော်လည်း မကွဲလေသဖြင့် လွန်စွာတန်ခိုးကြီးပါပေသည်ဟု ချီးမွမ်းတော်မူ၍ အရှင်သာရိပုတ္တရာက တဖန် အရှင်မောဂ္ဂလာန်အား သူ့အနေအားဖြင့် အမှိုက်ပုံထဲကပြိတ္တာမျှကိုပင် မြင်နိုင်စွမ်း မရှိ။ ငါ့ရှင်မောဂ္ဂလာန်မှုကား ဘီလူးကိုသော်မှပင် မြင်တော်မူဘိသည်။ တန်ခိုးကြီးပါပေသည်ဟူ၍ အချင်းချင်း ချီးမွမ်းနေချိန်တွင် ရှင်တော်မြတ်ဘုရားကား ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သိတင်းသုံးနေတော်မူ၏။

တပည့်သာဝကကြီးနှစ်ပါးတို့ အချင်းချင်း ချီးမွမ်းစကားများကို ဒိဗ္ဗသောတဖြင့် ကြားတော်မူလေသောအခါ အရှင်သာရိပုတ္တရာ၏ သမာပတ်စွမ်းအားကို သိတော်မူလေရကား အရှင်သာရိပုတ္တရာအတွက် မြတ်ဘုရားသခင်ကိုယ်တော်ကပင် လျှင် "ယဿ သေလူပမံ စိတ္တံ" စသည်ဖြင့် ဤသို့ဥဒါန်းကျူးတော်မူလေသတည်း။

www.dhammaransi.com



ယဿ သေလူပမံ စိတ္တံ၊
ဌိတံ နာနုပ ကမ္ပတိ။
ဝိရတ္တံ ရဇနီယေသု၊
ကောပနေယျေန ကုပ္ပတိ။
ယဿေဝံ ဘာဝိတံ စိတ္တံ၊
ကုတော တံ ဒုက္ခ မေဿတိ။

ယဿံခီဏာသဝဿ၊ အာသဝေါကုန်ခန်းပြီးသော အကြင်ရဟန္တာ၏။ စိတ္တံ၊ စိတ်သည်ကား။ သေလူပမံ၊ ကျောက်တောင်ကြီးနှင့်တူစွာ။ ဌိတံ၊ တည်နေချေ၏။ သဗ္ဗေဟိပိလောကဓမ္မေဟိ၊ ကမ္ပာနှင့်ခြုံ၍ စုပြုံတိုက်ခတ်လာသော လောကဓံ မုန်တိုင်းကြီးများကြောင့်လည်း။ နာနုပကမ္ပတိ၊ တုန်လှုပ်ခြင်းအနည်းငယ်မျှမရှိ။ ရဇနီယေသု၊ ရာဂဖြစ်ခြင်း၏အကြောင်းဖြစ်ကုန်သော တေဘူမကတရားတို့၌။ ဝိရတ္တံ၊ ရှင်းရှင်းပြတ်ပြတ် တပ်ခြင်းကင်းဘိသည်တကား။ ကောပနေယျေ၊ ဒေါသအမျက်ခြောင်းခြောင်းထွက်ဘွယ်အဖြစ်မျိုးနှင့် တိုးမိနေစေကာမူလည်း။ နကုပ္ပတိ၊ အမျက်မထွက်လေ။ ယဿ၊ အကြင်အရိယာပုဂ္ဂိုလ်သည်။ ဝါ-အကြင်အရိယာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်ကို။ ဘာဝိတံ၊ အာရုံတပါးကြားမဝင်အောင် ပွားစေအပ်ဘိမူကား။ တံ၊ ထိုအရိယာပုဂ္ဂိုလ်မျိုးသို့။ ကုတော သတ္တတော ဝါ၊ အဘယ်သတ္တဝါမျိုးထံမှသော်လည်းကောင်း။ ကုတော သင်္ခါရတော ဝါ၊ အဘယ်သင်္ခါရမျိုးထံမှသော်လည်းကောင်း။ ဒုက္ခံ၊ ဆင်းရဲဟူသည်။ ဧဿတိ၊ ရောက်နိုင်တော့လတ္တံ့နည်း။ န ဧဿတိ ဧဝ၊ မရောက်သည်သာလျှင်တည်း။

www.dhammaransi.com



အရှင်သာရိပုတ္တရာကား မြတ်ဘုရားကိုယ်တော်တိုင် ဤသို့ ချီးကျူးခြင်းခံရသောအရှင်မြတ် ဖြစ်၏။

ဥဒါန်းပါဠိတော်၌လာရှိသော ဤယက္ခပဟာရသုတ်တွင် အရှင်မြတ်နှစ်ပါး၏တန်ခိုးများ ပေါ်လွင်နေပေ၏။ ချီးကျူး စရာရှိလျှင် အချင်းချင်း ပွင့်ပွင့်လင်းလင်း ချီးကျူးတော်မူကြ ပုံများကိုလည်း မြင်ရ၏။ အရှင်သာရိပုတ္တရာက မိမိသည် ဓမ္မသေနာပတိ၊ ပညာအရာတွင်ဧတဒဂ်ရပုဂ္ဂိုလ်ဖြစ်သော်လည်း အမှိုက်ပုံများ၌ ကျင်လည်ကျက်စားနေသည့်ပြိတ္တာများကို မမြင် ကြောင်း ဝန်ခံသည်ကိုလည်း တွေ့ရ၏။ အရှင်မောဂ္ဂလာန်က လည်း သူ့အနေဖြင့် တန်ခိုးဣဒ္ဓိပါဒ်အရာတွင် ဧတဒဂ်ရပုဂ္ဂိုလ် ဖြစ်လျက် အရှင်သာရိပုတ္တရာ တန်ခိုးကြီးလှကြောင်းတွေ့ရ၏။

သံသရာတခွင် ကျင်လည်ခဲ့ကြရစဉ် အရှင်သာရိပုတ္တရာက လက်ယာတော်ရံဆုကိုတောင်းခဲ့၍ အရှင်မောဂ္ဂလာန်က လက်ဝဲ တော်ရံဆုကို တောင်းခဲ့ကြသည်ဖြစ်ရာ ဆုတောင်းပြည့်ကြ သဖြင့် ဆုတောင်းခဲ့သည့်အတိုင်း ဤဘဝ၌ လက်ယာတော်ရံ၊ လက်ဝဲတော်ရံ ဖြစ်လာကြသတည်း။

www.dhammaransi.com

## ကိုယ့်အလောင်းကိုယ်ပိုက်၍ မိခင်ထံပြန်လေသော

# လက်ယာတော်ရံ အရှင်သာရိပုတ္တရာ

ဥပမာအားဖြင့် ကြက်မများသည် ဥချိန်တန်သောအခါ "ငါ-ဘယ်မှာဥရပါမည်နည်း" ဟု ဥရန် ဝပ်ကျင်းရှာကြ၏။ လူတို့မှာလည်း ဤသဘောမျိုးသည် ရှိ၏။ အသက်ခြောက်ဆယ်ကျော်လာသောအခါ သူတော်ကောင်းပုဂ္ဂိုလ်တို့သန္တာန်တွင် ဤအသိဉာဏ်မျိုး၊ ဤအတွေးအခေါ်မျိုး ပေါ်လာတတ်လေသည်။

"ငါ တနေ့နေ့မှာ မုချသေရလတ္တံ့."

ပထမအရွယ်မှာ ပညာ၊ ဒုတိယအရွယ်မှာ ဥစ္စာ၊ တတိယအရွယ်မှာ ဘာဝနာဟု ဆိုသည်။ ငါ တတိယအရွယ် ရောက်လာပြီကော။ မသေမီ အမှတ်တရဖြစ်အောင် ငါ ဘာလုပ်မည်နည်း။ အဘိုးတန်သောလူ့ဘဝကို ရလာသည့်အခိုက်တွင် လူဖြစ်ရကျိုးနပ်အောင် ငါ ဘာလုပ်မည်နည်း။ ဘာဝနာအလုပ်ဖြင့် တရားအားထုတ်၍ ဘဝကို နိဂုံးချုပ်မည်လော။ သို့မဟုတ် ဃရာဝါသ၊ ကိစ္စများမြောင်၊ လူတို့ဘောင်တွင် ကယောင်ချောက်ချားနှင့် ဇာတ်သိမ်းမည်လော။ ဘဝကူးလှအောင် ငါ ဘာလုပ်မည်နည်း။ ဤကား သေခါနီးကာလနောက်ဆုံးအချိန်၌ ပုတုဇဉ်လူသားတို့၏ ခမ္မတာအတွေး ဖြစ်၏။

www.dhammaransi.com



ဘဝနိဂုံး နောက်ဆုံးအချိန်၌ ဤအတွေးမျိုးကား ပုထုဇဉ်လူသားများသာမဟုတ် ဗုဒ္ဓရှင်တော်မြတ်ဘုရားနှင့် ရဟန္တာများမှာပင် ဤအတွေးမျိုး ဖြစ်ပေါ်တတ်လေသည်။ သို့ကြောင့် ဗုဒ္ဓသည် လုပ်စရာရှိသည်တို့ကို ပရိနိဗ္ဗာန်ပြုတော်မမူမီ စောက်ချ၍လုပ်တော်မူကြောင်းမှာ ဇိနတ္ထပကာသနီကျမ်း၊ နဝမတွဲ၌ဆိုသော အောက်ပါစကားကို ထောက်ခြင်းအားဖြင့် ထင်ရှားပေသည်။

ဝေသာလီပြည်နှင့် ရာဇဂြိုဟ်ပြည်၏အကြား ဂင်္ဂါမြစ်နား၌ တည်သော ဝေဠုဝရွာသို့ ကြွတော်မူ၏။ ထိုရွာသားတို့သည် ဘုရားကြွလာသည်ကိုမြင်လျှင် ရှင်လန်းဝမ်းမြောက် ကျောင်းကန်ဆောက်၍ ပင့်လျှောက်ကြသည်နှင့် ထိုဝေဠုဝရွာတွင် ဝါကပ်တော်မူ၏။

ကိုယ်တော်နှင့် ပါလာသော ရဟန်းများကိုလည်း "ချစ်သားတို့၊ သင်တို့သည် ငါ ဘုရားနှင့် မဝေးမနီး ဝေသာလီပြည်ကြီးကိုမှီ၍သာ သင့်တင့်ရာ၌ ဝါကပ်ကြလေကုန်" ဟုလွှတ်တော်မူ၏။ အဘယ့်ကြောင့် လွှတ်တော်မူလိုက်သနည်းဟူမူကား ဝေဠုဝရွာသည် ငယ်သည်ဖြစ်၍ ကျောင်းလည်းမလောက်၊ ဆွမ်းလည်းမလောက် ရဟန်းတို့ ပင်ပန်းရာသောအကြောင်း ရှိသည်ဖြစ်၍ ချမ်းသာစွာနေစိမ့်သောငှာ လွှတ်တော်မူသည်။

www.dhammaransi.com



အဝေးမြို့ရွာသို့ကား အဘယ့်ကြောင့်မလှတ် သနည်းဟူမူကား ဘုရားသခင်သည် ဤသို့အကြံ တော်ဖြစ်၏။ "ငါသည် ဤမှနောက်ဆယ်လ မြောက်၌ ပရိနိဗ္ဗာန်စံရလတ္တံ့။ ထိုကာလ ရဟန်း တို့မမြင်ရမူ သံဝေဂကြီးစွာ ဖြစ်ရှာကြလတ္တံ့။ ဤဝေသာလီပြည်၌သာ နေရပါမူကား တလ ရှစ်ကြိမ်လာ၍ တရားကိုနာကြသဖြင့် ငါ့ အယူ ကို သိကုန်လတ္တံ့"ဟု ကြံတော်မူ၍ အဝေးသို့ မလှတ်သတည်း။

ဤကား ပရိနိဗ္ဗာန်စံတော်မမူမီ ရတတ်သရွေ့အချိန်ကလေး တွင် စောက်ချ၍ လုပ်သွားတော်မူခြင်းပင်တည်း။ ဘုရားသခင် ကဲ့သို့ပင် အရှင်သာရိပုတ္တရာ၌လည်း ဘဝနိဂုံး နောက်ဆုံးအချိန် တွင် ဤအတွေးအခေါ်မျိုး ပေါ်လာလေသတည်း။

ထိုအချိန်၌ အရှင်သာရိပုတ္တရာ၏အရွယ်မှာ အိုမင်းမစွမ်း ပစ္ဆိမအရွယ်သို့ ရောက်ရှိနေပြီဖြစ်ရာ ဤနေ့တွင် ဘဝနိဂုံး အဆုံးသတ်ရေးကို တွေးမိနေလေပြီကော။

ဘုရားသခင် ဝေဠုဝရွာမှ ဇေတဝန်ကျောင်းတော်သို့ပြန်၍ ရောက်တော်မူလာစအချိန်တွင် အရှင်သာရိပုတ္တရာသည် နေ့သန့် တော်မူမြဲအရပ်၌ သမာပတ်ဝင်စားတော်မူနေ၏။ ထိုနေ့ကား မဟာသက္ကရာဇ် ၁၄၈ ခု၊ တန်ဆောင်မုန်းလဆန်း(၈)ရက်နေ့ ဖြစ်လေသည်။

အရှင်သာရိပုတ္တရာသည် ဤအတွေးကို ဤမျှဖြင့်ရပ်တန့်၍ မထားလေပဲ ဆက်၍တွေးပြန်၏။ ထိုအတွေးကား သူများ

www.dhammaransi.com



အတွက် မဟုတ်။ မိမိအတွက် မိမိအသက် အပိုင်းအခြားကို တွေးခြင်းဖြစ်၏။

"ငါ ဘယ်သောအခါ ပရိနိဗ္ဗာန်ပြုရမည်လဲ။ ငါ့အသက် မည်မျှအထိ နေရဦးမည်လဲ"

ဤသို့ မိမိအသက်ကိုတွက်စစ်ကြည့်လေသောအခါ ပရိနိဗ္ဗာန်ပြုရန်(၇)ရက်တာမျှလိုတော့သည်ကို သိမြင်လာသည်။ ထိုအခါ ပရိနိဗ္ဗာန်ပြုမည့်နေရာကို ရှာလေသတည်း။ ပရိနိဗ္ဗာန်မပြုမီ အတွင်း လုပ်ဘွယ်ကိစ္စအဝဝကို စောက်ချလေသတည်း။

အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန်ပြုရန် နေရာရှာယင်းမှ အရှင်ကောဏ္ဍည ပရိနိဗ္ဗာန်ပြုပုံကို တွေးမိလာသည်။

"သာဝကတို့တွင် အကြီးဆုံးဖြစ်သော အရှင်ကောဏ္ဍည ကိုယ်တော်ကြီးသည် ဟိမဝန္တာတောအုပ်ကြီးအတွင် မဏ္ဍာကိနီ မည်သောရေအိုင်ကြီးအနီးတွင် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဗုဒ္ဓ၏ ရင်နှစ်သည်းချာ သားတော်အရှင်ရာဟုလာသည်ကား တာဝတိံသာနတ်တို့ထံ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ငါကား အဘယ် နေရာတွင် ပရိနိဗ္ဗာန်ပြုရပါမည်နည်း။ သာဝတ္ထိ၊ ဝေသာလီ၊ ဗာရာဏသီ၊ ရာဇဂြိုဟ်၊ ထိုထိုသောမြို့ရွာတို့၌ ပရိနိဗ္ဗာန် ပြုရအံ့လော။ ဇေတဝန်၊ ဝေဠုဝန်၊ အမ္ဗဝန်၊ ပုပ္ဖာရုံစသော ထိုထိုကျောင်းတိုက်ကြီးများ၌ ပရိနိဗ္ဗာန်ပြုရအံ့လော။ ပရိနိဗ္ဗာန် မပြုမီအတွင်း အမှတ်ဘရ စောက်ချ၍ ငါ ဘာလုပ်သွားရပါ မည်နည်း"

ဘဝနိဂုံး အဆုံးသတ်ရတော့မည့်အချိန်တွင် အရှင်သာရိပုတ္တရာသည် ခေါင်းချရမည့်နေရာကို ရွေးနေသည်သာမက

www.dhammaransi.com



လုပ်ငန်းဆောင်တာအရေးကိုပါ ဦးစားပေး၍ လေးလေးနက်နက်တွေးခေါ်နေပါလေပြီကော။

နောက်ဆုံးတွင် ဤသို့ဆုံးဖြတ်ချက်ချလိုက်သတည်း။ အထက်၌ တွေးခေါ်ခဲ့သောမြို့ရွာနှင့် ကျောင်းတိုက်ကြီးများကို ပယ်ထုတ်ပြီးနောက် အမေ့ရပ်ရွာန်ကို ဘူမိနက်သန်အဖြစ် ရွေးတော်မူလိုက်လေသည်။ အကြောင်းပြချက်များကလည်း လွန်စွာပင်ဆီလျော်၍ သဘာဝကျလှ၏။

"မယ်တော့်ထံမှတပါး အခြားနေရာ၌ ပရိနိဗ္ဗာန်ပြုရန်မသင့်။ အဘယ့်ကြောင့်ဆိုသော် ငါ့မယ်တော်မှာ သားလေးယောက်၊ သမီးသုံးယောက်ရှိသည်။ ငါတို့မောင်နှမ(၇)ယောက်စလုံး အာသဝေါကုန်ခန်းသောရဟန္တာချည်း ဖြစ်ကြသည်။ မယ်တော်ကား ရဟန္တာ(၇)ပါးတို့၏မယ်တော်ကြီးဖြစ်ပါလျက် ဘုရားကိုလည်း မကြည်ညို၊ တရားကိုလည်း မကြည်ညို၊ သံဃာကိုလည်း မကြည်ညို၊ မိစ္ဆာဒိဋ္ဌိဖြစ်နေချေသည်။ ငါကဲ့သို့သော သားကောင်းသားမြတ်ရှိပါလျက် ငါ့မယ်တော်ကို မိစ္ဆာဒိဋ္ဌိအဖြစ်၌ မထားထိုက်။ ငါ့မယ်တော်အား ငါ ကယ်တင်အံ့။ မိစ္ဆာဒိဋ္ဌိအဖြစ်မှ ကျွတ်လွတ်အောင် ငါ ချွတ်အံ့။ အမြိုက်ရေစင်ဖျန်း၍ မဂ်လမ်း၊ ဖိုလ်လမ်း ပွင့်စေအံ့"

ထိုမှတပါး အခြားသူများကလည်း ငါ့အား ဤသို့ဆိုကုန်လေရာသည်။ "အရှင်သာရိပုတ္တရာသည် အခြားတပါးသောလူပုဂ္ဂိုလ်၊ နတ်ပုဂ္ဂိုလ်၊ ဗြဟ္မာပုဂ္ဂိုလ်တို့၏ကိုးကွယ်ရာ၊ အားထားရာဖြစ်သည်ကား မှန်၏။ သို့သော် သူ့မယ်တော်၏မှား

www.dhammaransi.com



သောမိစ္ဆာဝါဒကိုမူကား ကျွတ်အောင်မချွတ်နိုင်ရှာ”ဟု အများဆိုပြောစရာဖြစ်လေရာသည်။ သို့ကြောင့် မယ်တော်၏မိစ္ဆာဝါဒ ကျွတ်အောင်ချွတ်ရန် ငါ့ကို ဖွားမြင်ရာတိုက်ခန်း၌ပြန်၍ ငါ ပရိနိဗ္ဗာန်ပြုအံ့။

ဤသို့ ပရိနိဗ္ဗာန်ပြုမည့်နေရာကိုလည်း ရွေး၊ ပရိနိဗ္ဗာန်မပြုမီကာလအတွင်း လုပ်ဆောင်ရမည့်အလုပ်ကိုလည်း စောက်ချလိုက်ပြီးနောက် နေ့သန့်ရာ မင်္ဂလာကန်တော်စောင်းမှ ထခဲ့ပြီး ညီဖြစ်သူ ဘိက္ခု စုန္ဒရဟန်းကိုခေါ်၍ ဤသို့ အမိန့်ပေးလေသတည်း။

“ညီချစ် စုန္ဒ၊ ငါတို့ဇာတိချက်ကြွေး ဖွားရာမြေဖြစ်သောနာဠကရွာ မယ်တော့်ထံ ပြန်ကြကုန်အံ့။ ရဟန်းငါးရာတို့အား အသင့်ဖြစ်စေလော့”

ဤသို့ စေခိုင်းပြီး ကျောင်းပေါ်သို့ တက်သွားလေသဖြင့် အရှင်စုန္ဒမှာ အကြောင်းခြင်းရာကို မေးလျှောက်ခွင့်မရပဲ “ဘာ့ကြောင့် ရုတ်ခြည်းသွားရန်ကိစ္စ ဖြစ်ပေါ်လာလေသနည်း”ဟု တွေးကာ ကျောင်းပေါ်ကို မော်ကြည့်၍ ကျန်ခဲ့လေ၏။

မကြာမီ အရေးပေါ်ထွက်ပေါ်လာသော ကျောက်စည်သံနှင့်အတူ ရဟန်းတို့သည် စုရုံးစုရုံးနှင့် တန်ဆောင်းဝန်းအတွင်းသို့ ရောက်ရှိလာကြကုန်လေ၏။

“ငါ့ရှင်တို့၊ သပိတ်သင်္ကန်းကို အသင့်ဆောင်ခဲ့၍ ဤတန်ဆောင်းဝန်းသို့ လာရောက်စုဝေးကြကုန်လော့။ သင်တို့ငါတို့

www.dhammaransi.com



၏ဆရာဖြစ်သော အရှင်သာရိပုတ္တရာသည် နာဠကရွာသို့ကြွတော်မူလိုပေ၏။ အသင့်ပြင်ကြကုန်လော့"

ဤသို့ အရှင်စုန္ဒက ဆော်ဩလိုက်သောအခါ၌လည်း ဘာ့ကြောင့်ဟုမသိကြသဖြင့် ရဟန်းတို့လည်း ကြောင်စီစီဖြစ်ကုန်လေ၏။ ခရီးထွက်ရန်အတွက် မိမိတို့ကျောင်းသို့ပြန်၍ သပိတ်သင်္ကန်းများ ယူကြရကုန်လေ၏။

ပုထုဇဉ်တို့ကား သေရမည်ကို ကြောက်ကုန်၏။ မည်သည့်နေ့ရက်၊ မည်သည့်အချိန်၌ သေမည်ဟု တိတိကျကျသိရလျှင်ကား ဆောက်တည်ရာမရအောင်ဖြစ်ကုန်လေ၏။

(၇) ရက်အတွင်း ငါ ခန္ဓပရိနိဗ္ဗာန် စံရအံ့။ ငါ့ဘဝ၏ နိဂုံးကို အဆုံးသတ်ရတော့အံ့ဟုတပ်အပ်သေချာစွာ သိထားပြီးဖြစ်ပါတံ့လျက်လည်း အရှင်သာရိပုတ္တရာမူကား တစုံတရာ တုန်လှုပ်ခြင်း မရှိ။ တည်ကြည်သော ဣန္ဒြေတော်ဖြင့် ကျောင်းပေါက ဆင်းလာသောအခါ ရဟန်းတို့သည် ရိုသေစွာဦးခိုက်လျက် ကျောင်းရှေ့မှ ကြိုလင့်နေကြကုန်၏။ ထူးခြားသော မိန့်ခွန်းတစုံတရာ နာဠကရွာသို့သွားခြင်း၏အကြောင်းကို မိန့်တန်ကောင်းလေရာသည် ဟူ၍ မျှော်တလင့်လင့် ရှိနေကြကုန်သော်လည်း မည်သို့မျှ မြွက်ကြားခြင်း ပြုတော်မမူလေပဲ ဘုရားကျောင်းတော်ဆီသို့ ဦးတည်လျက် ထွက်ကြွသွားတော်မူလေသောကြောင့် ရဟန်းတို့လည်း အရှင် သာရိပုတ္တရာ၏ နောက်တော်ပါးမှ စည်းကမ်းသေဝပ်စွာ ဝါတော်စဉ်အလိုက် ခြံရံ၍လိုက်ပါသွားကြယင်း အရှင်သာရိပုတ္တရာနှင့်အတူ ဘုရားသခင်၏ရှေ့မှောက်သို့ ရောက်သွားကြကုန်လေ၏။

www.dhammaransi.com



အရှင်သာရိပုတ္တရာ၏ညီတော် အရှင်စုန္ဒနှင့်ရဟန်းငါးရာတို့သည် အရှင်သာရိပုတ္တရာ ရှေ့ကသွား၍သာ နောက်ကရံလျက် လိုက်ပါလာကြကုန်သော်လည်း "ဘာ့ကြောင့်"ဟု မသိသဖြင့် ထူးထူးခြားခြား နာဥကရှာသို့ ခရီးထွက်ခြင်း၏အကြောင်းကို သိလိုနေကြကုန်သည်။ သို့ကြောင့် မြတ်ဘုရားအား အရှင်သာရိပုတ္တရာ လျှောက်ထားမည့်စကားကိုသာ နားတစွင့်စွင့်နှင့် ကြိုလင့်နေကြကုန်စဉ် အရှင်သာရိပုတ္တရာ၏ နှုတ်တော်ဖျားမှ ထွက်လာသောစကားအတွက် ရဟန်းအားလုံးတို့ မျက်လုံးပြူးကုန်လေ၏။

"ဘုန်းတော်ကြီးသောအရှင်မြတ်ကြီးဘုရား၊ ဥပတိဿခေါ် ဘုရားတပည့်တော် သာရိပုတ္တရာအား ခွင့်ပြုတော်မူပါ။ ဘုရားတပည့်တော်သည် အသက်ကြီးပါပြီ။ အိုပါပြီ။ ပရိနိဗ္ဗာန်ပြုချိန်တန်ပါပြီဘုရား။ ပရိနိဗ္ဗာန်ပြုရန် ခွင့်ပြုတော်မူပါဘုရား။

ဤအသံကြောင့် သံဃာလောကမှာ လှုပ်လှုပ်ရွရွဖြစ်သွားလေ၏။ ဟင် ငါတို့အရှင် ပရိနိဗ္ဗာန်ဝင်တော့မည်တဲ့ ဟူ၍ ပုထုဇဉ်ရဟန်းအချို့တို့ ဘုရားရှေ့တော်မှာပင် မျက်ရည်စို့သူကစို့၊ ကြိတ်၍ငိုသူကငို ဖြစ်လာကုန်သည်။

အချို့သောရဟန်းတို့ကမူ ဤသို့ စိတ်ထဲက ဆုတောင်းနေကြကုန်၏။ "ဘုရားသခင်က ခွင့်ပြုမှသာ ဒို့မျှားအရှင် ပရိနိဗ္ဗာန်ပြုရမည် ဖြစ်သည်။ ဘုရားသခင်က ခွင့်ပြုတော်မမူပါစေလင့်"ဟု ပတ္ထနာပြုသူက ပြုကြသည်။ အချို့ကလည်း "မြတ်ဘုရားက

www.dhammaransi.com



မည်သည့်နည်းနှင့်မျှ ခွင့်ပြုတော်မူမည်မဟုတ်''ဟု သေချာပေါက် တွက်ဆကြကုန်သည်။ သူတို့၏ အကြောင်းပြချက်မှာလည်း ပုထုဇဉ်အမြင်ဖြင့် တွေးသော် အဘော်ခိုင်လုံသကဲ့သို့ ထင်ရ၏။ ''ဘုရားသခင်သည် လက်ဝဲရံ၊ လက်ယာရံ ဤအရှင်ကြီး နှစ်ပါးအား လွန်စွာအားထားတော်မူသည်။ ငါ၏ကိုယ်တော် ပွားဟူ၍ပင် အမှတ်ထားတော်မူသည်။ ထို့ကြောင့် ပရိနိဗ္ဗာန် ပြုဘို့အကြောင်း တောင်းပန်ငြားသော်လည်း မည်သည့်နည်းနှင့် မျှ မြတ်ဘုရားက ခွင့်ပြုတော်မူမည်မဟုတ်ဟူသော အတွေးဖြင့် အရှင်သာရိပုတ္တရာအား မြတ်ဘုရားက မြွက်ကြားမည့်စကား ကိုသာ စောင့်ကြိုနေကြကုန်၏။

ဗုဒ္ဓမြတ်ဘုရားသည်လည်း အရှင်သာရိပုတ္တရာ၏ ပန်ကြားချက် ကို အလေးအနက်ထား၍ စဉ်းစားတော်မူရလေ၏။ ဤအရေး မှာ ခဏတဖြုတ်အရေး မဟုတ်။ တဘဝလုံး၏အရေး ဖြစ်သဖြင့် တစုံတရာအငြိအစွန်းမရှိအောင် ရှောင်လွှဲတော်မူ၏။

သင် ပရိနိဗ္ဗာန်ပြုလော့ဟု မိန့်တော်မူချေ သော် သေခြင်း၏ကျေးဇူးကို ချီးကျူး တိုက်တွန်းရာကျမည်။ ပရိနိဗ္ဗာန်မပြုလင့်ဟု မိန့် တော်မူလျှင်လည်း အမြိုက်တရားကို ဟန့်တား ပိတ်ပင်ရာကျချိမ့်မည်။

ဤသို့ နှလုံးပိုက်တော်မူလျက် ထိုစကားနှစ်ခွန်းကို မြွက်ကြား ခြင်းပြုတော်မမူလေပဲ ''သာရိပုတ္တရာ''ဟု ခေါ်တော်မူလိုက် သည်။ ထိုအခါ သိလိုဇောနှင့် အာရုံစောနေကြသော ရဟန်းတို့

www.dhammaransi.com



နားရွက်တစ္စင့်စင့်၊ ပွင့်ပြူးသောမျက်လုံးဖြင့် ရွှေဘုန်းတော် သခင်ဆီသို့သာ အာရုံစိုက်လာကုန်သည်။ ဤအတွင်းမှာပင် မျှော်လင့်ထားကြသည့်အတိုင်း မြတ်ဘုရား၏ စကားကိုလည်း ကြားကြရကုန်သတည်း။ အရှင်သာရိပုတ္တရာ၏ ဆန္ဒကိုလည်း ဤတွင်မှ အတိအကျသိကြရကုန်သတည်း။

"ချစ်သား သာရိပုတ္တရာ၊ သင် မည်သည့်အရပ်၌ ပရိနိဗ္ဗာန် ပြုအံ့နည်း" ဟု မေးတော်မူလိုက်သောအခါ ရဟန်းအချို့သည် မိမိတို့၏ မျှော်လင့်ထားချက်နှင့် မကိုက်သဖြင့် ဦးခေါင်းငိုက်စိုက် ကျကုန်လေ၏။

"အရှင်ဘုရား၊ မာဂဓတိုင်း၊ နာဠကရွာ၌ တပည့်တော် ဖွားမြင်ရာတိုက်ခန်း ရှိပါ၏။ ထိုတိုက်ခန်း၌ တပည့်တော် ပရိနိဗ္ဗာန်ပြုပါအံ့ ဘုရား"

အရှင်သာရိပုတ္တရာ၏ ဤ လျှောက်ထားချက်ကြောင့်လည်း ရဟန်းတို့ အသက်ရှူမဖြောင့်နိုင်အောင် ဖြစ်ကုန်လေ၏။ ရဟန်း အားလုံး ယူကျုံးမရ သောကမီးတောင် တရှိန်ရှိန်ပေါက်ကွဲ လောင်နေသည်ကို ဘုရားသခင် သိမြင်တော်မူလေသဖြင့် ထိုရဟန်းတို့အား သက်သာရာရစိမ့်သောငှာ—

"ချစ်သား သာရိပုတ္တရာ၊ သင်၏ပရိနိဗ္ဗာန်ဝင်ရာကို သင်သာ သိနိုင်တယ်။ သို့သော် သင့်မှာ တပည့်ကြီး တပည့်ငယ် အစ္စယ် အပွားတို့ များလှကုန်သည်။ ထိုတပည့်တို့သည် သင်ကဲ့သို့ ဆရာကို ဖူးမြင်ခွင့်ရရန်ငင်း၊ ဆည်းကပ်ခွင့်ရရန်ငင်း၊ လွန်စွာ

www.dhammaransi.com



ခဲ့ယဉ်း၏။ ထို့ကြောင့် သင့်တပည့်များအား သင် တရား ဟောခဲ့ဦးလော့”

ဤသို့ စေခိုင်းလေသော် အရှင်သာရိပုတ္တရာသည် အရိပ်ပြ အကောင်ထင်ပြီးဖြစ်လေ၏။ ဘုရားသခင်သည် ငါ့အား တန့်ခိုး ဖန်ဆင်းခြင်းလျှင် အတိုင်းအတာပမာဏရှိသောတရားကို ဟော ကြားရန် အလိုရှိတော်မူကြောင်းကို သိတော်မူသဖြင့် ဘုရားသခင် အား လက်အုပ်ချီလျက် နေရာကထလိုက်၏။ ထိုအခါ ရဟန်း တို့၏ အစုံစုံသော ပျားပိတုန်းမျက်လုံးတို့သည် အရှင်သာရိ ပုတ္တရာတည်းဟူသော ပန်းဝတ်ရည်ဆီသို့သာ စုပြုံ၍အုံလာကုန် လေ၏။

အရှင်သာရိပုတ္တရာသည် ဘုရားသခင်အား ရိုသေစွာ လက်အုပ်ချီလျက် ဘုရားသခင်၏ အပါးတော်မှ နောက်ဆုတ် နောက်ဆုတ်နှင့်ဖဲ့ခွာခဲ့ပြီးနောက် လျှပ်စီးလက်သကဲ့သို့ ရုတ်တရက် သံဃာ့ရှေ့မှောက်မှ ကောင်းကင်ပေါ်သို့ ထန်းတဖျားတိုင် အောင် ရောက်ရှိသွားသောခါ ရဟန်းတို့သည် ကောင်းကင်ပေါ် မော်၍ကြည့်ကာ တဟားဟား တဟင်ဟင်နှင့် ရှိနေကြကုန် လေ၏။

အရှင်သာရိပုတ္တရာသည် ထန်းတဖျားအမြင့်ရှိသော ကောင်း ကင်ပေါ်မှ တဖန် ပြန်ဆင်းလာခဲ့ပြီး ဘုရားသခင်၏ ခြေတော်ဦးကို နဖူးဖြင့် တိုက်ကာ တိုက်ကာ ကန်တော့ရှာ လေရာ ထိုသတင်းကား တောမီးအလား ရုတ်ခြည်းပင် သာဝတ္ထိမြို့တွင်း ကူးစက်သွားလေ၏။ မြို့သူမြို့သားတို့သည်

www.dhammaransi.com



လည်း တရုံးရုံး ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိလာကြလေကုန်၏။ ဝါဝါထိန်ထိန်၊ ဖြူနီညိုပြာ ရဟန်းပရိသတ်၊ လူပရိသတ်၊ အသွေးရောင်စုံ အဖုံဖုံတို့သည် တလှုပ်လှုပ် တရှားရှားနှင့် ပျားပန်းခတ်သကဲ့သို့ ရှိလေ၏။

အရှင်သာရိပုတ္တရာအရှင်မြတ်ကြီး ပရိနိဗ္ဗာန်ပြုတော့မည်တဲ့ ဟူသော ဂယက်ကြောင့် တမြို့လုံး ကျွက်ကျွက်ညံ ဖြစ်ကုန်ပြီး ဇေတဝန်ကျောင်းသို့ သူ့ထက်ငါ ပြေးလာကြကုန်လေ၏။

အရှင်သာရိပုတ္တရာသည် ကောင်းကင်ထက်သို့ ပထမ ထန်းတဖျားမြင့်သော အရပ်တိုင်အောင်၊ ဒုတိယ ထန်းနှစ်ဆင့်မြင့်သောအရပ်တိုင်အောင်၊ တတိယ ထမ်းသုံးဆင့်မြင့်သော အရပ်တိုင်အောင်၊ ဤသို့အားဖြင့် တဆင့်ထက်တဆင့်ထန်း (၇) ဆင့်တိုင်အောင် ကောင်းကင်သို့တက်လိုက် တဖန် ဘုရားသခင်ထံပြန်၍ ခြေတော်ကို ဦးခိုက်လိုက် ပြုပြီးသည့်အဆုံးတွင် ထန်းလုံး (၇) ဆင့်မြင့်သော ကောင်းကင်ထက်မှနေ၍ သာယာလှစွာသောအသံတော်ဖြင့် ရဟန်းတို့အား နောက်ဆုံးဟောခြင်းဖြင့် တရားဟောတော်မူလေသော် တရားစကားလုံးတို့သည် မိုးသီးမိုးပေါက်များအလား ရဟန်းပရိသတ်၊ လူပရိသတ်တို့အပေါ်သို့ တဖျောက်ဖျောက် ကျရောက်လာကုန်သတည်း။

“ဤအသံကား အရှင်သာရိပုတ္တရာ၏ နောက်ဆုံးအသံတော်ပါတကား။ ဤတရားကား အရှင်မြတ်၏ နောက်ဆုံးတရားတော်ပါတကား”ဟူ၍ အချို့သောလူရှင်ရဟန်းတို့မှာ ပုထုဇဉ်တို့စရိုက်အတိုင်း မျက်ရည်မဆည်နိုင်အောင် ဖြစ်ကုန်လေ၏။

www.dhammaransi.com



ဤသို့ တရားဟောတော်မူပြီးနောက် အရှင်သာရိပုတ္တရာသည် ကောင်းကင်မှ ဆင်းသက်လာပြီးလျှင် ဘုရားသခင်၏ ခြေတော်ဦးကို နဖူးဖြင့်တိုက်ကာ နောက်ဆုံးကန်တော့ခြင်းဖြင့် ကန်တော့ခဲ့ရှာလေသည်ကား—

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် လွန်ခဲ့သောတသင်္ချေနှင့် ကမ္ဘာတသိန်း၏အထက်၌ အနောမဒဿီမည်သော ရှင်တော်မြတ်ဘုရားသည် လောကသုံးပါး၌ ထင်ရှားပွင့်တော်မူခဲ့ပါသည်။ ဘုရားတပည့်တော်သည် ထိုအနောမဒဿီရှင်တော်မြတ်ဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်း၍ 'ကိုယ်တော်မြတ်ကို ဖူးရလိုကြောင်း' ဖြင့် ဆုတောင်းခဲ့ပါသည်ဘုရား။ တောင်းသောဆုအတိုင်း ပြည့်ဝ၍ အရှင်မြတ်ကို ယခု ဖူးရပါပြီ။ အရှင်မြတ်ဘုရား၏တရားရသကိုလည်း တပည့်တော် သောက်ရပါပြီ။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်မြတ်အား ယခု တပည့်တော် ဖူးမြင်ရခြင်းကား နောက်ဆုံးဖူးမြင်ရခြင်းပါဘုရား။ နောက်ထပ်တဖန် အရှင်မြတ်ကို ဖူးမြင်ခြင်းငှာ တပည့်တော် မလာနိုင်ပါသဖြင့် ဤရှိခိုးခြင်းသည် နောက်ဆုံးရှိခိုးခြင်းဖြစ်ပါတော့သည်ဘုရား။ ယနေ့မှ (၇) ရက်သောကာလတွင် လေးလံလှစွာသောခန္ဓာဝန်ကြီးကို တပည့်တော် စွန့်ပါတော့အံ့ ဘုရား"

ဤသို့လျှောက်ထားပြီးလျှင် အရှင်သာရိပုတ္တရာသည် ဘုရားသခင်မြင်လောက်သမျှဌာနပတ်လုံး လက်အုပ်ချီလျက် နောက်ဆုတ်နောက်ဆုတ်နှင့် အပါးတော်မှဖဲခွာခဲ့ပြီး ဘုရားသခင်ကို

www.dhammaransi.com



မမြင်လောက်ရာအရပ်ရောက်မှ ဇာတိချက်ကြွေ မွေးရာမြေဖြစ်သော နာဠကရွာဘက်သို့ ခြေဦးလှည့်တော်မူပြီးလျှင် ကိုယ့်အလောင်းကိုယ်ပိုက်၍ ကြွတော်မူသောအခါ ငါးရာသော ရဟန်းတို့သည်လည်း သပိတ်ကိုယ်စီလွယ်လျက် အရှင်သာရိပုတ္တရာ၏နောက်မှ လိုက်ပါသွားကြလေကုန်၏။

မြို့သူမြို့သားတို့သည် အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုမည်စိုးသောကြောင့် နာဠကရွာသို့ကြွရာလမ်းမှ နေ၍ သွားခွင့်မရနိုင်အောင် လူထုအလုံးအရင်းနှင့် ပိတ်ဆို့ ဟန့်တားထားကြကုန်သဖြင့် အရှင်သာရိပုတ္တရာနှင့်တကွ ရဟန်း ငါးရာတို့မှာ လူအုပ်ကြီးကြားတွင် ညပ်နေလေ၏။ "အရှင်ဘုရား၊ (နာဠကရွာသို့)ကြွတော်မမူပါနှင့်ဘုရား"ဟူ၍ မျက်ရည်တစိုစိုနှင့် ငိုယို၍ လျှောက်သူကလျှောက်။ သာဝတ္ထိတမြို့လုံးချောက်ချားသွားလေ၏။ အရှင်သာရိပုတ္တရာသည် လက်ယာလက်ကို ဖြည်းညှင်းစွာ မြှောက်တော်မူပြီးသော် ဝိုင်းရံဆို့ပိတ်ထားကြသည့် လူအုပ်ကြီးပြိုအောင် ပြဟ္မစိုရ်လက်နက်ဖြင့် ဖြိုခွင်းတော်မူရလေ၏။

> "အို ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့၊ သေခြင်းတရားဟူသည်ကား ဟန့်တား၍ရစကောင်းသောအရာမျိုး မဟုတ်။ သူသူငါငါ သေနေ့စေ့က သေကြရမည်ချည်းသာဖြစ်ချေ၏။ သေခြင်းတရားကိုကား မြတ်ဘုရားသခင်ကြီးသော်မှပင် ဟန့်တားတော်မူနိုင်သည် မဟုတ်။

www.dhammaransi.com



"အို သူတော်ကောင်းတို့၊ အကျိုးမရှိသော အမှုဖြင့် အဟန့်အတားမပြုကြကုန်လင့်။ သင်တို့ သတိပြုကြရမည်ကား မြတ်ဘုရား ဖြစ်ချေ၏။ မြတ်ဘုရားကို မမေ့ပဲနေရစ်ကုန်လော့။ ဖြင်လျှင် ပျက်မြဲ၊ မလှဲဓမ္မတာ၊ ငါ့ခန္ဓာဟူ၍ မိမိကိုယ်ကို လည်း သတိပြုကြကုန်လော့။ သဗ္ဗေသင်္ခါရာ- သင်္ခါရတရားဟူသမျှတို့ကား အနိစ္စာ-အရှည်စွဲ၍တည်မြဲခြင်းမရှိကုန်၊ ဒုက္ခာ-ဆင်းရဲလေကုန်စွ၊ အနတ္တာ-အစိုးမရ၊ အနတ္တတို့ပါတကား ဟူ၍ သာ ဆင်ခြင်ကြလေကုန်။ ငါ၏စကား၊ ငါ၏ တရားကို လေးစားကြဘိမူကား ငါ့အား ဟန့် တားခြင်းမှ ရှောင်ကြဉ်ကြကုန်လော့။ အကျိုး မရှိသောစွန့်စားခြင်းကို စွန့်လွှတ်ကြကုန်လော့။

ဤသို့မိန့်တော်မူလေသည်တွင်မှ လူအုပ်ကြီးကွဲကာ တဖြည်း ဖြည်းရှဲသွားပြီး ဆံကေသာဖြန့်ကျင်း လမ်းကိုပန်းမွှေရာများ ခင်းပေးကြလေတော့ရာ အရှင်သာရိပုတ္တရာနှင့် အရှင်စုန္ဒ ညီနောင်တို့ဦးဆောင်ကာ ရဟန်းငါးရာတို့သည် ပန်းခင်းသော လမ်းအတိုင်းလျှောက်ကာ နာဠကရွာဆီသို့ ဦးတည်၍ ကြွတော် မူလေသတည်း။

သားတော်နှစ်ပါးဦးဆောင်၍ ရဟန်းငါးရာတို့ သာဝတ္ထိမြို့ တော်မှ ထွက်ကြွတော်မူလာသော အချိန်တွင် နာဠကရွာ၌ မယ်တော်သာရိပုဏ္ဏေးမကြီးကား ဇရာဒုဗ္ဗလ၊ အရွယ်ငင်ကျ

www.dhammaransi.com



သော်လည်း မိစ္ဆာဝါဒ မာန်မာနကိုကား မချချေ။ သူ၏သား သမီး(၇)ယောက်စလုံးအား မာယာဖြင့် သိမ်းကျုံးခေါ်ဆောင် သွားရပါမည်လားဟူ၍ မြတ်ဘုရားနှင့်တကွသော သံဃာတော် များအပေါ်၌ အခဲမကျေနိုင်ပဲ ဖြစ်နေသည်။

"ရှင်ကြီးဂေါတမတဲ့တော်၊ သူ့ကိုယ်သူများ ဘုရားတဲ့။ လူတဘက်သားကို ကျလောက်အောင် သွေးဆောင်ဖြားယောင်း တဲ့နေရာမှာ ကျော်သလောက်တော်တဲ့ ဘုရားပါပေပဲ။ ငါ့သား သမီးတွေအကုန်လုံး သူ့ဆီပါသွားကုန်ပြီ။ ငါ့သားသမီးတွေ ကိုယ်ကလဲ အလွန်နှလွန်းလှသည်။ ငါမွေးထားတဲ့ သားသမီး မဟုတ်တဲ့အတိုင်းပဲ။ ရှင်ကြီးဂေါတမ ညာလှိုင်းတိုင်းခံရတာဟာ သင်းတို့တတွေညံ့လို့သာပ။ ကြည့်စမ်း၊ ရှင်ကြီးဂေါတမအစဲ့မှာ ဘယ့်ကလောက် သဲလိုက်သလဲဆိုယင် အိမ်ကထွက်သွားကတဲ့က တယောက်မှကို မပေါ်လာတော့ဘူး။ ငါ့အမေ ရှိပါသေး ကလားဆိုပြီး ကိုယ်ရောင်ကိုယ်ဝါကလေးတောင် ပြလာဘော် မရကြဘူး။ အင်းလေ သင်းတို့တောင် နေနိုင်ကြသေးတာ ကပဲ ငါက ဘောက်မဲ့ကြောင့် သင်းတို့ကို တရမှာလဲ၊ အောက် မေ့ရမှာလဲ၊ လွမ်းရမှာလဲ။ မလွမ်းဘူး။ ငါ့ကို သေခန်းဖြတ်ချင် လှတာတွေ ဖြတ်ကြပစေ။ တဘဝမကဘူး၊ ဆယ်ဘဝဖြတ်ကြ အုံး။ ငါက အရေးမစိုက်ပေါင်။ သင်းတို့မျက်နှာကိုမြင်ရယင် ရှင်ကြီးဂေါတမ အရောင်ဟပ်ပြီး ငါ့မျက်စိတွေ ကျိန်းစပ်စပ် ဖြစ်နေအုံးမယ်။ သင်းတို့ကို မမြင်ရတာပဲ အေးတယ်"

ဤသို့လျှင် သားသမီးအပေါ်၌ ဖြစ်သော ကရုဏာဒေါသ နှင့် မာန်မာနမချနိုင်ပဲ သဲကြီးမဲကြီးဖြစ်နေသည်ဖြစ်ရာ အရှင်

www.dhammaransi.com



သာရိပုတ္တရာသည် ဤရွှေဤမျှ ဒေါသခက်ထန်ပြီး မာန်တဟူးဟူးနှင့်ရှိနေသော မယ်တော်ကြီးအား ထိုသည့်မိစ္ဆာဝါဒမှ ကင်းလုံးကျွတ်လွတ်မြောက်အောင် မည်သို့ချွတ်တော်မူရှာလေမည်နည်း။

တန်ဆောင်မုန်းလဆန်း၁၀ရက်၊ ၁၁ရက်၊ ၁၂ရက်၊ ၁၃ရက်၊ ၁၄ရက်၊ ရဟန်းငါးရာခြံရံလျက် အရှင်သာရိပုတ္တရာသည် မယ်တော်ကြီးရှိရာ နာဠကရွာသို့ ပြန်လာခဲ့ရာ တန်ဆောင်မုန်းလဆန်း ၁၅ရက်၊ နေဝင်ဆည်းဆာအောက်တွင် နာဠကရွာသို့ ရောက်သွားလေ၏။ငယ်စဉ်အခါက ကောလိတနှင့်အတူ မြူးပျော်ကစားခဲ့ရာ ရွာနှစ်ရွာကြားက ညောင်ပင်ကြီးအောက်တွင် ခေတ္တအပန်းဖြေနေတော်မူစဉ် ရဟန်းတို့သည် ထီးဖြန့်ထားသကဲ့သို့ တည်နေသော ညောင်ပင်၏အခြေအနေကို တအံ့တသြကြည့်နေကြကုန်၏။ အရှင်သာရိပုတ္တရာသည် ရဟန်းတို့ ညောင်ပင်၌ စိတ်ဝင်စားနေမှန်း သိသဖြင့်—

"တပည့်တို့၊ ဗောဓိပင်သည် မြတ်ဘုရားအား သဗ္ဗညုတဉာဏ်တော်ကို ရသည်အထိ ကောင်းသောအကျိုးကို ပေးဘိသကဲ့သို့ ဤညောင်ပင်ကြီးသည်လည်း ငါ့အား လူလားမြောက်သည်အထိ ကောင်းကျိုးကို ပေးခဲ့ပေသည်။ ငါသည် သင်တို့၏ခနောင်တော်ကြီး အရှင်မောဂ္ဂလာန်ခေါ် ကောလိတနှင့်အတူ ဤညောင်ပင်အောက်၌ ကစား၍ ဤညောင်ပင်အောက်မှာပင် ကြီးပြင်းလာခဲ့ကြသည်။ ဤညောင်ပင်သည် သင်တို့မြင်ကြသောအတိုင်း သက်မဲ့ပင်ဖြစ်စေကာမူလည်း ငါပြန်လာသည်ကိုသိ၍ ဆီးကြို

www.dhammaransi.com



လေသည့်အသွင်ဖြင့် တဖျပ်ဖျပ်နှင့် ရွက်ချင်းခတ်သံများဟာ မသာယာပါလား တပည့်တို့”

မိမိနှင့်ညောင်ပင်ရိပ် ငယ်စဉ်ကနိမိတ်ကို ဤသို့ရဟန်းတို့အား အတိတ်ဆောင်ပြနေခိုက် “ဦးဦးတော်ဘုရား” ဟူသော ခေါ်သံကြောင့် လှည့်ကြည့်တော်မူလိုက်ရာ မိမိ၏နောက်တွင် ဒူးထောက်လျက် ရှိခိုးနေသော ဒါယကာတယောက်ကို တွေ့ရလေ၏။ ထိုဒါယကာကား အရှင်သာရိပုတ္တရာ၏တူ ဥပရေဝတဖြစ်နေသောကြောင့်–

“သြ ရေဝတ၊ မင်းကိုး။ မင့်အဘွား အိမ်မှာ ရှိပါစ။ နေလို့ထိုင်လို့ကော ကောင်းပါစ”

“အဘွား ကျန်းမာချမ်းသာစွာ အိမ်မှာရှိပါသည်”

“ရေဝတ၊ သင်နှင့်တွေ့ရသည်မှာ ကောင်းဘိစွ။ အဆင်သင့်လေစွ။ အိမ်ကို မြန်မြန်ပြန်ပြီး ငါရောက်လာကြောင်းကို သင့်အဘွားအား ပြောပြပါချေ” ဟု မှာလိုသောအကြောင်းအရာများကို ပြည့်စုံစွာ မှာကြားပြီး တူဖြစ်သူ ဥပရေဝတအား အိမ်သို့ပြန်လွှတ်ကာ မယ်တော်ကြီးထံ အကြောင်းကြားစေသည်။ ရေဝတလည်း ဆောလျင်စွာပင်လျှင် အိမ်သို့ ပြန်သွားလေ၏။

အချိန်မှာ နေဝင်ဆည်းဆာ တိမ်တောက်ချိန်ဖြစ်လေရာ ထိုအချိန်၌ လောကဓာတ်ကြီးတခွင်လုံးမှာ အလှဆုံးဟန်ဆာဆင်ထားသကဲ့သို့ ထင်ရသည်။ အထူးသဖြင့် ယနေ့အဘို့တွင် ကောလိတမွာနှင့် ဥပတိဿရွာကြားရှိ ညောင်ပင်ကြီးမှာ ရဟန်းငါးရာရံလျက် ခါတိုင်းနေ့များထက် သာယာနေတော့သည်။

www.dhammaransi.com



အရှင်သာရိပုတ္တရာ၏ ဝင်းဝါသောအသား၊ ဝတ်ရုံထားသော ခေါမတိုင်းဖြစ် အညိုရောင်သင်္ကန်းနှင့် တိမ်တောက်ချိန်မှာ အထူးသဖြင့် ပဏ္ဍာရနေတော့သည်။ သင်္ကန်းရောင်ညိုညိုကြားဝယ် ဝါရွှေသောအသားမှာ အထင်းသားပေါ်လွင်နေသဖြင့် ကိုယ်တော်၏သပ္ပာယ်ခြင်းကို ရဟန်းနှစ်ပါးက အထူးစိတ်ဝင်စားကာ စိုက်ကြည့်နေကြသည်။ တပါးက အရှင်သာရိပုတ္တရာကို ကြည့်ယင်းကြည့်ယင်း မျက်နှာတွင်ရှင်သောအမူအရာများ ဖြစ်ပေါ်လာသလောက် တပါးမှာကား ကြည့်ယင်း ကြည့်ယင်း မျက်နှာညှိုးခြောက်သွားလေသည်။ ရှင်သောရဟန်းက မရှင်သောရဟန်းအား တိုးတိုးတိတ်တိတ် ကြိတ်၍ပြောရှာသည်ကား–

“ငါ့ရှင်၊ ဒို့များသခင် အရှင်သာရိပုတ္တရာကိုယ်တော်ကြီးဟာ ဘယ့်လောက်သပ္ပာယ်သလဲ ရှုပါစမ်း။ သင်္ကန်းရောင်က ညိုတိုတို၊ အသားတော်က ဝါတာတာ၊ တိမ်တောက်ချိန်နဲ့ ဘယ့်လောက်ပဏ္ဍာရသလဲ။ ခရီးပန်းပေမင့် ကိုယ်နွမ်းတော်မမူရှာဘူး။ ဘယ့်လောက်ကြည်ညိုစရာကောင်းသလဲ။ သဟာနဲ့များတောင် ငါ့ရှင်မျက်နှာက ညှိုးပုပ်ပုပ်နဲ့ လငပုတ်ဖမ်းထားတဲ့အတိုင်းပဲ” ဟု ဆိုသောအခါ မရှင်သောရဟန်းက သူ၏ခံစားချက်ကို လေးလေးနက်နက် တင်ပြလေ၏။

“ငါ့ရှင်၊ ဤနေ့ တန်ဆောင်မုန်းလပြည့်နေ့ မဟုတ်ပါလော့”

“ဟုတ်ပေ၏ ငါ့ရှင်”

www.dhammaransi.com



"ဒို့ ဒီနာဠကရွာသို့မလာခင် ဘုရားသခင်အား ဒို့သခင် အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက လျှောက်ထားသောစကား ကို ငါ့ရှင် ကြားခဲ့ပါစ။ 'အရှင်ဘုရား၊ တပည့်တော်အား ခွင့်ပြုတော်မူပါ။ တပည့်တော် ပရိနိဗ္ဗာန်ပြုချိန်တန်ပါပြီ။ ဤနေ့မှ (၇) ရက်လွန်လျှင် လေးလံလှစွာသောခန္ဓာဝန်ကြီး ကို တပည့်တော် စွန့်ပါတော့အံ့'ဟု လျှောက်ထားသည်မဟုတ် ပါလော့။ သည်ကနေ့ (၇) ရက်စေ့ပြီ ငါ့ရှင်။ သည်တော့ ကာ အဘယ်မှာလျှင် ငါ ရှင်နိုင်ပါမည်နည်း"

"ငါ့ရှင်၊ ဤသည်ကို ငါ မတွေးမိ။ ငါ့ရှင်ပြောမှပင် သတိရတော့သည်။ သို့သော် ဒို့သခင်မှာ ပရိနိဗ္ဗာန်ပြုနိုင် လောက်သည့်ဝေဒနာ စိုးစဉ်းမျှမထင်ပါ ငါ့ရှင်"

ဤသို့ ညောင်ညိုစခန်း၌ ရဟန်းနှစ်ပါးတို့ အရှင်သာရိပုတ္တရာ ၏ပရိနိဗ္ဗာန်ပြုရေးအတွက် ဆွေးတသက်သက် ဖြစ်နေကြသည့် အချိန်တွင် အရှင်သာရိပုတ္တရာ၏မယ်တော် ပုဏ္ဏေးမကြီးကား သူ၏နှလုံး၌ စလုံးစချဖြစ်နေလေတိုင်း လူအိုတို့၏မေ့တာအရ ဗျစ်တောက်ဗျစ်တောက်အလုပ်ကို တယောက်ထဲလုပ်နေလေ၏။ လက်ကိုချိုးကာချိုးကာနှင့် သားသမီးစာရင်းကို ရေတွက်နေ ပါ၏။

"ဟော ငါ့မှာ ဥပတိဿတယောက်၊ ဥပသေနကတယောက်၊ ရေဝတက တယောက်၊ စုန္ဒက တယောက်၊ အားလုံးပေါင်း သားက လေးယောက်။ တယောက်မှ အသုံးမကျ။ သမီးကဆို ပြန်ယင် ဟော့ မိစာလာက တယောက်၊ ဥပစာလာက တယောက်၊ သီသူပစာလာဆိုတာက တယောက်။ ပေါင်း

www.dhammaransi.com



သုံးယောက်တောင်။ ဒီကောင်မတွေလဲ သူတို့မောင်ကြီးတွေနဲ့ အတူတူပဲ။ တကောင်မှ မိမှန်း ဖမှန်းသိကြတာမှတ်ဘူး။ သူတို့ မောင်နှမ (၇) ယောက်စလုံး ချိုကျိုး နွားရွက်ပဲ့ချည်းပဲ။ တယောက်မှအသုံးကျတာ မပါဘူး''

ဤသို့ တဗျစ်တောက်တောက်ဖြစ်နေသည့်အခိုက် ''အဘွား အဘွား''ဟူသောအသံနှင့်အတူ မြေးဖြစ်သူရေဝတ အော်၍ အိမ်ထဲပြေးဝင်လာသောကြောင့် အဘွားကြီးမှာ လန့်သွား လေသည်။

''အထိတ်တလန့်ဟယ်၊ နင် ဘာဖြစ်လာလဲ ရေဝတ'' ဟု မတ်တတ်ထယင်း မေးလိုက်သည်။ ရေဝတက သူ့အဘွား၏ ခါးကိုဖက်လျက် ဝမ်းသာအားရ ပြောလေ၏။

''အဘွား၊ အဘွားသား အဘွားသား''

''ဘာ....သား ဟုတ်လား။ မကြားချင်ဘူး၊ မကြားချင်ဘူး။ ငါ့မှာ သားလဲ မရှိဘူး၊ သမီးလဲ မရှိဘူး'' ဟု ငေါ်တူးတူးနှင့် ပြောလိုက်သည်။

''တကယ်ပြောနေတာ အဘွား။ ကျွန်တော်ရဲ့ ဦးဦးပေါ့။ အဘွားရဲ့သားကြီး အရှင်သာရိပုတ္တရာလေ အဘွားရဲ့၊ အခု ရွာကိုရောက်လာလို့ ဟိုညောင်ပင်ကြီးအောက်မှာ''

''ဟင်....''

သားတို့ရုပ်ရည်ကား သိတာမည့်ပါပေသည်။ ကရုဏာဒေါ သောဖြင့် ''ငါ့မှာ သားသမီး မရှိဘူး၊ မကြားချင်ဘူး'' ဟု ရှူးရှူးရှားရှား ဒေါသအလျောက် မြည်တွန်တောက်တီးခဲ့သော်

www.dhammaransi.com



ပြောလည်း "သားရောက်လာပြီတဲ့" ဟူသော စကားကို ကြား လိုက်ရသောအခါတွင်မူ ရေထိသောပန်းပမာ ချက်ချင်းပင် လန်းလာပြီး "ပေးစမ်းဟဲ့တောင်ဝှေး၊ ငါ့သားကို ငါသွားကြို မယ်"ဟူ၍ ကမန်းကတန်းအငမ်းမရ သားဇောကြွလာပြီး သွားမည်လုပ်သဖြင့် ရေဝတက ဖမ်းချုပ်ထားသောကြောင့်-

"ဖယ်စမ်းပါဟ့ယ်။ ငါ့သားကို ငါသွားကြိုမလို့"

"သွားကြိုစရာ မလိုဘူးအဘွား။ အိမ်ကို လာပါလိမ့်မယ်။ သူ့ကိုဖွားမြင်တဲ့အခန်းကို သူ့အတွက် နေရာပြင်ထားလိုက်ပါ တဲ့။ အဘွားကို မှာလိုက်ပါတယ်" ဆိုလျှင် အဘွားကြီးက အဓိပ္ပာယ်တမျိုးကောက်ပြီး ပြုံးလေသည်။

"ဩော် အခန်းတွေဘာတွေအပြင်ခိုင်းပုံထောက်တော့ ငါ့ သားက အသက်ကြီးမှလူဘွက်ပြီးမိန်းမယူမလို့နဲ့တူတယ်။ သူ့မှာ အဖော်မိန်းမများ ပါလာသလားဟင်"

"မိန်းမအဖော်မပါဘူးအဘွား။ ရဟန်းအဖော်တွေပါတယ်။ ငါးရာတောင်မှပဲ။ အဲဒီငါးရာအတွက် နေရာထိုင်ခင်းကိုလဲ ပြင် ထားပါတဲ့" ဆိုသောအခါ၌ကား အဘွားကြီးသည် မနှစ်မြို့ လေဟန်ဖြင့် နှုတ်ခမ်းကြီးစူလာသည်။

"ကတဲ့မှပဲ လာယင်လဲ တယောက်ထဲလာတာမှုတ်ဘူး။ ရှုပ်ရှုပ် ရှက်ရှက်တွေ အလကားခေါ်လာတယ်။ ဒါတွေအတွက် ကျွေး ရမွေးရမယ့်ဒုက္ခကလဲနဲ့သလား။ ငါသေခါနီးလို့ ငါ့ကို မျက် နှာလာပြဘာ်ရတာတော့ အဘွား ဝမ်းသာသကွယ်။ ကဲကဲ ဘာလူတို့၊ ဘယ်ဝါတို့ကို ခေါ်စမ်း။ အခန်းတွေ ရှင်းကြစမ်း။ ပြင်ကြစမ်း"

www.dhammaransi.com



ဤသည့်နောက် ညချမ်းအချိန်သို့ ရောက်သွားသောအခါ၌ကား အရှင်သာရိပုတ္တရာ၏ရွှေဘုန်းတော်အရှိန်ကြောင့် နာဠကတရွာလုံး မီးထိန်ထိန်လင်းလေ၏။ အရှင်စုန္ဒသည် နောင်တော်ကြီးအရှင်သာရိပုတ္တရာ၏ အမိန့်အရ ကျယ်ဝန်းသောအိမ်ခြံကြီးအတွင်းရှိ အဆောက်အဦများ၌ ရဟန်းငါးရာတို့အား နေရာချပေးထားသဖြင့် ရဟန်းတို့လည်း အသီးသီးနေရာယူကြလေ၏။

အရှင်သာရိပုတ္တရာကား မိမိ ဖွားမြင်ခဲ့သော တိုက်ခန်းဆောင်အတွင်းသို့ ရောက်ရှိနေပြီ ဖြစ်၏။ ကျိန်းစက်တော်မူရန် သလွန်ညောင်စောင်းကို မြောက်သို့ဦးခေါင်းပြု၍ ပြင်ထားရာ သလွန်ညောင်စောင်း၏ ရှေ့မျက်နှာစာ ထိန်ထိန်တောက်နေသည့်မီးရောင်အောက်၌ သားနှစ်ယောက်(သာရိပုတ္တရာနှင့်စုန္ဒ)၏မျက်နှာကိုကြည့်ပြီး ပီတိဖြစ်နေသူကား မယ်တော်ရူပသာရီပုဏ္ဏေးမကြီးဖြစ်သတည်း။ မမြင်ရတာကြာပြီဖြစ်သော သားကြီး၏မျက်နှာကိုကြည့်လိုက်၊ သားငယ်၏မျက်နှာကို ကြည့်လိုက်နှင့် မယ်တော်၏မျက်လုံးသည် အကြည်လင်ဆုံးအခြေအနေသို့ ရောက်ရှိနေပေသည်။

"အမေနဲ့ မတွေ့ကြရတာလဲ ကြာပြီ။ တွေ့သခိုက်မှာ အမေမေးချင်တာကလေးတွေကို အားရပါးရ မေးစမ်းပါရစေလား သားတို့ရယ်"

(ရဟန်းသံဃာနှင့် မဆက်ဆံဘူး၍ သားဟူသော စကားအမေဟူသောဝေါဟာရဖြင့် သုံးစွဲနေသည်။)

"မေးပါ ဒကာမကြီး၊ မေးနိုင်ပါသည်။ မေးပါ"ဟုအရှင်သာရိပုတ္တရာက ပြောဆိုယင်း တဟွတ်ဟွတ်နှင့် ချောင်းဆိုးလာသည်။ ခွင့်ပြုချက်အရ မယ်တော်ကြီးက မေးရှာသည်။

www.dhammaransi.com



"မောင်ပဉ္စင်းကြီးရော၊ မောင်ပဉ္စင်းကလေးရော၊ အခမ့်ကို သတိရကြရဲ့လားဟင်"

"အမြဲပင်သတိရလျက်ပါ ဒကာမကြီး"

"အင်း ဝမ်းသာလိုက်တာ။ ဒါနဲ့ ဆက်မေးရအုံးမယ်။ သတိရယင် မောင်ပဉ္စင်းကရော အမေ့ကို လုပ်ကျွေးရအောင် လူထွက်ဘို့များ စိတ်မကူးကြသေးဘူးလား....ဟင်" ဟု မေးသောအခါ ညီစုန္ဒက နောင်တော်ကြီးကို လှည့်ကြည့်လိုက်သည်။

"စိတ်လဲမဆိုးကြနဲ့နော်။ အမေက ပွင့်ပွင့်လင်းလင်းပဲပြောတတ်တယ်။ ရှင်ကြီးဂေါတမထံ ကျွန်ခံရတာ တော်လောက်ပြီလေ။ အမေ့ကိုလဲ တလှည့်လောက်ကြည့်ကြအုံးမှပေါ့။ အမေလဲ သေရခါနီးပါပြီ။ မကြာတော့ပါဘူး။ မနေရလို့သေတောင်မှပဲ အမေ့အနားမှာ ပြုစုမယ့်လူ သားလဲမရှိ၊ သမီးလဲမရှိ။ အမေ တယောက်ထဲသေရမှာ။ အမေက သားတို့ရဲ့လက်ထဲမှာ သေချင်တာ။ ဘယ့်နှယ် မောင်ပဉ္စင်း"

အရှင်သာရိပုတ္တရာသည် မယ်တော်ကြီး၏ ပြောစကားများကို အာရုံစိုက်နေယင်းမှ တဟွတ်ဟွတ်ချောင်းဆိုးလာသည်။ ညီစုန္ဒရဟန်းက ရေခပ်ပေးသဖြင့် အရှင်သာရိပုတ္တရာသည် လုတ်ကျင်းပြီး ထွေးခံထဲ ထွေးချလိုက်ရာ ညီစုန္ဒမှာ မျက်လုံးပြူးသွားလေသည်။

"ဟင် လုတ်ဆေးရေမှာ သွေးရောင်သန်းနေပါကလား"

"စုန္ဒ၊ သင်မည်သို့ ဆိုဘိသနည်း"ဟု ဟန့်လိုက်ပြီးနောက် မိမိဝေဒနာကို မယ်တော်ကြီး သိသွားလျှင် စိတ်ဆိုက်ခည်စိုး

www.dhammaransi.com



သဖြင့် ''ဒကာမကြီး၊ ချမ်းသာစွာနေပါလေ။ ဦးပဥ္စင်းတို့လဲ ခရီးပန်းလှပြီ။ အနားယူအုံးမှ ဖြစ်မယ်'' ဟု မယ်တော်ကြီးအား အပြန်ခိုင်း၍မှစကားမဆုံးမီ ဝေါကနဲ သွေးတွေအန်လာပါလေ ၏။ အရှင်စုန္ဒက ထွေးခံနှင့်ဆီးခံရာ လျှံကျကုန်လေ၏။ ထိုအချိန် တွင် ရဟန်းတို့တည်းခိုနေကြသော ယာယီခေတ္တစံကျောင်းများ ဆီမှ ပဋ္ဌာန်းသံများ မြူးပျံ၍လွင့်လာလေသည်။

ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ၊
တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊
အာရမ္မဏ ပစ္စယေန ပစ္စယော။

မဟာသက္ကရာဇ် ၁၄၈၊ တန်ဆောင်မုန်းလပြည့်နေ့ညဏ် လသည် ဆီးနှင်း မြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါး၀ ကင်းစင် ပ၍ ကမ္ဘာ့ဓမ္မတာ အလွန်သာယာမြဲဖြစ်သော်လည်း ထိုနေ့ ညအဘို့တွင် အချင်သာရိပုတ္တရာ၏ သွေးအန်သော ဝေဒနာကို မရှုရက်လေသည့်အလား ဖိုးလမင်းကြီးမှာ မှုန်ဝါးဝါးဖြစ်နေ သည်။

ဝေါကနဲတကြိမ်အန်လိုက်ပြန်ရာ ထွေးခံထဲတွင် ရဲသွားလေ ၏။ အရှင်စုန္ဒသည် ထွေးခံကို ဘေးသို့ရွှေ့ပြီး နောင်တော်ကြီး အား ဖေးမ၍ထားရလေ၏။ သားကြီး၏ ဤရှုကွက်ကို မရှုရက် သဖြင့် မယ်တော်ကြီးမှာ မျက်နှာကို လက်ဝါးနှင့် ပိတ်ပြီး ကြိတ်၍သာ ငိုနေရှာလေ၏။

ထိုခဏ လျှပ်စီးပြက်သကဲ့သို့ လက်ကနဲအရောင်လုံးကြီးနှင့် အတူ တခန်းလုံး လင်းပြီး စတုမဟာရာဇ်နတ်မင်းကြီး

www.dhammaransi.com



လေးယောက်တို့ ရောက်လာချိန်၌ အရှင်စုန္ဒသည် နောင်တော် အရှင်သာရိပုတ္တရာအား ရင်ခွင်တွင်ပွေ့ပိုက်ထားလေရာ "သင်တို့ မည်သူနည်း" ဟု ရင်ခွင်ထက်မှ အရှင်သာရိပုတ္တရာက နတ်မင်း ကြီးများကို လှမ်း၍မေးလေသည်။

"တပည့်တော်တို့ စတုမဟာရာဇ်နတ်ဘုံက နတ်မင်းများပါ ဘုရား။ အရှင်ဘုရားအား ပြုစုရန် လာခဲ့ကြပါသည်။ တပည့်တော်တို့အား ပြုစုခွင့် ပေးတော်မူပါဘုရား"

"ငါ့အားပြုစုရန် ငါ့ညီ ရှိပေသည်။ ပြုစုရန် မလိုပြီ။ ပြန်ကြလော့" ဆိုလေသော် နတ်မင်းကြီးလေးပါးလည်း အမိန့် ကို နာခံလျက် ပြန်ကြရလေကုန်၏။

သားအတွက် ရတက်မအေး ပူဆွေးနေရသည့်အထဲတွင် ဝင်းကနဲလက်ကနဲ ရောက်လာသူများကြောင့် မယ်တော်ကြီးမှာ စိုးရိမ်ခြင်း၊ လန့်ထိတ်ခြင်း၊ အံ့သြခြင်းတို့ ရောထွေးယှက်တင် ဖြစ်နေ၏။

အရှင်စုန္ဒသည် သွေးအန်သဖြင့် မျော့နေသောနောင်တော် ကြီးကို ပွေ့၍ သလွန်ညောင်စောင်းထက်တွင် တင်ထား၏။ ဝေဒနာကား တံ့ရပ်သည် မရှိ၊ တချက်တချက်တွင် လှိုင်းပွက် သကဲ့သို့ တပွက်ပွက်အန်နေ၏။

စတုမဟာရာဇ်နတ်မင်းကြီးလေးပါးပြန်သွားပြီးသည့်နောက် လက်ကနဲတခန်းလုံးဝင်းပြီး သိကြားမင်း ရောက်လာပြန်ရာ သိကြားမင်းကိုလည်း ပြုစုရန်မလိုဟူ၍ ပြန်လွှတ်လိုက်၏။ ထိုနောက် သုယာမနတ်မင်း၊ ထိုနောက် စုဋ္ဌရထနတ်မင်း၊

www.dhammaransi.com



ထိုနောက် ပြဟ္မာမင်းကြီးများ၊ တယောက်ပြီးတယောက် ရောက်လာကြသော်လည်း "ပြုစုရန်မလို" ဟူ၍သာ ပြန်လွှတ်လေသည်။

ဤသို့ တခန်းလုံးဝင်းကနဲလက်ကနဲ နတ်၊ သိကြား၊ ပြဟ္မာတို့သွားလာဝင်ထွက် ရှုပ်ယှက်ခတ်ဖြစ်နေသည်ကို မြင်ရသောရှုကွက်များကြောင့် မယ်တော်ကြီးမှာ အဆန်းဖြစ်နေသည်။ "အဆင်တန်ဆာတွေကလဲ ပြိုးပြိုးပြောင်ပြောင်၊ ကိုယ်ရောင်တွေကလဲ တလက်လက်နဲ့ ငါ တခါမှမမြင်စဖူး။ ဘယ်လို ပုဂ္ဂိုလ်ထူးတွေပါလိမ့်။ ငါ့သားနဲ့ စကားပြောပေမယ့် သူတို့စကားကို ငါ နားမလည်။ ငါ့သားကို ဆေးကုရအောင်လာကြတဲ့ သမားတော်ကြီးတွေများလား" သိလိုသောဆန္ဒကြောင့် သားငယ်အရှင်စုန္ဒအပါးသို့ကပ်၍ တိုးတိုးတိတ်တိတ် ကြိတ်၍ မေးမည်ပြုစဉ် အရှင်စုန္ဒက "အရှင်ဘုရား၊ မယ်တော်ကြီး အပါးသို့ ရောက်ရှိလာပါသည်ဘုရား" ဟူ၍ အရှင်သာရိပုတ္တရာအား လျှောက်လိုက်သောခဏဝယ်-

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊
ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊
အနန္တရ ပစ္စယေန ပစ္စယော။

ရဟန်းတို့၏ ပဋ္ဌာန်းရွတ်သံများက အရှင်သာရိပုတ္တရာ၏ အခန်းတွင် တလွှင်လွှင်နှင့်ရှိနေသည်။ မယ်တော်ကြီးအား အရှင်သာရိပုတ္တရာက မေးရာမှအစ ဘဝ်နိဂုံး နောက်ဆုံးအချိန်တွင် သားအမိနှစ်ယောက်တို့၏ အတိုင်အဖောက်၊ မယ်တော်ကမေး

www.dhammaransi.com



လိုက်၊ သားကဖြေလိုက်၊ သားကမေးလိုက်၊ မယ်တော်ကဖြေလိုက်သော ဤအခန်းကား နောင် ဥဒါန်း ဘယ်မကြေနိုင်စရာအဖြစ် တွင်ရစ်လေပြီတည်း။

"မယ်တော်၊ အဘယ့်ကြောင့်လာသနည်း"

"အမေ့သားမို့ အမေလာသည်။ အမေ့သား ရောဂါမှ သက်သာပါစ။ နေသာ ထိုင်သာ ရှိပါစ။ အမေ့သားဆီကို ခုနက ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာ ပုဂ္ဂိုလ်တွေ လာကြတာကို အမေ မြင်လိုက်၏။ အဲဒါ ဘယ်သူတွေလဲ မောင်ပဉ္စင်း"

"မယ်တော်၊ ပထမဆုံးရောက်လာသူတွေက သားကိုပြုစုရန် စတုမဟာရာဇ်နတ်ဘုံက နတ်မင်းကြီးလေးပါး လာကြတာပါ မယ်တော်" ဟု ဆိုလျှင် မယ်တော်ကြီးမှာ များစွာအံ့အားသင့်သွားလေသည်။

"နတ်မင်းကြီးလေးပါး ဟုတ်လား၊ မောင်ပဉ္စင်း"

"ဟုတ်ပေ၏ မယ်တော်" ဟု ဖြေလျှင် အလွန်အံ့ဩသော အမူအရာမျိုးဖြင့်-

"ဩ သဟာဖြင့် အနို့နတ်ကြီးလေးပါးထက်တောင် မောင်ပဉ္စင်းက တန်ခိုးကြီးသည်ပ နော့"

"မယ်တော်၊ ထိုနတ်မင်းကြီးလေးပါးကား အရံအစောင့်မျှသာ ဖြစ်ပါသည်။ သားတို့၏ဘုရားသခင် ပဋိသန္ဓေနေတော်မူစဉ်အခါ တစုံတရာအန္တရာယ်မရှိအောင် သံလျက်စွဲပြီး စောင့်ကြရပါသည်။ ဗုဒ္ဓ၏တပည့်ဖြစ်ကြသော သာဝကများကိုလဲ ဘုရားသခင်နည်းတူပင် သူတို့ စောင့်ကြရပါသည်"

www.dhammaransi.com



"ဩော် သဟာလိုကိုး"

ထိုခဏ အရှင်သာရိပုတ္တရာမှာ မယ်တော်ကြီးရှေ့တွင် ဝေါကနဲသွေးများအန်လေရာ ထွေးခံထဲ၌ ရဲသွားလေ၏။ မယ်တော်ကြီးက ပျာပျာသလဲရေကရားထဲမှ ရေကိုငှဲ့နေစဉ် သားငယ်အရှင်စုန္ဒက မယ်တော်ကြီးအား သတိပေးလေသည်။

"မယ်တော်၊ မမေးပါနှင့်တော့"ဟုတားလိုက်သည်ကို အရှင်သာရိပုတ္တရာက အရှင်စုန္ဒကို ကြည့်ပြီး-

"စုန္ဒ၊ မယ်တော်အား အဘယ့်ကြောင့်ဟန့်တားဘိသနည်း။ သိလို၍မေးသည်ကို လွတ်လပ်စွာမေးပါစေ။ ကဲ မယ်တော်၊ မေးလိုရာမေးဘိလော့။ ရောဂါ၏အလိုကိုလိုက်ခြင်းဖြင့် အဘိုးတန်သောအချိန်ကို မဆုတ်ယုတ်ပါစေလင့်"ဟူ၍ ခွင့်ပြုလေ၏။ မယ်တော်ကြီးမှာ သား၏ဝေဒနာကို မရှုရက်သည့်ကြားမှ သိချင်စိတ်က များနေသောကြောင့် အရှင်သာရိပုတ္တရာ၏ခွင့်ပြုချက်အရ ဆက်၍မေးလေ၏။

"အမေမေးယင် မောင်ပဥ္စင်းကို နှိပ်စက်ရာများကျနေမည်လား။ အမေ့မှာသားသမီးရှိပေမယ်လို့ ဘယ်သားသမီးနဲ့မှ စကားမပြောရလေတော့ တွေ့သည့်အခါ သားနဲ့ဝအောင်ပြောချင်သည်"

"ပြောပါမယ်တော်။ သားအနေနဲ့ကလဲ မယ်တော်ရဲ့စကားကို များစွာလိုလားပါသည်။ ပြောပါ မယ်တော်"

"ပြောဆို ဟိုနတ်ကြီးလေးပါးဆိုတာရဲ့နောက် ထပ်ရောက်လာသူကကော ဘယ်သူတုံး မောင်ပဥ္စင်း။ သူ့ကြည့်ရတာ ပြိုးပြိုးပြက်ပြက်အချွန်အတက်တွေကလဲ များဘိသနဲ့"

www.dhammaransi.com



"မယ်တော်၊ ဤသူကား အခြားမဟုတ်၊ နတ်တို့ကိုအစိုးရသော သိကြားမင်းပါ မယ်တော်"

"ဩြော် ဩြော် အနို့သိကြားမင်းထက်လဲ မောင်ပဥ္စင်းက ကြီးတာပဲလား ဟင်"

"မယ်တော်၊ လောကစကားအရဆိုသော် သိကြားမင်းကား ဘုန်းကြီးနောက်ကလိုက်ပါရသည့် ကပ္ပိယမျှသာဖြစ်ပေ၏။ ဘုရားသခင် တာဝတိံသာက ပြန်ကြွလာတော်မူစဉ်က ဆိုလျှင် သိကြားမင်းဟာ ဘုရားသခင်၏ သပိတ်သက်န်းကို ယူ၍ ဘုရားသခင်၏ နောက်တော်ပါးမှ လိုက်ပါရပါသည် မယ်တော်"

အရှင်သာရိပုတ္တရာမှာ ဝေဒနာနှိပ်စက်ခြင်းကို ပြင်းပြစွာ ခံစားနေရသော်ငြားလည်း မယ်တော်နှင့်စကားဆိုရခြင်းက ပို၍ အရေးကြီးသောကြောင့် ဘဝနိဂုံး အဆုံးမသတ်ခင် ရသမျှ အချိန်ကလေးကို လု၍ မယ်တော်အား ရတနာသုံးပါး၌ ညွတ်ကိုင်းလာအောင် ဆွဲဆောင်ပြောပြောနေခြင်း ဖြစ်လေသည်။ မယ်တော်ကြီးမှာလည်း "နတ်သိကြားတွေထက်တောင် ငါ့သားက တန်ခိုးကြီးပါကလား" ဟူ၍ များစွာပီတိဖြစ်လာသည်။

"အို အံ့သြစရာ။ မောင်ပဥ္စင်းတို့ရဲ့ဘုရား ရှင်ကြီးဂေါတမဟာ တယ်တန်ခိုးကြီးလှပါကလား။ အင်း ထားပါတော့။ အနို့ သိကြားဆိုတာရဲ့နောက် ရောက်လာသူတွေက ပိုပြီးတောင်မှပဲ အရောင်အဝါတွေ တောက်ပသေးတယ်။ အနို့ဟာတွေကကော ဘယ်သူတွေပါလိမ့်"

www.dhammaransi.com



"မယ်တော်၊ ပြဟ္မာကြီးတွေကို မယ်တော်တို့ ကိုးကွယ်နေကြသည် မဟုတ်ပါလား"

"ဟုတ်သပ မောင်ပဉ္စင်း။ ပြဟ္မာကြီးတွေဟာ မယ်တော်တို့ရဲ့ ဘုရားသခင်တွေပဲပ"

"သားဆီကို လာကြတာဟာ မယ်တော်တို့ ကိုးကွယ်နေတဲ့ ပြဟ္မာဘုရားကြီးတွေပါ မယ်တော်" ဆိုလျှင် မယ်တော်ကြီးမှာ အတိုင်းမသိ အံ့သြသွားလေသည်။

"အား၊ သား သား၊ ဒါမှ အမေ့သား။ သဟာဖြင့် အမေ့သားမောင်ပဉ္စင်းက အမေတို့ရဲ့ ဘုရားကြီးတွေထက်တောင် မြတ်သည်သာပ။ အမေ့သားတောင် သည်လောက်တန်ခိုးဣဒ္ဓိပါဒ်ကြီးယင် ငါ့သားရဲ့ဆရာဘုရားဟာ အဘယ်မှာလျှင် ဆိုဘွယ်ရာရှိပါတော့မည်လဲ။ သြော် ဘုရား....ဘုရား"

မယ်တော် ရူပသာရီပုဏ္ဏေးမကြီး၏ သန္တာန်၌ ဗုဒ္ဓ၏ဂုဏ် အာရုံပီတိတို့သည် လှိုင်းကဲ့သို့ တအိအိတက်လာကုန်၏။ အရှင်သာရိပုတ္တရာသည် မယ်တော့်စိတ်ဓာတ်များ ဖယောင်းသားပမာ နူးညံ့ပျော့ပျောင်းလာသည်ကိုသိလျှင် "မယ်တော်အား တရားဟောသင့်ပြီ" ဟူ၍—

"မယ်တော်၊ ယခု မယ်တော်သည် အဘယ်အရာများကို နှလုံးသွင်းနေပါသနည်း"

"အဲသဟာကို အမေကလဲ ပြောပြချင်နေတာသား ရဲ့။ ခုတလော တခြားထွေထွေထူးထူးကို အမေ ဘာမှမအောက်မေ့ဘူး။ တွေးလဲ မတွေးဘူး။ ငါ့သားရဲ့ဂုဏ်ကျေးဇူးနဲ့ ငါ့သားရဲ့

www.dhammaransi.com



ဆရာ ဘုရားဂုဏ်ကျေးဇူးတွေကိုသာပဲ အမေ အောက်မေ့တယ်။ ငါ့သားတော် သဟာလောက်တန်ခိုးကြီးယင် ငါ့သားရဲ့ဆရာ ဘုရားဟာဆိုယင် ပြောစရာမလိုတော့ဘူး။ လောကဓာတ်ပတ်ကုံးတွင် အမြတ်ဆုံး၊ အတော်ဆုံး၊ အလျော်ဆုံးပဲလို့ အမေ့အသည်းမှာ စွဲသွာတယ်သား။ သဟာတွေဟာ အမေ့သားရဲ့ကျေးဇူးပေပ"

အရှင်သာရိပုတ္တရာသည် မယ်တော်ကြီးထံမှ ဤအသိမျိုး၊ ဤစကားမျိုးကို မျှော်ကိုး၍ ဝေဒနာတန်းလန်းနှင့် အပင်ပန်းခံကာ မယ်တော်နှင့် ဆွေးနွေးလာခဲ့ရာ မယ်တော်၏နှုတ်ဖျားမှ ဗုဒ္ဓနှင့်ပတ်သက်သော ဤစကားမျိုးကို ယခုလိုပြောဆိုတော်ရလာသောအခါ အတိုင်းမသိ ဝမ်းမြောက်ခြင်းဖြစ်လာပြီး အရှိန်ရသည့်အခိုက်တွင်ဆက်၍ မယ်တော်အား ဗုဒ္ဓအစွန်းဘက်ရောက်အောင် တွန်းပို့လေ၏။

"မယ်တော်၊ ဗုဒ္ဓအပေါ်၌ မယ်တော်၏တွေးခေါ်ယူဆချက်များကား မှန်ကန်လှပေ၏။ လျော်ကန်သော၊ သင့်မြတ်သော အတွေးအခေါ် ဖြစ်ပေ၏။

"မယ်တော်၊ သား၏ဆရာဖြစ်တော်မူသော မြတ်ဘုရားသည် ဖွားမြင်တော်မူသောအခါ၌ လည်းကောင်း၊ တောထွက်တော်မူသော အခါ၌လည်းကောင်း၊ သဗ္ဗညုတဉာဏ်ကို ရတော်မူသော အခါ၌လည်းကောင်း၊ ဓမ္မစကြာတရားကို ဟောတော်မူသော အခါ၌လည်းကောင်း၊ တသောင်းသော လောကဓာတ်သည် ပဲ့တင်ထပ်မျှ တုန်ခါခဲ့ပေသည်။ သီလ၊ သမာဓိအရာ၌လည်း

www.dhammaransi.com



ကောင်း၊ အရဟတ္တဖိုလ်စိတ်၌လည်းကောင်း၊ ဉာဏ်အမြင်၌လည်း ကောင်း ဘုရားသခင်နှင့်တူသူ မရှိပြီ။ အရဟံအစ ဘဂဝါ အဆုံး ကိုးပါးသောဂုဏ်ကျေးဇူးများနှင့် ပြည့်စုံတော်မူ၏”

ဤသို့စသောအားဖြင့် ဗုဒ္ဓ၏ကျေးဇူးဂုဏ်တို့ဖြင့် လွှမ်းခြုံ ထုံမွှမ်းလေသောအခါ မယ်တော်ကြီးသည် ဗုဒ္ဓ၏ကျေးဇူး တရားများကို အဖန်ဖန်နှလုံးသွင်းဆဲမှာပင် မိစ္ဆာဝါဒစွဲသမ်းမှု၊ ရတနာသုံးပါး၌ သို့လော သို့လော တွေးတောယုံမှားမှုများ ကင်းကွာလျက် သောတာပတ္တိဖိုလ်၌ တည်လေသတည်း။ ဤ စကားမျိုးကိုလည်း ဆိုလှာတော့သတည်း။

“ချစ်သား၊ ဤမျှကောင်းသောအမြိုက်တရားကို အဘယ့် ကြောင့် မိခင်အား ဤမျှလောက် သာ ကာလပတ်လုံး မဟော ပဲ ထားသနည်း။ မိခင်အား မချစ်၍ ဤမျှနှစ်ပရိစ္ဆေဒကြာမြင့် စွာ တရားမဟောပဲ ပစ်ထားလေသလော ချစ်သား”

အရှင်သာရိပုတ္တရာသည် သေွးအန်ဝေဒနာကို အလူးအလဲ ခံစားနေရရက်က နှစ်ပေါင်းများစွာက တောင့်တလာခဲ့သော စကား၊ မျှော်လင့်လာခဲ့သောအသံကို မိခင်ကြီးထံမှ ယခု ကြားသိရပါလေပြီ။ “မယ်တော်၏ ကျွေးမွေးဘူးသော နို့ဘိုးကျေးဇူးကို ငါ ဆပ်ရပေပြီ။ ဝေဒနာတဘက်နှင့် ငါ၏ ဆောင်ရွက်ချက် အောင်မြင်ပေပြီ” ဤသို့ နှလုံးစိတ်ဝမ်းချမ်း မြေ့ခြင်းအတိ၊ ပြည့်ဝလေပြီဖြစ်သဖြင့် “မယ်တော်၊ ချမ်းသာ စွာ နေပါချေတော့” ဟု မယ်တော်ကို ပြန်လွှတ်လိုက်ပြီး နောက် သလွန်ညောင်စောင်း၊ ခေါင်းအုံးပေါ်သို့ ဦးခေါင်း

www.dhammaransi.com



ကို မေးတင်သည်တွင် ညီဖြစ်သူ အရှင်စုန္ဒက အသာအယာ ဖေးမပေးလေ၏။

အရှင်သာရိပုတ္တရာသည် ညောင်စောင်းထက်တွင် စက်ကျိန်းနေသကဲ့သို့ ထင်ရသော်လည်း အမှန်မှာ ရောဂါကိုမှိန်း၍ သမာပတ်ဖြင့် ခံစားနေခြင်းသာ ဖြစ်၏။ ရောဂါနှင့် အရှုံးအနိုင် အားပြိုင်နေခြင်း ဖြစ်သတည်း။

ဤနေ့ကား တန်ဆောင်မုန်း လပြည့်နေ့ မဟုတ်ပါလော့။ ဤနေ့မှ နောက် (၇) ရက်မြောက်လျှင် ပရိနိဗ္ဗာန်ပြုအံ့ဟူ၍ မြတ်ဘုရားထံ ပန်ကြားခဲ့ရာ ဤနေ့သည် (၇) ရက်စေ့သောနေ့ မဟုတ်ပါလော့။

သို့ကြောင့်ပင် ရှင်သေမင်းကား အရှင်သာရိပုတ္တရာအား မသေမချင်း လည်ပင်းအစ်၍ ညှဉ်းလေသောကြောင့် ခြင်းခြင်းနီသော သွေးရည်တို့သည် အရှင်သာရိပုတ္တရာ၏ အာခံတွင်းမှ ဝေါကနဲ ဝေါကနဲ တရဟောဆင်းလာလေ၏။ သူနာပြု အရှင်စုန္ဒ၏ကိုယ်မှာလည်း သွေးရည်ရွှဲ၍ ရဲနေလေတော့၏။

"စုန္ဒ၊ ခု ဘယ်အချိန်ရှိပြီလဲ ဟင်"

အားယူ၍ပြောရသော ချိနဲ့နဲ့အသံဖြင့် ညီဖြစ်သူကို မေးလေသည်။

"သန်းခေါင်ကျော် ပစ္ဆိမယာမ်အချိန်ပါဘုရား"

"စုန္ဒ၊ ငါ့ကို ထူပေးစမ်းလော့"

www.dhammaransi.com



အရှင်စုန္ဒလည်း အသာအယာဖေးမ၍ ထူပေးလျှင် အရှင်သာရိပုတ္တရာသည် မှီအုံးကိုမှေး၍ မှီလျက်မှ-

"စုန္ဒ၊ ရဟန်းများကို ငါ့ထံ ခေါ်ခဲ့လော" ဟု စေတော်မူလေ၏။ အရှင်သာရိပုတ္တရာကား သူ့ဘဝနိဂုံး ချုပ်ဆုံးတော့မည့်အချိန်ကို သိနေလေပြီတကား။

ရဟန်းငါးရာတို့လည်း မကြည်နူလုံး၊ ညှိုးချုံးမျက်နှာဖြင့် ရောက်လာကြပြီး ခေါမတိုင်းဖြစ် အညိုရောင်သင်္ကန်းကြားဝယ် ရွှေသားလိုဝင်းနေသော အရှင်မြတ်ကြီးအား မမှိတ်သောမျက်လုံးဖြင့် နောက်ဆုံးဖူးမြော်လျက် ရှိနေကြကုန်၏။ ထိုအခါ ရဟန်းတို့အား နောက်ဆုံးစကားကို အားတင်း၍ မြွက်ကြားတော်မူလေသည်ကား-

"ငါ့ရှင်တို့၊ ငါသည် လေးဆယ့်လေးနှစ်တို့ ကာလပတ်လုံး သင်တို့နှင့်အတူတကွ သွားလာလှုပ်ရှားလာခဲ့သည်။

ထိုလေးဆယ့်လေးနှစ်ကာလအတွင်း၌ ငါ၏ ကာယကံမှုကြောင့် ဖြစ်သော အမှုအရာကိုလည်းကောင်း၊ ဝစီကံမှုကြောင့်ဖြစ်သောအမှုအရာကိုလည်းကောင်း၊ သင်တို့မနှစ်သက်ဘွယ်များ ငါ့မှာ အကယ်၍ရှိခဲ့သော် ထိုအမှုကို သည်းခံကြပါကုန်လော့။ ခွင့်လွှတ်ကြပါကုန်လော့"

ဤသို့ ဝေဒနာကြောင့် တုန်ယင်သောအသံဖြင့် ပန်ကြားလေသော် ရဟန်းတို့သည် လက်အုပ်ချီကုန်လျက်- "အရှင်

www.dhammaransi.com



ဘုရား၊ နှစ်ပေါင်း လေးဆယ်ကျော် ကာလအတွင်း အရှင်၌ အကျွန်ုပ်တို့ မနှစ်သက်သော အမူအရာမည်သည် စိုးစဉ်မျှမရှိပါ။ အရှင်ဘုရားကသာလျှင် အကျွန်ုပ်တို့အား သည်းခံတော်မူပါ။ ကံသုံးပါးဖြင့် အကျွန်ုပ်တို့ ကန်တော့ပါကုန်၏ ဘုရား'' ဟူ၍ အရှင်သာရိပုတ္တရာအား နောက်ဆုံးကန်တော့ခြင်းဖြင့် ရဟန်းတို့ ကန်တော့နေစဉ်အခိုက်မှာပင် အရှင်သာရိပုတ္တရာကား မဟာသက္ကရာဇ် ၁၄၈ ခု၊ တန်ဆောင်မုန်းလပြည့်နေ့ည၊ ပစ္ဆိမယာမ် အချိန်တွင် မီးပုံကြီးများငြိမ်းလေသည့်အလား ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံတော်မူရှာလေသတည်း။ မဟာပထဝီမြေကြီးသည်လည်း ဝမ်းနည်းရှာသည့်ပမာ တုန်ခါ၍အလေးပြုလေသတည်း။ ရဟန်းတို့လည်း မျက်ရက်တဖြိုင်ဖြိုင်နှင့် ဖြေဆည်ခြင်းငှာမဘတ်နိုင်အောင် ဖြစ်ကုန်လေသတည်း။

ထိုအချိန်တွင် မယ်တော်ကြီးမှာ ဗုဒ္ဓ၏ကျေးဇူးဂုဏ်တော်များကို အာရုံပြုလျက်ရှိနေလေရာ သိမ့်ကနဲမြေလှုပ်လိုက်ချက်ကြောင့် သားအတွက် စိုးရိမ်တကြီးနှင့် ပြေးဝင်လာလေ၏။ မျက်ရည်တစိုစိုနှင့် ရဟန်းတွေငိုယိုနေကြသည်ကို မြင်သောအခါ သား စက်လျောင်းသည့် ညောင်စောင်းဆီသို့ လှမ်းကြည့်လိုက်သည်။

သလွန်ညောင်စောင်းထက်တွင် မလှုပ်မယှက် ငြိမ်သက်နေသည်ကို မြင်သောအခါ သံဃာများကြားမှဖြတ်၍ သားဆီသို့ ခပ်သုတ်သုတ်ပြေးသွားပြီးနောက် ညောင်စောင်းရှေ့သို့ရောက်

www.dhammaransi.com



သော် သား၏ခြေကို စမ်းကြည့်သည်။ အနည်းငယ်မျှမလှုပ်၊ တဖန် လက်ကို ဆုပ်ကြည့်ပြန်တော့လည်း အနည်းငယ်မျှမလှုပ်။ သား၏လက်ကို တင်းကြပ်စွာဆုပ်ထားယင်း ပရိဒေဝမီးခတ်က ရင်အုံကိုလာ၍ဟပ်သောကြောင့် သား၏မျက်နှာကို အနီးကပ် ငုံ့ကြည့်လိုက်သောအခါ သားမျက်လုံးကား စုံလုံးမှိတ်လျက်။ မျက်လုံးမျှားကား အပြူးသား၊ မျက်ရည်တွေကလည်း အရွဲ သားနှင့်။ "အို သားကြီး ဥပတိဿရဲ့" ဟူ၍ နာမည်ကို ဖော် ဖော်ပြီး အော်၍ငိုချလိုက်လေသတည်း။

အရှင်စုန္ဒသည် မယ်တော်ကြီးအပါးသို့လာ၍ တရားပြပါ သော်လည်း မရပဲဖြစ်နေ၏။ သားငယ်စုန္ဒကို လက်နှင့် တွန်းလျက်-

"သွား မောင်ပဥ္စင်း၊ ခုမှလာပြီး တရားပြမနေနဲ့။ အစက အမေ့ကို ပစ်ထားကြတယ်။ သားထူးသားမြတ်တွေ ဖြစ်ကြ ပါလျက်သားနဲ့ အမေ့ကို ရက်စက်ကြတယ်နော်။ အစကသာ တရားပြကြယင် အမေဟာ ဗုဒ္ဓရဲ့ဥပါသိကာမကြီး ဖြစ်နေပြီ ကော။ ခုတော့ မောင်ပဥ္စင်းကြီးရော မောင်ပဥ္စင်းကလေးရော၊ ဟိုမိစ္ဆာလာတို့ရော အမေ့ကို ဥပေက္ခာပြု၊ လျစ်လျူရှုထားကြ တဲ့အတွက် ဘုရားမှန်းမသိ၊ တရားမှန်းမသိတဲ့ မိစ္ဆာဒိဋ္ဌိမကြီး ဖြစ်နေခဲ့ရသည်။ ဘုရားကျောင်းကိုလဲ တခါတခေါက်မှ မရောက်။ တထည်သင်္ကန်းကိုမျှလဲ မကပ်ရ။ တထပ်သောဆွမ်း ကိုမျှလဲ မလှူရ။ အမေ လူဖြစ်ရှုံးလိုက်လေ မောင်ပဥ္စင်းရယ်။ ဒီအဖွားကြီးကို သေခါနီးကျခါမှ လာပြီး တရားပြ။ အို- ဥပတိဿရဲ့၊ အမေ့ကိုထပြီး တရားပြလှည့်ပါအုံးတော့လား"

www.dhammaransi.com



မယ်တော် ရူပသာရီပုဏ္ဏေးမကြီး၏ ငိုကြွေးသံအောက်မှာပင် မိုးသောက်လာလေပြီတည်း။

မှတ်ချက်။ အရှင်သာရိပုတ္တရာ၏အလောင်းကိုပြသာဒ်ပေါင်း နှစ်ထောင်တို့ဖြင့် ကြီးကျယ်ခမ်းနားစွာ မီးသင်္ဂြိုဟ်ကြောင်းကို ဇိနတ္ထပကာသနီကျမ်း ၌ အကျယ်တဝင့်ဆို၏။ အလိုရှိက ဇိနတ္ထကို ကြည့်ပါလေ။ ဤ၌ အရှင်သာရိပုတ္တရာ၏ ဓာတ်တော်များကို ယူဆောင်၍ ညီဖြစ်သောအရှင်စုန္ဒက ဘုရားသခင်အား ဆက်သ ပုံကိုသာ ဖော်ပြပါတော့အံ့။

"ငါ့ရှင်တို့၊ အရှင်သာရိပုတ္တရာကိုယ်တော်ကြီး
ပရိနိဗ္ဗာန်ပြုရှာပြီတဲ့။ ကြွင်းသောဓာတ်တော်
များကို ညီဖြစ်သူ အရှင်စုန္ဒက ယူဆောင်ခဲ့ပြီး
ဘုရားသခင်အား ဆက်သရန် ရောက်လာသတဲ့"

ဤသတင်းကား ရုတ်ခြည်းပင် ဇေတဝန်ကျောင်းတိုက်ကြီး အတွင်း၌ ပန်းကဲ့သို့ သင်းသွားလေချက်အရ ရဟန်းတို့သည် အရှင်စုန္ဒနှင့် အရှင်အာနန္ဒာတို့ဝင်သွားရာ ဘုရားသခင်ရှေ့ တော်မှောက်သို့ လိုက်သွားကြပြီး ဘုရားသခင်ကိုရံလျက် တည် ကုန်လေ၏။

အရှင်စုန္ဒသည် ဘုရားသခင်အား လက်အုပ်ချီလျက် "ဘုရား တပည့်တော်၏ နောင်တော်ကြီး အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန်ပြုချေပါပြီဘုရား"ဟူ၍ လျှောက်ပြီးနောက်ယူဆောင် လာခဲ့သော သက်နှင့်သပိတ်ကို ဘုရားသခင်၏ လက်တော်သို့

www.dhammaransi.com



ကပ်ယင်း "ဤသက်န်းကား နောင်တော်ကြီးသက်န်းပါဘုရား။ ဤသည်ကား နောင်တော်ကြီး၏ ဓာတ်တော်များပါ ဘုရား" ဟူ၍ ဆက်ကပ်လေသော် ဘုရားသခင်သည် ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့်တူသော လက်ရုံးတော်ကိုဆန့်လျက် လက်ဝါး ပြင်၌ ဓာတ်တော်ကိုထားပြီးမှ-

"ချစ်သားရဟန်းတို့၊ ယမန်နေ့ကပင် ရှေ တော်တွင် တန်ခိုးပြာဋိဟာကိုပြ၍ လူ ရဟန်း တို့အား တရားဆုံးမပေးသော ငါ့သားတော် ကြီးသည် သခ်ါရမီး ငြိမ်းခဲ့ရကား ဓာတ်အစု မျှသာ ယခု ထင်ချေတော့သည်။ သင်တို့လည်း မပေါ့လင့်ကုန်"

ဓာတ်တော်များကိုပြ၍ ဤသို့ မြွက်ဟတော်မူလေသော အခါ ရဟန်းအချို့တို့ မျက်ရည်စို့လာကုန်လေ၏။ အရှင် အာနန္ဒာသည်ပင်လျှင် မရှင်မပျ၊ ပရိဒေဝမီးမြိုက်ကာ ရင်ထဲ၌ တလှိုက်လှိုက်ဖြစ်လာလေသည်။ အရှင်သာရိပုတ္တရာအတွက် ဗုဒ္ဓက ဆက်၍မြွက်ကြားတော်မူလေသည်ကား—

"ချစ်သားတို့ ငါ၏သားတော်ကြီး သာရိပုတ္တရာသည် တသင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်ရသဖြင့် အဂ္ဂသာဝက အဖြစ်သို့ ရောက်လာခဲ့သည်။ ပညာအရာတွင် ငါဘုရားကို ထား၍ တိုင်းစားထိုက်သောသူ စကြဝဠာပေါင်း တသောင်း အတွင်း၌ တဦးတယောက်မျှမရှိ။ သာရိပုတ္တရာသည် ကြီးသော

www.dhammaransi.com



ပညာလည်း ရှိ၏။ ရွှင်သောပညာ၊ လျင်သောပညာ၊ ထက်မျက်ထိုးထွင်း တခဏချင်းမြင်နိုင်သောပညာလည်း ရှိ၏။ အလိုနည်း၏။ ရောင့်ရဲလွယ်၏။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်၏။ သူတော်ကောင်း မှန်လှ၏။ အကျိုးစီးပွား၌ အားထုတ်သောလုံ့လရှိ၏။ မကောင်းမှုပြုသောသူတို့ကို ကဲ့ရဲ့တတ်၏။ မြေကြီးနှင့်တူသော သည်းခံခြင်း ရှိ၏။ စောင်းမာန် ကင်းဘိရကား ဦးချိုကျိုးသော နွားဥသဘနှင့် တူ၏။

"ချစ်သားတို့၊ သို့စဉ် ကျေးဇူးဂုဏ်နှင့်ပြည့်စုံသော ငါ့သားသာရိပုတ္တရာ၏ခေတ်တော်များကို ရှုကြကုန်လော့" ဟု အရှင်သာရိပုတ္တရာအား ချီးကျူးစကားများစွာ မြွက်ကြားတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာမှာ အသည်းကြားကလှိုက်၍ ရှိုက်ကြီးတငင် ငိုကြွေးရှာလေသတည်း။ သံဃာ့ရှေ့မှောက်တွင် ဆောက်တည်ရာမရ သောကဆူလှိုက် တရှိုက်ရှိုက် ငိုကြွေးနေသော အရှင်အာနန္ဒာအား-

"အာနန္ဒာ၊ သင် ရဟန်းမဟုတ်သလော။ ရှေးမဆွကပင် ငါသည် သင့်အား ဟောကြားခဲ့ပြီး မဟုတ်လော။ အဘယ့်ကြောင့် ဖိုတလှိုက်လှိုက်၊ တရှိုက်ရှိုက်ငိုရတုံဘိသနည်း။ အမိအဘ အစ်ကို အစ်မအစရှိသောချစ်ခင်အပ်သောသူတို့နှင့် နာနာဘာဝ၊ ဝိနာဘာဝဟု ဆိုအပ်သော ရှင်သဖြင့် ကွေကွင်းရခြင်း၊ သေသဖြင့် ကွေကွင်းရခြင်းသဘောတရားကို ခန္ဓာငါးပါး ရှိသေးသမျှ တွေ့ကြုံရသည်ချည်းသာတည်း။ ငါဘုရားသော်မှလည်း တောင့်တ၍ မဖြစ်လေရာ။ ထိုကြောင့် မငိုလင့်။ ငိုကြွေးမြည်

www.dhammaransi.com



တမ်းသဖြင့် မသင့်နိုး” ဟု တရားပြ၍ အရှင်အာနန္ဒာအား သက်သာရာရစေလေ၏။

“အာနန္ဒာ၊ ဤခေတ်တော်များကို သာဝတ္ထိ၌ စေတီတည်စေလော့”ဟု မိန့်တော်မူပြီးသည့်နောက်ပိုင်းတွင် သာရိပုတ္တရာ စေတီတော်များမှာ ဆည်းလည်းသံ တချွင်ချွင်နှင့် သာဝတ္ထိ၌ ထင်ရှားစွာ ဖြစ်ပေါ်လာသတည်း။

www.dhammaransi.com

## ဝိပါက်ကြမ္မာဆိုးကြောင့် အဖြစ်ဆိုးနှင့် ပရိနိဗ္ဗာန်စံရရှာသော
## လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်

ဗုဒ္ဓ၌ လက်ဝဲတော်ရံ၊ လက်ယာတော်ရံဟူ၍ လက်ရုံးကြီးနှစ်ဆူ ရှိတော်မူ၏။ လက်ဝဲတော်ရံကား အရှင်မောဂ္ဂလာန်၊ လက်ယာတော်ရံကား အရှင်သာရိပုတ္တရာဖြစ်ရာ လက်ရုံးကြီးနှစ်ဆူအနက် ဗုဒ္ဓ၌ ညာလက်ရုံးကြီးပြုတ်သွားလေပြီ။ သက္ကရာဇ်ကား မဟာသက္ကရာဇ် ၁၄၈ ခု ဖြစ်သတည်း။

ယင်း ၁၄၈ သက္ကရာဇ်သည် သာသနာ၌ အကြီးအကျယ် ဆုံးရှုံးမှုကြီးသုံးခုကိုဖြစ်စေသည့် သက္ကရာဇ်ဖြစ်၏။ ထိုစကားကို ဆိုသင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော်-

-ယင်း ၁၄၈ သက္ကရာဇ် တန်ဆောင်မုန်း လပြည့်နေ့၌ ညာလက်ရုံးကြီး အရှင်သာရိပုတ္တရာ ပြုတ်ခဲ့လေပြီ။

-ယင်း ၁၄၈၊သက္ကရာဇ်မှာပင် တန်ဆောင်မုန်း လကွယ်နေ့၌ ဘယ်လက်ရုံးကြီး အရှင်မဟာမောဂ္ဂလာန် ပြုတ်ရှာဦးတော့မည်။

-ယင်း ၁၄၈ သက္ကရာဇ်မှာပင် ကဆုန်လပြည့်နေ့၌ ခန္ဓာကိုယ်ပင်စည်ကြီးနှင့်အလားတူသော ဗုဒ္ဓဘုရားသခင်ပါ ပြုတ်ရှာဦးတော့မည်။

www.dhammaransi.com



ထို့ကြောင့် ယင်း ၁၄၈ သက္ကရာဇ်ကို "ဆုံးရှုံးမှုကြီးသုံးခု" ဖြစ်စေသောသက္ကရာဇ်ဟု ဆိုပါသတည်း။

ယင်းဆုံးရှုံးမှုကြီးသုံးရပ်အနက် လက်ယာတော်ရံ ညာလက်ရုံးဆုံးရှုံးမှုကိုကား အထက်၌ ဆိုခဲ့ပြီးဖြစ်၍ ဤ၌ ဘယ်လက်ရုံးကြီးဆုံးရှုံးမှုကို ပြဆိုရာ၏။

**(မှတ်ချက်။ ဗုဒ္ဓဆုံးရှုံးမှုကား ဤကျမ်း၏ဦးတည်ချက်၌ ပါဝင်ခြင်း မရှိပါ။)**

ဗုဒ္ဓ၏ ဘယ်လက်ရုံးကြီးဖြစ်သော လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်၏ဘဝနိဂုံး အဆုံးသတ်ရှာပုံမှာ အတော်ပင်ကြေကွဲဝမ်းနည်းစရာကောင်းလှသည်။ ရောမထိပ်ထိပ်ကြဲ၊ ရဲရဲတောက်တန်ခိုးရှင်ကြီးအနေဖြင့် ဤအဖြစ်မျိုးမဖြစ်ထိုက်ဟူ၍ပင် ဆိုစရာဖြစ်စေ၏။ သို့သော် ဝိပါက်ကံတရားကိုကား ဘုရားသခင်သော်မှပင် ရှောင်ရှားတော်မမူနိုင်ပါတကား။

အထက်၌ဆိုခဲ့သော ၁၄၈ သက္ကရာဇ်၌ အရှင်မောဂ္ဂလာန်သည် ရာဇဂြိုဟ်၊ ဣသိဂိရိတောင် နံပါးရှိ ကာလမည်သော ကျောက်ဖျားအရပ်၌ ဝါကပ်တော်မူ၏။ ဣသိဂိရိတောင်၏အအေးမြသောအရိပ်ကို ခို၍ ဝါဆိုနေတော်မူလေသည်။

အရှင်မောဂ္ဂလာန်ကား ဤသာသနာတွင် တန်ခိုးကြီးသော အရာ၌ အကြီးဆုံးဖြစ်၏။ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရသော တပါးတည်းသောတန်ခိုးရှင်ကြီး ဖြစ်တော်မူ၏။ ဣသိ-ဂိရိတောင်တော်မြတ်၌ ဝါကပ်သည်ဆိုသော်လည်း တန်ခိုးရှင်ဖြစ်တော်မူသည့်အလျောက် ရံခါ နတ်ပြည်သို့လည်း ရောက်

www.dhammaransi.com



သွားတော်မူ၏။ ရံခါ ငရဲပြည်သို့လည်း ရောက်ရောက်သွားတတ်၏။ အထက်နှင့်အောက် လွန်းထိုးသကဲ့သို့ တိုးယိုပေါက်ခေါက်တုန့်ခေါက်ပြန်လူးလာဆန်ခတ် ကြွလေ့ရှိသည်မှာ အရှင်မောဂ္ဂလာန်အဘို့မှာ အထူးအဆန်းမဟုတ်ပါချေ။

အရှင်မောဂ္ဂလာန် နတ်ပြည်က ပြန်ကြွတော်မူလာလျှင် နတ်ပြည်ကသတင်းတွေ ပါလာတတ်၏။ လူ့ပြည်၌နေစဉ်က ကုသိုလ်ကောင်းမှုပြုခဲ့သဖြင့် မည်သူမည်သူတွေ နတ်ပြည်၌ ရောက်ရှိနေကြောင်း၊ နတ်ပြည်တွင်မည်သူမည်သူတွေကို တွေ့ခဲ့ရကြောင်းသတင်းများ ပါလာတတ်သဖြင့် အရှင်မောဂ္ဂလာန် နတ်ပြည်မှပြန်လာသောအခါ လာရောက်၍ မေးမြန်းလျှောက်ထားတတ်ကုန်၏။ "နတ်ပြည်မှာ တပည့်တော်ရဲ့ ခင်ပွန်းကို တွေ့ခဲ့သလားဘုရား။ တပည့်တော့်သား၊ တပည့်တော်၏သမီး၊ တပည့်တော်၏ဆွေမျိုးများကို တွေ့ခဲ့ရဲ့လားဘုရား" ဤသို့စသည်ဖြင့် မေးမြန်းလာကြသူတွေ တရုံးရုံးနှင့်ရှိနေတတ်ပေသည်။

အရှင်မောဂ္ဂလာန်သည် ရံခါ ငရဲပြည်သို့လည်း ကြွတော်မူလေ့ရှိရာ ငရဲပြည်က ပြန်လာသောအခါ၌လည်း ငရဲပြည်ကသတင်းစကားများ ပါလာလေ၏။ တိတ္ထိ ကိုးကွယ်သူတွေကို ငရဲပြည်မှာ အများအပြားတွေ့ခဲ့ရကြောင်းသတင်းကို အရင်းအတိုင်း ဖောက်သည်ချပြသောအခါ တိတ္ထိကိုးကွယ်နေသူတို့ လန့်ကုန်လေ၏။ ငရဲကျမည်ဆို၍ တိတ္ထိများကိုမကိုးကွယ်ဝံ့ကြတော့ကုန်။ လှူစရာတန်းစရာရှိလျှင် တိတ္ထိတို့ကို မလှူဝံ့ကြတော့ကုန်။ ဗုဒ္ဓဘာသာဘက်သို့ သက်ဝင်ယုံကြည် ကူးပြောင်းလာကြပြီး ဗုဒ္ဓဘာသာရဟန်းများကိုသာ ကိုးကွယ်ခြင်း ပြုလာကြကုန်လေ၏။

www.dhammaransi.com



ထိုအခါ ဗုဒ္ဓနှင့်တကွ တပည့်သာဝကရဟန်းများအဘို့တွင် လှူဒါန်းသူပေါ်များကာ လာဘ်လာဘ ရှင်ကုန်သည်နှင့်အမျှ တိတ္ထိတို့၏ ဂိုဏ်းဂဏအဖွဲ့အစည်းတို့မှာကား လှူဒါန်းသူ မရှိလေသောကြောင့် စားရမဲ့သောက်ရမဲ့ဖြစ်ကုန်လေ၏။

ဤသို့ စားရမဲ့ သောက်ရမဲ့ အခြေသို့ ဆိုက်ကုန်လေသောအခါ တိတ္ထိများသည် ဤသို့ဖြစ်ရခြင်း၏ရင်းမြစ်ကို စူးစမ်းကြသည်ရှိသော် ကံဆိုးသူ မောင်ရှင်ဆိုသကဲ့သို့ အရှင်မောဂ္ဂလာန်အပေါ်၌ သတ္တုချကြကုန်လေ၏။ မောဂ္ဂလာန်ကြောင့် ငါတို့ လာဘ်တိတ်ကုန်ရသည်။ သူသည် သူ၏တန်ခိုးဖြင့် နတ်ပြည်၊ ငရဲပြည်များသို့ ရှာရိုးကိုးပေါက်လျှောက်သွားနေသူဖြစ်သည်။ နတ်ပြည်က ပြန်လာလျှင် နတ်သတင်းစကားတွေကို ဒါယကာ ဒါယိကာမတွေအား ဖောက်သယ်ချ၊ ငရဲပြည်က ပြန်ရောက်လျှင်လည်း ငရဲသတင်းကို ဖောက်သယ်ချ။ မောဂ္ဂလာန်က နတ်သတင်း၊ ငရဲသတင်းတွေကို ဂါဒဖြန့်မှုကြောင့် ဒါယကာ ဒါယိကာမတွေက လန့်ကုန်သည်။ ငါတို့ကို လှူဒါန်းလျှင် ချက်ချင်းပဲ အဝီစိငရဲသို့ ဇောက်ထိုးကျတော့မလောက် ကြောက်ကုန်သည်။ ငါတို့တတွေ စားရမဲ့သောက်ရမဲ့အခြေသို့ ဆိုက်ကုန်ခြင်းမှာ အရင်းစစ်သော် မောဂ္ဂလာန်ကြောင့်။ တရားခံမှာ မောဂ္ဂလာန်ဟူ၍ တထစ်ချစွပ်စွဲကြပြီး အရှင်မောဂ္ဂလာန်အား ရန်ငြိုးထားကြလေကုန်၏။

ယင်းကိစ္စနှင့်ပတ်သက်၍ တိတ္ထိတို့သည် လျှို့ဝှက်အစည်းအဝေးခေါ်ယူလိုက်ပြီး အရှင်မောဂ္ဂလာန်အား မည်သို့အရေးယူသင့်ကြောင်း ဆွေးနွေးကြကုန်သတည်း။

www.dhammaransi.com



"ငါရှင်တို့၊ ငါတို့အခြေအနေကား ငါ့ရှင်တို့သိကြသည့် အတိုင်း စားရမဲ့သောက်ရမဲ့ ဖြစ်ကုန်ပြီ။ ကြာသော် ငါတို့ သာသနာ ကွယ်ပလေတော့အံ့။ သို့ကြောင့် ငါတို့သည် ငါတို့ သာသနာအမွန့်ရှည်ကြာစွာ တည်တံ့ရေးအတွက် အနှောင့် အယှက်ပေးနေသည့် တရားခံကို ရှာသောအခါ မောဂ္ဂလာန်ကို ငါတို့ တွေ့ရပြီ။ မောဂ္ဂလာန်အား ငါတို့ မည်သို့အရေးယူမည် နည်း။ ယင်းကိစ္စအတွက် ဤအစည်းအဝေးကို ခေါ်ယူခြင်း ဖြစ်ကြောင်း" တိတ္ထိတို့၏အကြီးအကဲတဦးက ရှင်းပြလေသည်။

"သည်ကိစ္စမှာ ရှင်းနေပါသည်။ ဒကာ၊ ဒကာမတွေက လှူချင်ပါလျက် မောဂ္ဂလာန်ကြောင့် တွန့်ကုန်ကြသည်။ မလှူ ဝံ့အောင် ရွံ့ကုန်ကြသည်။ မောဂ္ဂလာန်မရှိလျှင် ရဲရဲဝံ့ဝံ့ လှူကြမည်မှာ သေချာပါသည်"ဟု တဦးက အဆိုပြုသည်။ ထိုအဆိုကို တဦးက ဖြည့်စွက်ချက်ဖြင့် ထောက်ခံလိုက်သည်။

"ငါ့ရှင်ရဲ့တင်ပြချက်ကို ထောက်ခံပါသည်။ သို့သော် ထိုအဆိုပြုချက်ကား ပြတ်သားခြင်း မရှိ။ 'မောဂ္ဂလာန်မရှိလျှင်' ဟူသော သံသယစကားမျှဖြင့် အရာရောက်နိုင်မည် မဟုတ်။ 'မောဂ္ဂလာန်မရှိအောင် မည်သို့လုပ်ရမည်' ဆိုသော အချက် သည်သာ အဓိကဖြစ်သဖြင့် ဤကိစ္စကိုသာ စဉ်းစားရန် အကြံ ပေးလိုပါသည်"

"မောဂ္ဂလာန်မရှိအောင်ဆိုလျှင် သတ်ပစ်လိုက်ရုံရှိတာပ"ဟု တဦးက ထ၍ အော်လိုက်ရာ "ဒါ မှန်တယ်၊ မှန်တယ်" ဟူသောအသံများ ဟိန်းထွက်လာလေသည်။

www.dhammaransi.com



"ကဲ....သတ်ပင်လိုက်တာတော့ ဟုတ်ပါပြီ။ အပြောလွယ်သလောက် လက်တွေ့အလုပ်မှာ မလွယ်ပါ။ ကဲ မောဂ္ဂလာန်ကို ကိုယ်တော်သတ်မလား" ဟူ၍ တဦးက ထ၍ မေးသောအခါ တုတ်တုတ်မျှမလှုပ်ပဲ ငြိမ်ကျသွားလေ၏။ ထိုအခါ တဦးသောပုဂ္ဂိုလ်က ထ၍ ဆိုပြန်၏။

"ငါ့ရှင်တို့တင်ပြသည့်အတိုင်း မောဂ္ဂလာန်ကိုသတ်ပင်မှအေးမည် ဆိုသည်မှာလည်း မှန်ပါသည်။ သတ်ဘို့ကိစ္စ၌ အပြောလွယ်သလောက် အလုပ်ခက်သည်ဆိုသည်မှာလည်း မှန်ပါသည်။ ကျွန်ုပ်တို့မှာ လူတို့၏ အပူဇော်ခံပုဂ္ဂိုလ်များ ဖြစ်ခြင်းကြောင့် ကျွန်ုပ်တို့အနေနှင့် ကာယကံမြောက်သတ်ဘို့ဆိုသည်မှာ မလွယ်ရုံမက မလုပ်ထိုက်ဟု တပည့်တော် သဘောရပါသည်။ ကာယကံမြောက်သတ်ရမည်ဆိုသော် ထိုအဆိုကို တပည့်တော် ကန့်ကွက်ပါသည်။ ဤကိစ္စကို အခြားတနည်းနည်းဖြင့်ပြီးမြောက်အောင် ဆောင်ရွက်သင့်ကြောင်း အကြံပေးလိုပါသည်"ဟု ဆိုပြီးလျှင် ထိုင်ချလိုက်သည်။

"အခုအရှင်မြတ်၏ အကြံပေးတင်ပြချက်ကို တပည့်တော် ထောက်ခံပါသည်။ မိုးမပြိုဘူး၊ ပြိုခဲ့သော် ဆိုသကဲ့သို့ ကျွန်ုပ်တို့အနေဖြင့် မောဂ္ဂလာန်အား လုပ်ကြံ သတ်ဖြတ်လိုက်ရာတွင် အကယ်၍များပေါ်သွားခဲ့သော် သာသနာတလျှောက်လုံးအဖတ်ဆည်၍ရတော့မည် မဟုတ်ပါ။ သို့ပါသောကြောင့် မောဂ္ဂလာန်အား ကာယကံမြောက် ကျွန်ုပ်တို့ကိုယ်တိုင် လုပ်ကြံသတ်ဖြတ်ခြင်းကို အလျှင်းပင်ရှောင်ရှားပြီး လူသတ်သမားငှား၍လုပ်ကြံစေလျှင် သင့်မည်ဖြစ်ကြောင်း အကြံပေးလိုပါသည်"

www.dhammaransi.com



"ဟုတ်တယ်။ ဒါမှန် တယ်"

တခဲနက်ထောက်ခံလိုက်ကြသည်။ ထိုအစည်းအဝေးက လူသတ်သမားငှား၍ မောဂ္ဂလာန်အား လုပ်ကြံရန် အတည်ပြုဆုံးဖြတ်ချက်ရရှိသွားပြီဖြစ်၏။ ထိုနောက် လူသတ်သမားငှားရန်ကိစ္စကို ဆက်၍ ဆွေးနွေးကြပြန်သည်။ မည်သူ့ကို ခိုင်းသင့်ကြောင်း အသီးသီး အကြံပေးတင်ပြရာတွင် အချို့မှာ ပုဂ္ဂိုလ်အရ သင့်လျော်သော်လည်း နောက်ပိုင်းကို စိတ်မချရ ဟု ပယ်ကြသည်လည်း ရှိ၏။

အတန်ကြာ ဆွေးနွေးမိသောအခါ တိတ္ထိတဦး၏ အကြံပေးချက်ကို အားလုံးက သဘောတူ လက်ခံလိုက်ကြကုန်သတည်း။ အရှင်မောဂ္ဂလာန်အား လုပ်ကြံသတ်ဖြတ်ရန် လူသတ်သမားအဖြစ် ရွေးချယ်ခြင်းခံရသူကား သူခိုးဒမြကြီးဖြစ်၏။ အမည်ကား သမဏဂုတ္တကဟု တွင်သတည်း။

"အရှင်ဘုရားတို့၊ သမဏဂုတ္တိက ခိုးသူကြီးကား မိုက်သောနေရာတွင် နှစ်ယောက်မရှိ။ သတ္တိကောင်းလှ၏။ ရဲတင်း၏။ တပည့်လက်သားအစွယ်အပွားလည်း များလှ၏။ သူ့မှာ ဘုရားမရှိ၊ တရားမရှိ၊ သံဃာမရှိ။ သူ၏အဓိကမှာ အသပြာ၊ ပိုက်ဆံဖြစ်၏။ အသပြာရမည်ဆိုပါက ဘာကိုမဆို လုပ်ရဲသူဖြစ်၏။ မည်သူ့ကိုမျှမကြောက်၊ မည်သူ့မျက်နှာကိုမျှ မထောက်တတ်။ ရဲရဲတောက်လုပ်သူဖြစ်၏။ ဤကိစ္စအတွက် လိုသလောက်အသပြာပေး၍ သူ့ကိုသာခိုင်းစေခဲ့သော် ပိပိရိရိနှင့်မုချအောင်မြင်

www.dhammaransi.com



မည်ဖြစ်ကြောင်း ထိုသူကို တပည့်တော် သိပါကြောင်း'' ဟု ဆိုလေသည်။

ဤအကြံပေးချက်ကို တခဲနက်လက်ခံ အတည်ပြုလိုက်ပြီး နောက် ငွေကြေးကိစ္စကို ဆက်လက်ဆွေးနွေးကြပြန်သည်။

''ငါးရာလောက်ပေးယင် ဘယ်လိုနေမလဲ''

''ဟာ ငါးရာဆို နည်းတာပ။ သာမန်လူတယောက်ကို သတ်ရမှာမှုတ်ဘူး။ ရှောမရဟန္တာကြီးကို သတ်ရမယ့်ကိစ္စ ဒီငွေ ကလေးငါးရာလောက်နဲ့ ဘယ်ဖြစ်ပါ့မလဲ''

''ဒါဖြင့် ခြောက်ရာ''

''နည်းသေး၏''

''ဒါဖြင့် ရှစ်ရာ''

''နည်းပါသေး၏''

''ဒါဖြင့် တစ်ထောင် တစ်ထောင်''

''ဒါဆိုယင် တော်လောက်ပြီ''

''ကိုယ်တော်က အသပြာတစ်ထောင်ယူသွား။ ကိုယ်တော့် ဒကာရဲ့လက်ထဲကို ကိုယ်တိုင်အပ်။ ပါးစပ်ကလဲ လိပ်ပတ်လည် အောင်ပြောပြ။ ပိပိရိရိလဲ ရှိပစေ။ အောင်မြင်သွားယင် ထပ် ပေးအုံးမယ်လို့ ပြော''

အရှင်မောဂ္ဂလာန်အား လုပ်ကြံသတ်ဖြတ်မည့်သူ သမဏ ဂုတ္တိက လူဆိုးကြီးအား အသပြာတစ်ထောင်ပေး၍ ငှားရန် ဆုံးဖြတ်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်လေ၏။

www.dhammaransi.com



သူ့ ဆန်စားလျှင်ရဲမှ ဟု အဆိုရှိ၏။ အရှင်မောဂ္ဂလာန်အား လုပ်ကြံရန် အသပြာတစ်ထောင်ကို လက်ခံထားသော လူသတ်သမားကြီးသမဏဂုတ္တကသည် ထိုဆောင်ပုဒ်အတိုင်း လက်တွေ့ကျင့်သုံးရန်အတွက် တပည့်အစွယ်အပွား လူသတ်ရဲခေါင်၊ မောင်တောကြောင်များအား အရက်ကိုးမောင်းတိုက်ကျွေးကာ ရဲဆေးတင်လျက် ရှိနေ၏။

ဤနေ့ကား လက်ယာတော်ရံအရှင်သာရိပုတ္တရာ၏အလောင်းကို မီးသင်္ဂြိုဟ်ပြီးသည်မှ နောက် သုံးရက်မြောက်သောနေ့ မဟာသက္ကရာဇ် ၁၄၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် ဖြစ်၏။ ညဉ့်ဦးယာမ် ဖြစ်သော်လည်း လဆုတ်ပက္ခဖြစ်သောကြောင့် ညသည် မှောင်မည်းနေ၏။

ကာဠသိလိရိတောင်ကြီးသည် ညမှောင်မှောင်အောက်တွင် မပြတ်မသား မှုန်ဝါးဝါး ထိုးလိုးထောင်လောင်နှင့် ရပ်တည်လျက်ရှိနေ၏။ အရှင်မောဂ္ဂလာန် သီတင်းသုံးတော်မူသော တောရကျောင်းမှာလည်း ကာဠသိလိရိတောင်စောင်းတွင် မှောင်ရိပ်အောက်သို့ ရောက်ရှိနေလေရာ ထိုအချိန်တွင် ကျောင်း၏ပတ်ဝန်းကျင်တခို အမင်္ဂလာဟု ဆိုရမလား၊ ကျီးအုပ်ကြီးသည် တအာအာနှင့် ပြိုလျက်ရှိနေ၏။ သဘောမှာ "အရှင်ဘုရား၊ လွတ်ရာသို့ ရှောင်ရှားတော်မူပါ။ အရှင်ဘုရားအား လုပ်ကြံရန် လူသတ်သမားတသိုက် တောင်ခြေသို့ ဆိုက်ရောက်နေပါပြီဘုရား" ဟူ၍ သတိပေးလှာကြသယောင်ယောင်ပင် ထင်ရ၏။

မှန်ပေသည်။ လူသတ်သမားကြီး သမဏဂုတ္တက ခေါင်းဆောင်သော လူသတ်သမားများကား အရှင်မောဂ္ဂလာန်

www.dhammaransi.com



၏ ကျောင်းကိုမဆိုထားနှင့် ဂူသိဂိရိတောင်ကြီးကိုပင် ဖြိုတော့မည့်အလား ကျောင်းကို လေးဘက်လေးတန်မှ ဝိုင်းထားကြလေပြီတည်း။

"သွေးသောက်တို့၊ ရဟန္တာသောဘာသောညာသောမရှောင်နဲ့။ လှုပ်ကနဲဆိုယင် ခုတ်မိအောင်သာ ခုတ်ချလိုက်"

ဤသို့အမိန့်ပေးသူကား လူသတ်ဗိုလ်ကြီး သမဏဂုတ္တိက ဖြစ်၏။ တောရကျောင်းမှာ မကြီးလွန်းမငယ်လွန်း သီတင်းသုံးသူကား အရှင်မောဂ္ဂလာန်တပါးတည်းသာ။ ဝိုင်းရံထားသော လူဆိုးများနှင့်စာသော် တကျောင်းလုံးကိုပင် နုတ်ပစ်နိုင်လောက်ပေ၏။

အရှင်မောဂ္ဂလာန်သည် တန်ခိုးကြီးသောအရာတွင် ဧတဒဂ်ဘွဲ့ရရှိထားသည်ကား မှန်၏။ သို့သော် ထိုအချိန်တွင် ကျိန်းစက်တော်မူခဲ့သော် အရှင်၏အသက်ကို တွေးရက်စရာပင် မရှိပြီ။

မှောင်ရိပ်အောက်တွင် ကျောင်းမှာ တိတ်ဆိတ်နေ၏။ မကြာခင် လူသတ်ရဲခေါင် ဗိုလ်မိုးမှောင်ကား မိမိတပည့်လက်သားများအား မှာထားပြီးနောက် တယောက်တည်း ကျောင်းပေါ်သို့ ချွတ်နင်း၍ တက်လေ၏။ ပိတ်ထားသော တံခါးကို လှံဖျားနှင့်တွန်းဖွင့်လိုက်ရာ အခန်းတံခါးမှာ တကျွိကျွိနှင့် ပွင့်သွားလေ၏။

လူသတ်သမားသည် အခန်းတံခါးဝမှနေ၍ အတွင်းသို့ ကဲကြည့်လိုက်သည်။ မှောင်ပိန်းနေသဖြင့် ဘာကိုမျှ မမြင်ရ။ ထို့ကြောင့် လှံကိုင်လျက် ကျောင်းခန်းထဲ ဝင်လာတော့သည်။

www.dhammaransi.com



ကျောင်း၏ ခြေရင်း ခေါင်းရင်း ဝဲယာနှစ်ဘက်မှ အောက်စောင့် သကောင့်သားများသည်လည်း မဲကနဲဆိုလျှင် ကဲကနဲခုတ်ပိုင်းရန်အတွက် လက်နက်ကိုယ်စီနှင့် စောင့်လျက်ရှိနေကြ၏။

လူသတ်ခေါင်းဆောင် သမဏဂုတ္တကသည် တကျောင်းလုံး မှောင်ပိန်းနေသော ကျောင်းပေါ်တွင် စမ်းတဝါးဝါးနှင့် အရှင်မောဂ္ဂလာန်ကို လိုက်ရှာနေယင်းက ပြူတင်းပေါက်ကို လှဲ့သွားနှင့် ထောက်မိသဖြင့် တံခါးပွင့်သွားလေရာ ပြင်ပမှ ဝင်လာသောအလင်းရောင်က အရှင်မောဂ္ဂလာန် ကျိန်းစက်တော်မူသည့်နေရာကို မီးမောင်းထိုး၍ ပြလိုက်သကဲ့သို့ ရေးတေးတေး ထင်လာသည်။ လူသတ်သမားသည် လှံနှင့် အသင့်ချိန်လျက် စိုက်ကြည့်လိုက်ရာ သူ့အမြင်တွင် အိပ်ရာပေါ်၌ အရှင်မောဂ္ဂလာန်စက်လျောင်းနေသည်ဟု ထင်လေ၍ ရင်ဝတည့်တည့် ဆီကိုမှန်းကာ လှံနှင့်တအားစိုက်ချလိုက်လေသတည်း။ လှံကို ဆောင့်၍ တအားပြန်နုတ်လိုက်သောအခါ လှံဖျား၌ပါလာသည်ကား သွေးစသွေးနများ မဟုတ်ပဲ အရှင်မောဂ္ဂလာန် ဝတ်ရုံတော်မူသည့်သင်္ကန်း ဖြစ်နေသတည်း။

ထိုအချိန်တွင် အရှင်မောဂ္ဂလာန်ကား ဈာန်ဝင်စားကာ ကောင်းကင်၌ စင်္ကြံကြွနေတော်မူ၏။ တန်ခိုးဣဒ္ဓိပါဒ်ကြီးသော အရာတွင် ဘုရားသခင်မှတပါး ပြိုင်ဘက်မပြူ၊ တဆူတည်းသာ ဖြစ်တော်မူသော အရှင်မြတ်ကြီးအနေဖြင့် လူသတ်သမားတို့၏ အကြံလောက်ကို အဘယ်မှာမသိပဲ နေပါမည်နည်း။ "ဒီည

www.dhammaransi.com



ငါ့ကို ကောန်လုပ်ကြအံ့” ဟူ၍ ကြံတင်၍ သိရှိထားတော်မူသည့်အလျောက် လွတ်မြောက်အောင် ရှောင်ရှားတော်မူလိုက်လေသည်။

“ကျားနှင့်ဆင် လယ်ပြင်တွင်တွေ့ ဆိုသကဲ့သို့ ရောမတန်ခိုးရှင်ကြီးနှင့် ထိပ်ထိပ်ကြဲ လူသတ်ဗိုလ်ကြီးတို့ ဣသိဂိရိတောင်ညိုညိုတွင် တွေ့နေကြလေပြီကော။ ပွဲတိုင်းကျော်လူသတ်သမားကြီးကလည်း အလျော့ပေးမည့်လူစား မဟုတ်။ အရှင်မောဂ္ဂလာန်ကလည်း ရောမတန်ခိုးရှင်။ အရှုံးအနိုင်မည်သူကနိုင်၍ မည်သူက လက်မှိုင်ချရလေမည်နည်း။

လူသတ်သမားကြီး သမဏဂုတ္တကသည် အရှင်မောဂ္ဂလာန်ကို မထိုးမိပဲ လှံဖျား၌ပါလာသော သင်္ကန်းကိုကြည့်ကာ သာ၍ ဒေါသထွက်လာလေသည်။ နေနှင့်အုံးပေါ့ တန်ခိုးရှင်ရယ်။ နက်ဖန်ခါ ငါ့အကြောင်း သိစေအံ့ဟု ကြုံးဝါးကာ ထိုညအဘို့တွင် အရေးတော်မအောင်မြင်ပဲ အောင်မြင်စွာဆုတ်ခွာခဲ့ရလေ၏။

နောက်တနေ့ည တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့တွင်လည်း လူသတ်သမားတို့သည် နေဝင်ပြီးစအချိန်လောက်ကတည်းကပင် တောရိပ်ခို၍ တစေ့တစောင်း ချောင်းကြကုန်၏။ အဝေးမြင်ကွင်းတွင် ကျောင်းပရိဂုဏ်အတွင်း တလှုပ်ရှားရှား စင်္ကြံသွားနေသော အရှင်မောဂ္ဂလာန်ကို မြင်ကြရသောအခါ ဒီညတော့ မသာဖြစ်ပြီဟူ၍ ဝမ်းသာနေကြကုန်၏။

www.dhammaransi.com



ရွှေသူရကန် ဖန်နန်းပျံမှိုတ်၍ ညာ၏အရိပ်အောက်သို့ ရောက်လာသောအခါ မနေ့ကအစီအစဉ်အတိုင်းပင် အရှင်မောဂ္ဂလာန်အား ဝိုင်းဝန်းလုပ်ကြံကုန်၏။ သို့သော် ယမန်နေ့ကကဲ့သို့ပင် အချည်းစည်းသာဖြစ်ရလေ၏။ ထိုအချိန်တွင် အရှင်မောဂ္ဂလာန်ကား ယုဂန္ဓိုရ်တောင်ပေါ်တွင် ကိုယ်တော်တပါးတည်း စကြံကြွခြင်းဖြင့် လူသတ်သမားတို့၏အကြံကို အောင်မြင်စွာ တွန်းလှန်တော်မူလိုက်ပြန်လေသည်။

တန်ဆောင်မုန်း လပြည့်ကျော် (၁၁)ရက်။ ဤသို့ လက်ဝဲတော်ရံကြီး အရှင်မောဂ္ဂလာန်မှာ လူသတ်သမားတို့၏ လုပ်ကြံခြင်း ခံနေရချိန်ကား အရှင်စုန္ဒယူဆောင်သွားသော လက်ယာတော်ရံကြီး အရှင်သာရိပုတ္တရာ၏ဓာတ်တော်များ ဘုရားသခင်၏ထံတော်သို့ ရောက်လာချိန်ဖြစ်၏။ ဘုရားသခင်သည် အရှင်သာရိပုတ္တရာ၏ ဓာတ်တော်များကို စေတီတည်ထားကိုးကွယ်ရန် ညွှန်ကြားတော်မူပြီးနောက် "ငါ့မှာလက်ရုံးနှစ်ဆူရှိသည့်အနက် လက်ရုံးတဖက် ပြုတ်သွားချေပြီ။ သို့သော် ငါ့မှာ လက်ရုံးတဖက် ကျန်သေးသည်။ မောဂ္ဂလာန ရှိသည်။ ငါ့တပည့်ထံ ငါပြန်ဦးမည်" ဟု မဆိုသော်ငြားလည်း ဆိုဘိသည့်အလား ဘုရားသခင်သည် ဇေတဝန်ကျောင်းတော်မှ ရာဇဂြိုဟ်သို့ ကြွလာရောက်ရှိတော်မူသည့်အခါတိုင်အောင် အရှင်မောဂ္ဂလာန်ကား လူသတ်သမားများလက်မှလွတ်အောင် တန်ခိုးဖြင့် ရှောင်ရှားနိုင်ခဲ့ရာက မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ တန်ဆောင်မုန်း လကွယ်နေ့သို့ ရောက်သောအခါ၌ကား ဝိပါက်ကံကြမ္မာက အရှင်မောဂ္ဂလာန်အား ဖန်လာပါလေတော့သည်။

www.dhammaransi.com



ဝိပါက်ရောက်ရေး၊ ကြောက်သွေးတုန်ဘွယ်
ဘုရားသော်လဲ၊ ရှောင်လွဲမလွယ်
တွေ့ကြုံမြဲမို့၊ တဝဲလည်လည်
မလွတ်သေး ဝဋ်ကြွေးခက်လှတယ်။

ထိုနေ့၌ အရှင်မောဂ္ဂလာန်၌ ရှိရင်းစွဲတန်ခိုးအရှိန်ကို မှေးမှိန်ကုန်ခြင်း မဟုတ်စေကာမူ နောက်နောက်ဘဝတုန်းက ပြုမှားခဲ့ဘူးသော ဝိပါက်ကံကြမ္မာများက တန်ခိုးထက် အဆမတန်အင်အားကြီးမားလှလေရကား မီးများလျှင် မီးနိုင်၊ ရေများလျှင် ရေနိုင်ဆိုဘိသကဲ့သို့ အဆမတန် ထုထယ်ကြီးမားလှသော ထိုဝိပါက် ကံကြမ္မာဆိုး အောက်ဝယ် ရှိသမျှ တန်ခိုးများမှာ အရောင်မတောက်နိုင်အောင် ဖြစ်ကုန်လေ၏။

ထို့ကြောင့် လွန်စွာတန်ခိုးကြီးမားလှသည်ဆိုသော နန္ဒောပနန္ဒနဂါးမင်းကြီးကိုပင် အစွယ်ကျိုးအောင်ချိုးပစ်နိုင်သော အရှင်မောဂ္ဂလာန်၊ သိကြားမင်း၏ဝေဇယန္တာပြသာဒ်များကို ခြေကြားတွင်ညှပ်၍ သွက်သွက်ခါအောင် ချာလပတ်လှည့်ရမ်းနိုင်သော အရှင်မောဂ္ဂလာန်၊ ဝေရဉ္ဇာပြည်၌ အငတ်ဘေးကြီး ဆိုက်ရောက်သဖြင့် ရဟန်းတော်များ ဆွမ်းအတွက် အခက်အခဲနှင့် ရင်ဆိုင်နေကြရစဉ် မြေကြီးလှန်၍ မြေအောက်၌ရှိသော မြေဆီမြေလွှာကိုယူ၍ ရဟန်းများအား တပည့်တော် လုပ်ကျွေးပါရစေဟု ဘုရားသခင့်ထံ ပန်ကြားခဲ့သောတန်ခိုးဣဒ္ဓိပါဒ်သခင် ထိုအရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးကား ရှေ့ဝိပါက်ဘေးမှ ပြေးမလွတ်အောင် ထိုနေ့တွင် အမိခံရလေ၏။

www.dhammaransi.com



အလျှင့်အလျှင်နေ့များက လူသတ်သမားများ၏အကြံကိုသိ၍ ထိုဘေးမှ လွတ်မြောက်အောင် တန်ခိုးဖြင့် ဖျောက်ပယ်နိုင်ခဲ့သော်လည်း ထိုနေ့တွင်မူ ဤအရေးကို တွေးမိခြင်းမရှိလေပဲ အေးချမ်းစွာ စိတ်ချလက်ချအိပ်ရာထက်တွင် စက်လျောင်းနေတုန်းမှာ ကျားဟုန်း၍ကိုက်စားခြင်းခံသည့်အလား အရိုးများကွဲကြေကုန်မတတ် လူသတ်သမားတို့၏ ရိုက်နှက်သတ်ဖြတ်ခြင်းကို မရှုမလှ ခံတော်မူရရှာလေသတည်း။

ရောမ တန်ခိုးတော်ရှင်ကြီး ဖြစ်ပါလျက် အဘယ်ဝိပါက်ကြောင့် ဤသို့ ခံရလေသည်ဆိုသော် သူ၏ အတိတ်ကလည်း ယုတ်မာမှု၊ ရက်စက်မှုအရာတွင် ထိပ်ထိပ်ကြဲ အတိတ်ဖြစ်နေပေသည်။ ထိုအတိတ်ကား ဤသို့ ဖြစ်ပေ၏။

အရှင်မောဂ္ဂလာန်လောင်းလျာသည် ရှေးအခါက မဂဓ မည်သောရွာတွင် အမျိုးသားတဦးဖြစ်ခဲ့သည်။ သူ့မိဘများမှာ စက္ခုနှစ်ကွင်းအလင်းမရသော ဒုက္ခိတများ ဖြစ်ကြသည်။ သူသည် အချိန်တန် အရွယ်ရောက်သော် ပုထုဇဉ်တို့ သဘာဝအလျောက် အမျိုးသမီးတဦးနှင့် အိမ်ထောင် တည်ထောင်လိုက်လေသည်။

သူ၏ဇနီး ထိုအမျိုးသမီးကား ရုပ်ရည်အားဖြင့် သနရုပ္ပရှိသော်ငြားလည်း အကျင့်ယုတ်၏။ အမျက်ဇောင်းမာန် ကြီး၏။ အထူးသဖြင့်ဆိုးသည်ကား ဒုက္ခိတမျက်မမြင်ယောက်ခမ၏ချွေးမ ဖြစ်ရသည်ကို သိက္ခာကျသည့်ထင်၍ ယောက်ခမအပေါ်၌ အမြဲ ထော်လော်ကန့်လန့်လုပ်နေခြင်း ဖြစ်၏။

www.dhammaransi.com



ကိုယ့်အမေက ဘယ်လို၊ ကိုယ့်အဖေကဘယ့်နှယ်ဟူ၍ လင်ကို ခဏခဏကုန်းတိုက်လေ၏။ ထို့ကြောင့် လင်ဖြစ်သူ အရှင်မောဂ္ဂလာန်အလောင်းမှာ ဒုက္ခိတမိဘနှစ်ပါးနှင့် မယားကြားမှာ ဗျာများရလေ၏။

နောက်ဆုံးတွင် မယားဖြစ်သူက တင်းတင်းမာမာအရေးဆို လာပါလေတော့သည်။

"ရှင့်မိဘဒုက္ခိတကြီးတွေကို ပစ်မလား။ ကျုပ်ကိုပစ်မလား။ ရှင်ကြိုက်ရာလမ်းကို ရွေး။ ရှင့်မိဘ ရှိနေသရွေ့ ရှင့်ကို ကျုပ် မပေါင်းနိုင်ဘူး"

ထိုအရေးဆိုချက်ကြောင့် လင်ဖြစ်သူခမျာမှာ အခက်ကြုံလေ၏။ မိဘကိုလဲ မပစ်ရက်။ မယားနဲ့လဲ မခွဲနိုင်။ ငါဘယ်သူ့ကို စွန့်ရပါမည်လဲ။ မယားနှင့်မိဘ၊ ခွဲရေးတွဲရေး လွန်ဆွဲရပါလေ၏။

ရုပ်ဝတ္ထုအနေအားဖြင့် နှစ်ယောက်နှင့် တယောက်ဖြစ်၍ မိဘဘက်မှ ထက်ဝက်ခေါက်ချိုး အသာရလိုက်သော်ငြားလည်း မေတ္တာချင်းစက်၍ ချိန်လိုက်သည့်အခါ၌ကား မိဘမေတ္တာက ၅၂၈၊ မယားကိုချစ်သည့်မေတ္တာက ၁၅၀၀။ ဤသို့ ကွာခြားချက်အရ မ ဘက်လိုက်၍ မိုက်ဖက်သို့ပါပြီးလျှင်-

"ရှင်မ၊ မင့်ကိုတော့ ငါ မခွဲနိုင်။ ငါ့မိဘကို ငါကြံပြီး မင်း မမြင်ရအောင် ငါ ဖန်တီးပေးပါအံ့" ဤသို့ မယားထံ၌ အာမခံလိုက်ပြီးနောက် လှည်းကိုကောက်လေတော့သည်။

www.dhammaransi.com



"အမေတို့ အဘတို့ခင်ဗျား၊ ဟိုတောင်ရွာက ဘထွေးလေးက လူကြုံနဲ့မှာလိုက်ပါတယ်။ သူ ကောင်းကောင်းမကျန်းမာပါဘူးတဲ့။ ကံကောင်းမှဒီတောင်ကတက်နိုင်မယ်တဲ့။ သူမသေခင် အမေနဲ့အဘတို့ မျက်နှာကို အသေဖြောင့်အောင် သူမြင်ချင်ပါသတဲ့။ ကျွန်တော့်ကို သူ့ထံရောက်အောင် ပို့ပေးပါလို့ မှာလိုက်ပါတယ်။ ဒါကြောင့် တောင်ရွာကို ခဏသွားရအောင် လှည်းပေါ်တက်ပါခင်ဗျား"

ဤသို့ မိဘဒုက္ခိတကြီးနှစ်ပါးကို လိမ်လည်၍ လှည်းပေါ်တင်ပြီး ရွာက ထုတ်သွားလေသည်။ လမ်းခွတ်လတ်တောစပ်သို့ ရောက်လေသောအခါ "အမေ၊ အဘ၊ ဟော ဒမြတွေ၊ဒမြတွေ လာကုန်ပြီဗျို့" မိဘနှစ်ပါးကို ဤသို့ ခြောက်လှန့်လိုက်ပြီးနောက် ဒမြက ရိုက်လေသည့်ဟန်ဖြင့် မျက်မမြင်ဒုက္ခိတ မိဘနှစ်ပါးကို သားမိုက်က ကိုယ်တိုင်ရိုက်နှက်ပါလေ၏။

ထိုအခါ မိဘနှစ်ပါးက အော်လေသည်ကား "သားရေ၊ လွတ်အောင်ပြေး။ လွတ်အောင်ပြေး။ အမေတို့ကို ဒမြတွေရိုက်နေပြီ။ ပြေး၊ ပြေး။ သားရေ၊ လွတ်အောင်ပြေး" ဒမြအယောင်ဆောင် အရှင်မောဂ္ဂလာန်လောင်းလျာသတို့သားသည် မိဘနှစ်ပါးအား တဗုန်းဗုန်းရိုက်သတ်နေစဉ် "သားရေ၊ ပြေး ပြေး လွတ်အောင်ပြေး" ဟူသော အမေ့အော်သံကြောင့် မိုးထားသောတုတ်မှာ ရုတ်တရက်တန့်သွားပြီး-

"ငါ မှားပြီ။ တဗုန်းဗုန်း ရိုက်နှက်ခြင်းခံနေရတဲ့ ကြားက ဒဏ်ရာကိုအမှုမထား၊ သားလွတ်မြောက်ရေး၊ သားချမ်းသာ

www.dhammaransi.com



ရေးကိုသာ ရွေးရှုကြပါကလား။ သို့စဉ်မျှ ငါ့ကိုချစ်ခင်သော မိဘများအား ငါပြစ်မှားမိချေပါပကောလား” ဤသို့ တခဏ ချင်းအမြင်မှန်ရကာ ဒမြများသွားလေဟန်ပြုပြီး“အမေ၊ အဘ၊ ကျွန်တော် သားလေ။ ဒမြတွေ ထွက်ပြေးကုန်လို့ ကျွန်တော် ပြန်ရောက်လာပါပြီ”

မိဘများကို ပြုစုရှာလေ၏။ ဤကား အထိတ်ဘဝက မိဘ နှစ်ပါးအား ပြစ်မှားခဲ့ပုံတည်း။

ဝိပါက်သည် တန်ခိုးကုဗ္ဗိပါဒ်ထက် အစွမ်းထက်၏။ တန်ခိုး၏ စွမ်းအားကို ဖယ်ရှားဖျောက်ဖျက်ပစ်နိုင်၏။ တန်ခိုး၏အရှိန်ကို မှေးမှိန်သွားအောင်ငြိမ်းသတ်ပစ်နိုင်၏။

သို့သော် သူ့မှာ အကျိုးပေးရန် အခွင့်အရေးရှိပေသေးသည်။ မကောင်းမှုဒုစရိုက်ကိုပြုလျှင် ချက်ချင်း ဝင်၍လိုက်သည်လည်း ရှိသည်။ ကြာမြင့်မှ အကျိုးပေးသည်လည်း ရှိသည်။ သို့ကြောင့် “ရှေးကဝိပါက်(၇)ရက်၊ ကာလဝိပါက် နောက်ပိုးတက်”ဟူ၍ ဆိုးရိုးပြုကြကုန်၏။

ဝိပါက်သည် အကျိုးပေးခွင့် မကြုံသေးလျှင် အနာကဲ့သို့ မြုံနေတတ်သည်။ အကျိုးပေးခွင့် ဆိုက်လာသောအခါ နတ်ပူးသကဲ့သို့ပူးဝင်၊ ထိုးသတ်လေတော့သည်။ ဝိပါက်သည် ဒုစရိုက်မှု ပြုသူတို့အား အချည်းစည်းထားသည် မရှိ။ လက်ပိုက်၍ကြည့်နေခြင်း မရှိ။ ဒုစရိုက်မှုကို ပြုပြီးသောအချိန်မှစ၍ ထိုသူ၏နောက်သို့ တကောက်ကောက် လိုက်လေတော့သည်။ ဤဘဝတွင် အကျိုးပေးခွင့်မရခဲ့သော် ဘဝများစွာ သံသရာဆုံးသည်အထိ အကျိုးပေးခွင့်မဆိုက်မချင်း လိုက်လေသတည်း။

www.dhammaransi.com



အရှင်မောဂ္ဂလာန်သည် အတိတ်ဘဝတခုခုတုန်းက မိဘအား ပြစ်မှားမိခဲ့ဘူးရာ ထိုဝိပါက်သည် အရှင်မောဂ္ဂလာန်အား အပြစ်ပေးရန် ထိုဘဝကစ၍ အခွင့်ကောင်းကို ချောင်းလာခဲ့သည်။ အခွင့်မရခဲ့ချေ။ နောက်ဘဝ နောက်ဘဝများ၌လည်း သူ့နောက်သို့ အမြဲနောက်ယောင်ခံ၍ လိုက်ချောင်းသော်ငြား လည်း အရှင်မောဂ္ဂလာန်မှာ ထိုထိုဘဝများတို့၌ ကုသိုလ်ကံ ဟုန်က မီးပုံကြီးများကဲ့သို့ တဟုန်းဟုန်းတောက်လျက် ရှိနေသောကြောင့် အကျိုးပေးခွင့်၊ ကြားဝင်ထိုးနှက်သတ်ဖြတ်ခွင့် မရလေပဲ မီးခဲပြာဖုံးပမာ ဖုံးကွယ်၍သာ နေလာခဲ့သည်။

ဤပစ္ဆိမ နောက်ဆုံးဘဝသို့ ရောက်လာသောအခါ၌လည်း အရှင်မောဂ္ဂလာန်အား တန်ပြန်အကျိုးပေး ထိုးနှက်ရန်အခွင့် အရေးကို သန်းရှာသကဲ့သို့ ရှာနေခဲ့ရာက ဘဝ၏အစ၊ အလယ် တို့၌ အကျိုးပေးခွင့်ကိုမရသေးပဲ ဖြစ်နေခဲ့သည်။

ဤနှစ်၊ ဤသက္ကရာဇ် ၁၄၇၌ ဣသိဂိရိတောင်မြတ်တွင် ဝါကပ်နေစဉ်အခိုက်တွင်ကား အထက်၌ ဆိုခဲ့ပြီးသောအတိုင်း အငိုက်မိကာ အကျိုးပေးခွင့် ဆိုက်လာသည့်အလျောက် ဒမြ သူခိုး လူဆိုးများ၏ ဓားအောက်သို့ အရှင်မောဂ္ဂလာန်ခမျာ မှာ ရောက်တော်မူရရှာသတည်း။

လူဆိုးများက တောရကျောင်းကလေးပေါ်တွင် အရှင် မောဂ္ဂလာန်အား အမဲဖျက်သကဲ့သို့ ရိုက်နှက်သတ်ဖြတ်နေချိန် တွင် တောင်မင်းဂိရိန် ဣသိဂိရိတောင်ကြီးကား ညမှောင်မှောင် တွင် ယိုသယောင်ယောင်ထင်ရသည်။ နှလုံးကွဲအက်ကရုဏာ

www.dhammaransi.com



သက်သည့်အလား ဝိုးတဝါးဝါးနှင့် အရှင်မြတ်ကို ဖူးမြော်နေသည်။

"ဟော့ကောင်တွေ၊ သေသေချာချာကြည့်စမ်း။ သူက တန်ခိုးရှင်ကွ။ သေချင်ယောင်ဆောင်ချင် ဆောင်နေမှာ"

လူဆိုးဗိုလ်ကြီးသမဏဂုတ္တိက အရှင်မောဂ္ဂလာန်၏ ဘေးတွင် ရပ်လျက်မှ သေမသေသိရအောင် တပည့်များအား စေခိုင်းနေသည်။ တပည့်များကလည်း အမိန့်အတိုင်း ထုန္ဒက်ထားသဖြင့် ညက်ညက်ကြေနေသော အရှင်မောဂ္ဂလာန်အား ဟိုဘက်လှန်လိုက်၊ သည်ဘက်လှန်လိုက်နှင့် လုပ်နေကြသဖြင့် သေရှင်အရေး စစ်ဆေးချက်အောက်တွင် အရှင်မောဂ္ဂလာန်မှာ မှောက်ခုံဖြစ်လိုက်၊ ပက်လက်လန်လိုက် ဖြစ်နေသည်။

တဦးသော လူသတ်သမားကမူ တိတိကျကျသိရှိရန်အတွက် အရှင်မောဂ္ဂလာန်၏ နှာခေါင်းဝကို သူ့နားဖြင့်ကပ်၍ ထောင်လျက်မှ-

"အသက် မရှူတော့ဘူး။ သေတာ သေချာပါပြီ ဆရာ"

"စိတ်ချရရဲ့လားကွာ"

"ဟုတ်ကဲ့ဆရာ။ မယုံယင် ဆရာကိုယ်တိုင် နားထောင်ကြည့်ပါ"

"စိတ်ချရယင် ပီးရော့။ လာ ပြန်ကြစို့"

လူသတ်သမားတို့သည် ညမှောင်အောက်တွင် အရှင်မောဂ္ဂလာန်ကို သတ်ထားခဲ့ပြီးနောက် ကျောင်းမေါ်က

www.dhammaransi.com



ဆင်းလာခဲ့ကြရာ ရဟန္တာအရှင်မြတ်ကြီးအား ပြစ်မှား ကျူးလွန်သော ပဉ္စာနန္တရိယကံက သူတို့အား ချက်ချင်း လက်ငင်း အကျိုးပေးပါလေတော့သည်။ ပြန်သွား၍ တောင် ကြားထဲသို့ ရောက်လေသောအခါ အလိုလိုတောင်ကြီးပြို၍ တောင်ပိသဖြင့် အားလုံးစိစိညက်ညက်ကြေကာ သေကုန်လေ တော့၏။

လူဆိုးများ သတ်ထားခဲ့သော အရှင်မောဂ္ဂလာန်အလောင်း ကား ကျောင်းပေါ်တွင် အစန့်သားလျောင်း၍ ကျန်ခဲ့ရာမှ အတန်ကြာသော် သေကံမရောက် သက်မပျောက်ဆိုသော အတိုင်းပင် အလောင်းမှာ တဖြည်းဖြည်းလှုပ်ရှားလာသည်။

ထူးခြားသည်ကား အရှင်မောဂ္ဂလာန်အား ခေါးပြီးသည်၊ လှံ့ပြီးသည်ဟူ၍ဆိုရလေမည်လား။ တဗုန်းဗုန်း ရိုက်နှက်ထိုးခုတ် ကြသော်လည်း ခေါးချက်လှံ့ချက် ဒဏ်ရာများနှင့် သွေးထွက် သံယိုခြင်းကို အလျင်းပင်မတွေ့ရချေ။ ဖွံ့အိတ်ကြီးပမာ အတွင်း ကြေသာလျှင် ကြေနေသည်။ အရှင်မောဂ္ဂလာန်သည် အနည်း ငယ်သတိရလျှင်ရချင်း စျာန်သမာပတ် ဝင်စားလိုက်လေသည်။ ထိုအခါ အတွင်းကြေ ကြေနေလျက် အကောင်းပကတိကဲ့သို့ ဖြစ်လာသည်။

သို့သော် အရှင်မောဂ္ဂလာန်သည် သူ့ကိုယ်သူ သိလေပြီ။ သို့ကြောင့်လည်း ကိုယ့်အလောင်းကို ကိုယ်သယ်ပိုးကာ မိမိ ခန္ဓာကိုယ်ကောင်ကို ဘုရားသခင့်ရှေ့မှောက်သို့အရောက် သယ်

www.dhammaransi.com



ဆောင်ခဲ့ပြီး ရှေ့တော်၌ ဝပ်စင်းလျက် ဤသို့ ပန်ကြားခြင်း ပြုလေသတည်း။

" ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်အား ခွင့်ပြုတော်မူပါ။ ဘုရား တပည့်တော် ပရိနိဗ္ဗာန်ပြုချိန် တန်ပါပြီ။ ပရိနိဗ္ဗာန် ပြုရမည့်အခါက တပည့်တော်အား လက်ယပ်၍ခေါ်နေပါပြီ။ တပည့်တော် နောက် ဆုံးကန်တော့ခြင်း၊ နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်ခဲ့ပါသည်။ နောက်ထပ် ပူဇော်နိုင်ခွင့် ရှိတော့မည်မဟုတ်ပါ။ ခွင့်ပြုတော်မူပါဘုရား"

ဗုဒ္ဓလည်း နှစ်ပေါင်းများစွာ အတူတကွ နေလာခဲ့ကြပြီး လောက၏ကောင်းကျိုးကို အတူတကွပင် သယ်ပိုးဆောင်ရွက်ခဲ့ သော လက်ဝဲရံတပည့်ကြီး အရှင်မောဂ္ဂလာန်အား စူးစိုက်စွာ ရှုစားတော်မူလျက် ခွင့်ပြုတော်မမူရက်သော်လည်း သခါရနိုင်ငံ မလွန်ဆန်နိုင်သဖြင့် ဆိတ်ဆိတ်နေခြင်းဖြင့် ခွင့်ပြုတော်မူရရှာ လေ၏။

အရှင်မောဂ္ဂလာန်သည် မိမိ ပရိနိဗ္ဗာန်ပြုရမည့် နေရာနှင့် ပရိနိဗ္ဗာန်ပြုရမည့်အခါကို သိတော်မူသဖြင့် မိမိနေရာဣသိဂိလိ တောင်စောင်းရှိ တောရကျောင်းသို့ ပြန်ကြွတော်မူလာခဲ့ပြီး မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့တွင် ပရိနိဗ္ဗာန်ပြုတော်မူလေသတည်း။

www.dhammaransi.com



ဘုရားသခင်လည်း မိမိတပည့်ကြီးအား နောက်ဆုံးချီးမြှင့်တော်မူခြင်းဖြင့် ချီးမြှင့်တော်မူရန် အလို့ငှာ ဇ္ဈသိဂိရိတောင်စောင်းမှ အရှင်မောဂ္ဂလာန်၏ အလောင်းတော်ရှိရာ တောရကျောင်းသို့ ကြွလာတော်မူပြီးလျှင် ကိုယ်တော်တိုင် ကြပ်မ၍ သင်္ဂြိုဟ်ခြင်း ပြုတော်မူ၏။ ထိုအကြောင်းကို ဇိနတ္ထပကာသနီကျမ်းကြီး၌ ဤသို့ ဖွင့်ဆိုထားပေသတည်း။

ဤရာဇင်္ဂြိုဟ် ပြည်သူ လူအပေါင်းတို့လည်း သောင်းသောင်းညာမျှစည်းဝေးကြ၍ ပန်းနံ့သာစသည်ကို ပူဇော်ကုန်သည်။ ထင်း၊ တလာ်းစသည်ကို စုပုံကုန်သည်။ စန္ဒကူးထင်းပုံကား ကိုးဆယ့်ကိုးတောင် အမြင့်ဆောင်၏။

ဘုရားသခင်လည်း သံဃာတော် အပေါင်းနှင့်တကွ ကြပ်မ၍ သင်္ဂြိုဟ်တော်မူသည်။ ထိုအခါ သင်္ဂြိုဟ်ရာဌာနမှ ထက်ဝန်းကျင်တယူဇနာမျှသောအရပ်၌ နတ်တို့၏ပန်းမိုး၊ နံ့သာမိုးတို့ရွာကုန်၏။ လူတို့၏အကြား၌ နတ်တို့သွားလာသည်ကို မြင်ရကုန်သည်။ (၇) ရက် ပတ်လုံး အလောင်းတော်ကို ပူဇော်ချီးပပြီးမှ မီးသင်္ဂြိုဟ်တော်မူသည်။ ထိုဓာတ်တော်ကိုယူ၍ ဝေဠုဝန်ကျောင်းတော်တံခါးမုခ်ဝ၌ စေတီတည်စေသည်။

ဤလက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်အရှင်မြတ်ကြီး၏ဘဝဖြစ်ရပ်အတ္ထုပ္ပတ္တိကိုကြည့်ခြင်းဖြင့် လူတို့အား သင်ခန်းစာရစေသည်ကား ဓိပါက်ဖြစ်၏။

www.dhammaransi.com



ဝိပါက်ရောက်ရေး၊ ကြောက်သွေးတုန်ဘွယ်
ဘုရားသော်လဲ၊ ရှောင်လွဲမလွယ်
တွေ့ကြုံမြဲမို့၊ တဝဲလည်လည်
မလွတ်သေး ဝဋ်ကြွေးခက်လှတယ်။

ဆိုသောအတိုင်း လူတိုင်းလူတိုင်း "ဝဋ်လိုက်ခံရမည်ကိုကြောက်ထိုက်ကြောင်း" သဘောပေါက်စေသည်။

လောကဥ္စလည်း "ဝဋ်မှာအမြဲ၊ ငရဲမှာအပ" ဟူ၍ဆိုစကားရှိလေရာ ဒုစရိုက်မှုတခုခုကိုကျူးလွန်မိသော်ငြားလည်း အားကြီးသောကုသိုလ်ဖြင့် သေက ငရဲသို့မလားရောက်ရလေပဲ ငရဲဝဋ်မှလွတ်မြောက်နိုင်သော်လည်း ဝိပါကဝဋ်ဘေးကိုကား ဘုရားသော်မှလည်း ရှောင်လွဲ၍ရသည် မဟုတ်။ စိဥ္စမာဏမိန်းမ၏ စွပ်စွဲခံတော်မူရခြင်း၊ နာဠာဂီရိဆင်ကြီးနှင့် အတိုက်ခံရခြင်း၊ ဂိဇ္ဈကုဋ်တောင်စောင်းမှ ကျောက်မောင်းနှင့်ဆင်၍ လုပ်ကြံခံရခြင်းတို့မှာ ဝိပါက်လိုက်ခြင်း ဖြစ်ကြောင်းကို ကျမ်းဂန်တို့၌ အထင်အရှားပြဆိုထားပေသည်။ ထို့ကြောင့် ဝိပါက်ရောက်ရေးကို ကြောက်သွေးတုန်ကာ ဝဋ်လိုက်တတ်သည့် အမှုမျိုးမှ (မပြုမိ၊ မလွန်ကျူးမိအောင်)ရှောင်ရှားကြရာသတည်း။

www.dhammaransi.com

# နိဂုံး

သာသနာ၌ နေလိုလလို ထင်းထင်းကြီး လင်းနေသော အဂ္ဂသာဝက အရှင်မြတ်ကြီးနှစ်ပါးအကြောင်းကို ကျမ်းတစောင်တဖွဲ့အဖြစ်ဖြင့် သီးခြားရှိသင့်သည်ဟု ယူဆကာ ကျမ်းဂန်တို့၌လာရှိသော အဆိုအမိန့်များကို အဆီစစ်၍ အနှစ်ကိုထုတ်ယူပြီး ဤကျမ်းကို ပြုစုထားခြင်း ဖြစ်ပါသည်။

ဤသို့ ပြုစုရာ၌ အရှင်နှစ်ပါးတို့၏ဘဝ၊ အစနှင့်အဆုံးကို သရုပ်ပေါ်နိုင်သမျှပေါ်အောင် ဝတ္ထုဟန်ဖြင့်ဖော်ပြပြီး လက်ယာတော်ရံ အရှင်သာရိပုတ္တရာ၏ ပညာကြီးမားတော်မူပုံ၊ လက်ဝဲတော်ရံအရှင်မောဂ္ဂလာန်၏ တန်ခိုးကြီးမားတော်မူပုံများကို အလယ်၌ ပါသင့်ပါရာ အမြွက်မျှလောက်သာ ပါရှိစေပါသည်။ အကျယ်ကိုအလိုရှိပါမူ ထိုထိုကျမ်းဂန်တို့မှ ယူတော်မူကြပါရန် ပန်ကြားလိုပါသည်။

အရှင်သာရိပုတ္တရာ၏ဇာတိချက်ကြွေ ဖွားရာမြေကို ဓမ္မပဒအဋ္ဌကထာ၌ ဥပတိဿရွာဟု တွေ့ရ၏။ ဇိနတ္ထပကာသနီကျမ်းတွင် ဖွားမြင်ခန်း၌ ဥပတိဿရွာဟုဆိုပြီး အရှင်သာရိပုတ္တရာ

www.dhammaransi.com



ပရိနိဗ္ဗာန်ပြုခန်းတွင်မူ နာဠကရွာဟု ဆိုပြန်၏။ သို့ကြောင့် ရွာတရွာကို အမည်အမျိုးမျိုးဖြင့် မှတ်သားရ၏။ မူလအမည်မှာ နာဠကရွာ ဖြစ်တန်ရာသည်။ နောက် ဥပတိဿ သတို့သားကို ဖွားမြင်လာသည်တွင်မှ ပုဂ္ဂိုလ်ကိုအစွဲပြု၍ ဥပတိဿရွာဟု တွင်လာဟန်တူပါသည်။

အရှင်နှစ်ပါး၏မယ်တော်၊ ခမည်းတော်များမှာ ရှေ့ပိုင်း၌သာပေါ်လွင်ပြီး နောက်ပိုင်းတွင်မူ မယ်တော်ရူပသာရီပုဏ္ဏေးမ တဦးကိုသာ တွေ့ရ၏။ သို့ကြောင့် အရှင်မောဂ္ဂလာန်၏ခမည်းတော် မယ်တော်နှင့် အရှင်သာရိပုတ္တရာ၏ ခမည်းတော်တို့မှာ သမိုင်းတွင်မထင်သဖြင့် အကျွတ်တရားရသည်၊ မရသည်ကိုလည်း မသိနိုင်ဖြစ်ရ၏။ မယ်တော်ရူပသာရီ တဦးတည်းသာ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုခါနီးကျခါမှ အကျွတ်တရား ရကြောင်းကို ဆိုပါသတည်း။

(၁) ဤစာပြီးဆုံး၊ ကမ္ဘတ်ဖုံး၊ နိဂုံးသက္ကရာဇ်။
(၂) တစ်ထောင့်သုံးရာ၊လေးဆယ်သာ၊ သဉ်္ချာ၂ခုနှစ်။
(၃) နွေနှောင်းဝသန်၊ ဂျိုးဂျိမ့်ညံ၊ မိုးသံချုန်းထစ်ထစ်။
(၄) ဒုဝါဆိုလ၊ ပြည့်ကျော်ထ၊ ရက်က ၁၄ ဖြစ်။
(၅) ညဆယ်နာရီ၊ ထိုးလေပြီ၊ စွန်းသည် ၁၅ မိနစ်။
(၆) "လက်ဝဲတော်ရံ လက်ယာရံ" နာမံရှန်းသစ်သစ်။
(၇) ဂုဏ်ပြန်ပျော်မွှေ၊ ဤသည်နေ့၊ ချမ်းမြေ့ပြီးဆုံးလစ်။

www.dhammaransi.com



(၈) ငါ့အသက်မေး၊ ဖြေမနှေး၊ သတ္တဲ့အေးအရွယ် ခေတ်။

(၉) လူကသာအို၊ ကလောင်ကို၊ ပျိုစေ ၁၆ နှစ်။

(၁၀) စန်းနှင့်ငွေခေတ်၊ နှစ်ထွေဟပ်၊ ပညတ်ငါ့မည်ဖြစ်။

ဒဂုန် ဦးစန်းငွေ

၁၃၄၂-ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်

(၁၀-၈ ၈၀) တနင်္ဂနွေနေ့

ရန်ကုန်မြို့။

www.dhammaransi.com

# အမှားပြင်ဆင်ချက်

| မှား | မှန် | စာမျက်နှာ |
|---|---|---|
| ဒီဃနိကာယ် | ခုဒ္ဒကနိကာယ် | ၁၃ |
| ဝင်္ဂန္တ | ဝင်္ကန္တ | ၆၈ |
| ။ | ။ | ၇၀ |
| ။ | ။ | ၇၂ |
| ဣသိဂီရိ | ဣသိဂိရိ | ၈၄-၂ နေရာ |
| တေသံဟောတု | တေသံဟောတုံ | |
| တထာကတော | တထာဂတော | ၁၁၇ |
| အာဟာတေသဉ္စ | အာဟာတေဉ္စယော | |
| နီရောဓော | နိရောဓော | ၁၁၈ |

ဤစာအုပ်၌ မောဂ္ဂလာန်ဟု နေရာများစွာ ပါရှိလေရာ မောဂ္ဂလ္လာန်ဟု လ-အက္ခရာ နှစ်လုံးဆင့်ပြင်၍ ဖတ်ပါရန်။

www.dhammaransi.com

# လက်ဝဲရံ လက်ယာ

ဒဂုန်ဦးစန်း

ဝင်းမော်ဦးစာပေ